www.burmeseclassic.com




# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ဂန္ဓဝင်ကျွန်လေးပစ်သံ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)၊ ယောင်မှူးကြီးသိန်းဝင်း၊ အောင်သာဝိုး၊ လေးဟောင်
ငြိမ်းမင်းသခင်၊ နှင်းရွှေရည်၊ နေ့တဟန်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၂၈၀၇၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၁၈၀၈၁၁

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၁၊ စက်တင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ကျပ်

၀၀၈ ‚ ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော ဂန္ထဝင်ကျန်လေးပစ်သံ အပါအဝင် ဂန္ထိရဝတ္ထုတိုများ / ကလောင်စုံ- ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၇၃-စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော ဂန္ထဝင်ကျန်လေးပစ်သံ အပါအဝင် ဂန္ထိရ ဝတ္ထုတိုများ


BURMESE CLASSIC

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဂန္ထဝင်ကျန်လေးပစ်သံ<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | အထုံ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၁ |
| ၃။ | တိုက်ဖော်တိုက်ဖက်<br>*အောင်သာစိုး* | ၆၉ |
| ၄။ | သိဒ္ဓိရှင်သခင်မ<br>*မြေမင်းသခင်* | ၁၀၄ |
| ၅။ | နေဦးညများရဲ့ အလွမ်းဒိုင်ယာရီ<br>*နန်းရွှေရည်* | ၁၃၄ |
| ၆။ | မှသိုးနှင့် ငှက်ငယ်တို့အကြောင်း<br>*လေးမောင်* | ၁၆၄ |
| ၇။ | ဝလာဂူ<br>*နေ့တာတန်* | ၂၄၂ |

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

❑

ပုဂံပြည့်ရှင်မင်းကြီး အနော်ရထာမင်းစော နတ်ရွာစံပြီးနောက် သက္ကရာဇ် (၄၂၁) နှစ်မှာ သားတော် စောလူးမင်း နန်းတက်ခဲ့သည်။

**စောလူးမင်းကား ...**

အနော်ရထာ ဘုရင်မင်းမြတ်ကဲ့သို့ တိုင်းပြုပြည်ပြု သာသနာပြုမင်းမဟုတ်။

အနော်ရထာမင်းကြီးက အရှည်းကြီးတို့ရဲ့ တန္တရဝါဒကို ချေမှုန်းသန့်စင်၍ ရှင်အရဟံအကူအညီနှင့် ထေရဝါဒ ဗုဒ္ဓဘာသာကို ပုဂံမြေမှာ အစပျိုးခဲ့သည်။





မိုးခေါင်ရေရှားရပ်ဝန်း ပုဂံမြေကို စိုက်ပျိုးမြေဖြစ်အောင် စီရင်သည်။

မိတ္ထီလာကန်ကို ဆည်ဖို့သည်။

ကျောက်ဆည်ရှိ ပျက္ခယွေတောင် ကယွတ်တောင်က ကျသောရေကို အတန့်အကန့်ဆည်၍ ရေသောက်ရန် ရေကန်ပြုသည်။

ကင်းတားဆည်၊ ငနိုင်ဆည်၊ ပြောင်းပြာဆည်၊ ဂူမည်းဆည်။ မကွေရာမြစ် (မြစ်ငယ်) မြစ်အနီးမှာ နွားတက်ကွမ်းဆေး၊ ဂူတော် (ပြောင်း)၊ ပေါင်းဆည်သုံးခုတည်၍ လယ်ရေသောက်စေသည်။

ဒို့အပြင် ...

နိုင်ငံတော်အတွက် စစ်ရေး၊ စီးပွားရေး၊ လုံခြုံရေး အခြေခိုင်စေရန် သိန်းပြုမြို့တည်ထောင်ပြီး ရှစ်ရာပြုမြို့၊ လေးရာပြုမြို့၊ နှစ်ရာပြုမြို့များ အသီးသီး မြို့ပြတည်သည်။

အထက်အောက် နိုင်ငံအဝှမ်းကို ဘုန်းတန်ခိုးဩဇာလွှမ်းမိုးသက်ရောက်သည်သာမက မလေးမစားပြုသည့် တရုတ်မင်းဥတည်ဘွားကိုယ်တိုင် နောက်ဆုံးကြောက်ရွံ့ဖူးတွေ့၍ သုံးလတိုင်တိုင် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေထမင်းအိုး၊ ငွေထမင်းအိုးတို့ဖြင့် ချက်ပြုတ်ပြီး နေ့စဉ် (ထွက်နပ်) ပေးရ၏။

ထိုစဉ်က အနော်ရထာမင်းက တရုတ်ပြည်သို့ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်တောင်းလို၍ နေချိန်ဖြစ်သည်။

သူ့ထံမှာ ... ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီး စသည့် သူမတူသည့် သူရဲကောင်းစစ်သူကြီးလေးဦးနှင့် ဘိုက်ရှည်ပြည့်၊ စွမ်းရည်ပြည့် ပုဂံစစ်မှုထမ်းတို့ရှိ၏။

ဟံသာဝတီ၊ ပဲခူး၊ မွန်ပြည်နယ်ကို ကျူးကျော်သည့် ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



(ယိုးဒယား) စစ်သည်တို့အား မင်းစစ်သူရဲကောင်းအင်အားနှင့် ချေမှုန်းခဲ့၏။

သထုံကို အနိုင်တိုက်၍ ပိဋကတ်သုံးပုံကို ပင့်ဆောင်ပြီး ပုဂံကို ရဟန်းမြတ်ရှင်အရဟံ၏ အကူအညီနှင့် ဗုဒ္ဓဘာသာနိုင်ငံတော်ကြီး ဖြစ်အောင် ပြုခဲ့သည်။

ဖင်းမယ်၊ ယိုးဒယားနှင့် ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနား နိုင်ငံတိုင်အောင် မင်းကြီး၏ဩဇာ သက်ရောက်ဘုန်းတန်ခိုး ကြီးခဲ့၏။

ကံအလှည့်ကျိုးချိန်ရောက်ချင်တော့ ...

သက္ကရာဇ် (၄၂၁) ခုနှစ်မှာ ပခုက္ကူမြစ်ခြေ (ခေါ်) အောင်သာမြစ်ခြေအရပ်၌ ဆိုးသွမ်းနေသည့် ကျွဲရိုင်းတစ်စုကို ကိုယ်တော်တိုင် နှိမ်နင်းရင်း ဇွင်းကျွဲရိုင်းခတ်၍ နတ်ရွာစံခဲ့ရလေသည်။

✿ ✿ ✿

[ ၂ ]

❑

စောလူးမင်း ...

ဘုန်းမြိမ့်အုန်းအုန်းရှိသော ပုဂံနေပြည်တော်ကြီးကို သားတော် စောလူးမင်းနန်းတက်၍ မင်းပြုသည်။

စောလူးမင်းကား အနော်ရထာမင်းကဲ့သို့မဟုတ်။ ကာမဂုဏ် ကြူးသည်။ ကြွေအန်ကစားကျူးသည်။

ကြွေအန်လောင်းကစားနေရလျှင် အချိန်ကို မေ့ပစ်လေ့ရှိ၏။

စောလူးမင်းနှင့် ကြွေအန်ကစားဘက်က ဥဿာပဲခူးမြို့စား အထိန်းတော် ငရမန်ကာန်း ဖြစ်သည်။

ပြောရလျှင် .... ကျွန်အဆင့်မျှသာရှိသော ငရမန်ကာန်းကို ဒီရဲ့အထိန်းတော်သားဖြစ်၍ ချီးမြှင့်မြှောက်စား သနားတော်မူသည့် အနေဖြင့် ဥဿာပဲခူးမြို့ကို စားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထိန်းတော်သား ရေမန်ကာန်းက မျက်စိတစ်ဖက်လပ်နေ၏။ ထို့ကြောင့် သူ့ကို ရေမန်ကာန်းဟု ခေါ်ကြသည်က များ၏။

ရေမန်ကာန်းကလည်း ကြွေအန်လောင်းကစား တော်၏။ ပြီးဘဝင်လည်း မြင့်၏။ ရက်စက်ကြမ်းကြုတ်၏။ သေသောက်လည်း ကြူး၏။ ကြက်ငှက်လည်း ဝါသနာထုံ၏။ သခင်စောလူးမင်း၏ အရှိန်အဝါကောင်းမှုနှင့် မာန်မာနထောင်လွှား၏။

စောလူးမင်း အလိုလိုက်မြှောက်စား၍လည်း ရွှေနန်းတော်အတွင်း တံခါးမရှိ ဓားမရှိ ဝင်ထွက်ခစားလို့ရ၏။

ကျွန်စစ်သားအမှုုးပြုသည့် စစ်သူကြီးများ၊ အမတ်ပညာရှိများက သတိပေးသည့်တိုင် စောလူးမင်းက သူ့ရဲ့အထိန်းတော်သား ရေမန်ကာန်းကို ယုံကြည်ကိုးစား၍ အလေးထားလေ၏။

ဆိုရလျှင် ... ရေမန်ကာန်းလို ပဲခူးမြို့စားက ရှင်ဘုရင်နှင့် ဒူးတိုက် ကြွေအန်ကစားရသည့်နေ့ များလာသောအခါ မည်သူ့ကိုမျှ စိုးရွံ့ရှိသေရမှန်း၊ လေးစားရမှန်း မသိတော့။

မည်သူ့မျှလည်း ဂရုမစိုက်။

အရေးမလုပ်၊ ထီမထင်။

တစ်နေ့ ... စောလူးမင်းနှင့် ဥဿာမြို့စား ရေမန်ကာန်းတို့ ကြွေအန်ကစားကြသည်။

နေ့စဉ်နီးပါးမျှ ကြွေအန်ကစားတိုင်း စောလူးမင်းအနိုင်ရသည်များပါလျက် ဒီနေ့မှာ ဥဿာပဲခူးစား ရေမန်ကာန်းက သုံးကြိမ်သုံးခါ အကြိမ်ကြိမ် နိုင်သွားခဲ့သောအခါ စောလူးမင်း ရှက်၍ စိတ်ခံစားမှုဖြစ်သွားခဲ့ရသည်။ ရေမန်ကာန်းက မာန်တက်ပြီး လက်ခမောင်းခတ်လို့ ကြွေးကြော်လိုက်သည်။





"ဒီဖမ္ဘူမှာ ငါလိုလူရှိရိုးလားဟဲ့ ... ဟား ... ဟား ... ဟားတား"

အလို ...

သူ့ကျွန် ရေမန်ကာန်းက သို့ကလို ကြုံးဝါးလို့ပါလား။

သူ့ကျေးဇူးရှင် အရှင်သခင်ဆိုတာကို လုံးဝဥပေက္ခာပြုပြီး သက်ခမောင်းခတ် ကြုံးဝါးလို့ပါလား။

ရှက်စရာကောင်းလိုက်ပါဘိ။

အနီးမှာ သောက်ရေတော်ကိုင်၊ ကွမ်းတော်ကိုင်နှင့် လူပျိုတော်သားများ အသီးသီး ရှိနေကြသည်။

သက်တော်စောင့်ကိုယ်ရံတော် ရဲမက်များလည်း ရှိနေကြသည်။ ကျွန်တော်မျိုး အမှုလုပ်တို့သည် သို့ကလို ရေမန်ကာန်းက ထ၍ လက်ခမောင်းခတ်ပြီး ကြုံးဝါးပြက်ရယ်ပြုသည်ကို မြင်ရသောအခါ ကြီးစွာအံ့သြကုန်ကြသည်။

သူတို့မျက်လုံးများက နဖူးချွေးစို့ ရှက်ပြီးရွံ့နေသည့် ထီးဘုရင်စောလူးမင်းရဲ့မျက်နှာကို တစ်လှည့် ...

မာန်မာနထောင်လွှားပြီး ကြွေအန်တစ်လှည့် တစ်ပွဲနိုင်ရုံမျှနှင့် ရှင်ဘုရင်ကို ပမာမခန့်လုပ်နေသည့် ဥဿာပဲခူးမြို့စား ရေမန်ကာန်းရဲ့မျက်နှာကိုတစ်လှည့် ဝိုင်းကြည့်နေကြသည်။

ရေမန်ကာန်းကလည်း စောလူးမင်းရဲ့မျက်နှာကို ကြည့်ပြီးကိုယ်ကိုလှုပ်၍ ရယ်လို့မဆုံး။

စောလူးမင်းဘုရင်သည် ကျွန်များရှေ့မှာ ပြက်ရယ်ပြုခံလိုက်ရလို့ ရှက်လည်း ရှက်ဒေါသလည်း ပေါက်ကွဲသွားသည်။

"ဟယ် ... ရေမန်၊ သင်ဟာ ငါမြှောက်စားလို့ မြို့စားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရသူပ။ ကြွေအန်တစ်ပွဲနိုင်တာနဲ့ ထ,လက်ခမောင်းခတ်ရသလော"

"မင်းကြီး . . . နိုင်တာဟာ နိုင်တာပါပဲ။ ရှုံးတာဟာ ရှုံးတာပါပဲ။ နိုင်ရင်ပျော်၊ ရှုံးရင်မှိုင် . . . ဒါ လူ့သဘာဝပါ ကိုယ်တော်"

"သယ် . . . သင်လို ကျေးဇူးတရားမသိသူ ငါမြှောက်စားလို့ စိန်နားကပ်ရောင်နဲ့ ပါးပြောင်တဲ့သူက ငါလိုမင်းကောရာဇ်ကို ဒီလိုပြောသတဲ့လား။ ဒီမှာ ရေမန် သင့်ကိုယ်သင် လူစွမ်းလူစရှိသူလို့ ယုံကြည်ရင် ဟံသာဝတီကနေ ငါ့ကို ထောင်ထားခြားနားလော့ . . . ထွီ . . ."

ဘုရင်စောလူးမင်း ရှက်ဒေါသစုကဲလို့ ထွီခနဲ တံတွေးတစ်ချက်ထွေးပြီး နန်းတော်ဆောင်သို့ ဒေါသနှင့် ကြွလှမ်းသွားလေရဲ့။

ဒီမှာ ဉဿာပဲခူးမြို့စား ရေမန်ကာန်းက စောလူးမင်းသွားရာနောက်ကျောကို တစ်ချက်လှမ်းကြည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။

ပြီး ဦးခေါင်းကို တညိတ်ညိတ်ပြုသည်။

သည့်နောက် ရွှေနန်းလေသာဆောင်မှ ခပ်သုတ်သုတ်ဆင်းထွက်လာလိုက်ပြီး ကတ္တီပါရောင်မြင်းနက်ကြီးပေါ်သို့ လွှားခနဲခုန်တက်လိုက်ကာ မြင်းကိုစိုင်းလိုက်သည်။

အတန်ကြာ စိုင်းနှင်းလိုက်ပြီးနောက် စောလူးမင်းရှိရာ ပုဂံရွှေနန်းတော်ရှိရာသို့ မြင်းဇက်ကိုလှည့်၍ ဒုတိယမ္ဗိ ကြွေးကြော်လိုက်သည်။

"စောလူးမင်းရယ် . . . သင်ဟာ ဘုန်းကံရှိလို့ မင်းဖြစ်ရတာမဟုတ်ပါဘူး။ အနော်ရထာမင်းရဲ့ သားတော်မို့လို့ ကံကောင်းပြီး ရှင်ဘုရင်ဖြစ်ရတာပါ။ ရေမန် ဘာလဲဆိုတာကို သင်မကြာခင် သိရလိမ့်မပေါ့ . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

✿ ✿ ✿

[ ၃ ]

❑

များမကြာမီ ဉဿာပဲခူးမြို့စား ရေမန်ကာန်းသည် ဟံသာဝတီသား မွန်လူမျိုးများကို သိမ်းသွင်းစည်းရုံး အင်အားစုဆောင်းပြီးနောက် ပုဂံရွှေနန်းကို လက်ရသိမ်းရန် တော်လှန်ပုန်ကန် ချဉ်းကပ်လာတော့သည်။

မြို့စွန်ရွာများတို့သည် မငြိမ်မသက် ဖြစ်ကုန်၏။

ရေမန်ကာန်း၏ ဉဿာပဲခူးတပ်က တစ်မြို့ပြီးတစ်မြို့သိမ်း၍ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့သည်။

"အရှင်မင်းကြီး . . . ဉဿာပဲခူးစား ရေမန် အမှန်ပုန်ကန်ပါပြီဘုရား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးမတ်ကြီးများက နယ်စွန်ကျေးလက်များ မငြိမ်မသက်ဖြစ်ကုန်၍ ဘုရင်စောလူးမင်းကို လျှောက်တင်ကြသည်။

"အင်း ... ရေမန်ကာန်းက ကြွေအန်ပွဲမှာ ငါ့ဆိုသည့်အတိုင်းခုတော့ သင်က ငါ့ရဲ့ကျေးဇူးတော်ကိုမှုမထောက် ပုန်စားပုန်ကန်ပြုပြီကို။ အမိန့်တော်များမှတ်မယ် ... ညီတော် မင်းကျန်စစ်"

"အမိန့်နာခံလျက်ပါ မင်းကြီး"

"ဥဿာပဲခူးစား ရေမန်ကာန်းရဲ့ ပုန်ကန်ခြားနားအရေးတော်ကို ငါကိုယ်တော်တိုင်ဦးဆောင်ပြီး ချီတက်နှိမ်နင်းမယ်။ စစ်ရေးစစ်ခို့အသင့်ပြင်ကြစေ"

"မင်းကြီးဘုရား"

"ဘာတုံး ... ညီတော်"

"ဥဿာပဲခူးစား ရေမန်ကာန်းရဲ့အရေးတော်ကို ကျွန်တော်မျိုးနှင့်အတူ စစ်သူကြီးများဖြစ်ကြသော ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ ကိစ္စအရေးပြီးအောင် ကြိုးစားဆောင်ရွက်ပါမည်။ အရှင်မင်းကြီး ရွှေနန်းတော်မှာ စံစားနားနေတော်မူပါ ဘုရား"

"ကိုယ်တော်ကဘာဖြစ်လို့ ရွှေပလ္လင်မှာ စံမြန်းနေရမှာလဲ။ ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက်စကားပုံလို ငါမွေးလို့ကြီးရတဲ့ အထိန်းတော်သားက ငါလိုမင်းကို အန်တုအာခံမှတော့ သင်းကို ကိုယ်တော်တိုင်လက်ရဖမ်းပြီး ကွပ်တော်မူမယ်။ တပ်ရေးတပ်နိုင်အားလုံး အသင့်စီရင်စေ ... အမိန့်တော်"

မည်သူမျှ ဘုရင်စောလူးမင်း၏အမိန့်ကို စောဒကမတက်ရဲ အားလုံး အမိန့်တော်မြတ်အတိုင်းပါ ဘုရားဟု ဦးခိုက်၍ စစ်ရေးစစ်ရာအသီးသီးကို စီမံရန် ရွှေနန်းရင်ပြင်မှ ထွက်ခွာကြသည်။

---

စိတ်ကူးသစ်စာပေ



စောလူးမင်းကလည်း ... အငြိုးကြီးသည်။ ဒေါသကြီးသည်။ မောက်မာသည်။

ရေမန်ကာန်းကလည်း ... ကျေးဇူးကန်းသည်။ ကောက်ကျစ်စဉ်းလဲသည်။

ကျန်စစ်သား စစ်ရေးကို မျှော်တွေး၍ကြည့်ရင်း မည်သို့ စစ်ဆင် စစ်ချီရမည်ကို သူ့ရဲ့ သူရဲကောင်းများနှင့် တိုင်ပင်ရန် အစည်းအဝေး အရေးပေါ် ဆင့်ခေါ်လိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

ငရမန်ကာန်းရဲ့ ဥဿဘပဲခူးတပ်ကလည်း နေ့ရောညပါ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့နှင့် ချီတက်၍လာခဲ့သည်။

အထောက်တော်များရဲ့ စုံစမ်းထောက်လှမ်း သတင်းပို့ချက်အရ ငရမန်ကာန်းရဲ့တပ်မှာ မြင်းသည်တော်နှင့် ခြေလျင်စစ်သည် အင်အားများပြားလှသော်လည်း ...

ဆင်လုံးရင်းတပ်အားနည်းသည်ဟု ကျွန်စစ်သားသိရသည်။ ပုဂံစစ်တပ်မှာ ဆင်လုံးရင်း၊ မြင်းလုံးရင်း အားကောင်းသည်။ စစ်ပွဲပေါင်းများစွာကို အောင်မြင်စွာ ခြေမှုန်းခဲ့သည့် ပုဂံစစ်သည် အတွေ့အကြုံရင့်ကျက်သူများ များစွာပါဝင်သည်။





မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက်ရလျှင် ငရမန်ကာန်းရဲ့တပ်အရှုံးနှင့် နိဂုံးချုပ်ရမှာ သေချာသည်ကိုသိသည်။

နှစ်ဖက် အပြင်းချီ၍ ရင်ဆိုင်တိုက်ရန် ချီခဲ့ကြသည်။ ပြည်တော်သာကျွန်းသို့ ရောက်သောအခါ နေဝင်ချိန် အမှောင်ရောက်ခဲ့ပြီ။

ညအမှောင်မှာ လရောင်ပျပျနှင့် သူ့စစ်အခင်းအကျင်း၊ အသံဗလံ ကိုယ့်စစ်အခင်းအကျင်း အသံဗလံများကို ခပ်ဝေးဝေးမှ ကြားနေရသည်။

စစ်မြင်းဟီသံများ ကြားရသည်။

စစ်ဆင်အချို့ရဲ့ ဟီးသံများကို ကြားရသည်။

စခန်းချနေသည့် မီးရောင်လဲ့လဲ့ကို လှမ်း၍မြင်နေရသည်။

သည်မှာ စောလူးမင်းက ဆင်တပ်အချို့ကို မျက်စိတစ်ခေါ်တစ်မြင်မှာ လရောင်ဖြင့် မြင်လိုက်ရသည်။

ကြည့်စမ်း ...

ဆင်တပ်ပါလား။ အလို ... စစ်သည်ရဲမက်တွေကလည်းသရောင်အောက်မှာ ဓားရေးလှံရေးပြပြီး ဟစ်ကြွေးစိန်ခေါ်လို့ပါလား။

"ကျွန်စစ်သား"

"ဘုရား"

"နှစ်ဖက်ညှပ်ပြီး ဝိုင်းတိုက်ကြစို့ရဲ့"

"မင်းကြီးဘုရား"

"ဘာတုံး ... ကျွန်စစ်သား"

"ဘုရားကျွန်တော်မျိုး မသကာပါဘူးဘုရား"

"ဘာကြောင့်တုံး ... ကျွန်စစ်သားရဲ့။ မြင်နေရပြီ မဟုတ်သား ဒါကိုမှဝင်မတိုက်ရင် အနော်ရထာမင်းရဲ့သားတော် ပုဂံရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ညံ့ရာကျမပေါ့ ... ကျန်စစ်သားရဲ့"

"မင်းကြီး ... ဘုရားကျွန်တော်မျိုး စုံစမ်းထောက်လှမ်းလို့ သိရသလောက်ကတော့ ဒီပြည်တော်သာကျွန်းတစ်ဝိုက်မှာ ကုန်းတွင်း ပိုင်းနည်းပြီး နွန်းမြေရွံ့နွံ့ဗွက် ပေါများတဲ့အရပ်ပါဘုရား။ ဖြစ်နိုင်ရင် နံနက် မိုးသောက်အလင်းရောက်ပြီး မြင်သာထင်သာရှိမှ ဝင်တိုက်ရင် အရေးတော်သာပါလိမ့်မယ် ဘုရား"

ကျန်စစ်သားက ငရမန်ကာန်းရဲ့ စိတ်ဓာတ်နှင့် အကျင့်စာ စရိုက်ဆိုးကို မသက်ာ၍ စောလူးမင်းကို အကျိုးအကြောင်းပြလို့ လျှောက် ထားလိုက်သည်။

"ဟယ် ... ကျန်စစ်သား၊ သင်သူရဲကောင်းစစ်သူကြီး မဟုတ် တုံလော။ ရန်သူချဉ်းကပ်လာသည် စစ်ရေးပြင်နေသည်ကိုမြင်ပါလျက် နှေးနှေးညည အချိန်ရွှေ့နေရင် အရေးတော်မသာဖြစ်နေမယ်။ ခုချက်ချင်း ဝင်တိုက်မယ် ... အားလုံး အသင့်ပြင်"

ဟူး ...

မတတ်နိုင်တော့။ ရှင်ဘုရင့်အမိန့် ဖြစ်နေသည်။

စိတ်မြန်လူမြန်စောလူးမင်းက ရန်သူ ငရမန်ကာန်းကို လက်ဖ ဖမ်းပြီး စီရင်လိုသည့်ဇောက များနေသည်။

သည့်နောက် ... ကိုယ်တော်တိုင် မင်းစီးတိုက်ဆင်ကိုစီး၍ ဆင်ထိန်းကို ချွန်းဖွင့်စေပြီး ရန်သူဆင်တပ်ရှိရာသို့ အဟုန်ပြင်းစွာ တက် စေသည်။

စောလူးမင်းရဲ့တိုက်ဆင်သည် ဆင်ထိန်းစစ်ဦးစီးရဲ့ ချွန်းချက် ကြောင့် လရောင်ပျပျနှင့် မြင်နေရသည့် ဆင်ရန်သူဆင်အုပ်ရှိရာသို့ တစ်ရှိန်ထိုး ပြေးဝင်သည်။





ကျန်စစ်သားတို့ စစ်သည်ရဲမက်များကလည်း နှစ်ဖက်တောင်ပံ ခြံ၍ သတိကြီးစွာဖြင့် မြင်းတပ်ကို ရုံကာပန်း၍ ဝိုင်းလိုက်သည်။

"တိုက် ..."

"လာခဲ့ကြဟဲ့ ... ပုဂံသားတို့ရဲ့၊ သေရဲရင် လာလှည့်"

"ကျား ..."

"ပုဂံသားကွ"

"ကျား ... ကျား"

"ဟီး ... ဟီး ... အစ် ... အစ်"

မြင်းဟီသံများ၊ တိုက်ဆင်ဟီးသံများ စည်စည်လျှံသွားသည်။

စောလူးမင်းရဲ့တိုက်ဆင်အုပ်သည် မြင်နေရသည့် ရန်သူတိုက် ဆင်အုပ်ရှိရာ အရှိန်နှင့် ပြေးဝင်လိုက်ကြသောအခါ ...

"ဟာ ..."

"အလိုလေး ..."

"နွံ့ဗွက်ဘုရား ... နွံ့ဗွက်ပါဘုရား"

"ဟယ် ..."

"ဝိုင်းကြ ... ဆီးကြ ... တိုက်ကြဟေ့"

"ဥဿာပဲခူးသားကွ"

"ငရမန်တဲ့ဟေ့"

"ရှိ ..."

"ရှိ ..."

"အား"

"ဖောက်"

"အား ... အမယ်လေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ စောလူးမင်း၏ တိုက်ဆင်တော်သည် ကုန်းမြေအမှတ်ဖြင့် ဝင်တိုက်လိုက်ရာ ရွှံ့ဗွက်မြေကိုနင်းမိပြီး နွံမှာ ခြေကျွံ၍ နစ်ဝင်သွားခဲ့သည်။

နောက်ဘက်မှ အရှိန်နှင့် နင်းလိုက်၊ ဖြန့်လိုက်လာသော ပုဂံစစ်သည်တော်တို့ရဲ့ စစ်မြင်းနှင့် စစ်ဆင်တို့သည် ဗွက်တောမှာနစ်ဝင်ပြီး ရုန်းလေ ဆုတ်လေ နစ်လေ ဖြစ်ကုန်ကျတော့သည်။

"ကျွား ..."

"ဥဿာပဲရူးကွ"

"ငရမန်တဲ့ ... ဟော့"

"တိုက်"

ညအမှောင် လရောင်အောက်မှာ စောလူးမင်းအပါအဝင် ပုဂံစစ်မြင်းစစ်ဆင်များ နွံဗွက်မှာနစ်နေခိုက် ရန်သူ ငရမန်ကာန်းရဲ့တပ်က အမှောင်ထဲမှနေပြီး လေးမြားများနှင့် တရကြမ်း ပစ်ခတ်ကြရကား စောလူးမင်းရဲ့ ပုဂံစစ်သည်များ အများအပြား ကျဆုံးကုန်ကြသည်။

သည်အရေးကို ရောက်ရကြုံရတော့မှ ...

စောလူးမင်း ငရမန်ကာန်းရဲ့ ကလိမ်ကကျစ်ဉာဏ်နှင့် လှည့်စားလှည့်ဖြားချက်ကို ရိပ်စားမိသွားသည်။

မိမိတို့ ခံလိုက်ရပြီကို သဘောပေါက်လိုက်ပြီ။

မိမိရှေ့တစ်မြင်မှာ မြင်နေရသည့် ရန်သူ့ဆင်များသည် ဆင်အစစ်များမဟုတ်။

ရန်သူငရမန်ကာန်း လှည့်ဖြားစစ်မြှူထားသည့် နွံဗွက်အလယ်မှ ခြင်းကျားဆင်ရုပ်အတုများနှင့် စစ်သည်ရုပ်လုံးအတုများ မလှုပ်မယှက်ရပ်နေမှန်း သိလိုက်ရသည်။

စိတ်ကူးသစ်စာပေ



လရောင်ဖျိုးဖျအောက်မှ မိမိစစ်သည်တော်များ ကျဆုံးသူကျဆုံး၊ လက်ရအဖမ်းခံရသူ အဖမ်းခံရ၊ နွံဗွက်နစ်သူနစ်နှင့် အရေးတော်မလှသည်ကို မြင်လိုက်ရပြီး ...

ကိုယ်တိုင် တိုက်ဆင်ထက်မှ ကိုယ်လွတ်ရှောင်ပြေးရန် ခုန်ဆင်းလိုက်သည်။ ခုန်ဆင်းလိုက်မှ ခြေနှစ်ချောင်းက ရွှံ့ဗွက်ထဲမှာ နစ်ကျွံဝင်သွားသည်။ ဒီအချိန်မှာပဲ ရန်သူစစ်သည်များက စောလူးမင်းကို သက်ရဝင်ဖမ်း၍ နွံဗွက်ထဲမှ တရွတ်ဆွဲခေါ်ဆောင်သွားကြသည်။

ကျန်စစ်သားလည်း သိလိုက်ပြီ။

ငရမန်ကာန်းလှည့်စားကွက်မှာ သူ့အရှင်သခင်ကျရောက်သွားပြီ။ သည့်နောက် အမှောင်ထဲမှ ခုခံတိုက်ခိုက်သည်။ ရန်သူရဲ့မြားမိုးက သည်းလွန်းလှသည်။

နောက်ဆုံး အရေးတော်မလှ၍ နောက်ဆုတ်ပြီး ရှောင်တိမ်းလိုက်ရသောအခါ မိမိတို့ အရှင်သခင် စောလူးမင်း ရန်သူငရမန်ကာန်းလက်သို့ ကျရောက်ဖမ်းဆီးခံလိုက်ရပြီကို ရင်နင့်စွာဖြင့် ကြားသိလိုက်ရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

မှူးကြီးမတ်ရာတို့က စောလူးမင်း ငရမန်ကာန်းလက်သို့ ကျရောက်သွားပြီဖြစ်၍ ကျွန်စစ်သားကို ပုဂံထီးနန်းအား ဆက်ခံပါရန် အညီအညွတ်ပြု၍ လျှောက်တင်ကြသည်။

"မင်းကြီးတို့၊ မှူးကြီးမတ်ကြီးတို့ အကျွန်ုပ် ပုဂံထီးနန်းကို သိမ်းပိုက်စိုးစံလို့ မဖြစ်သေးပါဘူး။ ဘာကြောင့်လည်းဆိုတော့ အကျွန်ုပ်တို့ရဲ့နောင်တော် ဘုရင်စောလူးမင်း နတ်ရွာမစံသေးလို့ပါ။ သူဟာ အသက်ရှင်လျက်နဲ့ ရန်သူ့လက်တွင်းကို ကျရောက်နေတုန်းဆိုတာ အကျွန်ုပ် စုံစမ်းသိရှိပြီးပါပြီ။ ဒါကြောင့် အကျွန်ုပ် ... အကျွန်ုပ်တို့ရဲ့အရှင်သခင်စောလူးမင်းကို ရန်သူ့လက်တွင်းကနေ မရအရ သွားကယ်လိုက်ပါဦးမယ်။ စောင့်ပြီး ပုဂံကို မင်းကြီးတို့စီရင် အုပ်ချုပ်ရစ်ပါလေ"





ကျွန်စစ်သားကား အလွယ်တကူရသည့် ပုဂံရွှေနန်းရာဇပလ္လင်ကို အလိုမရှိခဲ့။

နောင်တော်လည်းဖြစ်၊ အရှင်သခင်လည်းဖြစ်၊ ပုဂံရွှေနန်းရှင်လည်းဖြစ်သည့် စောလူးမင်းကို သက်စွန့်ကြိုးပမ်းကယ်တင်ရန် တစ်ညသောသန်းခေါင်ယံမှာ ရုပ်ဖျက်၍လာခဲ့လိုက်သည်။

ပြီး ငရမန်ကာန်း စစ်စခန်းချရာတပ်သို့ လျှို့ဝှက်စွာ ဝင်ရောက်ခဲ့လိုက်သည်။ အစောင့်အကြပ်များက အထပ်ထပ်ချ၍ ကင်းလှည့်နေကြကား ဝင်ခွင့်ရဖို့အရေး မှက်ခြင်များ ညဥ့်လုံးပေါက် အကိုက်ခံရင်း အစောင့်များအလစ်အငိုက်ကို ချောင်းမြှောင်းနေရသည်။

ကျွန်စစ်သားကား ညဥ့်သန်းခေါင်အကျူး အစောင့်များသမ်းဝေငိုက်ချိန်မှာ မြွေတစ်ကောင်လို ဝမ်းလျားထိုးသွားခဲ့ပြီး ရန်သူစခန်းချရာတဲများအနီးသို့ လျှို့ဝှက်ချဉ်းကပ်ခဲ့လိုက်သည်။

စောလူးမင်းကို ချုပ်နှောင်ထားသည့် အချုပ်ခန်းနှင့် ပုဂံသုံ့ပန်းများချုပ်နှောင်ထားသည့် အချုပ်ခန်းများကို သည်းထိတ်ရင်ဖိုရှာလိုက်ရသည်။

မကြာခင် ပုဂံသုံ့ပန်းများချုပ်နှောင်ထားသည့် အချုပ်ခန်းသို့ ချဉ်းကပ်မိလိုက်သည်။ ရန်သူ အချုပ်ခန်းတာဝန်ကျနှစ်ဦး သေရည်သောက်၍ ယစ်ငိုက်နေကြသည်။

ကျွန်စစ်သား ကင်းသမားအနီးသို့ တိုးကပ်လိုက်ပြီး နောက်ကနေ ပါးစပ်ကို ဘယ်လက်နှင့်ပိတ်၍ ဓားမြှောင်နှင့်နံကြားကို ထိုးသွင်းလိုက်သည်။

ရန်သူ အချုပ်ခန်းစောင့် အသံမထွက်နိုင်ဘဲ ခွေကျအသက်ပျောက်သွားသည်။ သည့်နောက် မူးယစ်ငိုက်မြည်းနေသည့် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ကင်းသမားကိုလည်း အနီးကပ်၍ အသံတိတ် ရှင်းပစ်လိုက်သည်။

၎င်းနောက် အချုပ်ခန်းရဲ့တံခါးကို ဖွင့်လိုက်ပြီး ပုဂံသို့ပန်း စစ်သားများကို တိုးတိုးတိတ်တိတ် အချက်ပြလို့ ဖွင့်လွှတ်ပေးလိုက်သည်။

ပုဂံသို့ပန်းသွေးသောက်ကြီးရဲ့ ပြောပြချက်အရ အရှင်စောလူး မင်းရဲ့အချုပ်ခန်းကိုသိလိုက်ရပြီး ကျန်စစ်သားထုံးစံအတိုင်း သေရည် ရစ်မူးငိုက်နေသည့် အစောင့်စစ်သားနှစ်ဦးကို သွေးသောက်ကြီးအကူ အညီနှင့် ရှင်းပစ်လိုက်ပြီး အချုပ်ခန်းကို ရအောင်ဖွင့်လိုက်သည်။

"ဘယ်သူလဲ ..."

စောလူးမင်းက ဒဏ်ရာဒဏ်ချက်များကြောင့်လူးလွန့်ပြီး အသံ တိုးတိုးနှင့် မေးလိုက်သည်။

"အရှင် ... အကျွန်ုပ်ပါ"

"ဘယ်သူ ..."

"ရှူး ... တိုးတိုးဘုရား၊ ကျွန်တော်မျိုး ကျန်စစ်သားပါ"

"ဘာ ... ကျန်စစ်သား ... မောင်မင်း ... မောင်မင်း ဘာ လာလုပ်တာလဲ ... မင်း ... ဟင်"

ကျန်စစ်သားက ရေမန်ရဲ့အကျဉ်းသား အရှင်စောလူးမင်းကို ကောက်ပွေ့လိုက်သည်။

"အရှင့်ကို စွန့်စားပြီး လာကယ်တာပါဘုရား။ အားတင်းပြီး ထ,တော်မူပါဘုရား"

"အို ... ငါ ... ငါ ... မ ... မလိုက်ဘူး ... မလိုက်ဘူး သွား ... သွား"

"အရှင် ... အရှင်မင်းကြီး ကျွန်တော်မျိုးနဲ့ ခုတစ်ပါတည်း





မလိုက်ခဲ့ရင် အရှင့်ကို ရေမန်ကာန်းက အဆုံးစီရင်ပါလိမ့်မယ် ... အရှင်"

"အို ... မဖြစ်နိုင်တာ။ ရေမန်ဟာ ငါ့ရဲ့အထိန်းတော်သား။ ငါနဲ့ကစားဖက်။ ငါသူ့ကောင်းပြုခဲ့ဖူးသူဥစ္စာ။ သူဘယ်တော့မျှ ငါ့ကို အဆုံးစီရင်မှာမဟုတ်ဘူး။ ငါ့ကိုထားခဲ့ပါ ကျန်စစ်သား"

"နောင်တော် ရေမန်ကာန်းဟာ ကျေးဇူးသစ္စာမစောင့်သူဆို တာ နောင်တော်သိပြီးသားပါ။ သူ့ကြောင့် စစ်မက်ဖြစ်ပွားခဲ့ရပြီ။ သွေး မြေကျခဲ့ရပြီ။ နောင်တော်ဟာ ပုဂံရွှေနန်းရဲ့ မင်းကောရာဇ်ပါ။ ကိုင်း နောင်တော် အချိန်ရှိတုန်း ပြေးကြစို့"

ကျန်စစ်သားက ဒဏ်ရာအနာတရနှင့် စဉ်းစားရခက်နေသည့် နောင်တော် ပုဂံဘုရင်စောလူးမင်းကို သန်မာသောခွန်အားနှင့် ကောက် ပွေ့လို့ ပခုံးထက်မှာထမ်းပြီး အချုပ်ခန်းအပြင် ရောက်သည်အထိ အပြေး ...

"ကျန်စစ်သား ... ငါ့ကိုထားခဲ့ပါ၊ ချထားခဲ့ပါ"

"မထားနိုင်ဘူး နောင်တော်။ အပါခေါ်ရမှာပဲ"

"ချထားခဲ့"

"မငြင်းဆန်ပါနဲ့ အရှင်"

"ငါ့အမိန့်ကို မနာခံဘူးပေါ့။ ဟောဒီမှာဟေ့ ... ငါ့ကို ကျန် စစ်သား ... လာခိုးနေတယ်။ ငါ့ကို ကျန်စစ်သား အဓမ္မလာခိုးခေါ် နေတယ်"

"ဟင် ..."

ကျန်စစ်သားသည် ရန်သူ့လုံခြုံရေးကင်းကို ရှောင်၍ နောင် တော်ဘုရင်ကိုထမ်းအပြေး ...



www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းက ရန်သူများသိအောင် ပခုံးထက်မှ အသံကုန် အော်ဟစ်လိုက်သည်နှင့် ရန်သူကင်းစခန်းနှင့် စစ်စခန်းတစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်ပြီး နိုးကုန်ကြသည်။

"ကျန်စစ်သား ... ငါကိုလာခိုးနေတယ်၊ လုပ်ကြပါဦး"

ကျန်စစ်သား လွန်စွာ အံ့ဩသွားသည်။

ဒီလိုဖြစ်စဉ်မျိုး အပြုအမူအမြင်မျိုး မြန်မာရာဇဝင်မှာ မရှိခဲ့ဖူး။ ပုဂံမင်းဆက်တစ်လျှောက်လုံး လုံးဝ မရှိခဲ့ဖူး။ ရန်သူများက လက်နက်များနှင့် ဝိုင်းလာကြသည်။

မီးတုတ်မီးရောင်များ လင်းထိန်လာသည်။

ဝိုင်းဟေ့ ... ဆီးဟေ့ ... အော်ဟစ်သံများ ဆူညံလာသည်။ အရေးထဲ စောလူးမင်းကလည်း ပြောမရဆိုမရ ရုန်းကန်ပြီး ကျန်စစ်သား ငါ့ကိုလာခိုးတယ်၊ ကယ်ကြပါချည်း အဆက်မပြတ် အော်လွန်းမက အော်နေသောအခါ ကျန်စစ်သား ပေါက်ကွဲလာခဲ့ပြီ။

"နောင်တော် ... မလိုက်ဘူးလား"

"မလိုက်ဘူး ... ချခဲ့ ... ခုချခဲ့"

"ဟယ် ... ဒီလောက်တောင် မိုက်တွင်းနက်လှသည့် မင်းဆိုး မင်းညစ် ရန်သူ့လက်မှာ ခွေးသေဝက်သေ သေရစ်ခဲ့တော့။ ကိုင်း ..."

ကျန်စစ်သား ပခုံးပေါ်မှ စောလူးမင်းကို မြေပြင်သို့ပစ်ချလိုက်ပြီး ဝင်လာသည့်ရန်သူများကို ကျောက်စီဓားနှင့် လှုပ်စီးလက်သလို ခုတ်ရင်း ...

သစ်ရိပ်ဝါးရိပ် အမှောင်အုပ်ရှိရာသို့ လွှားခနဲ ပြေးဝင်လိုက်သည်။ ရန်သူများပစ်လိုက်သည့် မြားများက သစ်ပင်ဝါးပင်များကို လာရောက်ထိမှန်ခဲ့သည်။

---

စိတ်ကူးသစ်စာပေ



သူ မိမိတပ်စခန်းသို့ ပြန်ရောက်သောအခါ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များနှင့် နင့်နေသည်။

ရင်ထဲမှာ စူးရှစွာ နာကျင်နေ၏။

ညီအစ်ကိုနောင်ရင်းရဲ့ သစ္စာစကား၊ သစ္စာတရားကို မယုံကြည်ဘဲ ရန်သူ သူစိမ်းကျေးကျွန်၊ သစ္စာမဲ့သူကိုမှ ယုံကြည်ရက်လေသည့် နောင်တော်။

"တောက် ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

အရှင်နောင်တော် စောလူးမင်းကို ရေမန်ကာန်းက သုတ်သင်လိုက်ပြီဆိုသည့် သတင်းစကားအား အထောက်တော်များမှတစ်ဆင့် ကြားလိုက်ရသောအခါ ကျန်စစ်သား မျက်ရည်ဝဲခဲ့ရသည်။

ဩော် ... နောင်တော်၊ နောင်တော် မိမိကိုယ်အထင်လွဲ၊ အထင်သေး၊ အမြင်မှားပြီး၊ ရန်သူကို အထင်ကြီးအားကိုးခဲ့သော ပုဂံမင်းဆက်သွေး ... ရာဇဝင်ရိုင်းစွာ မြေခခဲ့ပြီပေါ့။

ရင်ထဲမှာ မကောင်းခဲ့။

ပြန်စဉ်းစားကြည့်တော့လည်း စောလူးမင်းအနေနဲ့ သူ့ကို မယုံချင်စရာ နောက်ခံသမိုင်းက ရှိခဲ့ဖူးသည်ကိုး။





ခမည်းတော် အနော်ရထာဘုရင် လက်ထက်တော်တုန်းက ဥဿာပဲခူးကို ဂွမ်းစစ်သည့်များ ကျူးကျော်စော်ကားသဖြင့် ပုဂံစစ်တပ်က စစ်ကူသွားရောက် တိုက်ခိုက်ပေးခဲ့ရသည်။

ဂွမ်းစစ်သည့်များ အရှုံးနဲ့ ပြေးရ၏။

ဒီမှာ ဥဿာပဲခူးမင်းက သမီးတော်မဏိစန္ဒာကို အနော်ရထာမင်းအား လက်ဆောင်ပဏ္ဏာ ဆက်သခဲ့သည်။

ကျန်စစ်သားက ပဲခူးမှသည် ပုဂံရောက်သည့်တိုင် မဏိစန္ဒာမင်းသမီးကို အနီးကပ်စောင့်ရှောက်ခဲ့ရသည်။

ရှေးရေစက်ကြောင့်လားမသိ။

လမ်းခရီးမှာပဲ ဘုရင့်သမီးတော် မဏိစန္ဒာ (နောင်အခါ ခင်ဦး) ဟာ အမည်တွင်သူ လှမျက်ခြယ်နှင့် ချစ်ခင်မှားယွင်းခဲ့ရကား ပုဂံရောက်သော် ခမည်းတော် အနော်ရထာမင်းသိပြီး အမျက်တော်ရှခဲ့သည်။

သည့်တုန်းက ...

'မင်းဘဏ္ဍာကို စော်ကားရမည်လား' ဟု ခမည်းတော် အနော်ရထာက ရှက်ဒေါသပေါက်ကွဲပြီး နန်းရင်ပြင်မှာ နောင်ကြိုးတည်းလို့ ခပေလွှင်ပေါ်ကနေ အရိန္ဒမာလှံနှင့် ပစ်ခတ်စီရင်ခဲ့၏။

ကံကောင်းလို့လား၊ ဘုန်းကြီးလို့လားမသိ။ ရင်ဝကိုလှံမစိုက်ဘဲ နောင်ကြိုးကို ထိပြတ်သွားခဲ့သဖြင့် ၎င်းအရိန္ဒမာလှံကို ဆတ်ခနဲကောက်ပြီး ကြောင်ဖြူအရပ်သို့ ပြေးရှောင်ခဲ့ရသည်။

အနော်ရထာမင်း နတ်ရွာစံ၍ စောလူးမင်း နန်းတက်သောအခါ ဥဿာမင်းသမီးတော် မဏိစန္ဒာကို (ခင်ဦး) အမည်နှင့် မိဖုရားမြှောက်ခဲ့၏။

စောလူးမင်း ဘုရင်ဖြစ်သော်လည်း နယ်စွန်နယ်ဖျား သော်



www.burmeseclassic.com

www.burmeseclassic.com



အောက်ခံများက မခန့်ညား၊ မရှိသေကြ။ ပုန်စားကန်စားပြုကြသဖြင့် မှူးကြီးမတ်ကြီးများ လျှောက်တင်ချက်အရ ကျန်စစ်သားကိုပြန်ခေါ်ပြီး စစ်သူကြီးအရာ ပေးခဲ့ရပြန်သည်။

သည်မှာပဲ ငယ်ချစ်လိုချစ်ခဲ့သည့် စောလူးမင်းရဲ့မိဖုရား ခင်ဦး နှင့် အပြောအဆိုရှိပြန်သည်ဟု မလိုသူများက ချောက်တွန်းသဖြင့် အောက်ဒလသို့ နယ်နှင်ဒဏ်ပေးခဲ့ရပြန်သည်။

နောင်အခါ အရေးတော်များ မငြိမ်သက်ပြန်သဖြင့် ကျန်စစ် သားကို ဒလမှပြန်ခေါ်ပြီး မူလရာထူးကို ပြန်အပ်ရပြန်သည်။

အခု ... စောလူးမင်းက ငရမန်ကာန်းရဲ့အကျဉ်းသား။

ကျန်စစ်သားရဲ့ ရင်နှလုံးသားမှာ ချစ်ရသူခင်ဦးက ပထမ ဦးစားပေးမဟုတ်။

ပုဂံရွှေနန်းရှင်ဟာ ပထမဦးစားပေး အရေးကြီးသည်။ သူ့ကို မှူးမတ်များက ထီးနန်းအပ်ကြသည်ကို လုံးဝလက်မခံခဲ့။ ဒါကြောင့် ဘုရင်စောလူးမင်းကို အသက်စွန့်၍ ဝင်ကယ်ခဲ့ပါသော်ငြားလည်း ..

ခင်ဦးနှင့်နွယ်၍ ကျန်စစ်သားက သူ့ကိုလုပ်ကြံရန်ခိုးသည်ဟု နောင်တော်ဘုရင် စောလူးမင်း အထင်မှားခဲ့လေရော့သလား။

ထိုအမှားသံသယက ခုတော့ ရန်သူ့လက်ချက်နှင့် အသက် ဆုံးရှုံးရပြီ။ ရာဇဝင်ရိုင်းခဲ့ရလေပြီ။

ငရမန်ကာန်း ...

ကျေးဖူးကန်း ငရဲသား။

ကိုယ့်ကျေးဇူးရှင် အရှင်သခင်ကို စော်ကားလုပ်ကြံသည့် အထိန်းတော်သား လူရမ်းကား။

ပုဂံရွှေနန်းရာဇဝင်မှာ ကျွန်အဆင့်ရှိသူတစ်ယောက်က ရွှေထီး





ရာဇပလ္လင်ပေါ် ထိုင်ရုံးမရှိ။

ငါက ပုဂံမှာမွေးသည့် ပုဂံသွေး။

တိုက်ပွဲဆိုတာ ရဲရင့်သူတို့ရဲ့အောင်ပွဲ။

သစ္စာရှိသူတို့ရဲ့အောင်ပွဲ။

ကျန်စစ်သား ပြန့်ကျဲနေသည့် တပ်အင်အားကို ပြန်စုစည်း ...ကာပြီး တိုက်ဖော်တိုက်ဖက် သူရဲကောင်းသုံးဦးနှင့်အတူ ငရမန်ကာန်း ...စစ်ရပ်ရာ ပြည်တော်သာကျွန်းစခန်းက စစ်သုံးဘက်ရံ၍ အဟုန် ...မှာ ဝင်ရောက်တိုက်ခိုက်လိုက်သောအခါ ငရမန်ကာန်းရဲ့စစ်တပ် ...ကွဲပြီး အကျအဆုံးများစွာနှင့် လက်နက်ချအညံ့ခံကြရတော့သည်။

ပုဂံပြည် အောင်ပွဲခံခဲ့ပြီ။

သို့သော် ဒီစစ်ပွဲမှာ အဓိကရန်သူ ကျေးဖူးကန်း ငရမန်ကာန်း ...တ်မြောက်သွားခဲ့သည်။ သတင်းအရ ငရမန်ကာန်း ရောဝတီမြစ်စဉ် ...ကြောင်းအတိုင်း ဖောင်နှင့်စုန်ပြေးသည်ဟု သိလိုက်ရသောအခါ ..

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

❑

ပုဂံနှင့် ဥဿာပဲခူးစား ရေမန်ကာန်းတို့ စစ်ပွဲပြေငြိမ်းအေ… ချမ်းသွားပြီမို့ လေးသည်တော်မှုဆိုးကြီးစေဠ ဝမ်းမြောက်ဝမ်းသာ ဖြစ်… ရသည်။

သူသည် ထင်ရှားသည့် လေးသည်တော်မှုဆိုးကြီးတစ်ဦး ဖြ… သည်။ သူ့မှာ မယားမယ်သုန်နှင့် ရင်သွေးသားငယ်တစ်ဦးရှိသည်။

မုဆိုးအလုပ်နှင့် မိသားစုသုံးဦး ဝမ်းစာရှာစားနေကြရသည်… ဒီမှာ အရေးတော်ပုံပေါ်လာ၍ စေဠ မုဆိုးလေးသည်ကျော်အဖြစ် … ဘုရင့်အမှုထမ်းရန် ဆင့်ခေါ်ခံရသည်။





အချိန်ကာလအတန်ကြာ သွေးသံရဲရဲစစ်ပွဲမှာ သူရဲရင့်စွာ အမှု… တော်ထမ်းခဲ့ရပြီး … နောက်ဆုံး ကျွန်စစ်မင်းကြီးရဲ့ ဆုချီးမြှောက် …သိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။

ခု … စစ်ပွဲပြီးပြီ။

မယားမယ်သုန်နှင့် သားငယ်ရင်သွေးရှိရာကို ပြန်ရတော့မည်။ …ထို ရွာပြန်ရန်ပြင်ဆင်ပြီးကာမှ ကျွန်စစ်မင်း (စစ်သူကြီး)ရဲ့ရှေ့တော် …မှောက် ချက်ချင်း ခစားရမည်ဆိုသည့်အမိန့်က စစ်ပွဲပြီးချိန်မှာ ရောက် …လာခဲ့သည်။

မုဆိုးစေဠ စစ်သူကြီး (ကျွန်စစ်သားမင်း)ရဲ့ ရှေ့မှောက်မှာ …ရောက်၍ ခစားလိုက်သည်။ ဘာအပြစ်များ ရှိလို့ပါလိမ့်။ မုဆိုးစေဠ …ရဲ့ရင်ခုန်သံ မြင်းခွာသံလို ညံနေသည်။

"စေဠ"

"ဘုရား"

"မောင်မင်းကို အထူးတာဝန်ပေးစရာရှိတယ် မောင်မင်း"

"အမိန့်တော်မြတ်ကို နာခံလျက်ပါဘုရား"

"မောင်မင်းသည် ထင်ရှားကျော်ကြားသည့် လေးသည်တော် …တစ်ဦးလည်းဖြစ်သလို၊ တောကျွမ်းသည့် မုဆိုးလည်းဖြစ်ပေတယ် … …မောင်မင်း။ ဒါကြောင့် အထူးတာဝန်ပေးအပ်မယ် .. နာခံမောင်မင်း"

"အသင့်ရှိကြောင်းပါ ဘုရား"

"ပုဂံမင်းရဲ့ရန်သူ ကျေးဖူးကန်း ဥဿာပဲခူးစား ရေမန်ကာန်း …ဟာ အဖမ်းအမိမခံဘဲ ရောဝတီမြစ်စဉ်အတိုင်း ဖောင်နဲ့စုန်ပြေးတယ် …လို့ စစ်ဆေးသိရှိတယ်။ မောင်မင်းမုဆိုးစေဠ … ရေမန်ကာန်းနောက် …ကို အမြန်လိုက်ပြီး အပြီးတိုင်လုပ်ကြချေ။ သင်းအရေးအောင်မြင်မှ



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်း ပုဂံကိုပြန်ခဲ့''

''မှန်ပါ . . . အမိန့်တော်မြတ်အတိုင်း အရေးတော်ပြီးမြောက် အောင် ဆောင်ရွက်ပါမည်ဘုရား''

သည့်နောက် ကျန်စစ်မင်း စစ်သူကြီးက စစ်မြင်းထွားထွား တစ်ကောင် နှီးမြင့်လိုက်သည်။ မုဆိုးစေဥ္စ ရိက္ခာထုပ်နှင့် လေးမြားဘူး ကို ကျောမှာစလွယ်သိုင်းပြီး အားလုံးကို ဦးချကန်တော့၍ မြင်းကို အပြင်းစိုင်းနှင့် လိုက်သည်။

မုဆိုးစေဥ္စ ရေးရှုရာအရပ်ကား ပြည်တော်သာကျွန်းအရပ်မှ သည် ရောဝတီမြစ်စဉ် ကုန်းရိုး။ ပြီး . . . မြင်းခြံနယ်ရိုး ကမ်းပါးတစ် လျှောက်သို့ . . .

✿ ✿ ✿

| ၁ |

❑

မယ်သုန် . . . စစ်ကြီးပြီးသွားပြီဆို လွန်စွာပျော်ရွှင်ကြည်နူး သည်။ အမှုတော်ထမ်းရန်လိုက်ပါသူ သူတို့ရွာသားအချို့ပင် ပြန် ည်ရောက်ရှိလာ၍ ထမီရင်ရှားနှင့် အမောတကောပြေးကြည့်ရ၏။

ဟိုလူက . . . ကိုရိုးချဲ့။

ဒါက . . . ငဖန်းသင်။

သဟာက . . . ကိုငကျိုင်း။ အလို . . . သူ့အချစ်ဆုံးလင် လေးရှိအဖေ ကိုငစဥ္စမပါပါလား။

ဘုရား . . . ဘုရား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာများ ကျရှောသလား။

ဒဏ်ရာရလို့ သုံ့ပန်းအဖြစ် အဖမ်းခံရရှောသလား။ ရင်ထဲမှာ ချစ်လင်ကိုမတွေ့ရ၍ ဗလောင်ဆူနေသည်။

"အစ်ကို ရိုးချဲ့"

"ဘာတုံး ... မိသုန်"

"ဟို ... ဟို ... အကျွန်မယောက်ျား ကိုစေဦရော ... ဟင် ... ဟင်"

"င ... စေဦ"

"ဟုတ်သယ်တော် ... သူ ... သူဘယ်မှာတုံးတော့"

"မပါလာဘူး"

"အို ... ဘုရားရေ ... သူ ... သူ ... တိုက် ... တိုက်ပွဲမှာ ကျ ... ကျသွားလို့လားဟင် ... အစ်ကိုရိုးချဲ့ ... ဟင် ... ဟင်လို့"

မယ်သုန်ရင်ကိုဖိရင် မျက်ရည်စို့စို့နှင့် မေးရှာသည်။

"ငရိုးကြားရသလောက်တော့ အမှုတော်အသစ်ထမ်းဖို့ နေခဲ့ရသလို့ကြားသဟ ... မယ်သုန်ရ"

"ဒါ ... ဒါ ... တကယ်လားဟင်။ အစ်ကိုရိုးချဲ့ ကျွန်မကို ညာပြောနေသလားတော်။ ကျွန်မ ရင်တုန်လိုက်ပါဘိတော်"

"မယုံရင် ... ငကျိုင်းကို မေးကြည့်ဟာ"

"မောင်ကြီးငကျိုင်း ... အဲဒါ ဟုတ်သလားတော် ... ဟင်"

"ဟုတ်ပ ... မယ်သုန်၊ နင့်လင် အရေးတော်တစ်ခုဆောင်ရွက်ဖို့ ကျန်ရစ်ခဲ့ရတယ်ဟဲ့"

"ဘာ ... ဘာအရေးများလည်း မောင်ကြီးငကျိုင်းရ"





"ဒါတော့ မသိဘူးမယ်သုန်။ ဒါက လျှို့ဝှက်ကိစ္စတွေပဲ"

"ဟူး ..."

မယ်သုန့်ပါးပြင်ပေါ်မှ မျက်ရည်ဥများ စီးလိမ့်ကျလာသည်။ အဝင်လမ်းမှာ သူမတစ်ယောက်တည်း ကျန်ရစ်ခဲ့ရ၏။ သူမ ပုဂံ နန်းရှိရာသို့ ငေးမျှော်ရင်း တစ်ချက်ရှိုက်လိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၉ |

❑

မဆိုးစေဥ္စ ရောဝတီကမ်းရိုးတစ်လျှောက် တောအုပ်တောညို များကို ဖြတ်ကျော်၍ မြင်းကို ဒုန်းစိုင်းလာခဲ့လိုက်သည်။

သွားရင်းလာရင်း နီးရာရေဆိပ်များမှာဝင်၍ စုံစမ်းထောက် လှမ်းရသေးသည်။

''မျက်လုံးတစ်လုံးကန်းနေတဲ့ လူတစ်ဦးကို မြင်ရလား''

''ဖောင်တစ်စီးနဲ့ မျက်ကန်းတစ်ဦး ဒီမှာ ဝင်နားသေးလား''

အချို့က မသိဟုဖြေ၏။

အချို့က ဖောင်တစ်စီးပေါင်းမိုးတင်၍ မရပ်မနား လျော်ခတ် သွားသည်ကို မြင်ရသည်ဟု ဆို၏။





အချို့က တံငါလှေနားကပ်၍ ဖောင်တစ်စီး ရိက္ခာအသားငါး သယ်၍ အမြန်မြန် စုန်ဆင်းသွားသည်ဟု ဆိုကြသည်။

သတင်းရသည်နှင့် မြင်းကိုအမြန်စိုင်းပြီး ပမ်းမိရန်လိုက်ခဲ့ သည်။ ဖြတ်လမ်းအသွယ်သွယ်ကိုရှာ၍ ရှေ့မှကြိုဆီးဆို့ရန် စိုင်းခဲ့သည်။

ရွာသာယာအရပ်သို့ ရောက်သောအခါ သတင်းတစ်ခုကြားရ သောသည်။ ဝတ်စားကောင်းလှဝတ်ထားသည့် လှေတော်သားနှစ်ဦး ရေဆိပ်မှာ ဝင်နားသတဲ့။

စေဥ္စ ရေဆိပ်သို့ ချဉ်းလိုက်သည်။ ရေဆိပ်အနီးမှ လမုနှင့် သမဲ့ ကနစို၊ ဗျိုက်တောများက ပိန်းနေသည်။

ဟော ... မြင်နေရပြီ။ ဖောင်လှေတစ်စီး။ ပေါင်းမိုးတင်အိမ် ဦးကကာဆီး အခန်းဖွဲ့နှင့်။ ဖောင်ဦးမှာ ရဲမက်သားတစ်ဦး ဓားလွယ် ထိုင်၍ ထိုင်လို့။ အချို့က ဟိုဟိုဒီဒီ မျက်စိကစားကြလို့။

ကျိန်းသေပြီ။

ဒါ ငရမန်ကာန်းရဲ့ စစ်ရဲလှေဖောင်။

မဆိုးစေဥ္စ သစ်ပင်အုတ်ကြားမှဝင်လိုက်ပြီး ငရမန်ကာန်းရဲ့ ဖောင်နှင့်နီးအောင် ချဉ်းကပ်လိုက်သည်။

ကြည့်ရတာ ငရမန်ကာန်းက ပေါင်းမိုးထဲမှာ ရှိပုံရသည်။

စေဥ္စ လေးနှင့်မြားကို အသင့်ပြင်ထားလိုက်သည်။ ငရမန်ကာန်း အပြင်ကိုထွက်သည့်အချိန်အား သည်းညည်းခံပြီး စောင့်နေလိုက်သည်။

အချိန် အတော်ကြာသွားသည်။

ငရမန်ကာန်းက ဖောင်ပေါင်းမိုး လှုနေစင်မှမထွက်။ ဒီမှာပဲ သူတို့အုပ်စု လှေထွက်ရန်ပြင်လိုင်သည်ကို မြင်ရသည်။ မိမိ ဘယ်လို လုပ်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အကြွေရပြီ။

ရေမန်ကာန်းသည် ကြက်တိုက်၊ ငှက်တိုက်နှင့် ထူးဆန်းသာ ကောင်များကို စိတ်ဝင်စားသူဖြစ်ကြောင်း ကြားဖူးသည်။ စေဥ္စ လက်ထဲ နှစ်ဖက်အုပ်ယှက်ပြီး သာယာသောချိုးကူသံကို အကြိမ်များစွာပေးလိုက် သည်။

လွန်စွာသာယာပြီး ကြေကွဲစရာကောင်းလှသည့် ချိုးကူသံကို ကြားလိုက်ရသောအခါ ...

လေပေါင်းမိုးစင်အိပ်ခန်းမှ လိုက်ကာပြတင်းပွင့်လာပြီး မျက်နှာ တစ်ခုပေါ်လာခဲ့သည်ကို စေဥ္စ မြင်လိုက်ရသည်။

အလို ...

ကြည့်စမ်း။ မျက်လုံးတစ်ဖက်မှာ သာရေပြားအကာနှင့်။ မုဆိုး စေဥ္စ ချိုးကူသံကို ခပ်ကြာကြာလေးပေးလိုက်ပြန်သည်၊ ရေမန်ကာန်း ကိုယ်တစ်ပိုင်းထုတ်၍ ချိုးကူသံလာရာသစ်အုပ်ဆီသို့ ငေးမျှော်အကြည့်၊

မုဆိုးစေဥ္စက ရှားသားအနှစ်နှင့်လုပ်ထားသည့် သူ့ရဲ့နာမည် ကျော်လေးပေါ်မှာ အဆိပ်လူးမြားတစ်ချောင်းတင်လိုက်ပြီး လေးညို့ကို ညာလက်ဖြင့်ဆွဲတင်ကာ ပစ်လွှတ်လိုက်သည်။

"ရွှီ"

"ဖောက်"

"အား ..."

အဆိပ်လူးမြားတစ်စင်းက ရောဝတီမြစ်ရဲ့ လေကိုဖြတ်၍ အသံမြည်ပြီး ပြေးထွက်သွားကာ မျှော်ငေးကြည့်နေသည့် ရေမန်ကန်း ရဲ့လည်မျိုကို ထုတ်ချင်းခတ် စူးဖောက်ဝင်ရောက်သွားခဲ့သည်။

အံ့အားသင့်နေစဉ် ဒုတိယမြားတစ်စင်းက ကောင်းနေသည့်





မျက်လုံးထဲသို့ ဖောက်ဝင်စိုက်နေတော့သည်။

ရေမန်ကာန်း အသံနက်ကြီးနှင့် အားခနဲအော်ဟစ်လိုက်ပြီး နောက် ပြတင်းပေါက်မှာ တွဲလောင်းကျသွားခဲ့သည်။

သူ့လည်ပင်းမှ နီရဲသောသွေးဆိုးသွေးညစ်တို့ စီးကျနေသည် ကို မုဆိုးစေဥ္စ အားရကျေနပ်စွာ မြင်လိုက်ရသည်။ ရေမန်ရဲ့ ရဲမက် အချို့က သူတို့အရှင်သခင်ကို ကြောက်လန့်စိုးရိမ်ကြီးစွာ အော်ခေါ် သုပ်နှိုးကြသည်။

မုဆိုးစေဥ္စရဲ့ တစ်ချွေ့ခုန်မြားဆိပ်က အသက်ရှူချိန်ပင် မရ လိုက်တော့။ ဒီမှာပဲ သူတို့က အလောင်းကို ပေါင်းမိုးစင်အိမ်ထဲသို့ အမြန်သွင်းလိုက်ပြီး ဖောင်ကို အားချင်းလော်၍ ရေစုန်အတိုင်းပြေး ကြတော့သည်။

မုဆိုးစေဥ္စ တောအုပ်မှာထားခဲ့သည့် သူ့ရဲ့ ဖောင်းဝတ်ရောင် မှင်းကြီးပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး အသော့နှင်လိုက်သည်။

ဒီသတင်းကောင်းကို မိမိရဲ့အရှင်သခင် ကျန်စစ်မင်းကြီးများ ကြားလိုက်လျှင် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

❑

ဖောင်းဝတ်ရောင် မြင်းထွားကျိုင်းကြီးနှင့် လူတစ်ယောက် ရွာထဲသို့ ဒုန်းစိုင်းဝင်ရောက်လာသောအခါ ကလေး၊ လူကြီး၊ မိန်းမ ယောကျာ်း အဘိုးအို၊ အဘွားအိုများပါမကျန် အပြေးအလွှားထွက်၍ ကြည့်လိုက်ကြသည်။

"ဟယ် ..."

"စေ့ဦကြီးပါလားဟေ့"

"စေ့ဦ ... စေ့ဦ ..."

"မယ်သုန်ရေ ... မယ်သုန်"

"ဘာတုံး ... ကိုကျိုင်းရေ"





"ဟဲ့ ... နင့်လင်စေ့ဦ ပြန်ရောက်လာပြီဟေ့"

"ဟင် ... တ ... ကယ်"

"ဟိုမှာ မြင်းကြီးနဲ့ဗျာ"

မယ်သုန် ငှဲ့လက်စမြေထမင်းအိုးကို လွှတ်ချလိုက်သည်။ မြေအိုးသည် ဖွပ်ခနဲကွဲ၍ ထမင်းရည်နှင့် ထမင်းစေ့များ မြေပြင်မှာ ပြန့်လွင့်ကုန်သည်။

ထမင်းရည်ပူလောင်သည်ကို ဂရုမစိုက်အား။ ထမိရင်ရှားနဲ့ ပြေးထွက်ခဲ့လိုက်သည်။

"ကို ... င ... စေ့ဦ"

"မယ်သုန် ..."

"အို ... ကိုစေ့ဦရယ်"

မယ်သုန် မြင်းကြီးနံဘေးမှာရပ်ပြီး သူမကို မျက်လုံးရွှဲကြီးဖြင့် စိုက်ကြည့်နေသည့် ငယ်ချစ်ငယ်လင် မုဆိုးစေ့ဦကို ဝမ်းသာအားရ ပြေးဖက်လိုက်သည်။

မုဆိုးစေ့ဦကလည်း သန်မာသော ချွေးစိုလက်အစုံဖြင့် ညိုညက်ညက်အသားနှင့် ထဘီရင်ရှားရှိနေသော မယားချောမယားလှလေးကို ဆီးကြိုပွေ့လိုက်သည်။

မျှော်လင့်ချက်ရင်ဘတ်နှစ်ခု။

ထိကရုန်းရွက်လို ပူးကပ်သွားကြသည်။

မယ်သုန်ရဲ့ပါးပြင်ပေါ်မှာ မျက်ရည်ဥများ ဝမ်းသာရိပ်နှင့် ဝဲလေးခိုနေကြသည်။

နှုတ်ဆက်သံများက အကြြင်လင်မယားနှစ်ဦးရဲ့ ဝန်းကျင်မှာ မွှေးပျံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးစဥ်က မယားချော ညိုညက်ညက်လေးရဲ့ပခုံးကို အားရပါးရ ဖက်ထားရင်းမှ အထုပ်တစ်ခုကို မယ်သုန့်လက်သို့ အပ်လိုက်သည်။

"ဒါ . . . ဒါ . . . ဘာ . . . ဘာတုံးဟင် . . . ကိုစဥ်"

"အသပြာထောင်ထုပ်"

"ဟင် . . . အသပြာထောင်ထုပ်။ ကို . . . င . . . စဥ် . . . တော် . . . ဒါ . . . ဒါ . . . ဘယ်ကနေ . . . ရ . . . ရ"

"မိန်းမရယ် စိုးရိမ်ကြောင့်ကြ ပူပန်ဖြစ်မနေပါနဲ့။ ဒါ ပုဂံရွှေမြို့ရဲ့ အရှင်သခင်သစ် ထီးဘုရားကျန်စစ်မင်းကြီးက အမှုတော်ကို ကျေပွန်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ခဲ့လို့ မောင်ကြီးကို ချီးမြှင့်လိုက်တဲ့ ဆုတော်ငွေအသပြာထောင်ထုပ်ပါ မယ်သုန်ရယ်"

ကြားလိုက်ရသည့်စကားကြောင့် မယ်သုန့်မျက်ဝန်းမှာ ဝမ်းသာအံ့သြရိပ်များ ရောဝတီမြစ်ရေတက်သလို လှိုင်းလုံးဆင့်သွားခဲ့သည်။

မယ်သုန် အသပြာထောင်ထုပ်ကိုပိုက်ရင်း ချစ်လင်ရဲ့လည်ပင်းကို ဘယ်လက်ဖြင့်ဖက်၍ ယီးလေးခိုဖက်ထားလိုက်သည်။

ထိုနေ့က မုဆိုးစဥ်ရဲ့ အပြုံးအပျော်၊ အကြည်အနူး၊ အရွှင်အမြူးတို့ကား . . .

မြန်မာ့ရာဇဝင်မှာ ဂန္ထဝင် တွင်ကျန်ရစ်ခဲ့သည်။ လေးသည်တော် သူရဲကောင်းတစ်ယောက်ရဲ့ သူရသတ္တိ အသီးအပွင့် အဖူးအငုံ ရာဇဝင်မညှိုးပန်းများ ဖြစ်ပါပေတကား . . .

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မနုဿတ္တဘာဝေါ ဒုလ္လဘောဟု ဘုရားရှင်က ဟောကြားခဲ့သည်။ လူ့ပြည်ကအပ်တစ်စင်းနှင့် ဗြဟ္မာပြည်ကအပ်တစ်စင်း ဆုံနိုင်သော်လည်း လူ့ဘဝကိုရရှိရန် အလွန်ခဲယဉ်းသည်ဟု ဆိုသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများအထဲ၌ လူ့ဘဝကသာ ဘုရားဖြစ်နိုင်သည်။ သို့သော် 'လူဖြစ်ရသော ဒုက္ခ'ဟု သီချင်းလုပ်ဆိုသူက ဆိုသေးသည်။

လူ့ဘဝတွင် ရှေးဘဝကုသိုလ်ကံကြောင့် ဆင်းရဲချမ်းသာဘဝများကွာခြားကြသည်။ ကုသိုလ်ပြု၊ လှူဒါန်းရာ၌ပင် လူဖြစ်လျှင်လူချမ်းသာ၊ နတ်ဖြစ်လျှင် နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်လျှင် ဗြဟ္မာချမ်းသာဖြစ်စေရန် ဆုတောင်းကြသည်။





'အတ္တာဟိ အတ္တာနော နာထော' ဟု ဘုရားရှင်က မိန့်ကြားခဲ့ရာ မိမိကိုယ်ကိုယ်သာ အားကိုးရာဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ အလုပ်ကောင်းလျှင် ကံကောင်းမည်။ စေတနာမှန်လျှင် တန်ပြန်ကျေးဇူးကို ရရှိမည်ဖြစ်သည်။

လူ့ဘဝသည် ရခဲပေစွ။ ထိုရခဲသော လူ့ဘဝကို တန်ဖိုးမထားဘဲ စွန့်လွှတ်ရန် ကြံရွယ်ကြသူများမှာ ရှေးဘဝက 'အထုံပါရမီ'ကြောင့် ဖြစ်ပေသည်။ မိမိကိုယ်ကိုသတ်သေ၊ အဆုံးစီရင်ခြင်းမှာ စိတ်ခံစားမှုကို ချုပ်တည်းနိုင်၍ဖြစ်သော်လည်း နောင်ဘဝပေါင်းများစွာ အဖန်ငါးရာ ကမ္ဘာတိုင်အောင် ခံစားကြရမည်။ ဒုက္ခများကို မကြောက်ရွံ့၊ မယုံကြည်သူများသည်လည်း ကမ္ဘာပေါ်၌ များစွာရှိနေကြသည်။

ထိုအထဲမှ ကျွန်ုပ်နှင့် ရင်းနှီးကျွမ်းဝင်ပြီး မိမိကိုယ်ကိုယ်မိမိ အဆုံးစီရင်သွားသူများအကြောင်းကို စာဖတ်သူများအား လက်လှမ်းမီသမျှ ဖောက်သည်ချပါမည်။ ရခဲလှသော လူ့ဘဝကို ဆင်ခြင်သုံးသပ် ချင့်ချိန်တန်ဖိုးထားနိုင်ကြပါရန် ရေးသားရခြင်းဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ကျွန်ုပ်တို့ထောင်မှူးသင်တန်း အပတ်စဉ်(၆)တွင် ထောင်မှူးလောင်း သင်တန်းသား (၆၆) ယောက်ရှိရာ (က • သ • အမှတ် ၅၅) ပြုံးချိုဟူသော ထောင်မှူးသင်တန်းသားမှာ အလွန်ဖော်ရွေသော နာမည်ဖြင့်လိုက်အောင် အမြဲတမ်း ပြုံးရွှင်စွာနေတတ်သည်။ လူချစ်လူခင်များသည်။ စာလည်း အလွန်တော်သည်။ ရုပ်ရည်မှာ အမွှေးအမျှင်သန်စွမ်းပြီး ကုလားဆင်ရုပ်မျိုးဖြစ်သည်။

သင်တန်းဆင်းတော့ သူက စံပြသင်တန်းသားဆုရသည်။ ထိုက်ထိုက်တန်တန်ရခြင်းဖြစ်၍ ကျွန်ုပ်တို့ သူ့အတွက်ဂုဏ်ယူမိသည်။ တာဝန်ထမ်းဆောင်ရတော့လည်း သူ့ဇာတိ တောင်ငူမြို့တွင် ပြန်လည်တာဝန်ထမ်းဆောင်ရသည်။





၁၉၇၆–၇၇ တွင် ကျွန်ုပ်တို့ အပတ်စဉ် (၆) ထောင်မှူးသင်တန်းသားများ ဖောင်ကြီးသင်တန်း ဖေယျ (၂၉)နှင့် ဖေယျ (၃၀)တို့တွင် ဝိုင်းခွဲ၍ သင်တန်းတက်ကြရရာ ကိုပြုံးချိုနှင့် ကျွန်ုပ်တို့ ဖေယျ (၃၀) သင်တန်းအပတ်စဉ်တွင် ပြန်ဆုံကြသည်။ သူကတော့ ပင်ကိုယ်အတိုင်း ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေပါပင်။

ဖောင်ကြီးသင်တန်းမှာ ပင်ပန်းသော်လည်း သူပျော်ရွှင်စွာနေတတ်သည်။ အစားအသောက်ဆင်းရဲသော်လည်း သူက ဟာသနှောပြီး စားဝင်အောင် အားပေးစကားပြောတတ်သည်။ နေပူထဲတွင် လက်နက်ငယ်သင်တန်းနှင့် စစ်သင်တန်း လေ့ကျင့်မောင်းနှင်တော့ ကျောင်းသားများ နေပူဒဏ်ကြောင့် အလွန်ပင်ပန်းဆင်းရဲကြသည်။ ထိုအခါတွင် သူက အပေါင်းအသင်းများအား အားပေးစကားပြောခဲ့သည်။

"အစ်ကိုကြီးတို့ရာ ... ခန္ဓာကိုယ်ကို စိတ်ကဦးဆောင်တာဟာ နေပူတယ်ဆိုတာကြီးကို စိတ်ထဲကဖျောက်ပြီး လာသာတယ်လို့အောက်မေ့လိုက်စမ်းပါ။ ကမ္ဘာ့ဌာန်းထိုင်သလိုပေါ့။ သတိနဲ့အသိကိုထိန်းပြီး ခန္ဓာကိုယ်ကဝေဒနာကို လျစ်လျူရှုပြီး ပယ်ထုတ်လိုက်စမ်းပါ။ နေသာထိုင်သာ ရှိသွားပါလိမ့်မယ်"

"အေးကွာ ... ညီလေးရာ၊ မင်းကငယ်ပေမဲ့ အပြောကောင်းတော့ အစ်ကိုကြီးတို့ စမ်းကြည့်ရမှာပေါ့။ မဟုတ်ရင်တော့ မင်းနာပြီသာမှတ်"

"ကျွန်တော်ပြောတာ အမှန်ပါ အစ်ကိုတို့ရာ။ စမ်းကြည့်စမ်းပါ မဟုတ်ရင် ညီလေးကို ကြိုက်သလိုလုပ်ပါ"

ဟုတ်လည်း ဟုတ်ပါသည်။ ပြုံးချိုက ပိန်းမလျား၊ အခြောက်ကလေးလို နွဲ့နွဲ့နှောင်းနှောင်းဖြစ်သော်လည်း သူက နေပူထဲ၌ အပြုံးပင်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ပါ။ ကျွန်တော်တို့လည်း သူပြောသလို သတိနှင့်အသိကို အာရုံ မှတ်ပြီး အလုပ်တာဝန်ကို စိတ်ဝင်စားစွာ လုပ်ဆောင်လိုက်တော့ အမှု ဒဏ်က သက်သာရာရရှိသွားတော့သည်။ ခန္ဓာကိုယ်ကြီးကို စိတ်က ဦးဆောင်သည်ဆိုသော အယူအဆကိုလည်း လက်ခံရတော့သည်။

ပင်ပန်းဆင်းရဲလှသော ဖောင်ကြီးသင်တန်းကို ကျွန်ုပ်တို့ ညီငယ်ပြုးချို၏နည်းဖြင့် အောင်မြင်စွာ ဖြတ်ကျော်ခဲ့ကြသည်။ သင်တန်း ဆင်းပြီးနောက် ကျွန်ုပ်တို့နယ်မြေဒေသအနှံ့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ခဲ့ကြရပြီး ရာထူးအဆင့်များလည်း တိုးခဲ့ကြသည်။ အသက် အရွယ်ကလည်း ရလာကြပြီဖြစ်၍ ပင်ပန်းဆင်းရဲသော အခြေခံသင်တန်း များဖြင့် အလှမ်းဝေးခဲ့ကြပါသည်။

တစ်နေ့ အင်းစိန်ထောင်၌ တာဝန်ထမ်းဆောင်နေစဉ် သတင်း ဆိုးတစ်ခုကို ကျွန်ုပ် ကြားရသည်။ သယ်ဆောင်လာသူက အကျဉ်းဦးစီး ဌာနရုံးချုပ် 'ရေး'ဌာနတွင် တာဝန်ထမ်းဆောင်နေသူ ကျွန်ုပ်၏ဇနီး ထောင်မှူးကြီး ဒေါ်ခင်မြကြွယ်ဖြစ်သည်။

"ရှင်တို့အပတ်စဉ် (၆)က တစ်ယောက်တော့ လျော့သွားပြန် ပြီ"

"ဟေ ... ဘယ်သူ၊ ဘာဖြစ်လို့လဲ"

"ကလေးထောင်က ပြုးချိုလေ။ သူ့ကိုယ်သူ Suicide လုပ် သွားတာတဲ့"

"ဟာကွာ ... ဒီကောင်လေး တာဝန်ခံ၊ ထောင်ပိုင်အဆင့် (၁)တောင်ဖြစ်နေပြီ။ ဘာများ စိတ်ညစ်စရာရှိလို့ပါလိမ့်။ နှမြောစရာ ကွာ။ ဆက်ဆံရေးကောင်းမွန်ပြီး အလွန်တော်သူပဲ"





"စပါးကိစ္စလို့ ကြားတာပဲ။ အသေအချာတော့ မသိရသေး

"ဘယ်လို စပါးကိစ္စလဲ"

"အကြမ်းဖျင်းသိတာကတော့ စပါးဈေးတက်နေပေမဲ့ ရုံးချုပ် သတ်မှတ်ဈေးနဲ့သွင်းပြီး လှောင်ထားတာ။ စပါးဈေးက ပြုတ်ကျ တော့ သိန်းအတော်များများ အရှုံးပေါ်သွားတာတဲ့။ ဒါကြောင့် ကိုယ်သူ လုပ်ကြသွားတာ"

"ဟာကွာ ... မကြီးအပ်၊ မစည်ရာ ပစ္စည်းသခါရပဲဥစ္စာ။ ဘာ မောစရာရှိသလဲ။ ကျန်းမာနေသရွေ့ ရှာလို့ရတာပဲဟာ။ တခြား ကြောင်းလည်းရှိဦးမယ် ထင်ပါရဲ့"

"တခြားအကြောင်းလည်း ရှိကောင်းရှိမှာပေါ့။ အခုဟာက ကြမ်းဖျင်းပဲသိရတာ"

"ဘယ်လို Suicide လုပ်တာတဲ့လဲ"

"သူ့မိသားစုက ကလေးမြို့ပေါ် ဈေးတက်ဝယ်နေရင်း သူက ဂေဟာမှာ အနားယူမယ်ဆိုပြီး ကျန်နေခဲ့တာ။ သေနတ်သံကြား တာဝန်ရှိသူတွေက သွားကြည့်မှ ခြောက်လုံးပြူးသေနတ်ကို ပါးစပ် သတ်သေသွားတာတဲ့။ ဦးနှောက်တွေဆိုရင် ကြမ်းပြင်မှာပြန့်ကျဲ တာပဲတဲ့"

"ဩော် ... သူကိုယ်တို့ကိုပြောခဲ့တဲ့ ဖောင်ကြီးသင်တန်းတုန်း စကားကို ပြန်ပြီးကြားယောင်နေမိတယ်။ ခန္ဓာကိုယ်ကြီးကို စိတ်က ောင်နေတာတဲ့။ ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုဒဏ်ကိုခံရရင် သတိနဲ့ ကိုထိန်းပြီး ကမ္ဘာနန်းရှသလို ဆင်ခြင်သုံးသပ်ပါတဲ့။ ပတ်ဝန်းကျင် သားကျပြီး အဆင်ပြေသွားမယ်လို့ ပြောခဲ့ဖူးတယ်။ အခုတော့



www.burmeseclassic.com

ကွာ ချက်ချင်းဆိုသလိုပဲ သတိလက်လွတ်ဖြစ်သွားပြီ ထင်ပါရဲ့။ အလွန်တော်ပြီး ဘာသာရေးကို ငယ်ငယ်ရွယ်ရွယ်နဲ့ နှံ့စပ်အောင်လုပ်ဆောင်တတ်တဲ့ လူတစ်ယောက်ဖြစ်လျက်သားနဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘောက်မှုပြီး အဖန်ငါးရာ ငါးကမ္ဘာကိုတောင် မကြောက်မရွံ့ ရင်ဆိုင်သွားတော့တာပဲနော်''

''ဟုတ်ပါရဲ့ရှင်''

✿ ✿ ✿

| ၃ |

နောက်တစ်ယောက်ကတော့ ဗိုလ်ကြီးနိုင်အောင်ကျော်။ သူက တပ်ကပြောင်းလာပြီး ထောင်အရာရှိဖြစ်လာတာ။ ရခိုင်လူမျိုး။ ဖြူဖြူဖြောင့်ဖြောင့် ချောချောပဲ။ သဘောမနော အလွန်ကောင်းတယ်။ ပထမအလုပ်စဝင်တော့ ရုံးချုပ်(အကျဉ်းဦးစီးဌာန)မှာပါ။ နောက်တော့ အင်းစိန်ထောင်တာဝန်ခံ၊ ထောင်ပိုင်ကြီးဖြစ်လာတယ်။ ကျွန်ုပ်နှင့် အလွန်ရင်းနှီးပါတယ်။ ကျွန်ုပ်နှင့် ဒုတိယထောင်ပိုင် ဦးအုန်းလွင်ကို မကြာခဏခေါ်ပြီး အရက်ဝိုင်းလုပ်လေ့ရှိတယ်။

သူက လူတစ်မျိုး။ အလွန် အသန့်အရှင်းကြိုက်တယ်။ သူက သတ်မှတ်တဲ့ ည (၇)နာရီကို တိတိကျကျရောက်မှ ကြိုက်တယ်။ စောတာလည်း မကြိုက်ဘူး။ နောက်ကျတာလည်း မကြိုက်ဘူး။ အချိန်ကို အလွန်

www.burmeseclassic.com



လေးစားတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ထောင်ပိုင်ကြီးနေတဲ့ ဘူးတံခါးကြီးပေါ်က အလယ်ထပ် ဝဲဘက်အစွန်အခန်းမှာနေတယ်။

ဒုတိယထောင်ပိုင်က ယာဘက်အစွန်အခန်း။ အပေါ်ထပ်က ဂါတ်မကြီးနဲ့ လက်နက်တိုက်။ ထောင်ပိုင်ကြီးနေတဲ့ အခန်းကြီးဟာ အလွန်ကျယ်ဝန်းပြီး အင်္ဂလိပ်ခေတ်က အဆောက်အအုံကြီးဖြစ်လို့ ခန့်ညားကြီးမားတယ်။ ကျွန်ုပ်တို့ သူ့အိမ်ပေါ် ည(၇)နာရီအတိရောက်တာနဲ့ ...

"ကိုသိန်းဝင်းနဲ့ကိုအုန်းလွင် ... ရေချိုးပြီးကြပြီလား"

"ဟုတ်ကဲ့ ... ချိုးပြီးကြပါပြီ ခင်ဗျား"

"ကဲ ... လာကြ၊ ထိုင်ကြဗျာ။ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးမဦးတို့ ချက်ပြုတ်၊ ကြော်လှော်ထားတာတွေပဲ။ အရင်စားကြဗျာ။ ပြီးရင်တော့ ခင်ဗျားတို့လက်ရာတွေကို မြည်းမယ်"

ကျွန်ုပ်တို့ စားကြသောက်ကြရင်း အတွေ့အကြုံများ ဖလှယ်ကြသည်။ အမြည်းနည်းလာသည်နှင့် ဧည့်သည်ကျွန်ုပ်တို့က တစ်လှည့်စီ မီးဖိုခန်းဝင်ပြီး အသင့်စီစဉ်ထားသော ကိုက်လံ၊ ဂေါ်ဖီပန်း၊ မုန်ညင်းရွက်၊ ဝက်အူချောင်း၊ ကြက်ဥတို့ကို ကြော်လှော်ပေးရသည်။

မတတ်တတတ် ကြော်လှော်ထားသဖြင့် ပေါ့သည်၊ ငန်သည်ကို ဘယ်တော့မှုအပြစ်မတင်။ ကောင်းသည်ဟုပဲ မှတ်ချက်ချသည်။ ကျွန်ုပ်တို့ ကနဦးကစားသောက်ကြသည့် အမြည်းများကတော့ ဗိုလ်ကြီးကိုယ်တိုင် ကြော်လှော်ထားခြင်းဟုသိရသည်။ အစပ်အဟပ်တည့်၍ လက်ရာအလွန်ကောင်းမွန်ပါသည်။

နောက်တစ်နှစ်ခန့်ကြာတော့ ဗိုလ်ကြီးနိုင်အောင်ကျော်သည် ထောင်ပိုင်အဆင့် (၂)ရာထူးမှ ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ထို့ကြောင့် အင်းစိန်ထောင်ဘူးကြီးပေါ်မှ သီးသန့်ဆောင် (Annex Jail) အပေါ်ထပ်သို့ ပြောင်းရွှေ့နေထိုင်ရသည်။ ကျွန်ုပ်တို့နေအိမ်များနှင့်တော့ အတော်လှမ်းသွားသည်။ သို့သော် ကျွန်ုပ်တို့ဆုံအကျ ညနေအရက်ဝိုင်းကလေးကတော့ တစ်လတစ်ကြိမ်ခန့် ဖြစ်ဆဲပင်။

ဗိုလ်ကြီးညွှန်မှူးဖြစ်၍ ရာထူးတိုးတက်သွားသော်လည်း ကျွန်ုပ်တို့တာတော့ သူ့ကို ညွှန်မှူးဟုမခေါ်။ ဗိုလ်ကြီးဟုပဲ နှုတ်ကျိုးနေသဖြင့်ခေါ်သည်။ သူကလည်း ရာထူးတက်သွားသော်လည်း အပြောင်းအလဲမရှိပါ။ ယခင်အတိုင်းပင် ကျွန်ုပ်တို့ကို ခင်ခင်မင်မင် ဆက်ဆံသည်။ အရက်ဝိုင်းကလေးက စိုပြည်ဆဲ။ ကျွန်ုပ်နှင့်ဗိုလ်ကြီး၊ ထောင်ပိုင်ဦးအုန်းလွင်တို့ကလည်း တွဲဆဲပင်ဖြစ်သည်။

မှတ်မှတ်ရရ တနင်္ဂနွေ ညနေခင်းတစ်ခုဖွင့် ဖြစ်သည်။ ဦးအုန်းလွင်ရောက်လာပြီး ဗိုလ်ကြီးက ညနေဝိုင်းဖိတ်ကြောင်း အကြောင်းကြားသည်။ ယခင်အခါများက ဝိုင်းလုပ်လျှင် မနက်ကတည်းက ကြိုတင်အကြောင်းကြားတတ်သည်။

ယနေ့တော့ ကပ်၍ဖိတ်သဖြင့် ကျွန်ုပ်လည်း ယခင်ဝယ်နေကျဆိုင်တာမဟုတ်ဘဲ အင်းစိန်ဈေးအတွင်းဆိုင်က ဂျော်နီဝါ့ကားတစ်လုံးကို ဝယ်လိုက်သည်။ ထုံးစံအတိုင်း ရေမိုးချိုး၊ ဝတ်စားပြင်ဆင်ပြီး ည၇နာရီတွင် ဗိုလ်ကြီးနေအိမ်ပေါ်၌ ဆုံကြသည်။

ယနေ့ ထူးခြားနေသည်မှာ အမြည်းအတွက် အကြော်အလှော်အမျိုးမျိုးကို စားပွဲဝိုင်းကြီးပေါ်၌ ခင်းကျင်းထားသည့်အပြင် ဗိုလ်ကြီးဇနီးသားနှင့် ကားဒရိုင်ဘာတို့အား စားပွဲဝိုင်းအနီး၌ရပ်နေစေသည်။ ဗိုလ်ကြီးက ဇနီးဖြစ်သူမဦးကိုလည်း စားပွဲဝိုင်း၌ ထိုင်ခိုင်းထားသည်။

www.burmeseclassic.com



"ကဲ ... ကိုသိန်းဝင်းနဲ့ ကိုအုံးလွင်တို့ ဒီနေ့ညတော့ ထူးထူး ခြားခြားကလေးဖြစ်သွားအောင် ပုံမှန်ချက်ပြုတ် ကျွေးလျှော်ထားတဲ့ အပြင် အပြင်စာကလေးတွေကိုလည်း စားကြရအောင် တစ်ယောက် တစ်မျိုးမှာကြပါ။ နောက်ပြီး ဝိုင်းမှာ အဖွဲ့ဝင်သစ်တစ်ယောက်တိုးတယ် ကျွန်တော့်ဇနီး မဦးပဲ။

ကျွန်တော်တို့ စားသောက်နေကြရင် သူတစ်ယောက်တည်း ပျင်းနေရှာတာမို့ ဝိုင်းထဲကို ဆွဲသွင်းလိုက်တာ။ သူ့ကိုလည်း ကျွန်တော် လေ့ကျင့်ပေးထားလို့ အနည်းအကျဉ်းရပါတယ်။ ကဲ ... ကျွန်တော်က အလျင်မှာမယ်။ ကြက်ကုန်းဘောင်ကြော်တစ်ပွဲ။ မဦးက က,င တစ်ပေါင်း၊ ကိုသိန်းဝင်းနဲ့ ကိုအုံးလွင်တို့လည်း မှာကြဗျာ"

"ဗိုလ်ကြီး ... ပြည့်စုံနေပြီပဲ။ ကျွန်တော်တို့မှာဖို့ မလိုတော့ ဘူးထင်တယ်"

"ဒီနေ့ အထူးညစာစားပွဲမှာ ထမင်းပါကျွေးမှာ။ ဒါကြောင့် အားမနာပါနဲ့။ မှာကြပါဗျာ"

"အဲဒါဆိုလည်း ဝက်ချိုချဉ်တစ်ပွဲဗျာ"

ဦးအုံးလွင်ကလည်း ...

"ကျွန်တော်ကတော့ ငါးခေါင်းနဲ့မှျစ်ဟင်းဗျာ"

"ကဲ ... သားနဲ့ ဒရိုင်ဘာချိုကြီး ကြားတယ်နော်။ ဟင်း အမည်တွေ မမှားစေနဲ့။ မမေ့စေနဲ့။ မြန်မြန်သွားပြီး မြန်မြန်ပြန်လာ ခဲ့။ မင်းတို့လည်း ဟင်းတွေစောင့်ရင်း တစ်ခါတည်းစားလာခဲ့။ ငါတို့က အရက်ဝိုင်းပြီးတာနဲ့ ထမင်းစားကြမှာ တစ်နာရီတိတိ အချိန်ပေးမယ်။ ကြားလား"

"ဟုတ်ကဲ့"





ကျွန်ုပ်တို့ ဝိုင်းစကြသည်။ သောက်ကြည့်မှ ဂျော်နီဝါကားမှာ အတုဖြစ်နေမှန်း ကျွန်ုပ်သိသည်။

"ဗိုလ်ကြီး ... ကျွန်တော်ဝယ်လာခဲ့တဲ့ အရက်ပုလင်းက အတု ထင်တယ်။ အနံ့ကတော့ တူတယ်။ အရသာက ပေါ့သလိုပဲ။ ကျွန်တော် နောက်တစ်ပုလင်း ပြေးဝယ်လိုက်မယ်"

"နေပါစေ ... ကိုသိန်းဝင်းရယ်။ အရက်ဆိုတာ အယ်လ်ကို ဟောပါပဲ။ အိပ်ဆေးတစ်မျိုးပေါ့။ အဝင်ကောင်းရင် ပြီးတာပါပဲ။ ကဲ ကဲ ... သောက်ကြ၊ စားကြဗျာ။ ကျွန်တော်ဒီနေ့ အလွန်ပျော်နေတယ်"

ကျွန်ုပ်တို့ဝိုင်းသိမ်း၍ ပြန်ကြတော့ ည (၁၀)နာရီပင် ထိုးချေ ပြီ။ ယခင်အခါများက ည (၉) နာရီတွင် ဝိုင်းသိမ်းနေကျ။ ယနေ့ည ကား ဝိုင်းထိုင်သည်မှာ (၃)နာရီတိတိ ကြာသွားသည်။

ကျွန်ုပ်နှင့် ဦးအုံးလွင်တို့ မိမိတို့နေအိမ်အသီးသီးသို့ ပြန်ခဲ့ ကြသည်။ ယနေ့ည အရက်ဝိုင်းသည် နောက်ဆုံးအရက်ဝိုင်းဖြစ်မှန်း ကျွန်ုပ်တို့ မသိခဲ့ကြပါ။ သို့သော် ထူးခြားနေသည့်ကာတော့ အမှန်ပင် ဖြစ်ပေသည်။

နောက်တစ်နေ့ညနေ (၂)နာရီခန့်တွင် သတင်းဆိုးတစ်ခုကို ကြားလိုက်ရတော့ မယုံချင်။ ကိုယ်တိုင်ပြေးကြည့်မှ ယုံလိုက်ရတော့ သည်။ ဗိုလ်ကြီးနိုင်အောင်ကျော် သီးသန့်ထောင်အပေါ်ထပ် ညှိခန်း၌ ဆွဲကြိုးချ၍ သတ်သေခြင်းဖြစ်သည်။ မယုံနိုင်စရာဖြစ်သော်လည်း မျက် မြင်ဖြစ်၍ ယုံလိုက်ရသည်။

မသေဆုံးမီ ဘုရားဆွမ်းတော်ကပ်ခြင်း၊ အမွှေးတိုင် ထွန်းညှိ ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်းအမှုများကို ပြုသွားကြောင်းလည်း တွေ့ရ သည်၊ လူရှင်းသည့် နေ့လယ်ခင်းအချိန်ကို ရွေးလုပ်သွားခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ကျွန်ုပ်တို့အမြင် ဗိုလ်ကြီးတွင် စိတ်ညစ်စရာမရှိ။ ဥစ္စာပစ္စည်း၊ ရာထူးလည်း ပြည့်စုံသည်။ ဇနီးနှင့်သားသမီးများကလည်း အလွန် လိမ္မာရိုးသားကြသည်။ ပွင့်လင်းပြီး စိတ်ကောင်းရှိသူဖြစ်၍ မုန်းသူရန်ငြိုးလည်း ရှိမည်မထင်။

ဒါဖြင့် သူဘာကြောင့် မိမိကိုယ်ကိုမိမိ သတ်သေရသနည်း ဟူသော မေးခွန်းရှိလာပေပြီ။ အမျိုးမျိုးစုံစမ်းစစ်ဆေးကြသည်။ သို့သော် အဖြေမပေါ်။ ထောင်ကျောင်းဆရာတော် အမိန့်ရှိသည်ကတော့ အထုံ ရေစက် ဘဝကုသိုလ်ဟုဆိုပေသတည်း။

✿ ✿ ✿

| ၄ |

❑

နောက်တစ်ဦးကတော့ တပ်သားကလေး မြင့်ဦးဖြစ်သည်။ အိမ်ထောင်ရှိသည်။ သားတစ်ယောက်လည်း ရှိသည်။ သူက ကျွန်ုပ်တို့ သူတို့ထောင်မှူးများနေထိုင်ရာ ဘူးသစ်အဆောက်အအုံအနီးရှိ (၇) မျှော်စင်တွင် တာဝန်ကျသည်။

မျှော်စင်ကင်းတာဝန်မှာ နေ့အဆိုင်း ညအဆိုင်းရှိသည်။ သူက ညအဆိုင်း တာဝန်ကျသူဖြစ်သဖြင့် ည(၆) နာရီကစ၍ မျှော်စင်ပေါ် သတ်ရရာ ကျွန်ုပ်တို့ ညနေ (၄း၃၀) နာရီ အစောထွက်ရသောနေ့များ နှင့် သူက ဘူးသစ်လှေခါးခြေရင်း၌ ရိုင်ဖယ်သေနတ်နှင့် ထမင်းချိုင့် ကိုင်ပြီး သော့ဖွင့်ပေးမည့် ဂါတ်ခန်းက တပ်ကြပ်ကြီးကိုစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကျ။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ အလုပ်ကအပြန်တွင် တစ်ရက်ခြား လှည်းကားရင်း၌ ဆုံနေကျဖြစ်သည်။ ဆုံပါများတော့ မြင့်ဦးနှင့်ကျွန်ုပ်တို့ ခင်မင်ရင်းနှီးနေကြသည်။

တစ်နေ့တော့ ကျွန်ုပ်တို့ အချိန်မှန်သော်လည်း မြင့်ဦးက နောက်ကျသည်။ ရိုင်ဖယ်သေနတ်ကိုထမ်းပြီး (၇)နှစ်သားအရွယ် ကလေးကို လက်ဆွဲလာသည်။ သားကလေးက ထမင်းချိုင့်ကိုဆွဲလာသည်။

"မြင့်ဦး . . . ဘာဟင်းချက်သလဲကွ"

"ဟင်းမကောင်းပါဘူး ဆရာရယ်။ ကန်စွန်းရွက်ကြော်ပါ"

"မင်းတို့က ညကင်းစောင့်ရတော့ အိပ်ရေးပျက်တယ်။ အသား လေးငါးလေး ကြက်ဥ၊ ဘဲဥကလေးနဲ့ တွဲစားဦး"

"မတတ်နိုင်ပါဘူး ဆရာရယ်။ ကျွန်တော်ကတော့ နေ့စဉ် ထောင်တောင်ယာကရတဲ့ အသီးအရွက်နဲ့ပဲ နှစ်ပါးသွားရတာပါ။ အိမ် မှာတော့ ငါးလေးဘာလေး ချက်စားကြပါတယ်။ ကျွန်တော်က မိန်းမ နဲ့သားကလေးကို ဦးစားပေးတာပါ"

"သားငါး မစားနိုင်ရင်လည်း ပဲဟင်းလောက်နဲ့တော့ တွဲစား ပေါ့ကွာ။ ပဲဟင်းက အသားဓာတ်ပါပါတယ်။ မင်းကိုမေးလိုက်ရင် ကန် စွန်းရွက်ကြော်၊ ကိုက်လံကြော်၊ မုန်လာဥကြော်၊ မုန့်ညင်းရွက်ကြော် ချည်းပဲ။ နားရက်ကလေး ဘာလေးကျတော့လည်း အိမ်မှာ စျေးပေါတဲ့ သားငါးကလေး ဝယ်စားပေါ့ကွာ"

"ဟုတ်ပါတယ် ဆရာ။ ဆရာတို့လို လူပျိုလူလွတ်နေတာပဲ ကောင်းပါတယ်။ အိမ်ထောင်ကိစ္စ မပူပင်ရတော့ဘူး။ အခုတော့ ကျွန် တော့်မှာ မိန်းမကိစ္စနဲ့ ကလေးကျောင်းကိစ္စတွေ ပူပင်နေရတာနဲ့ စိတ် ဆင်းရဲရပါတယ် ဆရာရယ်"





"အေး . . . ဒါကတော့ ကိုယ့်အပူကိုယ်ရှာတာမျိုးပေါ့။ သဘာဝ ပြည့်ကျပါတယ်။ မင်းမိန်းမက ဘာအလုပ်မှ မလုပ်ဘူးလား။ ဥပမာ ချုပ်တာတို့၊ စျေးရောင်းတာလိုမျိုးပေါ့"

"မလုပ်ပါဘူး ဆရာရယ်။ သူက ချမ်းသာတဲ့မိဘက မွေးလာ တော့ ထမင်းဟင်းတောင် ကောင်းကောင်းမချက်တတ်ပါဘူး။ ကျွန်တော် က အလုပ်မဝင်ခင် ချက်ပြုတ်ပေးရတာပါ။ သူက ကျောင်းကြို၊ ကျောင်း ပို့ အဝတ်လျှော်ရုံလောက်ပါပဲ"

"ဟ . . . မြင့်ဦးရ၊ မိန်းမဆိုတာ အိမ်တွင်းမှု နိုင်နင်းရတယ်။ ချက်ပြုတ်ကလေးတော့ တတ်မှပေါ့။ မင်းက အလိုလိုက်ထားတယ် ထင်တယ်။ နောင်ကလေးတွေရလာရင် ပိုဆိုးလိမ့်မယ်"

"နောင်ကလေးလည်း မရနိုင်တော့ပါဘူး ဆရာရယ်"

"မင်းမိန်းမက ငယ်သေးတယ်မဟုတ်လား။ ဘယ့်နှယ်မရနိုင် တော့မှာလဲ"

"ငယ်သေးလို့ ခက်နေတာပေါ့ဆရာရယ်။ အခု ဒီသားတစ် ယောက်မွေးပြီး (၃)ယောက်ပျက်ကျသွားတယ်။ အဖတ်သာတင်ရင်တော့ ကျွန်တော်တို့ ငါးပြီ"

မြင့်ဦးက ပြောပြောဆိုဆို သူ့သားအား . . .

"ကဲ . . . သား၊ မင်းပြန်တော့။ စာကို ကြိုးစား။ အမေ့လို ဆိုးဆိုးနဲ့ လိမ်လိမ်မာမာနေ . . . ကြားလား"

"ဟုတ်ကဲ့ပါ အဖေ"

ကလေးပြန်သွားတော့ ကျွန်ုပ်လည်း ဘူးသစ်ပေါ်တက်ခဲ့ပြီး ထောင်၌ အမေ့အိမ်သို့ပြန်ရန် အဝတ်အစားလဲသည်။ ပြီးသည်နှင့် ပြန် ခဲ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မြင့်ဦးရေ၊ ငါတော့ သမိုင်းက ငါ့အမေအိမ်ပြန်ပြီး ညစာစားမယ်။ မနက်ဖြန်မနက်စောစော ထောင်ဖွင့်ဝင်ရှီးမှာဆိုတော့ မိုးချုပ်မှ ပြန်ရောက်မယ်။ ငါ့ဘော်ဒါတွေလာရင်လည်း ပြောပေးပါ"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော်နဲ့ဆုံရင် ပြောလိုက်ပါ့မယ် ဘိုင့်ဘိုင် ဆရာ"

သူက လက်ပြနှုတ်ဆက်တော့ ကျွန်ုပ်ကလည်း လက်ပြနှုတ် ဆက်ခဲ့သည်။ ကျွန်တော် ထောင်ဝင်းထဲမှထွက်ပြီး ဟီးနိုးဂိတ် လ ပြင်ဈေးရှေ့သို့ လမ်းလျှောက်ရသည်။ အင်းစိန်နှင့်သမိုင်းမှာ (၁၀)မြ ခရီးသာဖြစ်သည်။ (၁၅)မိနစ်အတွင်း ရောက်သည်။

ကျွန်ုပ် ကားစီးရင်း တပ်သားမြင့်ဦးတို့ မိသားစုအကြောင်း တစ်လမ်းလုံး စဉ်းစားလာမိသည်။ ဘာကြောင့်မှန်းမသိ၊ အတွေးစ ဖြတ်သော်လည်း တပ်သားမြင့်ဦးကိုသာ တရေးရေး ပြန်မြင်နေသည် ထို့ကြောင့် ကျွန်ုပ်တတ်နိုင်သမျှ ငွေရေး၊ ကြေးရေးကူညီရန် ဆုံးဖြ လိုက်သည်။

သမိုင်းက အမေ့အိမ်တွင် ရေချိုးပြီး ညစာစားသည်။ မိသား ဖြင့် စကားဝိုင်းဖွဲ့သည်။ ည (၉)နာရီထိုးမှ ကျွန်ုပ် အင်းစိန်ထောင် ပြန်ခဲ့သည်။ ထောင်ဂိတ်ဝသို့ပြန်ရောက်တော့ ည (၉)နာရီခွဲပြီ။ ထော ဂိတ်ဝ၌ စုစုဝေးဝေးဖြစ်နေကြသည်။ ထောင်တွင်း၌ အရေးပေါ်ပြီထ သည်။

သို့သော် မဟုတ်ပါ။ ဘူးသစ်တွင်နေကြသည့် ကျွန်ုပ်တို့အ မှ ထောင်မှူးများဖြစ်ကြသည်။

"သူငယ်ချင်း ... နောက်ကျလှချည်လား၊ မြန်မြန်လာကွ ငါတို့အစည်းအဝေးလုပ်နေကြတာ"





"ဘာလဲ ညသန်းခေါင် ဟင်းချက်စားကြဖို့လား။ ငါညစာ းပြီးပြီ။ မနက်ဖြန်မနက်လည်း ထောင်စောစောဖွင့်ရှီးမှာ။ ငါမပါ ဘူး"

"သူငယ်ချင်း ... မင်းကလည်း စိတ်ချည်းပဲ။ ငါတို့ပြောတာ ထောင်ပါဦး။ (၇)မျှော်စင်က တပ်သားမြင့်ဦး၊ ငါတို့ဘူးသစ်လှေကား း မှာ ရိုင်ဖယ်သေနတ်ကိုင်ပြီး ခြေမနဲ့ခလုတ်ဖြုတ်လို့ ရှောသွားပြီ"

"အဲဒါ ဘူးသစ်မှာ ငါတို့မအိပ်ရဲတော့လို့ ထောင်ထဲကရိက္ခာ မှာ သွားအိပ်မလားလို့ တိုင်ပင်နေကြတာ"

"ဟ ... ဒီနေ့တင် ကိုယ်နဲ့ ညနေလေးနာရီခွဲလောက်မှာ ဒြလို့ စကားတွေတောင် အများကြီး ပြောဖြစ်ခဲ့ကြသေးတယ်"

ကျွန်ုပ်က တပ်သားမြင့်ဦးနှင့်ကြုံ၍ စကားပြောခဲ့ကြပုံများကို ရေစေ့တွင်းကျ ပြန်ပြောလိုက်မိသည်။ ကျွန်ုပ် တပ်သားမြင့်ဦးအား ခါစိတထဲ၌ မြင်ယောင်နေခြင်း၊ သူ့စကားသံများကို ကြားယောင်နေမိ ခြင်းတို့မှာ ကျွန်ုပ်၏ မသိစိတ်က သတိပေးနေခြင်း ဖြစ်ပေလိမ့်မည်။

"ကဲ ... ဘယ်လိုလုပ်ကြမလဲ သူငယ်ချင်း"

ထောင်မှူးဦးစောလှိုင်က ကျွန်ုပ် ငိုင်တွေစဉ်းစားနေခြင်းကို ၍ သတိပေးလာသည်။

"ဘယ်လိုလုပ်ရမလဲ ကိုစောလှိုင်ရယ်။ တစ်နေ့တစ်ရက်တည်း မဟုတ်ပဲ။ ကျွန်တော်တို့ထောင်က မပြောင်းသရွေ့ ရင်ဆိုင်နေရမယ့် သနာပဲ။ ရှောင်ပြေးလို့မှမရတာ။ ဗိုလ်နေမြဲ၊ ကျားနေမြဲပေါ့"

"သူငယ်ချင်း ... မင်းက ဘူးသစ်မှာပဲ ပြန်အိပ်မယ်လို့ ဆို တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်လေ။ ရှေ့တုန်းက တပ်မတော်သားတွေဆို အေးတဲ့ဒေသမှာစောင်မရှိလို့ တိုက်ပွဲအတွင်းကျဆုံးတဲ့ ရဲဘော်အလောင်းကိုတောင် ဖက်အိပ်ရတယ်လို့ ငါစာကြွေထဲမှာ ဖတ်ဖူးတယ်"

"အေး ... မင်းတစ်ယောက်တည်း သတ္တိကောင်းနေ။ ငါတို့တော့ ဒီည ဘူးသစ်မှာမအိပ်ရဲတော့ဘူး။ ထောင်ထဲက ရိက္ခာရုံးမှာပဲ ဝင်အိပ်တော့မယ်"

"အေးလေ ... မင်းတို့သဘောပဲ။ ငါကတော့ ဘူးသစ်တံခါးဝ အစွန်ဆုံးခန်းမှာ တစ်ယောက်တည်းနေတာ။ တံခါးတွေလည်း လုံတယ်။ အိပ်လိုက်ရင်လည်း တစ်ရေးပဲ။ မနက်မှနိုးတာ။ ဒါဆို ငါတစ်ယောက်တည်းပဲ ပြန်အိပ်တော့မယ်"

"သူငယ်ချင်း ... အဲဒီလိုတော့ မလုပ်နဲ့လေကွာ။ ငါတို့ မနက်ထောင်ဖွင့်ဝင်ရင် ယူနီဖောင်းကလဲရဦးမှာ။ ငါတို့လည်း လိုက်မှာပေါ့"

"အေး ... အဲဒီလို ယောက်ျားပီသစမ်းပါ။ ငါတို့နေတဲ့ ဘူးသစ်က နဂိုရိုကတည်းက သရဲတစ္ဆေခြောက်တာ မင်းတို့အားလုံးအသိပဲ။ အခု သရဲတစ္ဆေ အသစ်တစ်ကောင်တိုးလာလို့လည်း မထူးပါဘူး။ လာကြပါကွာ။ တစ္ဆေဆိုတာ လူကဖြစ်တာပါ။ ငါတို့လူက သရဲတစ္ဆေကို မကြောက်သင့်ဘူး။ သရဲတစ္ဆေကသာ ငါတို့လိုလူကို ကြောက်ရမှာ။ ပြောင်းပြန်ဖြစ်နေပြီ"

"ဒါနဲ့ တပ်သားမြင့်ဦးက သူ့ကိုယ်သူ ဘာကြောင့်သတ်သေသွားရတာလဲ ... သိကြသလား"

ထိုအချိန်တွင် တစ်ချိန်လုံး ငြိမ်ကုပ်နေပြီး ထောင်ဘူးဝတံခါးကြီး၌ တာဝန်ကျသဖြင့် အလုံးစုံသိနေသော ထောင်မှူးဦးဝင်းဆန်းက ...





"ကိုသိန်းဝင်းရေ ... တပ်သားမြင့်ဦးမိန်းမ မယေက လင်ငယ်နေပြီး နောက်မီးလင်းလို့တဲ့ဗျ ... သိပြီလား"

ကရင်လူမျိုးပီပီ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းပြောတတ်သော ထောင်မှူးဦးဝင်းဆန်း၏စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။

"ဟား ... ဟား ... ဟား"

"ကရင်နဲ့တွေ့မှ ပွဲပြတ်သွားတော့တာပဲ"

ထောင်မှူး ဦးအောင်ကျော်ဌေးက မှတ်ချက်ပြုသည်။

ကျွန်ုပ်တို့ ထောင်မှူးလေးယောက် တန်းစီရင်ပေါင်တန်းပြီး ထောင်ဗဟိုလမ်းမကြီးအား တက္ကသိုလ် အဓိပတိလမ်းမကြီးအမှတ်ဖြင့် လမ်းလျှောက်လာကြသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးက မီးများ ထိန်ထိန်လင်းနေသည်။ ကျွန်ုပ်တို့နေထိုင်သော ဘူးသစ်ဘက်ကတော့ အလင်းရောင်အားနည်းပြီး အမှောင်ကျနေသည်။ ဘူးသစ်ပေါ်မှာလည်း လူတစ်ယောက်မှမရှိ၍ မီးမလင်းပါ။ မျှော်စင်(ဂ)နှင့် ဘူးသစ်လှေကားအကြားမှာ အုတ်နံရံကြီးသာရှိ၍ မှောင်မည်းနေသည်။

ကျွန်ုပ်တို့ဘူးသစ်လှေကားခြေရင်း တပ်သားမြင့်ဦး Suicide သတ်သွားသော နေရာရောက်တော့ သွေးညှီနံ့ရပြီး ရေဆေးထားသည်ကို တွေ့ရသည်။ ကျွန်ုပ် ရပ်၍ တပ်သားမြင့်ဦးတို့သားအဖအား မြင်ယောင်နေမိစဉ် မျှော်စင် (ဂ)အပေါ်မှ ညဆယ်နာရီ သံချောင်းခေါက်သံကြားရပြီးနောက် ...

"ဆရာဦးသိန်းဝင်းတို့ ... ပြန်လာကြပြီလား။ တော်ပါသေးရဲ့ဗျာ ... ကျွန်တော်တို့လည်း မျှော်စင်ပေါ်မှာ မနေရဲဘူးဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



“ရဲစိန်မဟုတ်လား၊ မင်းတို့က နှစ်ယောက်မဟုတ်လား။ ဘာ ကြောက်စရာရှိသလဲ။ သေနတ်တွေလည်း ရှိလျက်သားနဲ့”

“သေနတ်က သေနတ်ပဲ၊ ကြောက်တာက ကြောက်တာပဲ ဆရာရေ။ မြင့်ဦးက ကျွန်တော်တို့ရှေ့မှာတင် သေသွားတာ။ နောက်ပြီး သူက ကျွန်တော်တို့မျှော်စင်ပေါ်က ကင်းသမားဆရာရဲ့”

“ထားပါကွာ ... ငါတို့လည်း ပြန်ရောက်ကြပါပြီ။ ဘာမှ မကြောက်နဲ့။ အရေးရှိရင် လှမ်းအော်လိုက်။ ငါတို့ ပြတင်းပေါက်ဖွ... ဖွင့်ထားတယ်”

“ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့အားရှိပါပြီ”

ထိုညက ကျွန်ုပ်အိပ်ရာဝင်ခါနီး ဘုရားရှိခိုးပုတီးစိပ်ပြီး မေတ္တာ ပို့သည်။ အထူးသဖြင့် တပ်သားမြင့်ဦးအားရည်မှန်း၍ မေတ္တာပို့... အမျှဝေသည်။ ည (၁၁)နာရီကျော်မှ ကျွန်ုပ် အိပ်ပျော်သွားသည်။ ဘာ... အနှောင့်အယှက် အသံဗလံ၊ ခြေသံကိုမျှ မကြားရပါ။ စိတ်ဟူသည် ဆန်းကြယ်လေစွ။ ကြောက်လျှင်လည်း သည်စိတ်၊ ရဲလျှင်လည်း သည် စိတ်ပင် မဟုတ်ပါလား။

✿ ✿ ✿

# [ ၅ ]

❑

အနိဋ္ဌာအာရုံတွေချည်းရေးနေရတော့ လက်ကမသွက်ချင်ပါ။ ...သော် တင်ပြရန် တစ်ခုကျန်သေးတော့ ရေးရပေဦးမည်။

မန္တလေး ဗဟိုအကျဉ်းထောင်သစ်ဆောက်လုပ်စဉ်က အဖြစ် ...ဖြစ်သည်။ ၂၀၀၀ ခုနှစ်ခန့်က ဖြစ်သည်။ မန္တလေးဗဟိုအကျဉ်း ...င်ဟောင်းမှာ နန်းတွင်း၌ရှိသည်။ ထောင်သစ်ကို ‘အိုးဘို’ဟူသော ...၌ စတင်ဆောက်လုပ်နေသည်။

ထောင်ဧရိယာမှာ လွန်စွာကျယ်ဝန်းသဖြင့် ဧရိယာအတွင်း၌ ...သချိုင်းဟောင်းလည်း ပါဝင်သည်။ မြေကြမ်းသဖြင့် အခြောက် ...န့်ကလည်း အားကြီးသည်။ ထောင်အုတ်ရိုးမှာ သာမန်အုတ်ရိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်။ မဖောက်နိုင်ရန် မကျော်လွှားနိုင်ရန် မြေစူးလည်း အများ ကြီးယူပြီး အမြင့်က (၁၈') မှ (၂၄') ပေ အထိမြင့်အောင် ဆောက်ရ သည်။ လျှပ်ဒဏ်၊ လေဒဏ်၊ မိုးဒဏ် ခံနိုင်စေရန်လည်း ထော တင်းရသည်။

အကျဉ်းထောင်အင်္ဂါရပ်နှင့်အညီ ထောင်တွင်းအဆောက်အအ များကိုလည်း စနစ်တကျ မြေပုံဆွဲနေရာချပြီး ဆောက်ရသည်။ ထော ဆောက်စဉ်က (Store Keeper) မှာ ထောင်မှူးဦးတင်ဒွေး ဖြစ်သည် သူက ကျောင်းဆရာဘဝမှ ထောင်းမှူးအဖြစ်ဝင်ရောက်လာသူ ရိုးသား ဖြောင့်မတ်ပြီး ဘွဲ့ရပညာတတ်ဖြစ်၍ လူကြီးများကသူ့အား ပစ္စည်းထိန်း တာဝန်ခံခန့်ထားခြင်း ဖြစ်သည်။

သူကိုင်ရသောပစ္စည်းများမှာ သံထည်ပစ္စည်းများ၊ ဘိလပ်မြေ နှင့် အုတ်သဲသစ်များဖြစ်သည်။ ဦးတင်ဒွေးက ကျောင်းဆရာဖြစ်သော် လည်း သစ်တန်တွက်နည်းနှင့် သံချောင်း၊ ဆိုဒ်စုံတန်ဖွဲ့ပုံကို နားမလည် လေ့လည်းမလေ့လာ။

ကျောင်းဆရာဖြစ်၍ အခြားသူတစ်စုံတစ်ဦးကိုလည်း ဆရာ မတင်ချင်ပါ။ ထို့ကြောင့် သူက သူနားလည်သလို သစ်ဘယ်နှစ်ချောင်း သံချောင်းဘယ်နှစ်ချောင်း၊ ဘိလပ်မြေဘယ်နှစ်အိတ်၊ အုတ်ဘယ်နှစ် လုံးကိုတော့ ငယ်စာရင်းကလေး ရေးထားတတ်သည်။

သို့သော် လူကြီးများလာစစ်ဆေးလျှင်တော့ သူ့မှာ အခက် တွေ့ရတော့သည်။ တန်၊ ပေ၊ ကုဗဖွဲ့နည်းဖြင့် သူမဖြေတတ်။ လ အစည်းအဝေးလုပ်လျှင် သူအမြဲတမ်း လူကြီးများ၏ အဆူအကြိမ်း ခံရရှာသည်။ ထို့ကြောင့် လူကြီးများလာလျှင် သူအကြောင်းပြပြီး ရှော နေတတ်သည်။ မရိုးမဖြောင့်တော့ သူမလုပ်။ ပစ္စည်းများလည်း ပျောက်





ခြင်းမရှိ။ သို့သော် လူကြီးများကို သူအလွန်ကြောက်သည်။ မေးမြန်း၍ ဖြေတတ်မှာကို သူအလွန်စိုးရိမ်သည်။

တစ်နေ့တွင်ဖြစ်သည်။ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် အိုးဘိုထောင်သစ်သို့ လာရောက်စစ်ဆေးမည်ဟူသော သတင်းရ သည်၊ ထောင်မှူးတင်ဒွေး ဖင်တုန်အောင်ကြောက်နေရှာသည်။ ထို့ ကြောင့် လူကြီးများရောက်မည့်အချိန်တွင် မိတ်ဆွေတစ်ဦးထံမှ ဆိုင် ကယ်ငှားပြီး ကျောက်ဆည်မြို့ဘက်သို့ ရှောင်ထွက်ခဲ့သည်။ အသိမိတ် အိမ်တွင် နှစ်ညအိပ်ပြီးမှ မန္တလေးသို့ပြန်လာသည်။ ထောင်ပိုင်ကြီး ထွန်းအောင်ကျော်မှာ သဘောကောင်းသူဖြစ်သဖြင့် ဆူပူရုံဖြင့် ကိစ္စ ပြီးသည်။

လဆန်းရက်တစ်ရက်တွင် ရန်ကုန်အကျဉ်းဦးစီးဌာနမှ လူကြီး များနှင့် ပြည်ထဲရေးဌာနမှ လူကြီးများစုပေါင်း၍ အိုးဘိုအကျဉ်းထောင် သစ်ဆောက်လုပ်ရေးလုပ်ငန်းကို လာရောက်စစ်ဆေးမည်ဟု သတင်းရ ပြန်သည်။ ပစ္စည်းထိန်းတာဝန်ခံ ထောင်မှူးတင်ဒွေး အခက်တွေ့ပြန် သည်။

သို့သော် ဤတစ်ကြိမ်တော့ သူတည်ငြိမ်သည်။ လူကြီးများ ရောက်တစ်ရက်၌ လက်ကျန်ပစ္စည်းများနှင့် ထုတ်ပေးပြီး နေရာအနှံ့ ချထားနေသည့် ပစ္စည်းများကို လိုက်လံစစ်ဆေးသည်။ မျှော်စင် (ဘူး) များ ဆောက်လုပ်နေဆဲနေရာတွင် တာဝန်ချထားသည့် လက်နက်ကိုင် ထောင့်တပ်သားများအားလည်း လိုက်လံစစ်ဆေးသည်။

အမှတ် (၈) မျှော်စင်အနီးတွင် ရိုင်ဖယ်သေနတ်ပိုက်၍ ထိုင်ခုံ တွင်ထိုင်နေသော ကင်းရဲဘော်အေးကျော် အနီးရောက်တော့ ကင်းရဲဘော် အေးကျော်က နေရာမှထပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကောင်းပါတယ် ဆရာ"

ဟု နှုတ်ဆက်စကားပြောသည်။

"အေး ... အေး ... မှန်းစမ်းပါဦး။ မင်း သေနတ်ပြောင်းတွေ၊ ဘာတွေရော ပုံမှန်တိုက်ရဲ့လား"

"တိုက်ပါတယ် ဆရာ"

ထောင်မှူးတင်ဋ္ဌေးက ကင်းတပ်သား အေးကျော်ထံမှ သေနတ်ကို တောင်းကြည့်သည်။ ပြီးနောက် မင်းတုပ်ကို ဖြုတ်၍ ပြောင်းကို ထောင်ကြည့်သည်။

"ဟ ... မောင်အေးကျော်ရဲ့ မင်းက တိုက်တယ်တာဆိုတာ ပြောင်းထဲမှာ ချေးတွေချည်းပဲ။ ပြောင်းရစ်တောင် မပေါ်တော့ဘူး။ သွားစမ်း ... အဝတ်စုတ်သန့်သန့်တစ်ခုနဲ့ ဒီဇယ်ဆီနည်းနည်း ယူလာခဲ့။ ငါ့စတိုရုံးခန်းမှာ ရှိတယ်။ ကျည်ဆန်တွေပါ ထားခဲ့"

"ဟုတ်ကဲ့ ဆရာ"

အေးကျော်ပြန်လာတော့ ထောင်မှူးတင်ဋ္ဌေးက အဝတ်စုတ်သန့်သန့်ဖြင့် သေနတ်အစိတ်အပိုင်းများကို ဖြုတ်၍ စနစ်တကျတိုက်သည်။ သူက စစ်သင်တန်းဆင်းပြီးသည်မှာ မကြာသေး၍ ကျွမ်းကျင်သည်။

သေနတ်အတွင်းအပြင် တိုက်ပြီးတော့ ကျည်အိမ်နှင့် ကျည်ဆန်များကို တစ်ခုချင်း အသေးစိတ်တိုက်ပြန်သည်။ ထောင်မှူးတင်ဋ္ဌေးက ကုလားထိုင်တွင်ထိုင်၍ အချိန်ကြာစွာ တိုက်ချွတ်နေသော်လည်း မတ်တတ်ရပ်၍ စောင့်ကြည့်နေရသော ကင်းတပ်သားအေးကျော်က ညောင်းညာလာပြီး အပေါ့သွားလိုသဖြင့် ...

"ဆရာ ... ကျွန်တော် အပေါ့ခဏသွားပါရစေ"





"အေး ... အေး ... သွား ... ငါရှိနေတာပဲ။ စိတ်ချလက်ချ [illegible]"

တပ်သားအေးကျော် အတန်ငယ်လှမ်းသော အိမ်သာဘက် [illegible] အပြေးသွားပြီး အပေါ့စွန့်၍ အိမ်သာမှအထွက်တွင် သေနတ်သံ [illegible]ချက်ကို ကြားလိုက်ရသည်။

"ဒိန်း ..."

သေနတ်သံမှာ တိုပြီးပြတ်သည်။ မတော်တဆ ကျည်ဆန်ထွက် [illegible]ပြီး တစ်ခုခုကိုမှန်သည့်အသံမျိုး ဖြစ်သည်။ အေးကျော်လည်း [illegible]သာမှ တာဝန်ကျရာဆီသို့ အပြေးသွားရတော့သည်။

တပ်သားအေးကျော် တာဝန်ကျရာ မျှော်စင်အမှတ် (၈)အနီး [illegible]က်တော့ ထောင်မှူးတင်ဋ္ဌေးမှာ ကုလားထိုင်ပေါ်မှ နောက်ပြန်လဲ [illegible] သေနတ်တခြား၊ လူတခြားဖြစ်နေသည်။ တပ်သားအေးကျော်မှာ [illegible]ယ်သေနတ်ကြီးကို အနီးရှိအုတ်ပုံတွင်ထောင်လိုက်ပြီး သူ့ဆရာ [illegible]င်မှူးတင်ဋ္ဌေးကို ပွေ့ချီ၍ ...

"ဆရာ ... ဆရာ ... ထပါဦး။ ဘယ်လိုဖြစ်တာလဲ"

ထောင်မှူးတင်ဋ္ဌေးကတော့ မထနိုင်တော့ပါ။ ကျည်ဆန်ကား [illegible]ာက်မှဝင်ပြီး ဦးနှောက်ကို ဖောက်သွားခြင်းဖြစ်သည်။

မကြာမီ အလုပ်သမားများနှင့် တာဝန်ရှိလူကြီးများ ရောက် [illegible]ကြသည်။ ထောင်မှူးတင်ဋ္ဌေးထိုင်နေသည့် ကုလားထိုင်အနီးတွင် [illegible] Fire) ကျည်အ. (၂)တောင့်က ပြန့်ကျဲနေပြီး ပြောင်းရင်းတွင် [illegible]ဆန်ခွံတစ်ခုရှိသည်။ ကျည်အိမ်ထဲ၌ ကျည်ဆန် (၂)တောင့်က [illegible]နေသေးသည်။ ကျည်ဆန်မထွက်မချင်း အသေအချာလေ့တ်ဆွဲ၍ ([illegible]cide) လုပ်သွားခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖိစီးမှုဒဏ်ကြောင့် ဤကမ္ဘာပေါ်၌ မိမိကိုယ်ကို လုပ်ကြံသတ်ဖြတ်သွားသူများ များစွာရှိကြသည်။ ဤသူများမှာ အဖန်ငါးရာငါးကမ္ဘာကို မကြောက်ကြသူများဖြစ်သည်။

နောင်တွင်လည်း အဖန်ငါးရာ ငါးကမ္ဘာပြည့်အောင် မိမိကိုယ်ကိုမိမိ ဖြစ်လေရာဘဝတိုင်း၌ သတ်သေကြဦးမည့်သူများ 'အထုံ'ရေစက်ပါသူများဖြစ်သည်ဟု ဗုဒ္ဓဘုရားရှင်က ဆုံးမခဲ့ဖူးပါသည်။ ထို့ကြောင့် သံသရာဝဋ်ကို ကြောက်ကြပါ။ စိတ်ဖိစီးမှုဒဏ်ကို တခြားနည်းလမ်းဖြင့် ဖြေရှင်းကြပါဟု ကျွန်ုပ်က စာဖတ်သူများအား အသေအချာ သတိပေးလိုက်ရပါတော့သည်။

အပူမီး (၁၁)မီး ငြိမ်းကြပါစေ။

တောင်မြှူးကြီးသိန်းဝင်း


www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

'ဒန်'က သူ့ခွေးကို 'ဒန်'ဟုပင် နာမည်ပေးထားသည်။ သို့သော် လူနှင့်ခွေး ကွဲပြားအောင် နာမည်ရှေ့မှ ဝိသေသတစ်ခု ခွဲခြားထား၏။ သူက 'နီရဲသောဒန်'၊ ခွေးက 'နက်ကြုတ်ကလေးဒန်'။

ယခု သူအိပ်ရာပေါ်လဲနေသောအခါ နက်ကြုတ်ကလေးသည် သူ့အပါးမှ တစ်ဖဝါးမျှမခွာ။ ချစ်ခင်မြတ်နိုးစွာ အကြင်နာမျက်လုံးများဖြင့် မော့ကြည့်ရင်း သူ့အိပ်ရာနားတွင် ခေါင်းထိုးလျက် ဝပ်စင်းနေလေသည်။

ဒန်သည် ချောင်းတဟွတ်ဟွတ်ဆိုးရင်း အားမဲ့တုန်ယင်နေသော လက်ချောင်းများဖြင့် နက်ကြုတ်ကလေး၏ခေါင်းကို စမ်းတဝါးဝါး





ရှာဖွေနေသည်။ နက်ကြုတ်၏ခေါင်း စမ်းမိသောအခါ ဖွဖွရွရွပွတ်သပ်ပေးရင်း 'ဒန်ကလေး'ဟု တိုးတိုးသဲ့သဲ့ခေါ်သည်။

နက်ကြုတ်ကလေးသည် ညည်းသံတစ်ချက်ပေးကာ သခင့်အနီးသို့ ပို၍တိုးကပ်သွားသည်။ နောက် သူ့ခေါင်းကို သခင့်လက်ဝါးပြင်ပေါ်သို့ အလိုက်သင့်တိုးဝင်တင်ထားလိုက်၏။

'အလိမ္မာကလေး'ဟု ထပ်၍ခေါ်သော ဒန်၏အသံမှာ လေသံသာရှိတော့သည်။

"ဒန်ရေ ... သူတို့ မင်းနဲ့ငါ့ကို ဘယ်တုန်းကမှ ဖမ်းမမိခဲ့ဘူးနော်။ မင်းနဲ့ငါ အတူတိုက်ခဲ့သမျှ တို့အောင်ပွဲခံခဲ့တာချည်းပဲ မဟုတ်လား။ ဒါပေမဲ့ နက်ကြုတ်ရေ ... ခုတော့ ငါ မင်းနဲ့အတူ မတိုက်နိုင်တော့ဘူးကွာ။ ဒန် ... ငါနေရတော့မှာ မဟုတ်တော့ဘူး"

ဒန်၏အသံသည် တိုးတိမ်ဖျော့မှိန်သွား၏။

နက်ကြုတ်ကလေးသည် ညည်းသံပြုလျက် ဒန်၏ထောင့်ကြမ်းနေသော လက်ချောင်းများကို လျှာဖြင့် လျက်ပေးနေသည်။

အိပ်ရာဘေးက အမျိုးသမီးငယ်သည် ရုတ်တရက်ထရပ်ကာ ကိုယ်ကိုကိုင်းညွတ်လျက် ဒန့်မျက်နှာကို စိုးရိမ်တကြီးကြည့်၏။ သူမ၏မျက်နှာပြင်မှာ နှင်းလို ဖြူဆွတ်ဖျော့တော့နေသည်။

ဒန်၏မျက်လုံးများ တဖြည်းဖြည်းပွင့်လာသည်။

"မာစီယာ ... မိန်းကလေးရယ်၊ ကိုယ့်ကိုယ် ထူပေးစမ်းပါကွယ်။ ကိုယ်မင်းကို ပြောစရာတွေရှိတယ်"

မိန်းကလေးသည် ဒန်၏ကျောအောက်သို့ လက်လျှိုသိုင်းဖက်ကာ ထူပေးလိုက်၏။

"ကိုယ် ... နေရတော့မှာမဟုတ်ဘူး မာစီယာ။ ဒီနေ့ညအဖြစ်အပျက်တွေအ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ နေ့တိုင်းနဲ့မတူဘူး မိန်းကလေးရယ်။ မင်းကိုယ့်ကိုချစ်တယ် နော်။ ကိုယ်သိပါတယ်ကွယ်။ ဒါပေမဲ့ ...''

''အို ... ဒန် ... အချစ်ရယ်၊ ချစ်ပါတယ်ကွယ်။ သိပ် ... သိပ်ချစ်ပါတယ်''

မိန်းကလေးသည် သိမ့်ခနဲရှိုက်ငိုချလိုက်၏။

''တကယ်တော့ တို့နှစ်ယောက် ပျော်ရွှင်ကြည်နူးခဲ့ကြတဲ့ အချိန် ရယ်လို့ မရှိသလောက်ပဲနော် မာစီယာ။ ကိုယ်မင်းကိုချစ်ပေမဲ့ ဘဝရဲ့ တောင်းဆိုချက်ကို မလွန်ဆန်နိုင်ခဲ့ဘူး''

ဒန်၏အသံသည် ကြားရရုံကလေးမျှ ရှိတော့သည်။

''ကိုယ်ဟာ မိန်းမတွေကို မယုံရဲခဲ့ဘူး။ ယုတ်စွအဆုံး မင်းကို တောင် မယုံခဲ့ပါဘူး မာစီယာရယ်။ ကိုယ်ဟာ မင်းကိုလေ ကိုယ့်ခွေး နက်ကြုတ်ကလေးလောက်တောင်မှ မယုံစားခဲ့ပါဘူးကွယ်။ မာစီယာ ခွေးလေးကို ဂရုစိုက်ပါနော်။ ဒန်ကလေးကို ဂရုစိုက်လိုက်ပါ။ သူဟာ ကိုယ့်ဘဝမှာ အကောင်းဆုံးအဖော်ပဲ။ ခုဆို မင်းအတွက်ပါ အဖော် ကောင်းဖြစ်လာပြီ။ သူ့ကို အတတ်နိုင်ဆုံး စောင့်ရှောက်ပါကွာ။ ဒီအတွက် မင်းကိုယ့်ကို ကတိပေးစေချင်တယ်။ မင်း ... မင်းကိုယ့်ကိုချစ်တယ် ဆိုရင် ကိုယ့်ခွေးလေးကို အစွမ်းကုန် ပြုစုစောင့်ရှောက်ပါလို့ ကိုယ်မှာ ခဲ့မယ်''

နက်ကြုတ်ကလေးသည် ဒန်၏ပါးစပ်မှ သူ့နာမည်ကိုထည့် ပြောတိုင်း ဒန်ကို ခေါင်းဖြင့်ဝှေ့ဝှေ့နေ၏။ နှုတ်ကလည်း အဆက်မပြတ် ညည်းသံပေးနေသည်။

ဒန်က မိန်းကလေး၏လက်ကို စမ်းသပ်ဆွဲကိုင်ပြီး နက်ကြုတ် ကလေး၏ခေါင်းပေါ်သို့ တင်ပေးသည်။ ပြီးတော့ ...





''ဒန်ကလေးရေ ... မင်း မာစီယာနဲ့ပဲ နေရစ်တော့နော်''

ဟု တစ်ခွန်းချင်း အားယူလျက်ပြောသည်။

''သူနဲ့ပဲ နေ ... ရစ် ... တော့ ...။ မာစီယာနဲ့ နေ ... ရစ်တော့။ ဒန် ... ဒန် ... မင်း ရဲကို အထူးသတိထား။ ငါသင်ထား ဘာတွေ မမေ့နဲ့''

'ရဲ'ဟူသောအသံကို ကြားလိုက်သည်နှင့် နက်ကြုတ်ကလေး နှတ်ခနဲ ခုန်ထသည်။ လည်ဆံမွေးများ တောင့်ကြမ်းထောင်ထလာ သည်။ လည်ချောင်းထဲမှ မတိုးမကျယ်ဟိန်းသံ ထွက်လာ၏။

''ကောင်းတယ်ဒန် ... သိပ်ကောင်းတယ်။ ရဲတွေကို ကြပ် ကြပ်သတိထား။ တို့နှစ်ယောက် အတူတွဲတိုက်ခဲ့သမျှ တို့အမြဲနိုင်ခဲ့တာ [illegible] အမြဲအောင်ပွဲခံခဲ့တာပဲ။ ဒီကောင်တွေ တို့ကို တစ်ခါမှ ဖမ်းမမိခဲ့ [illegible] ဒန်ကလေး ... ရဲကို သတိထားနော်။ မာစီယာ ... မင်း သူ့ကို ဂရုစိုက်ပါကွယ်။ ဒန် ... ဒန် ... နက်ကြုတ်ကလေး ... ရဲကို ... သ ... တိ ... ထား''

မာစီယာ၏လက်အပေါ် ဖိကိုင်ထားသော လက်ချောင်းများ ပြေလျော့ကျသွားသည်။ ခေါင်းငိုက်ကျကာ မျက်လုံးအစုံ မှေးမှိတ်သွား [illegible]

နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ရဲအဖွဲ့ကိုအန်တုခဲ့သော ဖောက် [illegible]ဝိဇ္ဇာ သေနတ်သမား 'နီရဲသော ဒန်ဂရိဂန်'သည် အမှောင်ထဲတွင် [illegible]တဆိတ် ဖတ်သိမ်းသွားခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

"ဘယ်လိုလဲ ... မမိခဲ့ဘူး မဟုတ်လား"

စုံထောက်ရဲမှူးကြီး 'လာရီရင်းတော'သည် သူ့ရုံးခန်းထဲ ဝင်လာသည့် စုံထောက် 'ရီအော်ဒန်'ကို ဟောက်သံဖြင့် မေးလို ၏။

"ဟုတ်ပါတယ် ... မမိခဲ့ပါဘူး။ ဒါပေမဲ့ ..."

ရဲမှူးကြီး၏ အမွေးအမှင်ထူထဲသော လက်သီးဆုပ်ကြီးသည် စားပွဲပေါ်သို့ ဒုန်းခနဲကျသွားကာ ...

"ဘာ ... ဒါပေမဲ့လဲ"





ဟု ကျယ်လောင်စွာ အော်သည်။

"မင်းတို့ ဘယ်တော့ဖြစ်ဖြစ် လက်ချည်းသက်သက်ပြန်လာ 'ဒါပေမဲ့' နဲ့ စ,တာပဲ။ ဘာ 'ဒါပေမဲ့' မှ မလိုချင်ဘူး။ ငါအားလုံး ပြီးပြီ။ 'ချီကာဂို' အနောက်ပိုင်းက လူဆိုးလူမိုက်တွေအားလုံး ဒီ ကိုရောက်လာပြီး ဖောက်ထွင်းမှုတွေ ကျူးလွန်နေကြတာ မှစာကြ မဖောက်သေးဘဲ ကျန်နေတာဆိုလို့ သချိုင်းကုန်းက အုတ်ဂူတွေ မှိတော့တယ်။ တစ်ခုခုလုပ်ရတော့မယ် ... ရီအော်ဒန်။ ဒီအတိုင်း လို့ကတော့ မင်းတို့ဒီမှာရှိနေတဲ့ စုံထောက်လေးယောက်စလုံး သားတိုင်မြဲစရာအကြောင်း မမြင်ဘူး။ ဒီတစ်ခါ လက်ချည်းသက်သက် လာမယ်ဆိုရင်တော့ မောင်ရင်တို့ယူနီဖောင်းတွေ ချွတ်ထားခဲ့ကြ တော့"

"ဟို ... ဟိုခွေးက နှောင့်ယှက်နေပြန်ပြီ ရဲမှူးကြီး"

ရီအော်ဒန်က မကျေမနပ်ဖြင့် ရှင်းပြမည်ပြုသည်။

သို့သော် ...

"ဘာခွေးလဲ ... လာပြန်ပြီလား ဒီခွေး"

ရဲမှူးကြီးသည် ဒေါသတကြီး ဆောင့်အော်ပစ်လိုက်၏။

"တို့တွေဟာ ဒုစရိုက်ကောင်မှန်သမျှကို ကျားကျားမမ၊ ကြီး ငယ် မလွတ်တမ်းဖမ်းနိုင်ခဲ့တဲ့ ရဲတွေပါကွ။ ငါတစ်ယောက်တည်း ဖမ်းခဲ့တောင် မနည်းဘူး။ ခုတော့ ... ရဲအလုပ်ကို ခွေးက အနှောင့် တ်ပေးနေသတဲ့ ... ကောင်းရော။ မင်းတို့ထဲမှာ ခွေးတစ်ကောင် င် မိအောင်ဖမ်းနိုင်တဲ့လူ မရှိဘူးလားကွ ... ဟေ"

လက်သီးဆုပ်ကြီးဖြင့် စားပွဲခုံကို ထုချလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ငါ့အစွမ်းပြရသေးတာပေါ့။ ငါ့သတင်းပေးတွေဆီက ဒီကောင်တွေ ဘယ်နေ့ . . . ဘယ်နေရာမှာ . . . ဘာလုပ်မယ် . . . ဆိုတာ သတင်းရအောင်လုပ်မယ်။ အဲဒီတော့မှ မင်းတို့က လက်ချည်းသက်သက်ဝင်ပြီး ခွေးကိုဖမ်းကြပေါ့ . . . ဟုတ်လား။ နေပါဦး . . . အဲဒီခွေးက မင်းတို့ကို ဘာလုပ်သလဲ။ သွားဖြဲပြတာနဲ့ မင်းတို့ ထွက်ပြေးလာရောလား"

သည်တော့မှ ရှိအော်ဒန် စကားပြောခွင့်သာသည်။

"ဒီလိုပါ ခင်ဗျာ။ ကျွန်တော်တို့အဖွဲ့ဟာ အရက်ချက်ရုံရှေ့က တည်းခိုခန်းမှာ နေရာယူထားကြပါတယ်။ ညသန်းခေါင်ကျော်စ,မှာ ကားတစ်စီး ဖြတ်မောင်းသွားပါတယ်။ ကားဟာ တစ်ပြလောက်ဆက်မောင်းသွားပြီး ပြန်ကွေ့လာပါတယ်။ ဒီကောင်တွေပဲဖြစ်ရမယ်ဆိုတာ အရိပ်ကျလို့ ကျွန်တော် တံခါးက လှစ်ခနဲ ထွက်လိုက်ပါတယ်။ နောက်က မူလီဂန်ရယ်၊ အီတ်ရယ်၊ ကော့စတီဂန်ရယ် ကပ်လိုက်လာပါတယ်။ ကားရပ်တာနဲ့ လျှပ်တစ်ပြက်ဝင်တိုက်ဖို့ အသင့်ပြင်ထားကြပါတယ် . . . ရဲမှူးကြီး။ ရှေ့ပေါက်တံခါးမှန်က အပြင်ဘက်လှမ်းကြည့်လိုက်တော့ အရိပ်မည်းမည်းလေးတစ်ခု တရွေ့ရွေ့ လျှောက်လာနေတာကို မြင်ရပါတယ်။ ခဏကြာတော့ တံခါးအောက်ခြေကို ခပ်သာသာ တိုးဝှေ့နေသံကို ကြားရပါတယ်။ နောက်တော့ ခွေးတစ်ကောင် မာန်ဖီသံနဲ့ဟောင်သံကို ဆက်တိုက်ဆိုသလို ကြားလိုက်ရတော့တာပါပဲ . . . ခင်ဗျာ။

အဲဒီအချိန်မှာ ကားဟာ ရပ်တော့မလိုလိုနဲ့ ခပ်ဖြည်းဖြည်းမောင်းနေရာက ခွေးဟောင်သံကြားလိုက်တာနဲ့ တစ်ပြိုင်နက် စက်အရှိန်မြှင့်ပြီး မောင်းထွက်ပြေးသွားပါတယ်။ ကျွန်တော်တို့ အတင်းထွက်လိုက်





တော့ ခွေးနက်လေးတစ်ကောင်ဟာ ကားနောက်က ပြေးလိုက်နေတာ မြင်ရပါတယ်။ နှစ်ပြလောက်အဝေးရောက်တော့ ခွေးဟာ ကားရဲ့ခြေနင်းခုံပေါ် ခုန်တက်သွားပါတော့တယ်။ ကားကတော့ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းလောက်နဲ့ မောင်းပြေးသွားပါပြီ။ ကျွန်တော်တို့ တစ်ညလုံး စောင့်ပါသေးတယ်။ ဒါပေမဲ့ သူတို့ ပြန်မလာကြတော့ပါဘူး . . . ရဲမှူးကြီးခင်ဗျား"

"သြ . . . သူတို့ပြန်လာဦးမယ် ထင်သေးသကိုး။ တော်လည်းတော်တဲ့လူတွေ။ ထားလိုက်တော့။ ဒီကိစ္စကို ငါစဉ်းစားမယ်"

ရဲမှူးကြီးသည် ဒေါသပြေသေးဟန်မတူ။ စကား,စ,ကို ဖြတ်ချလိုက်၏။ ထို့နောက် ဆေးလိပ်ကိုသွားဖြင့် ခပ်တင်းတင်းကိုက်လျက် ကုလားထိုင်နောက်မှီတွင် မှီချလိုက်လေသည်။

သတင်းအတိအကျ ရထားပါလျက် ခွေးတစ်ကောင်ကြောင့် အစီအစဉ်ပျက်ရသည်မှာ သည်တစ်ကြိမ်နှင့်ပါဆိုလျှင် တစ်လအတွင်း သုံးကြိမ်ရှိခဲ့ပြီ။ အကြိမ်တိုင်း . . . အကြိမ်းတိုင်းမှာပင် ခွေးသည် ပုန်းအောင်းစောင့်နေသော ရဲတပ်ဖွဲ့ဝင်များအား ကြိုတင်ခြေရာခံကာ ဟောင်၍လည်းကောင်း၊ မာန်ဖီ၍လည်းကောင်း၊ ညည်း၍လည်းကောင်း အသံမျိုးမျိုးပြုလျက် ဒုစရိုက်သမားများအား သတိပေးခဲ့သည်။

ထိတ်လန့်တတ်သော အရာရှိတစ်ယောက်ကမူ . . .

"ဒီခွေးအသံကိုက တစ်မျိုးဗျ။ သူ့ဟောင်သံကြားလိုက်တာနဲ့ ကျွန်တော်ဖြင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်သွားတာပါပဲ"

ဟုပြောဖူး၏။

ရဲမှူးကြီး ရင်းတောသည် သည်ခွေးပြဿနာကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်ရပ်ပါဟု နှစ်ပေါင်းနှစ်ဆယ် ရဲအတွေ့အကြုံများကို ပြန်လည်သုံးသပ်ရင်း အဖြေရှာနေသည်။ မျက်ခုံးနှစ်ဖက်မှာရှုံ့လျက် အပေါ်သို့ အစုံလိုက် မြင့်တက်နေသည်။

"ဘာပဲဖြစ်ဖြစ်၊ ဒီခွေးကို မိအောင်ဖမ်းရမှာပဲ"

ရဲမှူးကြီး၏ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်ထင်လာသည်။

"ခွေးကိုမိလာပြီဆိုရင် သတင်းထောက်တွေက သတင်းထူးကြီးလုပ်ပြီး ရေကြလိမ့်ဦးမယ်။ ခွေးသူခိုးကို ရုံးတင်စစ်ဆေး၊ သေဒဏ်ပေး၊ အများပြည်သူရှေ့မှောက်မှာ သေဒဏ်စီရင်။ သတင်းစာတွေက တစ်လလောက် ဒီသတင်းတွေဖော်ပြပြီး ငါ့ကို ကလိကြလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်၊ လုပ်စရာရှိတာ လုပ်ရမှာပဲ"

ဆယ်မိနစ်ကြာသည်တွင် ရင်းတောသည် တယ်လီဖုန်းကို ကောက်ကိုင်ကာ နံပါတစ်ခုကို လှည့်လိုက်သည်။

တစ်ဖက်မှထူးသံကို ကြားရလျှင် ...

"အာရ် ... စကားပြောနေတယ်"

ဟု အစ,ချီလိုက်၏။

"တောင်ကုန်းပေါ်မှာ တွေ့နေကျနေရာမှာ ငါ့ကို ချက်ချင်းလာတွေ့ပါ။ ဘာ ... မရဘူး။ ချက်ချင်းလာတွေ့၊ ဒါပဲ"

သူသည် တစ်ဖက်မှ စကားပြန်ကိုမစောင့်ဘဲ ဖုန်းကို ပြန်ချလိုက်သည်။

မြို့ကို စီးမိုးမြင်နေရသော ကုန်းမြင့်၏အစွန်တွင် ရဲမှူးကြီး၏ကား ထိုးရပ်သွား၏။ နောက်လုံဟန်မတူသည့် လူတစ်ယောက် ပျာယ်ပျာယာဖြင့် ကားထဲသို့ သုတ်ခနဲဝင်ထိုင်သည်။ ကားမှန်တွင်တပ်ထားသော လိုက်ကာစသည် ဆွဲစေ့သွား၏။

စိတ်ကူးသစ်စာပေ



"ဗလ ... အဲ ... ငကွ"

ရဲမှူးကြီးကတော့ ထွေဝေါသံဖြင့် ခေါ်သည်။

အခေါ်ခံရသူသည် မျက်စိမျက်နှာပျက်လျက် ...

"ကျွန် ... ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာကြီး"

ဟု ထိတ်ထိတ်ပျာပျာ မေးသည်။ သူကပင်ဆက်၍ ...

"ဟို ... ခွေးကိစ္စအရှုပ်တော်ပုံမှာ ကျွန်တော် ... ကျွန်တော်ပါ ပါရစေနဲ့ဆရာကြီးရယ်။ 'မွန်တာနာချာတိတ်' ဆိုတဲ့အကောင်က ကျွန်တော်တို့အထဲမှာ သတင်းပေးတစ်ယောက်ရှိနေပြီဆိုတာ အရိပ်ကျနေတယ်။ အဲဒါ ကျွန်တော်ပဲဆိုတာ သံသယဝင်ရုံနဲ့တင် ကျွန်တော်အသတ်ခံရပါလိမ့်မယ်"

"ဒီတစ်ကြိမ်လုပ်တာနဲ့ ငါက အဲဒီကောင်တွေကို အပြတ်ရှင်းသွားမှာကွ။ မင်းကြောက်ရမယ့်လူ ရှိတော့မှာမှ မဟုတ်တာ"

"ဒါ ... ဒါပေမဲ့ ... ဒီတစ်ခါတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီးရယ်"

"အိုး ... ကြောက်မနေစမ်းပါနဲ့ကွာ။ မင်းဘာမှမဖြစ်နိုင်ပါဘူး ... ဂျပု မက္ကနုပ်ရာ။ ဒီမှာ မက္ကနုပ်၊ မင်းနှစ်ပေါင်းနှစ်ဆယ်လောက်ထောင်ထဲသွားနေချင်သလား ... ပြော။ မင်းကို အခုဆွဲခေါ်သွားရင် တော့ပြန် မင်းထောင်ထဲရောက်မှာနော်။ မင်း ငါ့စကားကိုနားထောင်ရင် ဘာမှမဖြစ်စေရဘူး။ ငါတာဝန်ယူတယ်"

မက္ကနုပ် ညည်းညူနေသည်။

"ဒုက္ခပါပဲ ဆရာကြီးရယ်။ ဆရာကြီးခိုင်းတာမလုပ်ရင် ထောင်သွားမယ်။ လုပ်ပြန်ရင်လည်း ဟိုကောင်တွေက ပိုင်းခေါ်ကြလိမ့်မယ်။ ဒွပါလားဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညည်းမနေစမ်းပါနဲ့ကွာ"

ရဲမှူးကြီးက စကားဖြတ်လိုက်၏။

"ခုငါပြောတာ အမိန့်ပဲ။ မှန်တာနာချာတိတ်တို့ ဒီတစ်ည နှစ်ညအတွင်းမှာ အလုပ်တစ်ခု လုပ်ကြလိမ့်မယ်။ မင်းက အချိန်နဲ့ နေရာကို ငါ့ဆီအချိန်မီသတင်းပို့။ ကျန်တာ ငါဆက်လုပ်မယ်။ ဒီတစ်ကြိမ် တော့ တစ်ယောက်မကျန် သေပန်းပွင့်ပြီသာ မှတ်ပေတော့"

ရဲမှူးကြီးနှင့် ဂျပု မက္ကနပ်တို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြ၏။ ခဏအကြာတွင် မက္ကနပ် မျက်လွှာချကာ အကြည့် လွှဲသွားသည်။

"ကျွန်တော်တော့ ငါးမျှားချိတ်မိတဲ့ငါးလိုမျိုး ဖြစ်နေပါပြီဗျာ။ ဒီတစ်ကြိမ်တော့ ကျွန်တော်လုပ်ပေးပါ့မယ်။ ဆရာကြီးတို့ အောင်မြင် သော်ရှိ၊ မအောင်မြင်သော်ရှိ ကျွန်တော့်ကို နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်ပေးပါ ဆရာကြီးရယ်"

"ကောင်းပြီလေ ..."

ရဲမှူးကြီးက သဘောတူလက်ခံသည်။

"ဒီတစ်ကြိမ်တော့ လူရောခွေးရော အကုန်မိမှာပါကွာ။ နောက် တစ်ကြိမ်ဆိုတာ မရှိနိုင်တော့ပါဘူး။ ဒါနဲ့ နေပါဦးကွ။ ခွေးက ဘယ်သူ့ ခွေးတုံး"

"မိန်းကလေးတစ်ယောက်ရဲ့ ခွေးပါ"

"နာမည်က ..."

"နာမည်သိလို့လည်း အကြောင်းမထူးပါဘူး ဆရာကြီးရယ်။ ဒီမိန်းကလေးက ကျွန်တော်တို့အလုပ်နဲ့ ဘာမှမပတ်သက်ပါဘူး။ ခွေး





နဲ့သက်သက်ပါ။ ဒီခွေးကိုလည်း ဆရာကြီးတို့ ရတော့မှာပဲဟာ။ ခွေးက တော့ထူးတယ်။ ကျွန်တော့်ကိုဆို နည်းနည်းလေးမှ လိုလားပုံမပြ ဘူး။ ကျွန်တော် ဆရာကြီးတို့ကို သတင်းပေးနေတယ်ဆိုတာ ဒီကောင် များသိနေသလား မပြောတတ်ပါဘူး"

"သိ ... သိကွာ။ အဲဒီကောင်နောက်ဆိုရင် ဘာမှ သိခွင့်ရ တော့မှာမှ မဟုတ်တာ"

ရဲမှူးကြီးရင်းတောက အပိုင်တွက်ကာ အဖြေပေးလိုက်လေ သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

'ဘော့စတွန်မဲလေး'နှင့် ယခုအခါ 'မာရီဂိုးမမ'ဟု အမည်ရနေပြီဖြစ်သော မာစီယာတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ သူတို့၏မျက်နှာများတွင် သူတို့ပြောဆိုနေသော အကြောင်းအရာအပေါ် အလေးအနက်ထားကြောင်း ပေါ်လွင်နေသည်။

''ကျွန်မကတော့ သူ့ကို ဒီတစ်ခါ မထည့်လိုက်ချင်ဘူး ... မဲလေး။ တကယ်တော့ ဒန်ဟာ ခွေးတစ်ကောင်မဟုတ်တော့ပါဘူး။ လူတစ်ယောက် ဖြစ်နေပါပြီ''

''ငါနားလည်ပါတယ်။ ဒါကြောင့်လည်း ငါ နင်နဲ့ အကျောက်အကန် မပြောချင်တာပေါ့။ ဒန်လိုခွေးမျိုးကို လူတစ်ယောက်လို့ ပြော





ပဲ။ ဟုတ်တယ် ... တကယ့်ကို တိုက်ဖော်တိုက်ဖက်၊ ရဲဘော်ရဲဘက်ကောင်းတစ်ယောက်ပဲ''

''သူ့ခွေးကိုဂရုစိုက်ဖို့ ဒန်ဟာ မသေခင် တဖွဖွမှာသွားရှာတယ်။ ကျွန်မလက်ထဲမှာ ခွေးကလေးတစ်ခုခုဖြစ်သွားရင် ကျွန်မ ဘယ်လိုမှ ဖြေနိုင်မှာမဟုတ်တော့ဘူး။ ဒန်ဟာ ကောင်းကင်ဘုံမှာပဲရှိရှိ၊ ငရဲပြည်ကိုပဲ ရောက်နေရောက်နေ သူဟာ ကျွန်မအချစ်ဆုံးလူ။ သူ့ကို သစ္စာဖောက်သလို ဖြစ်မယ့်အလုပ်မျိုး ကျွန်မ မလုပ်ရက်ဘူး''

''အေးလေ ... နင့်ဘာသာနင်ဆုံးဖြတ်ပါ။ ဒါမျိုးက အကြံပေးလို့ သိပ်မကောင်းလှဘူး''

''ဒီလိုဆိုရင် ကျွန်မ သူ့ကိုမငှားတော့ဘူး''

မာစီယာ စကားပြောဆဲတန်းလန်းတွင် အခန်းတံခါးပွင့်ကာ မွန်တာနာချာတိတ် ဝင်လာ၏။

''မာစီယာရေ ... သူ့ကို ဒီတစ်ကြိမ်တော့ ငှားလိုက်ဦးကွာ။ ခက်ခဲမယ့်အလုပ်တစ်ခု တွေ့ထားတယ်။ ငါ နက်ကြုတ်ကို အသက်ပေးပြီး တာကွယ်ပါ့မယ်ကွာ။ ကတိပေးပါတယ်။ တစ်ကြိမ်တည်းပါ မာစီယာ။ တစ်ကြိမ်တည်းပါ''

မွန်တာနာက တောင်းပန်ခယ ပြောသည်။

မာရီဂိုးမမသည် တွေဝေတုံ့ဆိုင်းနေ၏။ အတန်ကြာတော့မှ–

''မဲလေးရယ် ... အကြံပေးစမ်းပါဦး''

ဟု ဘော့စတွန်ဘက်သို့လှည့်၍ စစ်ကူတောင်းသည်။

''ငါ နင့်ကို အကြံမပေးချင်ဘူး မာစီယာ။ အဲ ... မွန်တာနာကို ကတိတော့ပေးချင်တယ်။ တကယ့်လို့ ဒီည နက်ကြုတ် တို့နဲ့ပါသွားခဲ့ရင် ငါအစွမ်းကုန် အကာအကွယ်ပေးမယ်။ ငါ့လက်ရုံး ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လိုပဲ စောင့်ရှောက်မယ်''

''ဟုတ်တယ် . . . မဲလေး၊ မင်းပြောတာအမှန်ပဲ''

ဟု မွန်တာနာချာတိတ်က စကားထောက်သည်။

''မင်းရော ငါရော ပါမှာပဲဥစ္စာ''

ဟု ဆက်ပြောသည်။

''နက်ကြုတ်အတွက် ငါ့တာဝန်လုံးလုံးထားကွာ''

''ဒီလိုဆိုလည်း သဘောတူရတာပေါ့လေ။ ဒီတစ်ကြိမ်ပဲနော်''

တံခါးပွင့်လာပြန်သည်။ တံခါးဝတွင် လူတစ်ယောက် မားမား ရပ်နေသည်။ ဂျပုမက္ကနပ် ဖြစ်၏။

''မွန်တာနာ ခင်ဗျားအတွက် တယ်လီဖုန်း''

ထိုစဉ် စားပွဲခုံအောက်မှ အသံတစ်သံ မတိုးမကျယ် ထွက် လာသည်။ နက်ကြုတ်ကလေးဒန်သည် မက္ကနပ်ကို ရန်ပြုလိုဟန်ဖြင့် မာန်ဖီနေခြင်းဖြစ်၏။ ဘောစတွန်မဲလေးက ဤသည်ကို သတိထား လိုက်မိသည်။

မက္ကနပ် လှည့်ထွက်သွား၏။

''မင်းကြားလိုက်သလား မွန်တာနာ''

မဲလေးက လည်ဆံမွေးများထောင်ထနေသော ခွေးကို စိုက် ကြည့်ရင်း မေးသည်။

''ဘာကိုလဲ''

မဲလေးသည် အတန်ကြာတုံ့ဆိုင်းနေပြီးမှ . . .

''ဘာမှမဟုတ်ပါဘူးလေ။ ဒါပေမဲ့ ဒီည တို့စောင့်ကြည့်ရမယ့် လူတစ်ယောက်တော့ ရှိနေပြီ။ ဂျပု မက္ကနပ်လေ''

✿ ✿ ✿



| ၄ |

❑

ကျောက်မျက်ရတနာကုမ္ပဏီ၏ ရုံးခန်းများရှိရာလမ်းထဲသို့ ကားတစ်စင်းသည် နှစ်ကြိမ် ဖြတ်မောင်းပြီးမှ ရပ်သွား၏။ ကားရှေ့ခန်း ထဲမှ ခွေးနက်ကလေးသည် ခေါင်းကိုမော့လျက် လေထဲတွင် အနံ့ခံ စောင့်ရှိသည်။ လူငါးယောက်သည် ကားပေါ်မှခုန်ချပြီး အဆောက်အအုံ ထဲသို့ တစ်ယောက်ပြီးတစ်ယောက် လှစ်ခနဲစီ ဝင်သွားကြ၏။ ခွေးနက် ကလေးမှာ ကင်းစောင့်စစ်သည်တစ်ဦးပမာ အပြင်တွင် မားမားရပ်လျက် ကျန်ရစ်လေသည်။

နှင်းခဲများ တဖွဲဖွဲကြွေကျနေသော ညအမှောင်ထုထဲတွင် ရဲကား များစီးသည် ရှေ့နောက်စီတန်းမောင်းနှင်လာ၏။ ကားများသည် ရပ်ကွက် တစ်ခုလုံးကို ဝိုင်းပတ်ပိတ်ဆို့၍ ရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘော့စတွန်မဲလေးသည် မီးခံသေတ္တာကြီးတစ်လုံးအနီးတွင် ဒူးထောက်လျက် ကော်ဖတ်စက္ကူဖြင့် ပွတ်တိုက်နေသည်။ သူ့လက်ထဲ ပူလောင်လာနေသည်။ ထိုစဉ် နက်ကြုတ်ဟောင်သံကို ကြားလိုက်ရ

"ဟော ... ရဲတွေလာပြီဟေ့ ... ပြေးကြစို့"

မွန်တာနာချာတိတ်သည် ဂျပု မက္ကနပ်အား ညီးညီးတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။ မက္ကနပ်ကား အသက်ရှူ မှားလျက် ဘုရားတ,နေသည်။

လူငါးယောက်တို့သည် တိုက်ထဲမှပြေးထွက်ကာ ကားပေါ်သို့ ခုန်တက်လိုက်ကြသည်။ ခွေးကလေးကလည်း ခြေနင်းခုံပေါ်သို့ ဈေ့ခနဲ ခုန်တက်သည်။ ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွား၏။

"ဟိုက်"

ကားမောင်းသူက အလန့်တကြားအော်သည်။

"ပိတ်မိနေပြီ။ ရှေ့ရောနောက်ရော ... ဘယ်ရောညာရော မလွတ်တော့ဘူးဗျို့။ ကိုယ်လွတ်ရုန်းကြတော့"

သူကိုယ်တိုင်လည်း ခြောက်လုံးပြူးကိုဆွဲထုတ်လျက် ကားပေါ်မှ ခုန်ချသည်။

ထိုညက တိုက်ပွဲသတင်းကို သတင်းစာများတွင် အောက်ပါ အတိုင်း ဖတ်ရသည်။

ရဲတပ်ဖွဲ့များက စ,တင်ပစ်ခတ်သည်။ လူဆိုးတို့ဘက်မှ ပြန်၍ ပစ်ခတ်စဉ် ဆူညံနေသော သေနတ်သံများကြားမှ ခွေးဟောင်သံကို လည်း ကြားရသည်။ လူဆိုးနှစ်ယောက်သည် လူတစ်ရပ်နီးပါးမြင့်သော ခြံစည်းရိုးဘက်သို့ ပြေးသွားသည်။ စုံထောက်ရဲမှူးကြီး လာရီရင်းတော ကိုယ်တိုင်ဦးဆောင်သော ရဲအဖွဲ့ဝင်များက မျက်ခြည်အပြတ်မပေး။





ရင်တောပစ်လိုက်သော ကျည်ဆန်တစ်ချက်ကြောင့် ဘော့စတွန်မဲလေး လဲကျသွားသည်။ မွန်တာနာချာတိတ်သည် ကျန်ဆန်ကုန်သွားသော သေနတ်ကိုလွှင့်ပစ်ပြီး လက်လွတ်ထွက်ပြေးသည်။ မဲလေးသည် လေးဖက်တွားရာမှ ထ,ပြေးရန်အားယူကုန်းထစဉ် စုံထောက်တစ်ယောက်က သေနတ်ဖြင့် ထိုးချိန်လိုက်သည်။ ထိုစဉ် အရိပ်မည်းမည်းတစ်ခုသည် လွှားခနဲကျလာကာ စုံထောက်၏လက်ကို ကိုက်ဖွဲ့ဆွဲလိုက်သဖြင့် စုံထောက်လက်ထဲမှသေနတ် လွင့်စဉ်သွား၏။

"ဟဲ့ခွေး ... ဟဲ့ခွေး ... လုပ်ကြပါဦးဗျို့။ ကျုပ်လက်ကို ခွေးကိုက်နေပြီ"

စုံထောက်သည် အော်ဟစ်နေရုံမှအပ ဘာမျှမတတ်နိုင်။ လာရီရင်းတောသည် ခွေးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်၏။ ခွေးခေါင်းမှသွေးတွေ စီးကျလာသည်။ စုံထောက်၏လက်လည်း ခွေးပါးစပ်မှ လွတ်ထွက်သွားသည်။

နှစ်ဖက်စလုံး ကျည်ဆန်ကုန်တော့မှ တိုက်ပွဲသည် ပြီးဆုံးသွားသ၏ လူဆိုးများသည် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

"တိုက်ပွဲအခြေအနေ သတင်းပို့"

ရဲမှူးကြီး ရင်းတောက အမိန့်ပေးလိုက်၏။

"ကျွန်တော်တို့ဘက်ကတစ်ယောက် ဒဏ်ရာရပါတယ်။ ဒဏ်ရာရသူတစ်ယောက်အပါအဝင် လူဆိုးအားလုံး ထွက်ပြေးလွတ်မြောက်သွားပါတယ်။ တစ်ယောက် ဒဏ်ရာနဲ့ကျွန်ခဲ့ပါတယ်။ သူ့တို့ခွေးကိုလည်း ရိုက်ပါတယ် ခင်ဗျား"

လာရီရင်းတောသည် စန့်စန့်လဲနေသော ခွေးအနီးတွင်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ငုံ့ကြည့်ပြီး ပြုံးလိုက်၏။

"ဒီခွေးက လွတ်သွားတဲ့အကောင်တွေထက် တန်ဖိုးကြီးတယ် ကွ။ သူတို့တစ်ဖွဲ့လုံး လွတ်သွားပေမဲ့ ဒီပွဲမှာ တို့နိုင်တယ်"

"မြစည်းရိုးနားမှာ လူတစ်ယောက် ဒဏ်ရာအပြင်းအထန် လဲနေပါတယ် ရဲမှူးကြီး"

ရဲတပ်ဖွဲ့တစ်ယောက် သတင်းပို့လာပြန်သည်။

ရင်းတောလိုက်သွားကာ လဲကျနေသူ၏မျက်နှာကို ဓာတ်မီး ဖြင့် ထိုးကြည့်သည်။ ဂျပု မက္ကနပ်ဖြစ်နေ၏။

နံနက်လင်းသော် တယ်လီဖုန်းသံ တဂွမ်ဂွမ်မြည်လျက်ရှိသည် ယောက်ျားသံရော၊ မိန်းမသံပါ ကြားရသည်။ ညကဖမ်းမိခဲ့သော ခွေး ကလေးကို တစ်စုံတစ်ရာ အန္တရာယ်ပေးလျှင် မည်သို့လုပ်မည်၊ မည်သို့ တုံ့ပြန်မည် စသည်ဖြင့် ခြိမ်းခြောက်ကြသည်။

ယခုအချိန်တွင် ခွေးကို ရဲစခန်းတွင် အခန်းငယ်တစ်ခု၌ ပိတ် လှောင်ထားသည်။ ခွေးသည် ကောင်းစွာသတိရနေပြီဖြစ်၏။ အပြ ရောင် ယူနီဖောင်းဝတ်ထားသူများကိုမြင်တိုင်း သွားဖြဲကာ မာန်ဖီ ဟောက်လျက်ရှိသည်။

"ဒုစရိုက်လောကသားတို့သည် သူတို့ခွေးကို ကယ်တင် အားထုတ်နေကြပြီဖြစ်ကြောင်း' ရဲမှူးကြီးရင်းတောက ညနေထုတ် သတင်းစာများသို့ သတင်းထုတ်ပြန်ပေးလိုက်၏။ နောက်တစ်နေ့တွင် ရင်းတောက ခွေးကလေးကို တရားရုံးတော်သို့ တင်ပြတရားစွဲဆိုမည် ဖြစ်ကြောင်း ကြေညာသည်။ ထိုသတင်းကြောင့် ဒုစရိုက်သားတို့ စ မိကြ၏။

လူတစ်ဆယ့်နှစ်ယောက်တို့သည် ဒဏ်ရာကြောင့် မထ





သော ဘော့စတွန်မဲလေးအနီးတွင် ဝိုင်းထိုင်နေကြသည်။ မာရီကိုးမမ ယာသည် မျက်နှာကို လက်ဖြင့်အုပ်ကာ ငိုရှိုက်နေ၏။

"သိပ်မပူပါနဲ့ကွာ။ သူတို့ နင့်ခွေးကို ဘာမှလုပ်မပစ်နိုင်ပါ ဘူး"

ဟု မျက်နှာထားတင်းနေသော မွန်တာနာချာတိတ်က ဆို သည်။

"ရဲကိုဟောင်တဲ့အတွက် ခွေးကိုအပြစ်ပေးနိုင်တဲ့ ဥပဒေမရှိ ဘူး။ နက်ကြုတ်က ရဲကိုကိုက်တယ်ဆိုတာလည်း လွန်ရောကျွံရော ကြီးလက်မောင်းစုတ်ရုံလောက်ပါ။ ကဲ . . . ဟော့မာစီယာ၊ ခွေးကလေး တွက် ရှေ့နေငှားဖို့ ငါက ဒေါ်လာနှစ်ရာငါးဆယ်ထည့်တယ်။ နောက် ယ်သူထည့်ဦးမလဲ"

ခဏအတွင်းမှာပင် ဒေါ်လာ ငါးရာရသည်။

မဲလေးသည် အိပ်ရာထဲမှနေ၍ . . .

"ရင်းတောက ပြန်လွှတ်မပေးဘဲနေမှာကိုပဲ ငါစိုးရိမ်တယ် ။ ဘယ်ရှေ့နေမှ ကယ်နိုင်မှာမဟုတ်ဘူး"

မာစီယာသည် နက်ကြုတ်ကလေး ညည်းသံမျိုးဖြင့် ညည်း သည်။ ထို့နောက် ရှိုက်ငိုရင်း ပြောနေသည်။

"ကျွန်မ မှားတာပါပဲ။ ဒန်ဟာ သေခါနီးမှာ သူ့ခွေးလေးကို င်ရှောက်လိုက်ပါလို့ မှာသွားရှာတာ တဖွဖွပါပဲရှင်။ ခွေးကလေး သော သူ့ဘဝမှာ အကောင်းဆုံးအဖော်ပါပဲတဲ့။ ကျွန်မတို့ နက်ကြုတ် မကယ်နိုင်ရင် ဒန်ရဲ့ကျိန်စာ သင့်ကြလိမ့်မယ်။ ဒန်ဟာ သူ့ခွေး သိပ်ချစ်တာ။ ကျွန်မတို့ နက်ကြုတ်ကိုပြန်ရအောင် ကယ်ကြရမယ်။ မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပထမ ရှေ့နေနဲ့ ကြိုးစားကြည့်သေးတာပေါ့ကွာ"

ဟု မွန်တာနာချာတိတ်က ဆိုသည်။

"ဒါမှ မအောင်မြင်ရင်တော့ ဘာပဲလုပ်ရလုပ်ရပေါ့။ တစ်နည်းနည်းနဲ့ပြန်ရအောင် လုပ်ရမှာပဲ။ ဒန်ပြောတာမှန်တယ် မာစီယာ။ နက်ကြုတ်ဟာ တကယ့်အဖော်ကောင်း။ ဘယ်သူ့အတွက်မဆို ဂုဏ်ပြုထိုက်အောင်ကောင်းတဲ့ အဖော်ကောင်း။ ဒီမယ် ... အားလုံးပဲဟေ့၊ နက်ကြုတ်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ်၊ မရ့ရတဲ့နည်းနဲ့ ပြန်ယူကြမယ်။ အားလုံးတောင့်ထား"

လက်ခုပ်သံများ ဆူညံသွားလေသည်။

❀ ❀ ❀

[ ၅ ]

❑

"ဘီလစ်စာရေးကြီး ... တရားခံကို ခေါ်ထုတ်ခဲ့ပါ"

နက်ကြုတ်ကလေးဒန်ကို ခေါ်ခဲ့ကြသည်။ သူ့ကို သံနန်းကြိုး[illegible]လုံးကြီးကြီးများဖြင့် ပြုလုပ်ထားသော လှောင်အိမ်ထဲတွင် သော့ခတ်[illegible]နှောင်ထားသည်။ ခေါင်းတွင် သွေးစီးကြောင်းရာတွေက ခြောက်[illegible]ယ်နေ၏။ ဝိုင်းကြည့်နေကြသော လူအုပ်ထဲတွင် ရဲဝတ်စုံဖြင့် လူတွေ[illegible]တိုင်း သူသည် မာန်ဖီလျက် တဟိန်းတည်း ဟိန်းနေသည်။

အနားက ထိုင်ခုံတစ်ခုံတွင်ထိုင်နေသော မာစီယာသည် ထ,[illegible]ာ လှောင်အိမ်ထဲကသူ့ကို ငုံ့ကြည့်သည်။ အနာတရဖြစ်နေသော [illegible]ယ်ကိုကြည့်သော မိခင်၏အကြည့်လိုပင်။ မာစီယာ၏မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များ၌ ဝမ်းနည်းကြေကွဲရိပ်၊ သနားကြင်နာရိပ်များ တဖျပ်ဖျပ် လ လက်နေသည်။ နက်ကြုတ်ကလေးက လှောင်အိမ်အောက်ခြေကို အ ဖြင့် တဖုတ်ဖုတ်ရိုက်ပုတ်လျက် မာစီယာ့ ကရုဏာအကြည့်ကို တုံ့ သည်။

အမှုလိုက်အရာရှိဖြစ်သူ လူငယ်သည် သတင်းထောက်မျ ဘက်သို့ တစ်ချက်ဝေ့ကြည့်ပြီး ထ,ရပ်သည်။ ထို့နောက် ရုံးတော် စတင် အစီရင်ခံသည်။

"တရားဥပဒေကို ဆန့်ကျင်ချိုးဖောက်တဲ့အတွက် တရားခံ ရုံးတော်ရှေ့မှောက်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ တရားခံ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်သူ လူဆိုးဓားပြတွေ ရဲအဖွဲ့ ပိတ်ဆို့တိုက်ခိုက်မှုတွေက လွတ်မြောက်အောင် လေးကြိမ်တိတိ သ ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့တစ်ညကတော့ ထွက်ပြေးတဲ့ရာဇဝတ်ကောင် ပစ်ဖမ်းမယ်လုပ်တဲ့ ရဲစုံထောက်ရဲ့လက်ကို ကိုက်ခဲပြီး လူဆိုးကိုလ မြောက်စေခဲ့ပါတယ်။ သူဟာ တရားဥပဒေစိုးမိုးရေးကို ကြီးစွာ အန္တရာ ပြုသူပဲဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေအတိုင်း ပြစ်ဒဏ်ချမှတ်စီရင် ပါရန် ရုံးတော်သို့ လေးစားစွာ လျှောက်ထားအပ်ပါတယ် ခင်ဗျား"

သူသည် ပြစ်မှုဆိုင်ရာဘက်၌ နာမည်ကြီးနေသော တရ ရှေ့နေ 'လီယိုနယ်ဖာရဲ' ဘက်သို့ လှည့်၍ပြုံးပြပြီး ...

"ကျွန်တော်တို့ဘက်က သက်သေတင်ပြဖို့ အသင့်ပါပဲ။ ထောက်ရီအော်ဒန်ကို ခေါ်ပါ"

ရဲစုံထောက်များ တစ်ယောက်ပြီးတစ်ယောက် သက်သေအ အစစ်ခံကြသည်။ နက်ကြုတ်နှင့်ပတ်သက်၍ ကြုံရသမျှ ထွက်ဆ သည်။ လူဆိုးများ ပြစ်မှုကျူးလွန်ရာ အနီးဝန်းကျင်၌ ခွေးကလေ





အမြဲတွေ့ရပုံ၊ မိမိတို့ ရောက်သွားသည့်အခါ ခွေးကဟောင်၍ အချက် ပေးပုံ၊ နောက်ဆုံး မောင်းထွက်ပြေးသွားသော လူဆိုးကားနောက်သို့ ပြေးလိုက်ပြီး ခြေနင်းခုံပေါ်သို့ ခုန်တက်သွားတတ်ပုံတို့ကို တင်ပြသွား ကြသည်။ နောက်ဆုံးအစစ်ခံသော သက်သေကမူ လူဆိုးတစ်ယောက် ကို မိမိက သေနတ်ဖြင့်ထိုးချိန်လိုက်စဉ် ခွေးက မိမိလက်ကို ခုန်ဟပ် ကိုက်ခဲသဖြင့် လက်ထဲကသေနတ် လွင့်စဉ်သွားရပုံကို ထွက်ဆိုသွားလေ သည်။

အမှုလိုက်အရာရှိက လျှောက်လဲသည်။

"သက်သေတွေထွက်ဆိုချက်များ နိုင်လုံပါပြီ။ ဒါကြောင့် တရားခံ ကို တိရစ္ဆာန်ထောင်သို့ပို့ပြီး အမြင့်ဆုံးအပြစ်ဒဏ် ချမှတ်ပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား"

တရားခံရှေ့နေဖာရဲက ... 'ရဲကို မုန်းတီးရန်လိုသည့်အတွက် ခွေးတစ်ကောင်ကို အပြစ်ပေးနိုင်သည့် ဥပဒေမရှိကြောင်း ငြင်းချက် ထုတ်သည်။ ဟောင်ခြင်းနှင့်မာန်ဖီခြင်းတို့မှာ ခွေး၏သဘာဝသာဖြစ် သည်။ ရဲစုံထောက်ကို ကိုက်သည်ဆိုသည်မှာလည်း ခွေးကိုက်ခံရအောင် ပြုသော အပြုအမူကြောင့်သာ ခွေးကကိုက်ခြင်းဖြစ်သည်။ သည်မျှ ဖြစ်ဖြင့် ခွေးတစ်ကောင်ကို ထောင်ချခြင်း၊ ဒဏ်ပေးခြင်း မပြုသင့် ကြောင်း' လျှောက်လဲသည်။

သို့သော် တရားသူကြီးမှာ သတင်းစာဖတ်ထားသူဖြစ်၏။ အမှု အကြောင်းခြင်းရာတစ်ခုလုံးကို သိထားပြီးသူဖြစ်သည်။ ထို့ကြောင့် ...

"တရားခံသည် အဆိုးသွမ်းဆုံး တိရစ္ဆာန်တစ်ကောင် ဖြစ် သည်။ တရားခံအား သေဒဏ်မှအပ အခြားချမှတ်ရန်မရှိ"

ဟု အမိန့်ချမှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဟင့်အင်း ... သူ့ကိုမသတ်ရဘူး၊ မသတ်ရ
ဘူး"

မာစီယာက ဖိုရှိုက်လျက်ပြောသည်။ နောက် ... တောင်းပ
ခ,ယသံဖြင့် ...

"တရားသူကြီးမင်းရှင့် ... လှောင်အိမ်ကို ဖွင့်ပေး
ချင်ပါတယ်။ ကျွန်မသူ့ကို လက်နဲ့ထိတွေ့ပွတ်သပ်ပြီး နှုတ်ဆက်ပါ
စေ"

"ဟော့ ... လှောင်အိမ်နားမကာဝ်နဲ့"

အမှုလိုက်အရာရှိသည် ထိုင်ရာမှ ခုန်ထ,၍ အော်လိုက်
"ဒီခွေးကို လူဆိုးတွေက မရရတဲ့နည်းနဲ့ လွတ်မြောက်စေ
မယ်လို့ တပ်လှန့်ထားတယ်။ နည်းနည်းလေးမှ သတိလစ်လို့မဖြစ်ဘူး"

❀ ❀ ❀

| ၆ |

❑

တရားရုံး၏ဆုံးဖြတ်ချက်ကို ပြန်ပြောပြသောအခါ ...
"ငါသိနေတယ်လေ"
ဟု မဲလေးက ပြောသည်။
"တို့ ရှေ့နေလျှောက်လဲချက် ဘယ်လောက်ကောင်းကောင်း
သောရဲ့ဩဇာကို မကျော်လွှားနိုင်ဘူး"
မာစီယာ၏မျက်နှာတွင် သွေးတစ်ပေါက်မျှမရှိတော့။
"မဖြစ်ဘူး၊ မဖြစ်ဘူး။ တစ်ခုခုတော့ လုပ်ရလိမ့်မယ်"
မှန်တာနာချာတိတ်က ...
"ငွေမစားတဲ့ ခွေးထောင်မှူး မရှိပါဘူးကွာ။ မာစီယာကို ခွေ



www.burmeseclassic.com

www.burmeseclassic.com



ငါးရာနဲ့ လွှတ်လိုက်ကြရအောင်။ ခွေးထောင်မှူးလည်း လူပါပဲကွာ။ ငွေငါးရာဆိုတာ မနည်းပါဘူး''

''ကြိုးစားကြည့်တာ မမှားပါဘူး။ ဒါပေမဲ့ အလုပ်မဖြစ်မှာကိုပဲ စိုးရိမ်တယ်''

ဟု မဲလေးကဆိုသည်။

''ရင်းတောဟာ သိပ်လည်တယ်နော်။ တို့ ဒီလိုလုပ်လိမ့်မယ်လို့ သူမတွေးမိပဲ နေပါ့မလား''

''ဘာပဲဖြစ်ဖြစ် ကျွန်မသွားကြည့်မယ်။ ခုတော့ ဒီနည်းပဲ ရှိတော့တယ်မဟုတ်လား''

ဟု မာစီယာက အသံကိုမြှင့်၍ ပြောသည်။

နှစ်နာရီခန့်အကြာတွင် မာစီယာသည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ရောက်လာ၏။

''အလကားပါပဲ။ အလုပ်မဖြစ်ဘူး။ ရဲတွေ ခြောက်ယောက်လောက် စောင့်နေတယ်။ သတင်းထောက်တွေလည်း ပြည့်လို့။ ခွေးထောင်မှူးက စကားပြောခွင့်တောင် မပေးဘူး။ ဒါပေမဲ့ နက်ကြွက်ကိုတော့ အနီးကပ်ကြည့်ခွင့်ရခဲ့တယ်။ ကျွန်မကို သူကောင်းကောင်းမှတ်မိတယ်။ ရဲတွေကိုတော့ မာန်ဖီတုန်း၊ ဟိန်းတုန်းဟောင်တုန်းပဲ။ ကျွန်မကိုကြည့်တဲ့ သူ့အကြည့်ထဲမှာ သူ့ကို ဘာလုပ်ကြတာလဲဆိုတဲ့ မေးခွန်းကို မြင်နေရတယ်။ သူဘာသာစကားပြောတတ်ရင် ဒီမေးခွန်းကို အလျင်ဆုံးမေးမှာ အသေအချာပဲ။ သြော် . . . ဒန်ကလေးရယ်''

မွန်တာနာချာတိတ်သည် ခြေအစုံကို ချဲကာလျက်ရပ်ကာ ခြောက်လုံးပြူးကို စားပွဲပေါ်သို့ ဆောင့်ကြီးအောင့်ကြီး ပစ်တင်လိုက်၏။





''ရဲအစောင့်ခြောက်ယောက် . . . . ဟုတ်လား၊ အို . . . ခြောက်ယောက် မကလို့ ဟစ်ရာပဲစောင့်စောင့်ကွာ၊ ငါသွားမယ်။ ဒန်ကိုမရအောင် ကယ်မယ်။ ငါနဲ့ ဘယ်သူလိုက်မလဲဟေ့''

ဘော့စတွန်မဲလေးမှအပ အားလုံးထ,ရပ်လိုက်ကြသည်။

မဲလေးက . . .

''နေကြစမ်းပါဦးကွာ''

ဟု လက်ကာပြ၍ ပြောသည်။

''အတင်းဝင်တိုက်ရင် ရဲတွေနဲ့ ပစ်ခတ်ရလိမ့်မယ်။ ရင်းတောကထိပ်တိုက်တိုးမယ်။ ဟိုဘက်ဒီဘက် အထိအခိုက်အကျအဆုံးတွေရှိဘာမယ်။ ဒန်ကိုပြန်ရဖို့က အပုံတစ်ရာပုံရင် တစ်ပုံပဲသေချာတယ်။ အဲတော့ အရမ်းမလုပ်ကြပါနဲ့ကွာ။ ဉာဏ်သုံးကြရအောင်။ ဦးနှောက်ဟာ ကျည်ဆန်ထက် တာသွားတယ်ကွ။ တို့ နည်းပရိယာယ်သုံးကြတာပေါ့။ ဟော . . . လူလေး၊ မင်း အမြန်ဆုံးကားနှစ်စီး ရနိုင်တယ်မဟုတ်လား။ ဟုတ်ပြီ။ တို့ ဒီလိုလုပ်ကြရအောင်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၇ |

❑

နက်ကြုတ်ကလေးသည် လှောင်အိမ်ထဲတွင် ရှေ့လက်နှစ်ဖက် ပေါ်မေးတင်လျက် ဝပ်နေ၏။ မျက်လုံးအစုံကို မှေးထားသော်လည်း ငိုက်မျဉ်းနေသည်မဟုတ်။ သူ့အား စောင့်ကြပ်နေသူများကို အကဲခတ်နေပုံရသည်။ ရုံးခန်းအပြင်ဘက်တွင် အစောင့်ရဲတို့သည် သတင်းထောက်များနှင့် ရယ်ပွဲဖွဲ့နေကြသည်။

ခွေးထောင်မှူးက ခွေးကို လှောင်အိမ်ထဲမှ ဓာတ်ငွေ့ခန်းထဲသို့ အန္တရာယ်ကင်းစွာ သွင်းမည့်အစီအစဉ်ကို ရှင်းပြနေသည်။

"မိုးချုပ်တာနဲ့ ဓာတ်ငွေ့လွှတ်ပေးရမှာပဲ။ အချိန်ကို တရားရုံးက သတ်မှတ်ပေးတယ်လေ။ အရာရာမှာ ဥပဒေအတိုင်းလုပ်ရတာဗျ"





ဟု သူက ပြောသည်။

"ဟိုကောင်တွေ သူတို့ခွေးကို ကယ်တင်မယ်ဆိုတာ ပေါ်မလာ ...ဆော့ပါလားဗျ။ သွေးအေးသွားကြပြီနဲ့တူတယ်"

ရဲတစ်ယောက်က မှတ်ချက်ချသည်။

"အေးဗျာ ... သူတို့မလာပေလို့ပဲ။ လာများလာရင်"

"ဝုန်း"

ပေါက်ကွဲသံကြီးကြားလိုက်ရပြီး ပတ်ဝန်းကျင်တစ်ခုလုံး သိမ့် ...မ့်တုန်သွားသည်။ ရှေ့တည့်တည့် အဆောက်အအုံတစ်ခုမှ အုတ်နံရံ ...ဝက်ပြိုကျလာသည်။ ကွဲရှပြိုလဲသံများ ပွက်လောရိုက်သွားသည်။

"လာကြဟေ့ ..."

ရဲတပ်ကြပ်ကြီးက အော်ဟစ်အမိန့်ပေးကာ ရှေ့မှ ပြေးထွက် ...ည်။ ရဲများ သေနတ်ကို အသင့်အနေအထားဖြင့်ကိုင်လျက် ပြေးထွက် ...က်ပါသွားကြသည်။ အခန်းထဲကလူအားလုံး အကြိုအကြားပြေးဝင် ...လျှိုးကြသည်။

သေနတ်သမားသုံးယောက် ရုတ်ခနဲ ဝင်လာသည်။ တစ် ...ာက်က ဒန်၏ လှောင်အိမ်သော့ခလောက်ကို သော့စိုင်ခွာဖြင့် ဖွင့် ...ည်။ သုံးစက္ကန့်အတွင်း လှောင်အိမ်တံခါးပွင့်သွားသည်။ နက်ကြုတ် ...လေးသည် လှောင်အိမ်ထဲမှ ခုန်ထွက်လိုက်၏။

"တို့ မင်းကို လာကယ်တာကွ ... ဒန်ကလေးရ"

"မဲလေးကို ကျေးဇူးတင်ရမယ်ဟေ့။ သူ့နည်းက အလုပ်ဖြစ် ...သည်။ ကဲ ... လစ်ကြစို့"

လမ်းအလယ်တွင် ကားတစ်စီးရပ်စောင့်နေသည်။ ကားဆီသို့ ...ကြုတ်က အလျင်ရောက်သွားသည်။ သူသည် ကားလက်ကိုင်ဒေါင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင်ထိုင်နေသော မိန်းမပျို၏ရင်ခွင်ထဲသို့ ပစ်ဝင်လိုက်၏။

"ဒန် ...အို ...ဒန်ကလေးရယ်"

မိန်းမပျိုက ဒန်ကို လက်နှစ်ဖက်ဖြင့် သိမ်းဖက်ထားသည်။

"ငါဆုတောင်းလိုက်ရတာ ဒန်ရယ်။ အရင်က ငါတစ်ခါမှ ဆုမတောင်းခဲ့ဖူးဘူး။ တို့ အတူတူနေကြရအောင်နော် ...ဒန်၊ တို့ နှစ်ယောက် ဘေးရန်ကင်းတဲ့ ဟိုး ...တောင်တန်းပြာကြီးပေါ်က ယာ တဲကလေးမှာ သွားနေကြရအောင်"

✿ ✿ ✿

| ၈ |

❏

ရဲတပ်ဖွဲ့ဝင်များသည် အပျက်အစီးများကို ဦးစွာတွေ့ကြရ၏။ ဝင်တံခါးက ပြိုကျနေသည်။ မှန်ကွဲမှန်စများ လွင့်စဉ်ပုံ့နှံ့နေသည်။ မီးခံသေတ္တာကြီးတစ်လုံးသည် နိုက်ထရိုဂလစ်စရင် ပေါက်ကွဲအား ကြောင့် ပြိုလဲနေ၏။ မီးခံသေတ္တာအောက်တွင် လူတစ်ယောက် ကိုယ် အောက်ပိုင်းကိုပိလျက် လဲကျနေသည်။

အလွယ်တကူပင် လက်ထိတ်ခတ်လိုက်၏။ ထို့နောက် ရဲခြောက် ယောက်အားဖြင့် မီးခံသေတ္တာကို ဆွဲမ,ပြီး ထိုလူကို ထုတ်ယူကြသည်။ ပြကြပ်ကြီးက မျက်နှာကို ဓာတ်မီးဖြင့်ထိုးကြည့်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘော့စတွန်မဲလေး"

တပ်ကြပ်ကြီး ဝမ်းသာအံ့ဩအော်လိုက်သည်။

"ကောင်းတယ်ဟေ့ . . . သိပ်ကောင်း။ သတင်းကောင်းတစ်ခုပဲ။ တို့မင်းကိုသိချင်နေတာကြာပြီကွ . . . မဲလေးရေ။ ခုမှပဲ မိတော့တယ်။ မင်းဒီမှာဘာလာလုပ်တာလဲကွ။ အားလုံးလည်း အပျက်ပျက်အစီးစီးဖြစ်ကုန်ပါရောလား"

မဲလေးသည် မီးခံသေတ္တာဝိသည့်ဒဏ်ကြောင့် ရှုံ့မဲ့နေရာမှ နှုတ်ခမ်းပေါ်တွင် ပြုံးယောင်သန်းလာသည်။

"ထုံးစံအတိုင်းပေါ့ဗျာ။ ကျွန်တော်လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့အလုပ်ကို တိတိကျကျ လုပ်လိုက်တာပေါ့"

"မင်းအဖော်ကော . . . မင်းတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ငါသိတယ်"

"ခင်ဗျားတို့ မရောက်ခင်ကလေးတင် ထွက်ပြေးသွားပြီ။ ခင်ဗျားတို့ခြောက်ယောက်တောင် မနိုင်မနင်းမ,ရတဲ့ ဒီသေတ္တာကြီးကို သူတစ်ယောက်တည်း ဘယ်နိုင်ပါ့မလဲဗျာ။ ဒါကြောင့် ကျွန်တော့်ကိုထားခဲ့ပြီး ထွက်ပြေးခိုင်းလိုက်တာ"

ထိုစဉ် ခပ်လှမ်းလှမ်းမှ အရှိန်ပြင်းပြင်း မောင်းထွက်သွားသော ကားသံကို ကြားလိုက်ရ၏။

"ဟော . . . ဒီကားက ဘာလဲ"

တပ်ကြပ်ကြီးက မေးသည်။

"မြင့်မြတ်တဲ့ ရဲဘော်ရဲဘက်တစ်ယောက်ရဲ့အသက်ကို ကယ်သွားတာလေ"

"ဘာ . . . ဘယ်သူ . . ."

စိတ်ကူးသစ်စာပေ



"ဒန်လေ . . . ခွေးကလေးလေဗျာ။ သူပါသွားပြီ။ ခင်ဗျားတို့ဘယ်တော့မှ ပြန်မမိနိုင်တော့ဘူး"

တပ်ကြပ်ကြီး၏မျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။ ရဲတစ်ယောက် ပြေးထွက်ကြည့်ပြီး ပြန်ဝင်လာ၏။

"ဟုတ်တယ် . . . ခွေးမရှိတော့ဘူး။ သူပါသွားပြီ"

သတင်းထောက်တစ်ယောက် ဝင်လာသည်။ မဲလေးကို စေ့စေ့ကြည့်လျက်မေးသည်။

"ခွေးကိုကယ်တင်ဖို့ ဒီလိုလုပ်တာ မဟုတ်လား။ ခင်ဗျားကိုမိသွားရင် ထောင်ဒဏ် အနှစ်နှစ်ဆယ်ကျခံရမယ်ဆိုတာ မသိဘူးလား"

"သိပ်သိတာပေါ့ဗျာ။ လူတွေဟာ အချိန်ကို အမျိုးမျိုးအသုံးချကြတယ်။ အဲဒီထဲမှာ လေးစားလောက်တဲ့ တိုက်ဖော်တိုက်ဖက်တစ်ယောက်အတွက် အသုံးချရတာ အမြတ်ဆုံးပါ။ နက်ကြုတ်လိုခွေးလေးတစ်ကောင်အတွက်လေ"

စကားအဆုံးတွင် မဲလေးသည် ပျော့ခွေသွားလေ၏။

အောင်သာမိုး

www.burmeseclassic.com

www.burmeseclassic.com



## [ ၁ ]

❑

ပြာလဲ့လဲ့မိုးကောင်းကင်ကြီးက တိမ်မည်းတိမ်ပုပ်တို့ကင်းစင်၌ လှပနေ၏။

ငှက်ကျေးသာရကာအပေါင်းတို့၏ အော်မြည်သံတို့မှာလည်း သာယာနာပျော်ဖွယ် ဂီတသံတစ်ခုအလား။

ထိုအတူ သဘာဝအလှတရားနှင့် ယှဉ်ပြိုင်၍ အလှကြီးလှ နေသော ပွင့်သစ်စလုံမေတစ်ဦး။ ဆယ့်ကိုးနှစ်စွန်းစွန်းအရွယ်။ အလှ ကြွယ်ပြီး လောက၏သဘာဝတရားနှင့် ပြီးပြည့်စုံသော သမီးပျို။ သူမ၏အမည်က ချိုမေ။

ဖြူစင်ရှင်းသန့်သော နေရောင်ခြည်နှင့်အတူ သူမ၏အလှ တရားတို့မှာ ပိုမို၍ ထင်ရှားလာသလိုပင်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ညောင်းစွာ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေး ထဲသို့ သူမ၏ခြေဖျားလေးနှင့် လှုပ်ခတ်ဆော့ကစားလိုက်သည်။

ထိုအချိန်မှာ ရေပေါ်ကူးခတ်နေသော ရွှေရောင်ငါးလေး မှာ ဟိုမှသည်မှ ပြေးလွှားသွားကြ၏။

ဖြူဝင်းသော သူမ၏သလုံးသားနုနုကို ကြည်စင်ပြာလဲ့သော စမ်းရေအောက်တွင် ထင်ရှားစွာ ပြန်မြင်နေရပြီး နက်မှောင်သန်စွမ်း ရှည်လျားသော သူမ၏ဆံနွယ်တို့မှာလည်း ဖြူဝင်းသော သူမ၏အသား အရေနှင့်လိုက်ဖက်စွာ အသက်ဝင်နေသည့် မြွေကြီးတစ်ကောင်အလား သူမ၏အလှအား စာဖွဲ့လျှင် ကုန်မည်မထင်တော့။

သို့ဖြင့် ချိုမေသည် တောပန်းကလေးများကိုခူးခြွေ၍ စမ်း အလျဉ်မှာမျှောရင်း လွတ်လပ်စွာ သဘောကျနေ၏။

ရေကစားလိုက်၊ တောပန်းကလေးများ မျှောလိုက်နှင့် ယောက်တည်း အလုပ်ရှုပ်နေတော့သည်။

သို့ထိုဖြင့် ချိုမေသည် အချိန်အတန်ကြာ ရေဆော့ကစား သောအခါ စမ်းချောင်းလေးနံဘေးမှ ပြန်တက်ခဲ့၏။

ထိုအချိန်မှာ သူမနှင့်မလှမ်းမကမ်းရှိ တောလမ်းအတိုင်း တရွေ့ရွေ့လျှောက်လာနေသော အဘိုးအိုတစ်ဦးကို မမျှော်လင့်ဘဲ လိုက်ရသည်။

ထိုအဘိုးအိုသည် ဇရာ၏ထုထောင်းမှုဒဏ်ကြောင့် ပိန် ကပ်ခန္ဓာကိုယ်မှ လှုပ်လီလှုပ်လဲ့။ စက္ခုအာရုံကောင်းစွာ မြင်ပုံမ သစ်ပင်များနှယ် အကြောပြိုင်းပြိုင်းထနေသော ညာဘက်လက် တောင်ဝှေးကို အားပြုလျက် လျှောက်လာနေခြင်းဖြစ်သည်။

သူမနှင့် တဖြည်းဖြည်းနီးကပ်လာချေပြီ။





ထိုအချိန်မှာ အဘိုးအိုနှင့် တစ်လံကွာအဝေးတွင် လွန်စွာမှ ကြီးမား၍ ခြောက်ပေခန့်အထိ ရှည်လျားသော တောကြီးမြွေဟောက် တစ်ကောင် အဘိုးအိုအားရန်ပြုရန် သေးငယ်သည့်မျက်လုံးများ အရောင်တလက်လက် ထွက်နေ၏။

မထင်မှတ်သော ထိုမြင်ကွင်းကြောင့် ချိုမေ စိုးရိမ်သွားသည်။ အန္တရာယ်ကို သိမြင်ပုံမရသော အဘိုးအိုမှာ မြွေနှင့်လွန်စွာမှ နီး လာလေပြီ။

ချိုမေ စဉ်းစားချိန်မရတော့။ 'ရှူးခနဲ' အသံပြုလိုက်သည်။

ထိုအခါ မြွေကြီးသည် အဘိုးအိုအား ရန်ပြုရန် လင်ပန်းခန့် ပြန့်သော ပါးပျဉ်းကြီးကိုထောင်၍ 'တရှီးရှီး' ရန်ထောင်လေ တော့၏။

ထိုအသံများကြောင့် အဘိုးအို လှမ်းလက်စခြေလှမ်း တုံ့ခနဲ သွားသည်။

ထိုအချိန်မှာ ချိုမေသည် အဘိုးအိုရှေ့မှကာရပ်လျက် မြွေ ကြီးနှင့် ရင်ဆိုင်လိုက်၏။

ချိုမေသည် ထိုကဲ့သို့ အန္တရာယ်ကိုဂရုမစိုက်ဘဲ လျှပ်တစ်ပြက် လှုပ်ရှားမှုအတွက်ကို အံ့သြ၍မဆုံး။ စိတ်၏စေ့ဆော်မှုကြောင့် ကိုယ်က အလိုအလျောက် လှုပ်ရှားသွားခြင်းဖြစ်သည်။

ပါးပျဉ်းထောင်ပြီး ရန်ပြုလာသော တောကြီးမြွေဟောက်နက် သူမ၏ အေးစက်သောမျက်ဝန်းဖြင့် စူးစိုက်ကြည့်လိုက်၏။

စက္ကန့်ပိုင်းအတွင်းမှာပင် မြွေကြီးသည် ချိုမေ၏အကြည့် အောက်တွင် ပြားပြားဝပ်စင်းလျက် ပါးပျဉ်းမာန်ကို ချသွားတော့သည်။

"ရှီး ...ရှီး ..."



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မယုံကြည်နိုင်စရာ။ သူမအကြည့်ကို မြွေကြီးသည် ရှေ
သို့ကြောင့် မခံနိုင်သနည်း။ ပြီးတော့ သူမစိတ်က ဖြစ်ပေါ်လာသည့်
အတိုင်း ခန္ဓာကိုယ် လိုက်လှုပ်ရှားမှုကို မြွေကြီးအန္တရာယ်မပြုဘဲ မည်သို့
ကြောင့် ငြိမ်သက်ဝပ်စင်းသွားလေသနည်း။ သူမကိုယ်သူမ အံ့ဩ
မဆုံးပြန်တော့။

ထို့အတူ သူမသည် စိတ်ထဲကဖြစ်ပေါ်လာသည့်အတိုင်း ဝ
စင်းငြိမ်သက်နေသော မြွေကြီးအားကြည့်လျက် နှုတ်မှ လွှတ်ခနဲ ပြေ
လိုက်မိတော့သည်။

"မင်း ဒီဘဝရောက်တာတောင် မမှတ်သေးဘူးလား ဒီ
အကုသိုလ်တရားတွေနဲ့ ပြည့်နှက်နေရင် လူ့ဘဝရောက်ဖို့မဆိုထား
တိရစ္ဆာန်ဘဝမှာတောင် ဒုက္ခအတိတွေနဲ့ ချုပ်ငြိမ်းသွားမှာမဟုတ်ဘူး
မင်း သေချာစဉ်းစားစမ်း ဒီပ"

ချိုမေ၏စကားကြောင့် မြွေကြီးခေါင်းဝပ်စင်းကာ ပိုမိုငြိမ်သက်
သွားတော့သည်။

အနီးကပ်ဖြစ်သဖြင့် အကြားအာရုံအမြင်အာရုံပါ ပီပြင်သော
အဘိုးအိုသည် မြွေကြီးအား ကျေးကျွန်တစ်ယောက်ကဲ့သို့ ပြောဆို
နှိမ်နင်းလိုက်သော လုံမငယ်ချိုမေအား ကြည့်၍ တအံ့တသြဖြစ်သွား
၏။ လုံးဝမကြည့်နိုင်စရာ အဖြစ်အပျက်။ ထိုမိန်းကလေးရောက်မလာ
လျှင် သူ့ဘဝတော့ မတွေးဝံ့စရာဟု သုံးသပ်လိုက်မိ၏။

သို့ဖြင့် မြွေကြီးသည် ငြိမ်သက်နေရာမှ ချိုမေကိုကြည့်လျက်
အကြီးအကျယ် နောင်တရသွားတော့၏။

၎င်းအားဆုံးမနေသော လူသားမိန်းကလေးသည် သာမ
မဟုတ်။ တစ်ချိန်က ၎င်းတို့မြွေမျိုးနွယ်စု၏ အရှင်သခင်။ ဒီတုန်း





သည် ထိုအရှင်သခင်၏ ကျေးကျွန်မြောက်မြားစွာအနက် တစ်ဦး
ပါအဝင်။ ထိုဘဝက မလွတ်မြောက်နိုင်သေး။ ယခု ၎င်း၏အရှင်သခင်
မှ ထိပ်တိုက်တိုးရပြီ။ ထိုအရှင်သခင်သည် လူ့ဘဝပြောင်းလဲသွား
သည့်အတိုင်း ဘဝအဆက်ဆက်ကပြုခဲ့သော ကုသိုလ်ကံကြောင့် ဩဇာ
အာနှင့်အစွမ်းတို့က ထက်၍ထက်နေဆဲ။ ၎င်းကိုယ်၎င်း ပြန်ခွင့်
လွှတ်နိုင်တော့။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါအရှင်၊ ကျွန်ုပ် နောင်တရပါပြီ"

၎င်းကပြောပြီး ရိုကျိုးစွာ ထွက်ခွာသွားခဲ့လေ၏။

သူမစိတ်ထဲက ဖြစ်ပေါ်လာသည့်အတိုင်း ပြောဆိုဆုံးမလိုက်
ခြင်းကို တပည့်လက်သားတစ်ဦးပမာနာခံ၍ ထွက်ခွာသွားသော မြွေကြီး
အားကြည့်၍ အံ့သြသွားခြင်းဖြစ်သည်။ သူမတွင် ဘာအစွမ်းအစတွေ
ရှိနေမှန်းမသိ။ သို့တည်းမဟုတ် အကြောင်းတိုက်ဆိုင်ပြီး ရန်မပြုချင်၍
ထွက်ခွာသွားခြင်းကြောင်မှလော။ ပဟေဠိတွေက မြောက်မြားစွာ။

ထို့အတူပင် ချိုမေနည်းတူ အဘိုးအိုသည်လည်း မြွေကြီးနှင့်
အတူ သူမတို့၏ ဆက်ဆံမှုကိုကြည့်လျက် အံ့ဩ၍မဆုံး။

"ကျေးဇူးကြီးလှပါတယ် ငါ့မြေးရယ်။ အဘိုးက အမြင်အာရုံ
ကောင်းတော့ အန္တရာယ်ကို ရုတ်တရက် မမြင်နိုင်ဘူးလေ"

အဘိုးက အသံတုန်တုန်ယင်ယင်နှင့် ကျေးဇူးတင်စကားဆို
လျက် သူ့အခြေအနေ ရှင်းပြလာသည်။

"အဘိုး ... ဘာဖြစ်သွားသေးလဲ"

"ငါ့မြေးကယ်လိုက်လို့ အဘိုး ဘာမှမဖြစ်ပါဘူးကွယ်။ ဒါပေမဲ့
မြေးရဲ့ အစွမ်းအစကိုကြည့်ပြီး အံ့ဩသွားမိတယ်"

ထိုအခါ ချိုမေက စိတ်အေးစွာပြုံးလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း ဘာမှန်းမသိဘူး၊ စိတ်ထဲရှိသလိုလုပ်လိုက်တာ သမီးကိုယ်သမီးတောင် ပြန်အံ့ဩနေတယ်"

ချိုမေ၏ ရှင်းပြမှုကြောင့် အဘိုးအိုက ခေါင်းညိတ်လျ အဓိပ္ပာယ်မှန်းရခက်သောအပြုံးကို ပြုံးသည်။

ချိုမေကမြင်သွားပြီး အဘိုးအိုအား အထူးအဆန်းသဖွယ် မေးလိုက်၏။

"အဘိုး ... ဘာပြုံးတာလဲ"

"ငါ့မြေးရဲ့ ဖြူစင်ရိုးသားမှုကိုတွေ့ရလို့ ကျေနပ်ပြီး ပြုံးတာ ကွယ်။ ဒါကြောင့် ငါ့မြေးဘဝမှာ အံ့ဩစရာအစွမ်းတွေ ရှိနေတာကိုး"

"ဟင် ... အဘိုးက ဘာကြောင့် ပြောနိုင်တာလဲ"

"ခုန လက်တွေ့ပဲလေ။ ဒါ အံ့ဩစရာအစွမ်းပေါ့"

အဘိုးအို မှတ်ချက်ချသည်ကို သူမ ခေါင်းလည်းမညိတ် ခေါင်းလည်း မခါ။ တစ်စုံတစ်ရာကို သတိရသွားပြီး ...

"ဒါနဲ့ အဘိုး ဘယ်သွားမှာလဲ"

"အဘိုးက ခရီးသွားတစ်ဦးပါကွယ်"

ထိုအခါ ချိုမေက အဘိုးအိုကိုကြည့်၍ ...

"တစ်ယောက်တည်း အဘိုးသွားနေတော့ အန္တရာယ်ရှိတာ ပေါ့"

"အဘိုးက အသက်အရွယ်ကြီးနေပြီဆိုတော့ အန္တရာယ် မကြောက်တော့ပါဘူး"

"အင်း ... အဘိုးကို ဒီတောလွန်တဲ့အထိ သမီးလိုက်ပို့ ပါရစေ"

"သာဓုပါကွယ် ... သာဓု ... သာဓု"

---

စိတ်ကူးသစ်စာပေ



ထို့နောက် ချိုမေသည် အဘိုးအိုအား တွဲကူဖေးမ၍ အတန် ...လှမ်းသော တောအုပ်လွန်သည်အထိ လိုက်ပါပို့ဆောင်ပေးလေ၏။

အထက်ပါဖြစ်ပွားခဲ့သော အဖြစ်အပျက်တို့ကို ထင်းခုတ်လာ ...သော ရွာသားတချို့ အစအဆုံးမြင်တွေ့လိုက်ရသဖြင့် အံ့ဩမယုံ ...ည်နိုင် ဖြစ်သွားကြပါသည်။

ချိုမေအားလည်းကောင်း၊ အဘိုးအိုအားလည်းကောင်း၊ မြွေ ...အားလည်းကောင်း ထူးဆန်းမှုအဖြစ် သတ်မှတ်လိုက်ကြ၏။

သို့သော် အံ့ဩမယုံကြည်နိုင် ဖြစ်သွားကြသော ရွာသားတချို့ ... ချိုမေသည်လည်းကောင်း၊ အဘိုးအိုသည်လည်းကောင်း၊ မြွေကြီး ...ည်လည်းကောင်း သိရှိလိုက်ခြင်း မရှိကြပါချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

အံ့ဩစရာကောင်းသော ထိုအဖြစ်အပျက်တို့သည် ဒီမှာထ
ပြီးဆုံးသွားခြင်း မရှိခဲ့ချေ။

အဘယ်ကြောင့်ဆိုသော် ထိုအဖြစ်အပျက်ကို အံ့ဩမယုံကြ
နိုင်စွာ သိရှိသွားကြသော ထင်းခုတ်သူ ရွာသားတချို့ကြောင့် ဖြ
သည်။

ထင်းခုတ်သူ ရွာသားတို့သည် ထိုအဖြစ်အပျက်ကို တစ်
လုံးအား ဖောက်သည်ချလိုက်သဖြင့် တောင်အောက်၊ တောင်ပေါ်ရွာ
အားလုံး သိရှိသွားကြခြင်း ဖြစ်လေ၏။





အဆိုးဆုံးကား ချိုမေတို့နေထိုင်သော ရွာကလေးမှာ ချိုမေ့
အား အထူးစိတ်ဝင်စားကုန်ကြ၏။

တချို့ မေးမြန်းစပ်စုသည်။ တချို့ မယုံကြည်။ ထင်ယောင်
များဖြစ်တာဟူ၍လည်းကောင်း၊ တချို့က အံ့ဩမယုံကြည်နိုင်စွာ
အထင်ကြီးသည်။ တချို့က ထူးဆန်းသောမိန်းကလေး (သို့မဟုတ်)
င်းသမီးလေးဟု သတ်မှတ်ကြသည်။

သို့သော် အများက မည်သို့ပင် ထင်ကြေးပေးပေး ကာယ
ဖြစ်သူ ချိုမေကတော့ ထိုကိစ္စနှင့်ပတ်သက်၍ သူမကိုယ်တိုင် ဘာ
ဖြစ်မှန်းမသိအောင် အံ့ဩနေသူဖြစ်၏။ မည်သည့်ဖြေရှင်းချက်
မပေး။

သို့ရာတွင် သူမကိုယ်တိုင် တစ်စုံတစ်ရာ ထူးဆန်းနေသည်ဟု
ယုံကြည်သည်။ အများထင်ကြေးပေး ပြောဆိုကြသလို မြွေမင်း
လေး တကယ်ပင်ဖြစ်နေပြီလော။

မြွေကြီးအန္တရာယ်မှ ခရီးသွားအဘိုးအိုကို ကယ်တင်လိုက် သော
အပျက်ကို ပြန်ဆင်ခြင်ခြင်းအားဖြင့် ထူးဆန်းနေတာတော့ သေချာ
သူမကိုယ်တိုင်လည်း ထိုထူးဆန်းမှုကို စိတ်ဝင်စား၏။

ဤသို့ဖြင့် ချိုမေ၏သတင်းကား တစ်နေ့ထက်တစ်နေ့ ကြီး
လာသဖြင့် ထိုရွာလေးသို့ လူဝင်လူထွက်တို့လည်း များပြားလာ၏။
များအနက် ပယောဂဆရာများ၊ မြွေဆရာများ၊ သိုက်ဆရာများ
ကျိုးရှာ စီးပွားရေးသမားများ စသဖြင့် ခြေချင်းလိမ်နေကြ၏။

ချိုမေ၏သတင်းကို နည်းအမျိုးမျိုးဖြင့် စုံစမ်းကြသည်။

ထိုအခြေအနေကြောင့် ချိုမေ၏ဆရာ ဦးနန္ဒသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ချိုမေ၏သူငယ်ချင်း သူရသည်လည်းကောင်း။ ရွာလူကြီး ဦးရုပ်ဆိုးသည်လည်းကောင်း ချိုမေနှင့်ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်နေကြရ၏။

"ချိုမေ ... နှင့်အတွက် စိုးရိမ်စရာတွေတော့ တစ်နေ့တခြား ကြီးလာပြီ"

ချိုမေနှင့်သူရ တောလမ်းလေးအတိုင်းပြန်လာပြီး သူရက ပြောလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

ချိုမေက သူရမေးလာသည့် ရည်ရွယ်ချက်ကိုသိသော်လည်း မသိဟန်ဆောင်၍ ပြန်မေးလိုက်ခြင်းပင်။

"နင် ... ဒါကြောင့် ခက်နေတာပေါ့ ချိုမေ။ ကိုယ့်အန္တရာယ် ကိုမမြင်ရင် နင်ဒုက္ခနဲ့ ကြုံရလိမ့်မယ်"

သူရစကားကြောင့် ချိုမေရယ်လိုက်သည်။

"နင်က ဘာရယ်တာလဲ ချိုမေ"

"နင် ငါ့အပေါ်စိုးရိမ်တဲ့ပုံကို သဘောကျလို့ပါ"

"ဒီအချိန်မှာ နင်ငါ့ကို လှောင်ရက်တယ်နော်။ ငါက နင့် အတွက် ကြားရတဲ့သတင်းတွေ၊ တွေ့ရတဲ့လူတွေကြောင့် စိုးရိမ်ပြီး သတိ ပေးတာပါ"

သူရကိုကြည့်၍ ချိုမေ စိတ်မကောင်းဖြစ်သွားသည်။ သူ့ တမင်လှောင်ခြင်းမဟုတ်ပါ။ သူမအပေါ် အမြဲတမ်းစိုးရိမ်လွန်းသော သူရအား အားကိုးရသည်ဟူ၍တွေးကာ ဝမ်းသာပြီး ရယ်လိုက်ခြင်းမျှ ဖြစ်သည်။

"ဟုတ်ပါပြီ၊ နင့်စေတနာကို ငါနားလည်ပါတယ် သူရရယ်။ ...တွက် ဘာမှစိတ်မပူနဲ့။ ဘာအန္တရာယ်မှ မဖြစ်နိုင်ပါဘူး။ ပြီးတော့ ...ကိုယ်တိုင်က အဲဒီလို အခက်အခဲ၊ အန္တရာယ်နဲ့ကြုံရသူတွေကို ကူညီ ...ဘာဟာ။ ဘာကြောင့်လဲ ငါမပြောတတ်ဘူး"

"ကောင်းပါပြီဟာ။ ငါကိုယ်တိုင်က နင့်အပေါ်စိုးရိမ်လွန်းတာ ... ဘာပဲဖြစ်ဖြစ် သတိတော့ရှိပါစေပေါ့ဟာ"

ထို့နောက် ချိုမေနှင့်သူရ ရွာထိပ်သို့ ရောက်လာကြပြီဖြစ် ...င် အိပ်ပြန်ရန်အတွက် လူချင်းခွဲလိုက်ကြသည်။

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

"သမီးချိုမေ ... ခုတလော အသွားအလာသတိထားပါ"

ချိုမေ၏ဆရာဖြစ်သူ ဦးနန္ဒက သတိပေးပြောကြားလိုက်ခြင်း ဖြစ်သည်။

ဦးနန္ဒသည် ချိုမေအား သိုင်းပညာမှအစပြု၍ လောကီပညာရပ်များ၊ အတွေးအခေါ် ဒဿနပညာရပ်များအထိ စနစ်တကျ သင်ကြားပေးခဲ့သော ဆရာတစ်ဦး။ ချိုမေ၏ မွေးစားမိဘများကိုယ်တိုင် ဦးနန္ဒထံတွင် ချိုမေအားအပ်နှံ၍ ပညာရပ်များ ဆည်းပူးနိုင်စေခဲ့ခြင်း ဆိုရမည်။





ဦးနန္ဒသည် လွန်စွာမှ စိတ်သဘောထားကောင်းမွန်၍ လောကီ [illegible]ဘာကုဋ္ဌရာပညာရပ်များကို နှံ့စပ်သူဖြစ်သည်။

ထို့ကြောင့် ချိုမေအား ဦးနန္ဒထံ၌ အပ်နှံပညာသင်ကြား နိုင်း[illegible]ခဲ့ခြင်းဖြစ်သည်။ တစ်ရွာလုံးကလည်း ဦးနန္ဒကို လူထူးလူဆန်းကြီး [illegible]ဖြစ် သတ်မှတ်၍ လေးစားခဲ့ကြ၏။

ယခု ဆရာဖြစ်သူဦးနန္ဒက ရွာထဲတွင် တောမီးလောင်သကဲ့[illegible] ပျံ့နှံ့နေသော သူမကိစ္စအားရည်ရွယ်၍ သတိပေးစကားဆိုလိုက် [illegible]ဖြစ်သည်။

ဦးနန္ဒနှင့်အတူရှိနေသော ရွာလူကြီးဦးရုပ်ဆိုးကလည်း အဖန် [illegible]တစ်ခွက်သောက်လိုက်ပြီး ...

"ဟုတ်တယ် သမီးချိုမေ။ ခု ရွာထဲမှာကြားနေရတဲ့ သတင်း[illegible]နဲ့ ဝင်ထွက်သွားလာနေတဲ့ လူစိမ်းတွေဟာ သမီးကို အဓိကပစ်မှတ် [illegible]ပြီး ရန်ရှာလာကြမှာ သေချာတယ်။ ခုန သမီးဆရာကိုနန္ဒပြော [illegible]သို့ အမြဲတမ်း သတိဝီရိယတော့ ရှိပါစေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ... ဆရာနဲ့ဦးကြီး။ သမီးလည်း ဒီသတင်းရိုက် [illegible]မှုတွေကြောင့် ရှေ့ဆက်ဘာတွေဖြစ်လာမလဲ သိချင်နေတာပါ။ အထူး[illegible]ဖြင့် လူစိမ်းတွေ ဝင်ထွက်သွားလာနေတာ ထူးဆန်းတဲ့အကြောင်း [illegible]ရှိလိမ့်မယ် ထင်တယ်"

ချိုမေက သူမ၏ထင်မြင်ချက်ကို ပြောဆိုလိုက်ခြင်းဖြစ်သည်။ [illegible]ဖြစ်သူ ဦးနန္ဒက ခေါင်းညိတ်၍ ထောက်ခံလိုက်ပြီး ...

"သိပ်ဟုတ်တာပေါ့ သမီး။ အဓိက မြွေမင်းသမီးလို့ နာမည် [illegible]တဲ့ သမီးချိုမေနဲ့ ဆက်စပ်နေတာ သေချာတယ်။ ဘာကြောင့် [illegible]တော့ မြွေအမျိုးတေလို့ခေါ်တဲ့ (မြွေအန်ကျောက်) သိဒ္ဓိရှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လုံးအကြောင်းနဲ့ပတ်သက်ပြီး ဆရာကြားဖူးတာ ရှိတယ်"

ဆရာဖြစ်သူ ဦးနန္ဒ၏ရှင်းပြမှုကြောင့် ချိုမေနှင့်အတူ ရွာလူကြီးဦးရုပ်ဆိုးပါ တအံ့တသြဖြစ်၍ စိတ်ဝင်တစားဖြစ်သွားကြသည်။

"မြွေအမြုတေ သိဒ္ဓိရှင်စိန်ကျောက်လုံး ဟုတ်လားဆရာ"

ချိုမေ၏ စိတ်ဝင်တစားအမေးကို ဆရာဖြစ်သူ ဦးနန္ဒက ..

"ဟုတ်တယ် သမီး၊ မြွေအမြုတေ သိဒ္ဓိရှင်စိန်ကျောက်လုံးဆိုတာ ကမ္ဘာပေါ်မှာ ရှားပါးဆုံးနဲ့ သိဒ္ဓိအစွမ်းရှိတဲ့ ပစ္စည်းမျိုးပေါ့ကွယ်။ ဒီအမြုတေမျိုးဟာ ဘဝအတိတ်ကံမြင့်မားပြီး လက်ရှိ ပစ္စုပ္ပန်ဘဝမှာလည်း သူတော်ကောင်းတရားနဲ့ပြည့်စုံတဲ့ မြွေတွေမှသာ ရှိနိုင်၊ မြင်နိုင်တဲ့ပစ္စည်းမျိုး။ ပြီးတော့ ဒီအမြုတေဟာ အကောင်လိုက်မွေးဖွားတဲ့ မြွေပွေးမျိုးမှာမရှိဘဲ ဥကနေပေါက်တဲ့ မြွေဟောက်တွေမှာသာရှိတတ်တယ်။ မြွေဟောက်ခန္ဓာကိုယ်ထဲက သားမပေါက်တဲ့ ဥဟာ အချိန်ကာလကြာတာနဲ့အမျှ သိဒ္ဓိအစွမ်းတွေရှိလာတယ်လို့ ဆိုတယ်။ ဓားမတိုး၊ လှံမပေါက်၊ သေနတ်ကျည်မထွက်တဲ့အထိ အစွမ်းသတ္တိရှိတယ်။ ဒါပေမဲ့ ဒီအမြုတေမျိုးဟာ မြွေဟောက်တိုင်းမရှိဘူး။ မြွေဘုရင်၊ မြွေဘုရင်မတွေမှာသာ ရှိတတ်ကြတယ်။ ပြီးတော့ မြွေဘုရင်၊ မြွေဘုရင်မတိုင်းလည်း မရှိပြန်ဘူး။ သူတော်ကောင်းတရားရှိပြီး ထိုက်တန်တဲ့ မြွေဘုရင်၊ မြွေဘုရင်မတွေမှာသာ လက်ခံခွင့်ရှိပြီး သိဒ္ဓိအစွမ်းတွေရှိလာတယ်။ ဒါပေမဲ့ စည်းတစ်ခုထားရတယ်။ အဲဒါဘာလဲဆိုတော့ မြွေအမြုတေ သိဒ္ဓိအစွမ်းအားကိုးနဲ့ ကိုယ့်လက်အောက်ငယ်သားတွေအပေါ် နိုင်ထက်စီးနင်းမပြုရတဲ့ အချက်ပဲ။ ဒီအချက်ကို ချိုးဖောက်ရင် ရရှိပြီးသား သိဒ္ဓိအစွမ်းတွေ ပြန်လည်ရုပ်သိမ်းခြင်းကို ခံကြရတယ်ဆိုတာပဲ"

ဟု ရှင်းပြလိုက်လေ၏။





ဒီတော့မှ ချိုမေသည် သူမအိပ်မက်ထဲတွင် မကြာခဏမက်လေ့ရှိသော အချက်တွေနှင့် တထေရာတည်း တထပ်တည်းကျပြီး သူမသိရှိထားခဲ့ပါလားဟု တွေးမိလိုက်၏။

ရွာလူကြီး ဦးရုပ်ဆိုးကတော့ ဆရာဖြစ်သူ ဦးနန္ဒရှင်းပြသမျှအပေါ် အံ့သြ၍မဆုံး။

သို့ဖြင့် ဆရာဖြစ်သူ ဦးနန္ဒကဆက်ပြောလိုက်သည်။

"ဒီအချက်ကိုသိထားတဲ့ လူစိမ်းတွေဟာ ရွာမှာ အဝင်အထွက်များလာပြီး သမီးချိုမေကို အဓိကပစ်မှတ်ထား လာကြလိမ့်မယ်ဆိုတာ [illegible]

ဆရာဖြစ်သူ ဦးနန္ဒ မှတ်ချက်ပြုလိုက်သော်လည်း သူမကြောက်ရွံ့ခြင်းမရှိပါချေ။ မကောင်းသူပယ်၊ ကောင်းသူကယ်ချင်သော စိတ်ကသည်း မကြာခဏ ဖြစ်ပေါ်ခဲ့ဖူးသည်။

သို့သော် ဦးရုပ်ဆိုးကတော့ ချိုမေအတွက် အတော်လေးစိုးရိမ်နေ၏။ ထို့ကြောင့် ...

"အဲဒါ သမီးအတွက် မမြင်နိုင်တဲ့ အန္တရာယ်ပဲကွယ့်။ သမီးအတွက် စိုးကြီးတို့ စိုးရိမ်တာအဲဒါပဲ။ ဘာမဆို စားသတိ၊ သွားသတိ သတိမလွတ်စေနဲ့ပေါ့ကွယ်"

ဟု သတိပေးပြောကြားလာသည်။

ချိုမေက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ကဲ့ပါ ဦးကြီး၊ သမီး အစစအရာရာ သတိထားပါ့ [illegible]

ချိုမေကတော့ ကတိသာပေးလိုက်သည် နောက်ဆုတ်ပြီး ပုန်းရှောင်နေမည်တော့ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အန္တရာယ်ပဲလာလာ ရင်ဆိုင်ဖို့ အသင့်ပင်။ မတရား တာကိုလည်း လက်ပိုက်မကြည့်တတ်။ သူ့မကိုယ်တိုင်လည်း သူများ အပေါ် ဘယ်သောအခါမျှ မတရားမလုပ်ခဲ့။ ကူညီမှုသာ အမြဲပေးချင် သည်။ အများကောင်းကျိုးအတွက် ဆောင်ရွက်ချင်သည်။ ဆောင်ရွက် နိုင်ဖို့လည်း သူမကြိုးစားရမည်။

ထို့ကြောင့် ရွာထဲတွင် အဝင်အထွက်များနေသော လူစိမ်း တချို့အား အကဲခတ်စောင့်ကြည့်မှ သင့်တော်မည်ထင်၏။

အများသိစေရန် ထိုကိစ္စကို အတိအလင်း ထုတ်ဖော်မပြော သော် တိတ်တဆိတ် လှုပ်ရှားဖို့အတွက် သူမစိတ်ထဲမှ ကျိတ်၍ ဆုံး ဖြတ်ချလိုက်တော့သည်။

✿ ✿ ✿

| ၄ |

❑

ဤရွာကလေးသို့ ရောက်လာကြသော ဦးဒေဝနှင့် တပည့် များသည် ချိုမေဆိုသော မြွေမင်းသမီးလေးနှင့်ပတ်သက်၍ သဲလွန်စ များကို ရသမျှ ရှာဖွေစုဆောင်းကြသည်။

ဦးဒေဝသည် တပည့်ဖြစ်သူများကို ရွာထဲအနှံ့စေလွှတ်၍ စုံစမ်းခိုင်း၏။ ရသမျှသတင်းတို့အား ပြန်ပို့နိုင်းသည်။ တစ်ရွာလုံးက အဝင်အထွက်ရှိလာကြသော ၎င်းတို့ကဲ့သို့ လူစိမ်းများအား အထူးဂရု ပြု၍ ကြည့်ရှုနေကြောင်း သိရ၏။

အထူးသဖြင့် ၎င်းတို့ အလိုရှိနေသောသူမှာ မြွေမင်းသမီးလေး ဖြစ်လဲ ချိုမေဆိုသည့် မိန်းကလေး။ အများသူငါ ပြောဆိုနေကြ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ထိုမိန်းကလေးတွင် ထူးခြားချက်တွေ အများအပြားရှိနေသည်
မည်သူ့ကိုမျှ ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း မရှိ။ ထိုအချက်က အခြာ
မိန်းကလေးများနှင့် မတူသော ထူးခြားသည့်အချက်။ ထိုအချက်ရှိ
ခြင်းအတွက် သာမန်မိန်းကလေးမဟုတ်ဘဲ အများသူငါပြောဆိုကြသည်
မြွေမင်းသမီးလေးဆိုတာ သေချာသည်။

ထို့ကြောင့် ထိုမြွေမင်းသမီးလေး ချိုမေ့ထံ၌ ၎င်းတို့အစိ
အလိုရှိနေသော မြွေအမြုတေ သိဒ္ဓိရှင်စိန်ကျောက်လုံးရှိနေဖို့ သေ
သည်။

သို့ဖြင့် ထိုအဖိုးတန်ပစ္စည်းအား ရရှိနိုင်ရန် နည်းအမျိုး
ကြံဆခဲ့သည်။ နေ့စဉ် နည်းလမ်းအသွယ်သွယ်တို့ကိုလည်း ရှာ
သည်။

ဦးဒေဝသည် ထိုကဲ့သို့ ရှားပါးအဖိုးတန်သော အမြုတေပစ္စည်း
များကို မြန်မာပြည်အနှံ့ခြေဆန့်၍ ရှာဖွေနေသူဖြစ်သည်။

ပယောဂဆရာအဖြစ်လည်းကောင်း၊ သိုက်ဆရာအဖြစ်လည်း
ကောင်း၊ ဆေးဆရာအဖြစ်လည်းကောင်း၊ စီးပွားရေးသမားအဖြစ်လည်း
ကောင်း အသွင်အမျိုးမျိုးပြောင်း၍ သွားလာလှုပ်ရှားနေကြောင်း သိ
မည်။

ယခုလည်း ဤရွာလေးသို့ ရောက်ရှိလာပြီး မြွေအမြုတေ
ရန် ပယောဂဆရာကြီးတစ်ဦး ဦးဆောင်၍ တပည့်တပန်းများနှင့်အ
ရောက်လာခဲ့ခြင်းဖြစ်သည်။

တစ်နေ့တွင် တပည့်များက ဦးဒေဝကို မေးမြန်းလာကြသည်





"ဆရာဒေဝ . . . ကျွန်တော်တို့ မြွေမင်းသမီးကိုဖမ်းဖို့ ဘယ်
နည်းလမ်းသုံးရင် ရနိုင်မလဲ"

ဦးဒေဝက အတန်ကြာ တွေးတောစဉ်းစားနေရာမှ . . .

"ငါးလိုချင်ရင် ငါးစာနဲ့မျှားရမယ်"

ဦးဒေဝစကားကြောင့် တပည့်များ တအံ့တသြဖြစ်သွားကြ
. . .

"ဒါဆိုရင် ဆရာဒေဝက . . ."

"ဟုတ်ပြီ၊ ဘာမှဆက်မမေးနဲ့တော့။ ငါပြောတဲ့အတိုင်းသာ
တို့ဘက်က ပိပိရိရိဖြစ်ပါစေ။ တစ်ချက်တိမ်းစောင်းသွားတာနဲ့ ငါတို့
ရွယ်ချက်တွေ ပျက်ပြီလို့သာမှတ်"

တပည့်ဖြစ်သူ စကားမဆုံးခင်မှာပင် ဦးဒေဝက ဝင်ပြောလိုက်
ဖြစ်သည်။

ဦးဒေဝပြောသည့် အကြံအစည်များကိုလည်း တပည့်များ
ခံပါသည်။

သို့သော် အန္တရာယ်များလွန်းသဖြင့် စိုးရိမ်ထိတ်လန့်သွားကြ
သည်။ ထို့ကြောင့် တပည့်တစ်ဦးက . . .

"ဆရာဒေဝပြောတဲ့ အစီအစဉ် ကောင်းပါတယ်။ ဒါပေမဲ့
နည်းလမ်းရော မရှိတော့ဘူးလား"

"လုံးဝမရှိနိုင်ဘူး၊ ဒီနည်းက အကောင်းဆုံးပဲ။ ငါသေသေ
စဉ်းစားပြီးပြီ။ ရွာထဲက လူကြီးတချို့ကိုဖမ်းပြီး မြွေမင်းသမီးဆီ
မြွေအမြုတေနဲ့ အလဲအလှယ်လုပ်ရင် ငါတို့ဖမ်းရမှာ လူကြီးတွေ
အတွက် အခက်အခဲရှိနိုင်တယ်။ ဒါကြောင့် ရွာထဲက က



www.burmeseclassic.com

www.burmeseclassic.com



တချို့ကို ပြန်ပေးဆွဲပြီး မြွေအပြုတေနဲ့ အလဲအလှယ်လုပ်ဖို့ ဆုံးဖြ
လိုက်တာ။ ကဲ . . . ဒီကိစ္စကို ခုရက်အတွင်းမှာ အကောင်အထည်ဖေ
ကြမယ်။ ကြိုတင်စီစဉ် ထားကြပေတော့”

“ဟုတ်ကဲ့ပါ ဆရာဒေဝ”

ဦးဒေဝ၏အမိန့်အတိုင်း တပည့်ဖြစ်သူများ လက်ခံသဘေ
တူ၍ နေရာမှ အသီးသီးထွက်ခွာသွားကြတော့သည်။

✿ ✿ ✿

[ ၅ ]

❑

နောက်တစ်နေ့သို့ရောက်သောအခါ ပယောဂဆရာကြီး ဦးဒေဝ
...တစ်သိုက်မှ ရွာထဲရှိ ကလေးငါးယောက်ကို ဖမ်းဆီးသွားသဖြင့် တစ်
...လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြတော့သည်။

ထိုကလေးငါးယောက်အနက် ရွာလူကြီးဦးရုပ်ဆိုး၏ မြေးလေး
တစ်ယောက်ပါဝင်သဖြင့် ရွာလူကြီးဦးရုပ်ဆိုးမှာ ခေါင်းမီးတောက်သွား
...တော့သည်။

ထိုသတင်းကို ပို့ဆောင်ပေးသူမှာ ချိုမေပင်ဖြစ်သည်။

ထိုနေ့မနက်က ချိုမေတစ်ယောက် ဈေးစပ်သို့ ထုံးစံအတိုင်း
...ထွက်သွား၏။

ထိုအချိန်မှာ မျက်နှာစိမ်းလူတစ်ဦးရောက်လာပြီး ထိုသတင်း
... ပြောဆိုသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ ဆရာကြီးဒေဝက ရွာထဲရှိ ကလေးငါးယောက်ကို
ခေါ်သွားကြောင်း၊ ဤကလေးငါးယောက် အသက်ရှင်လျက်ပြန်ယ
ပါက သူမထံမှ မြေအမြုတေနှင့် လဲလှယ်ရမည်ဖြစ်ကြောင်း ပြော
သွားခြင်းပင်။

ထိုသတင်းကို ကြားကြားသိချင်း ချိုမေအံ့ဩသွားရသည်
မြေအမြုတေ သူမထံမှ လိုချင်သတဲ့။ ထိုမြေအမြုတေကို ဆရာဖြ
ဦးနန္ဒပြောဖူးခဲ့သည်။ သူမကိုယ်တိုင်လည်း မကြာခဏ အိပ်မက်
သာ မက်ဖူးခဲ့သည်။ သူမထံတွင် ရှိဖို့နေနေသာသာ မြင်တောင်မ
ဖူးခဲ့ချေ။

ထိုလူတွေ ရူးများရူးနေပြီလော။

သူမ ဘာလုပ်ရမည်နည်း။

ဝါကယ်မရှိသောကိစ္စကို အရှိလုပ်၍ အန္တရာယ်ပြုလာ
မှာ ဘာမျှမသိရှာ၊ အပြစ်မရှိသော ကလေးများအတွက် စိုးရိမ်
အကောင်းဆုံး ဖြစ်သည်။

မကောင်းသူပယ်၊ ကောင်းသူကယ်မည်ဟု သူမစိတ်ဆ
မကြာခဏ ဖြစ်ပေါ်ခဲ့ဖူးသည့်အတိုင်း သူမ မြေမြင်းသမီးအစစ်ဟု
မဟုတ် မသိရသော်လည်း ဓားစာခံဖြစ်သွားသော ကလေးငါးယေ
အား သူမအသက်နှင့်လဲယူရမည်ဟူ၍ ဆုံးဖြတ်ချက်ချကာ ရွာသား
ဦးနှင့် ထိုကိစ္စကို ရွာလူကြီးဦးရှပ်ဆိုးထံသို့ အကြောင်းကြားခိုင်း
ခြင်းဖြစ်သည်။

သူမကတော့ ဦးဒေဝတို့ရှိရာ တောင်အောက်တောစပ်
အရောက်သွားခဲ့လေ၏။

ဤသို့ဖြင့် ချိုမေသည် ဦးဒေဝတို့နေထိုင်ရာ တောင်အေ





ာစပ်ထဲသို့ ရောက်ရှိသွားသည့်အခါ ကလေးငါးယောက်အား သစ်ပင်
တစ်ပင်တွင် ကြိုးတုပ်၍ထားခြင်းကို တွေ့ရလေ၏။

ဦးဒေဝက သူမလာသည်ကို မြင်သွားပြီး ...

"ကျုပ်ထင်တဲ့အတိုင်း မင်းလာရဲသားပဲ မိန်းကလေး။ မင်းရဲ့
ဲ့စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ်။ ဒါပေမဲ့ မင်းဟာ ငါ့ရဲ့သား
င်ဖြစ်သွားပြီ"

ဟု ခြိမ်းခြောက်လိုက်လေ၏။ ချိုမေက ဒေါသထောင်းခနဲ
သွားပြီး ဦးဒေဝအား မျက်လုံးမီးဝင်းဝင်းတောက်လုမတတ် ကြည့်
လေ၏။

ထိုအခါ ဦးဒေဝသည် ချိုမေ၏ စူးရှပြင်းထန်သောအကြည့်
ကြာကြာရင်မဆိုင်ဝံ့ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။

"ရှင် ... အပိုတွေ ပြောမနေနဲ့ ဦးဒေဝ၊ ရှင်တို့လိုချင်တဲ့
မြုတေဆိုတာ ကျွန်မမှာမရှိဘူး။ အပြစ်မရှိတဲ့ ဒီကလေးတွေကို
ဆုံးလွှတ်ပေးပါ။ ကျွန်မ တောင်းပန်ပါတယ်"

ထိုအခါ ဦးဒေဝက တဟားဟားရယ်မောလိုက်ပြီး ...

"မင်းမှာ မရှိဘူးဆိုတဲ့စကား ငါ့လာမပြောနဲ့။ အေး ... မင်း
အေးဆေးဆေးမပေးဘဲ ခေါင်းမာရင်တော့ ကလေးတွေရော၊ မင်းပါ
ကွဲရောက်သွားမယ်"

ချိုမေသည် ဦးဒေဝ၏ လောဘနှင့်ကောက်ကျစ်ယုတ်မာမှု ကို
နိုင်စွမ်းမရှိတော့ချေ။ အလွန် နာကြည်းမုန်းတီးစွာ ကြည့်လိုက်

သူမ မည်သို့လုပ်ရမလဲ စဉ်းစားရင်း စိတ်ထဲက လျှပ်တစ်
ပေါ်လာသည့်အတိုင်း ပြုလုပ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြုလုပ်ခြင်းမှာ အခြားတော့မဟုတ်။

မြွေအော်မြည်သံကဲ့သို့ တရှဲရှဲ ပြုလုပ်အော်လိုက်ခြင်း ဖြ
သည်။

ထိုကဲ့သို့ပြုလုပ်ပြီး တဒင်္ဂအတွင်းမှာပင် အရပ်လေးမျက်
မှမြွေပေါင်းစုံ အကြီးအသေးတို့သည် ချက်ချင်းရောက်ရှိလာကြ
၏။ တွန့်လိမ်၍တစ်မျိုး၊ လျှောခနဲ လျှောခနဲ လာ၍တစ်ဖုံ၊ ပါး
ထောင်၍တစ်နည်း၊ ဆင်ပစ်မြွေ ခေါ် ဖျံ့ဝဲရောက်ရှိလာသော မြွေ
တစ်သွယ်ဖြင့် အရောင်အသွေး၊ ပုံစံမျိုးစုံတို့မှာ ချိုမေ့အနားသို့ ရော
ရှိလာကြတော့၏။

ထိုအဖြစ်အပျက်ကို ကြည့်၍ ချိုမေကိုယ်တိုင် အံ့ဩမယုံကြ
နိုင်ဖြစ်သွားသလို၊ ဦးဒေဝတို့ ဆရာတပည့်များလည်း တအံ့တ
အထိတ်လန့်အော်ဟစ်လျက် ပျာယာခတ်သွားကြလေတော့၏။

သို့ဖြင့် ချိုမေသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ
မြန်စွာ အသုံးချလိုက်တော့သည်။

"အဒွေတို့မြင်တဲ့အတိုင်း လောဘသားကောင်တွေကို
ပေးဖို့ အချိန်တန်ပြီ"

မြွေများသည် ချိုမေ၏စကားကို နားလည်သည့်အလား
ခဏအတွင်းမှာပင် တရှဲရှဲအော်မြည်လျက် ဦးဒေဝတို့ဆရာတပည့်
အား ထွက်ပေါက်မရှိအောင် ဝိုင်းဆို့လိုက်ကြတော့၏။

ထိုအခါ ဦးဒေဝတို့ဆရာတပည့်အဖွဲ့သည် ကြောက်ရွံ့
မြန်လျက် မျက်လုံးမျက်ဆန် ပြူးသွားကြ၏။

အသက်ဘေးကို သူ့ထက်ငါလုယက်၍ အော်ဟစ်ကြလျက်

"ဘယ့်နှယ်လဲ ဦးဒေဝ၊ အမှားကိုဝန်ခံရင် အသက်ချမ်း





ရမယ်၊ လောဘအသောမသတ်ဘဲ ရှေ့ဆက်ရင်တော့ အသေဆိုးနဲ့
ရလိမ့်မယ်"

ချိုမေက တကယ့်ကို ရဲရင့်ပြတ်သားစွာ ပြောလိုက်သည်။ ထို
သို့ ပြောလိုက်နိုင်သော သူမကိုယ်သူမ အံ့ဩသွား၏။ သူမ၏အသိ
ကို တစ်စုံတစ်ဦးက ပံ့ပိုးလိုက်သလို ခံစားနေရသည်။

ဘာပဲဖြစ်ဖြစ် ကလေးများ အန္တရာယ်ကင်းဝေးရေးနှင့် လောဘ
ကောင်များ ပညာပေးနိုင်ရေးသာ အဓိကဖြစ်သည်။

"ဘယ်လိုလဲ ဦးဒေဝ ကျွန်မပြောတဲ့အတိုင်း ကြိုက်လမ်းရွေး
တယ်"

ထိုအခါ ဦးဒေဝ၏တပည့်များသည် များပြားလှသော မြွေ
ကိုကြည့်၍ ကြောက်ဒူးများတုန်ကာ ချွေးသီးချွေးပေါက်တွေကျလာ
...

"ဆ ... ဆရာ ဒေဝ၊ ကျွန်တော်တို့ ... ကြောက် ...
ကြောက်တယ်ဗျ။ အမြန် ... မြန် ... ဝန်ချလိုက်တော့လေ"

ဦးဒေဝလည်း ကြာကြာဟန်မဆောင်နိုင်တော့ချေ။

"ဟုတ် ... ဟုတ်ပါတယ်၊ သူ ... သူတို့ပြောသလို ကျုပ်
တို့အမှားကို ဝန် ... ဝန်ခံပါပြီ မြွေမင်းသမီးရယ်။ ကျုပ် ...
တို့ကို အသက် ချမ်း ... ချမ်းသာပေးပါဗျာ"

ဦးဒေဝက ကြောက်ကြောက်လန့်လန့်နှင့် အမှားကို ဝန်ခံတော့
ဦးဒေဝနည်းတူ တပည့်ဖြစ်သူများလည်း ဝန်ချတောင်းပန်တော့

ထိုအချိန်မှာ ရွာလူကြီး ဦးရုပ်ဆိုးနှင့်အတူ ကလေးမိဘများ၊
ရွာသားများ တုတ်၊ ဓား၊ လက်နက်ကိုယ်စီ ကိုင်ဆောင်၍ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြတော့သည်။

အမှားကို ဝန်ချတောင်းပန်နေသော ဦးဒေဝတို့ဆရာတပည့် အား ရိုက်နှက်မည် တကဲကဲဖြစ်နေကြတော့၏။

"ဒီကောင်တွေကို လုံးဝ အရှင်ထားဖို့မသင့်ဘူး"

"ဟုတ်တယ်၊ အင်မတန် လောဘကြီးတဲ့ကောင်တွေကို ... လမ်းနဲ့ပဲ ထိုက်တန်တယ်"

"မြွေမင်းသမီးလေး ကျုပ်တို့ကို ဆုံးမခွင့်ပေးပါ"

"ဟုတ်တယ် ... မြွေမင်းသမီးလေး၊ ဒီကောင်တွေကို အသ... ရှင်လျက် ပြန်လွှတ်လိုက်ရင် နောင်ဒီလိုအဖြစ်မျိုးတွေ ထပ်ကျူးလွ... ဦးမှာပဲ။ ဒီတော့ အပြတ်သာရှင်းပစ်လိုက်မယ်"

ကလေးမိဘနှင့် ရွာသူရွာသားများက တစ်ယောက်တစ်ပေါ... ကြိမ်းဝါးလိုက်သဖြင့် ဦးဒေဝတို့ဆရာတပည့် လွန်စွာမှ ထိတ်လန့်... ပျက်သွားကြကာ ချို့မေ့အား အားကိုးတကြီး လှမ်းကြည့်လိုက်လေ... ထိုအခြေအနေကို ချို့မေ သဘောပေါက်လိုက်သည်။ ... ကိုယ်တိုင်ဖြေရှင်းမှ အေးငြိမ်းသွားပေလိမ့်မည်။ ထို့ကြောင့် သူ... လူအုပ်ကြီးရှေ့သို့ ထွက်၍ ...

"ရွာလူကြီး ဦးကြီးရှုပ်ဆိုးနဲ့ ကလေးမိဘများ၊ ရွာသူရွာသ... များကို ကျွန်မ မေတ္တာရပ်ခံပါတယ်။ သူတို့ကိုယ်တိုင် မှားမှန်းသိ... ကျွန်မဆီမှာ ဝန်ချတောင်းပန်ပြီးသွားပါပြီ။ ကလေးတွေလည်း ... အန္တရာယ်မှ မဖြစ်တော့ပါဘူး။ ဒီကိစ္စကို မကျေလည်ဘဲ ရန်ကိုရန်... ပြန်တုံ့နှင်းရင် သံသရာဆုံးတော့မှာ မဟုတ်ဘူး။ ကျွန်မ ကြားထဲ... မေတ္တာရပ်ခံပါတယ်။ ကျွန်မကို ချစ်ကြ၊ စေတနာထားကြတယ်ဆို... ကျွန်မမေတ္တာရပ်ခံသလို သူတို့ကို ခွင့်လွှတ်ပေးလိုက်ကြပါ"





ချို့မေက ကြားဝင်မေတ္တာရပ်ခံလိုက်သဖြင့် ရွာလူကြီး ဦးရှုပ် ...နှင့် ကလေးမိဘများ၊ ရွာသူရွာသားများ အသိဝင်ကာ ခေါင်းငိုက် ...ကြတော့သည်။

ထိုအတူ ဦးဒေဝနှင့် ဆရာတပည့်တို့သည်လည်း ချို့မေအား ...စွာမှ ကျေးဇူးတင်စွာ ကြည့်လိုက်တော့သည်။

အားလုံးထံမှ မည်သည့်စကားသံမှ ထွက်မလာဘဲ ခေါင်းငိုက် ...ချကာ ငြိမ်သက်နေသဖြင့် ချို့မေက အခြေအနေအရပ်ရပ်ကို နား ...လိုက်ပြီး ...

"ကဲ ... ဦးဒေဝတို့၊ နောက်နောင် ဒီလိုမကျူးလွန်ပါဘူးလို့ ...တိပေးကြပါ"

ချို့မေက ပြောလိုက်သဖြင့် ဦးဒေဝနှင့် ဆရာတပည့်တို့ တညီ ...တည်း ကတိပေးလိုက်ခဲ့လိုက်ကြသည်။

"ဒါဆို ရှင်တို့ သွားလိုရာသွားကြပေတော့"

"မြွေမင်းသမီးလေးကို ကျုပ်တို့တစ်သက်လုံး ကျေးဇူးတင် ...မှာပါ။ တစ်ချိန်ချိန်မှာ ကျေးဇူးပြန်ဆပ်ခွင့် ကြုံပါစေလို့ ဆုတောင်း ...တယ်"

ပြောပြီးဆရာတပည့်တို့ ထွက်ခွာသွားကြတော့၏။

ထိုအချိန်မှာ မြွေမင်းသမီးလေးအဖြစ် သတင်းကြီးခဲ့သော ...အား မြွေများ၏အလယ်တွင် ထူးခြားသောအစွမ်းသတ္တိနှင့် မေတ္တာ ...ကို မျက်မြင်ကြုံရသော ရွာလူကြီးဦးရှုပ်ဆိုးနှင့် ရွာသူရွာသားတို့မှာ ...သက်နှင့်တစ်ကိုယ် မကြုံဖူးသောအဖြစ်မို့ အံ့သြနေကြတော့သည်။

ထို့အတူ အများ၏ ကောင်းကျိုးကို အသက်စွန့်၍ ကာကွယ် ...ခဲ့သော ချို့မေအား ဝိုင်းဝန်းကောင်းချီးပေးလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကလေးမိဘနှင့် ရွာသူရွာသားများသည် ကြိုးတုပ်ထားသောကလေးများကို ဖြုတ်၍ ချိုမေအား ကျေးဇူးတင်ကြောင်း ပြောဆိုကာ အသီးသီးပြန်သွားကြတော့သည်။

ချိုမေသည် မြွေများစွာနှင့်အတူ ကျန်ရစ်နေခဲ့၏။

ရွာသူရွာသားများနှင့်အတူ လိုက်ပါမသွားသော သူရသည် ချိုမေနှင့်အတူ တစ်ချိန်လုံးရှိနေခဲ့ပြီး ညနေစောင်းမှ ရွာသို့ပြန်ခဲ့ကြ၏။

ဤသို့ဖြင့် အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး ညရောက်သည့်အခါ ချိုမေ၏အိပ်မက်ထဲသို့ တစ်ခါက မြွေကြီးတစ်ကောင်၏ အန္တရာယ်မှကယ်တင်ပြီး လမ်းပြပို့ဆောင်ပေးခဲ့သော အဘိုးအိုရောက်လာပြီး အောက်ပါအတိုင်းပြောဆိုလေ၏။

"ငါ့မြေး ... အဘိုးကို မှတ်မိတယ်မဟုတ်လား။ အဘိုးက အန္တရာယ်တစ်ခုကနေ ကယ်တင်ပြီး လမ်းပြကူညီပေးဖူးတယ်လေ။ ခု အားလုံး ငါ့မြေးသိအောင် ပြောရတော့မယ်။ တကယ်တော့ အဘိုးဟာ ငါ့မြေးထင်သလို စက္ခုအာရုံနည်းပြီး အန္တရာယ်ကိုမကာကွယ်နိုင်သူ မဟုတ်ပါဘူး။ အဘိုးက ဒီတောတောင်ထဲမှာ နှစ်ပေါင်းကြာမြင့်စွာ တရားအလုပ်ကို လုပ်ဆောင်ခဲ့တဲ့ သူတော်စင်တစ်ဦးပါ။ ငါ့မြေးရဲ့ကံကြမ္မာရဲ့ ထင်ပေါ်မှု၊ အကျိုးပြုမှုကို ပိုမိုအကျိုးပြုစေနိုင်ဖို့အတွက် ဖန်တီးခဲ့တာပါ။ ဒါမှ ငါ့မြေးရဲ့အစွမ်းအစနဲ့ ဘဝအဆက်ဆက်က ပါရမီကြောင့် တစ်ချိန်တစ်ဘဝက မြွေတို့ရဲ့အရှင် ဖြစ်ခဲ့ဖူးတဲ့ အကျိုးဆက်တွေကို ပြန်လည်ရရှိအောင် အဘိုးက ပံ့ပိုးလိုက်တာပါ။ အမှန်တော့ ငါ့မြေး ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်ဖြစ်နေခဲ့တဲ့အခါ၊ စိတ်ထဲကဖြစ်ပေါ်လာတဲ့ဆန္ဒအတိုင်း မျက်မြင်ဒိဋ္ဌဖြစ်ရတာဟာ ခုနအဘိုးပြောခဲ့သလို ငါ့မြေး





ဟာ တစ်ချိန်တစ်ဘဝက မြွေတို့ရဲ့ အရှင်သခင်ဖြစ်ခဲ့ဖူးလို့ပါ။ အဲဒီရဲ့ အကျိုးဆက်တွေက ယခု လူ့ဘဝအချိန်အထိ အစွမ်းဖြစ်နေတုန်းပါ။

ဒီလို အစွမ်းတွေဖြစ်လာတာလဲ ငါ့မြေးရဲ့ ဖြူစင်တဲ့သီလ၊ ကောင်းသူပယ်၊ ကောင်းသူကယ်တင်လိုတဲ့ စိတ်ဓာတ်ကြောင့်ပါ။ ဒါကြောင့် စိတ်ထဲကပေါ်တဲ့အတိုင်း လက်တွေ့ဖြစ်လာတာပါ။ ဒီတော့ ဘဝအဆက်ဆက်က ဆွေတော်မျိုးတော်တွေ အကျိုးရရှိအောင် မကြာမီအချိန်အတွင်းမှာ သာသနာပြုပေးပါလို့ အဘိုးမှာခဲ့ချင်တယ်"

ပြောဆိုပြီးနောက် ချိုမေ အိပ်မက်မှ လန့်နိုးလာတော့၏။

အိပ်မက်ထဲက ပြောသွားခဲ့သော အဘိုးအို၏ရှင်းပြမှုကြောင့် တစ်ချိန်လုံး ပဟေဠိဖြစ်ခဲ့သော သူမ၏ အတိတ်ဘဝဆက်နွယ်မှုအားလုံးနှင့် အဘိုးအိုအား ရှင်းရှင်းလင်းလင်း သိရှိသွားတော့သည်။

ထို့ကြောင့် ချိုမေသည် နောက်မကြာမီရက်ပိုင်းအတွင်းမှာပင် အိပ်မက်ထဲက အဘိုးအိုမှာကြားသွားသည့်အတိုင်း မွေးစားမိဘနှင့် ဆရာဖြစ်သူ ဦးနန္ဒ ရွာလူကြီးဦးရုပ်ဆိုးတို့အား အသိပေးပြောကြား၍ သူတို့၏အကူအညီဖြင့် ထိုရွာလေးရှိ ရွာဦးကျောင်းမှ စေတီလေးတွင် ကုသိုလ်ကောင်းမှုပြု၍ ဘဝအဆက်ဆက်က တော်စပ်ခဲ့ဖူးသော ဆွေတော်မျိုးတော်အပေါင်းအား အမျှအတန်း ပေးဝေခဲ့လေတော့၏။

**မြွေမင်းသခင်**

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

မလဲ့ရေ . . . ငါပြီးခဲ့တဲ့တစ်လလောက်က အမေနေမကောင်းလို့ အိမ်ကိုပြန်ခဲ့တယ်။ ငါ အိမ်ကိုရောက်တော့ ငါမျှော်လင့်မထားတဲ့ ညီမလေးနွေဦးခင်ရဲ့ ဒိုင်ယာရီကိုတွေ့ပြီး ငါ တမြည့်မြည့် ခံစားနေရတယ်။ ကျောင်းတက်နေစဉ်ကာလတစ်လျှောက်လုံး ငါပျော်ခဲ့သမျှ ညီမလေးနွေးဦးရဲ့ဒိုင်ယာရီက ငါ့ကို အပြစ်ပေးနေသလိုပါပဲ . . . မလဲ့ရယ်။ နွေဦးရဲ့ဒိုင်ယာရီကိုဖတ်ပြီး နင် ခံစားကြည့်လေ။

ကိုကိုဆွေရယ် . . . ကိုကိုဆွေနဲ့အတူ ကျောင်းတက်တုန်းက ညီမလေးဘဝက ပြည့်စုံနေသလိုပဲ။ ခုတော့ ကိုကိုဆွေက တက္ကသိုလ်ကျောင်းတော်ကြီးမှာ အပေါင်းအသင်းတွေနဲ့ ပျော်နေပြီပေါ့။ ဒီနှစ်ပိုင်းမှာ အိမ်က စီးပွားရေးလည်း အဆင်မပြေတော့ ဖေဖေနဲ့မေမေ အရှိန်း

www.burmeseclassic.com



ပင်ပန်းကြတယ်။ ညီမလေးလည်း ကျောင်းတက်ရတာ မပျော်ဘူး ကိုကို
ရယ်။ ကျောင်းစာတွေလည်း မလိုက်နိုင်တော့ဘူး။ ကိုကိုခွေထားခဲ့တဲ့
စာအုပ်တွေတော့ ညီမလေးကြိုက်တယ်။ နဝဒေးကြီးရေးတဲ့ လွမ်းချင်း
တွေဆိုရင် ညီမလေး အလွတ်တောင်ရနေပြီ။ ဟိုလေ ...

"လှဲ့ဝါပွင့်ရွှေ ၊ ဝန်းသည့်လေနှင့် ၊
ဆောင်းနွေရာယုက်၊ ပြန်ကဖက်တည့် ၊
ကျေးငှက်တွန်ထူး ၊ ဖော်ပြိုင်မြူးက ၊
ငုံဖူးပင်ကိုင်း ၊ မြစ်တိုင်းကမ်းနား ၊
စုံတောဖျားဝယ် ၊ နဂါးသစ်ဆင် ၊
မြီးမှင်အနန်း ၊ လောင်းပန်းသဖင် ၊
ဂမုန်းအင်ကို ၊ သဇင်ချိန်သင့် ၊ ပန်သူလင့်သို့"

... တဲ့။ နဝဒေးကြီးက ရာသီသဘာဝတွေကို ခံစားတတ်
သလို ညီမလေးလည်း ရာသီသဘာဝတွေကို ခံစားတတ်နေပြီ။ နွေ
ဆောင်းနှောင်းလို့ နွေဦးရာသီကို ရောက်နေလေတော့ နွေသဘာဝ
လေအဆင်က ဝေ့ကာပိုက်ကာ တိုက်ခတ်လာနေပြီ။ နွေဦးလေရူး
ပြောကြတယ်မဟုတ်လား။ လေရူးတွေကလည်း တိုက်ခတ်နေပြီ။

နွေကမ္ဘာကို ဝေဆာအောင် ဖူးပွင့်လာတဲ့ ပေါက်ပန်းနဲ့ လက်
ပွင့်နီနီရဲရဲလေးတွေက နွေရဲ့အတ္တုပ္ပတ္တိကို အန်တုပြနေသလိုပဲ ...
ကိုကိုရွှေ။ ဇွန်ပန်းဖွေးဖွေးလေးတွေနဲ့ တမာရနံ့ သင်းပျံ့ပျံ့လေး
က ရင်နင့်အောင်မွှေးစေပြန်တော့လည်း တစ်မျိုးကြီး ခံစားရပြန်တယ်။
ကိုကိုသာ ဒီနှစ်ကျောင်းပိတ်ရက်တွေမှာ အိမ်ကိုပြန်လာပြီး မိသားစု
အဝဝကို ဂရုစိုက်ဖြေရှင်းပေးမယ်ဆိုရင် နွေကမ္ဘာဟာ အပျော်တွေနဲ့ ဝေဆာ
နေလိမ့်မယ်ကိုကို။





အဲဒါဟာ နွေဦးရဲ့ ဒိုင်ယာယီစာမျက်နှာ တစ်ရွက်ဆိုပါတော့
သဲ့။ ငါလို တက္ကသိုလ်က မြန်မာစာဆရာတစ်ယောက်တောင် အဲဒီ
အခန်းက အလွမ်းတွေကို စာမဖွဲ့တတ်ခဲ့ဖူးဘူး။ အေးလေ ... အဲဒီတုန်း
က ငါအလွမ်းကို ဘယ်စာဖွဲ့တတ်ပါ့မလဲ။ ငါက လွမ်းရမှန်းဆွေးရမှန်း
သိမှမသိတဲ့ကောင်လေ။

တက္ကသိုလ်ရဲ့ အပျော်တွေကြားမှာ အလွမ်းဆိုတာ ငါသိမှ
မသိခဲ့တာ။ မပြည့်စုံခြင်းဆိုတာလည်း ငါမသိခဲ့ဘူး။ ဒါပေမဲ့ ငါမသိခဲ့
တဲ့ လွမ်းခြင်းဆွေးခြင်းနဲ့ မပြည့်စုံခြင်းကို ညီမလေးနွေဦးက အကုန်
သိခဲ့တယ်။ အကုန်ခံစားခဲ့တယ်။

ငါကိုက အမှတ်တမဲ့နေခဲ့တဲ့ ကောင်ပါဟာ။ ငါ မန္တလေး
တက္ကသိုလ်မှာ တက်နေတုန်းကတည်းက နွေဦးကို ငါခဏခဏ အိပ်
မက်မက်ခဲ့တာပဲ။ တစ်ခါက ငါ နင့်ကိုပြောခဲ့ဖူးတယ် မဟုတ်လား။

စာရဲ့ ဒီနေရာရောက်တော့ ကျွန်မကို မန္တလေးတက္ကသိုလ်မှာ
တုန်းက မင်းဆွေပြောခဲ့တာကို သွားသတိရလိုက်မိတယ်။

"မလှဲ့ရေ ... ငါ ညက နွေဦးကို အိပ်မက်မက်တယ်။ အိပ်
မက်ထဲမှာ နွေဦးက ငါ့ကို ပြန်လာခဲ့ပါလို့ ခေါ်နေတယ်"

လို့ ပြောနေခိုက်မှာပဲ ကေနိုင်လွင်တို့အုပ်စုက ...

"မင်းဆွေရေ ... လာဟာ ... မြို့ကိုပတ်ကြမယ်"

ဆိုပြီး ပြောပြောဆိုဆို ဆွဲခေါ်သွားလိုက်ကြတာ ဆိုင်ကယ်
တစ်ယောက်တစ်စီးစီနဲ့ လေထဲမှာ ပျံ့နေသလိုပါပဲလား။ ပျိုတိုင်းကြိုက်
တယ်ဆိုတဲ့ နှင်းဆီခိုင် မင်းဆွေကလည်း လေယူရာတိမ်းလို့ ယိမ်း
နေခင်းပဲ ဖဝါးနဲ့မြေကြီး တစ်ခါမှမထိခဲ့ပါပေ။ ကျွန်မလည်း ဘာမှပြန်
ပြောချိန်မရလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြင်ကွင်းကို ကျွန်မ ခုချိန်ထိ ပြက်ပြက်ထင်ထင် မြင်ေ
သေးတယ်။ တကယ်တော့ မင်းဆွေရဲ့ညီမလေး နွေဦးခင်ဟာ ဒ
အချိန်မှာ မင်းဆွေကို တကယ်မျှော်လင့်တမ်းတနေခဲ့တာ။ ကျွန်မ မြို့
ပြန်တုန်းက လမ်းမှာ နွေဦးနဲ့တွေ့တော့ . . .

"မမလဲ့ . . . ကိုကိုဆွေရောဟင် . . . ကိုကိုဆွေ ပြန်ပါမယ
ဘူးလား"

လို့ မျှော်လင့်ကြီးစွာ မေးခဲ့သေးတာ။ ကျွန်မရဲ့ မိဘတွေ
က ကြားခဲ့ရတာက မင်းဆွေတို့မိသားစု စီးပွားရေး သိပ်အဆင်မပြေ
ကြဘူးတဲ့။ နွေဦးကလေးကတော့ အရွယ်နဲ့မလိုက်အောင် လိမ္မာလ
တယ်တဲ့လေ။ ဒါပေမဲ့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ကတော့ မိသား
ကိစ္စအဝဝကို မေးဖို့မြန်းဖို့ အချိန်မရခဲ့ပါပေ။ လေယာဉ်ရာတိမ်းလို့ ယ
နေရတယ်မဟုတ်ပါလား။

ကျွန်မ မင်းဆွေရဲ့စာကို ဖတ်လို့မှမဆုံး။ ဘယ်လောက် အ
နယ်ချဲ့မိသည်မသိ။ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်လို
တော့ အပြင်မှာ မှောင်စပျိုးနေပြီ။ တစ်ဆက်တည်းမှာပဲ တစ်
ကျော်က ငယ်ငယ်ရဲ့အသံကို ကြားလိုက်ရပါတယ်။

"မလဲ့ရေ . . . ညစာစားကြမယ်"

လို့ ခေါ်သံကြားတော့မှ ဖတ်လက်စစာကို ကမန်းကတ
ပြီးအောင်ဖတ်ပြီး ငယ်ငယ်တို့အခန်းဘက်ကို ထွက်ခဲ့ပါတယ်။

✿ ✿ ✿

## | ၂ |

❑

နွေဦးအကြို ဥဩငှက်တို့ရဲ့ လွမ်းတေးသံက ရှက်ကြွေတော
ခတ်သန်းပျံ့လွင့်လာရင်း တဖြည်းဖြည်း ဝေးရာမှနီး . . . နီးရာမှ
နဲ့ ဝေးကာဝေးကာ တိုးညင်းပျောက်ကွယ်သွားတာကအစ ငါ့ရင်
သုပ်နှိုးနေသလိုပဲ။ နွေပူပူ၊ လေပူပူကြောင့် မောရတဲ့ နွေအမော
ပြေစေပါတယ်ဆိုတဲ့ ကံ့ကော်ရနံ့ သင်းပျံ့ပျံ့ကလည်း ငါ့ရင်ကို
အောင် ပြုစားနေသလိုပါပဲလား။

အဲဒါတွေကတော့ On Line ပေါ်ကနေရင်ဖွင့်တဲ့ ကျွန်မ သူငယ်
ဆွေရဲ့ အလွမ်းဖိုင်တွေပါ။ ကျွန်မတို့တစ်တွေ တက္ကသိုလ်အသီး
တာဝန်ထမ်းဆောင်ကြရတော့ အရင်လို လူချင်းမတွေ့ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ တစ်ခါတစ်ရံ လူကြုံရင် စာရေးပေးကြတယ်။ တစ်ခါတ
ဖုန်းဆက်ကြတယ်။ တစ်ခါတစ်ရံ On Line ကနေ တွေ့ဆုံကြတာကြေ
တစ်ယောက်နဲ့တစ်ယောက် အလှမ်းဝေးကြသည်တော့ မဟုတ်ကြ

တကယ်တော့ ကျွန်မနဲ့မင်းဆွေက တစ်မြို့တည်းကနေ
ပြီး မန္တလေးတက္ကသိုလ်မှာ မြန်မာစာအဓိကနဲ့ ကျောင်းတက်ခဲ့ကြ
သူငယ်ချင်းတွေပါ။ တက္ကသိုလ်ဆရာ၊ ဆရာမတွေအဖြစ်နဲ့ တာဝန်
တော့ ကျွန်မက မန္တလေးတက္ကသိုလ်မှာ တာဝန်ကျပြီး မင်းဆွေ
တော့ ဟသာတတက္ကသိုလ်ကို ရောက်သွားပါတယ်။

ခုလို အဝေးမြို့တွေဆီ ရောက်နေကြပြန်တော့လည်း
ရှင်ခြင်း၊ ဝမ်းနည်းခြင်းတွေကို နည်းမျိုးစုံနဲ့ ဆက်သွယ်ရင်ဖွင့်ကြရ
လည်း အလုပ်တစ်ခုလို ပုံမှန်လုပ်ဖြစ်ကြပါတယ်။

Internet ဆိုင်ကပြန်ရောက်တော့လည်း သူငယ်ချင်းမင်း
ရဲ့ သောကအလွှမ်းက ကျွန်မကိုပါ ကူးစက်ရိုက်ခတ်နေသလိုပါပဲလား
တွေးရင်းက ... ဟော ... ဥသြငှက်ရဲ့ လွမ်းတေးသံက မင်းဆွေ
သလို အဝေးဆီက ပျံ့လွင့်လာလိုက်တာ ဝေးရာမှနီး ... နီးရာမှ တ
ဖြည်း မျှင်းကာမျှင်းကာ တိုးဝင်ပျောက်ကွယ်သွားပါလေရောလား
ဩ ... ဥသြလေးရယ်။ ကျွန်မတွေးရင်း အသံတစ်သံကြားလို့
ခနဲ လှည့်ကြည့်လိုက်တော့ ...

"ဟော ... မလှဲ့ ပြန်ရောက်နေပြီလား။ စောစောလေး
မလှဲ့အခန်းကို လာကြည့်သေးတယ်။ ပြန်မရောက်သေးဘူး။ ဒီနေ့
လာတာ နောက်ကျတယ်နော်"

"ဟုတ်တယ် ... ယယ်ယယ်ရေ၊ ဒီနေ့ Net ဆိုင်မှာ ကြ
သွားတယ်"





"ဒီအပျိုကြီးတော့ On Line မှာ ဘယ်သူနဲ့ သွားသွားတွေ့
တာလဲ။ မရိုးတော့ဘူး"

"ရိုးပါတယ် ယယ်ယယ်ရဲ့။ ဟိုးယယ်ယယ်က သူငယ်ချင်းပါ"

"ဟင် ... သူငယ်ချင်း။ သူငယ်ချင်းနဲ့ ကြိုမပြောရင်တော့
တ်မဖွဲ့ဘူးနော်"

"မဖွဲ့နဲ့၊ မဖွဲ့နဲ့ ... ယယ်ယယ်ရေ၊ သူငယ်ချင်းစစ်စစ် ရေ
ရာဘူး"

"ရေမရောဘူးဆိုတော့ အပြင်းစားပေါ့ ဟုတ်လား"

"ပြောလေဆိုးလေပါလား ... ယယ်ယယ်၊ သွား ... သွား"

ကျွန်မအခန်းမှ ယယ်ယယ်ပြန်ထွက်သွားပြီးနောက် မင်းဆွေနဲ့
နွေဦးခင်တို့ရဲ့ ဘဝဖာတ်ကြောင်းကို ကျွန်မ ပြန်လည်စဉ်းစားနေခဲ့မိ
တယ်။

နောက် မင်းဆွေမှာ နွေဦးခင်ဆိုတဲ့ ညီမလေးတစ်ယောက်
ရှိတယ်။ မင်းဆွေက တက္ကသိုလ်မှာ ဘက်စုံတော်ပေမဲ့ နွေဦးခင်က
တော့ ဆယ်တန်းတောင် မအောင်နိုင်ရှာပါဘူး။ ဒါကြောင့်မို့ နယ်မြို့
လေးမှာပဲ မိဘတွေနဲ့ လက်ရေတစ်ပြင်တည်း လုပ်ကိုင်စားသောက်
ပြီး သူ့ဘဝရဲ့နေ့ရက်တွေကို ဖြတ်သန်းခဲ့ပါတယ်။

နွေဦးခင်တစ်ယောက် အဲဒီလို မိဘတွေနဲ့ အတူရှိနေလို့သာ
တက္ကသိုလ်မှာ မင်းဆွေ နောက်ကြောင်းအေးအေးနဲ့ ပျော်နိုင်ရွှင်နိုင်
လွှင်နိုင်လာနိုင်ခဲ့တာ မဟုတ်ပါလား။ နွေဦးခင်သာမရှိခဲ့ရင် ဒါမှမဟုတ်
နွေဦးခင်သာ မလိမ္မာခဲ့ရင် မင်းဆွေတစ်ယောက် တက္ကသိုလ်မှာ အဲဒီ
လိုနေဖို့က လွယ်မယ်မထင်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မင်းဆွေရဲ့ညီမလေး နွေဦးခင်ဆုံးတာ သုံးနှစ်တ
တင်းပြည့်ပါပြီ။ မင်းဆွေတစ်ယောက် အရင်လို တက္ကသိုလ်မှာ နေ
ကြောင်းအေးအေး မနေနိုင်တော့ပါပေ။ တက္ကသိုလ်ဆရာဘဝနဲ့ တာ
တွေထမ်းဆောင်ရင်း မိဘတွေအတွက် စိတ်ပူရတာတစ်မျိုး၊ ညီမ
အတွက် စိတ်မကောင်းဖြစ်ရတာက တစ်ဖုံနဲ့ ဖြစ်သမျှအကြောင်းအ
ရပ်နဲ့ပတ်သက်လို့ ငယ်သူငယ်ချင်းဖြစ်သူ ကျွန်မကို ရင်ဖွင့်ရှာပါတ

ဩော် . . . မင်းဆွေ . . . မင်းဆွေ . . . တွေးရင်းကပဲ ကျွ
အိပ်ပျော်သွားပါတယ်။

❀ ❀ ❀

| ၉ |

❏

ကျွန်မတို့သူငယ်ချင်းတစ်စု မန္တလေးကနေ ပြည်ကို ကားနဲ့
ခဲ့ကြပါတယ်။ လမ်းခရီးတစ်လျှောက်မှာရှိတဲ့ တောတောင်ရေမြေ
ကို ငေးမျှော်ရင်း သူတို့ . . . သူတို့တွေ ဖွဲ့ဆိုခဲ့ကြတဲ့ နွေပန်းချီရဲ့
ညိနေတဲ့အလှကို ကျွန်မကိုယ်တိုင် စွဲငြိနေမိတာတော့ အမှန်ပါပဲ။

စိတ်ထဲမှာ ပြက်ပြက်ထင်ထင် မြင်ယောင်လာမိတာကလည်း
င်ပါ။ နွေဦးခင်ဟာ တကယ်ပဲ လွမ်းတတ်ဆွေးတတ်တဲ့ ကောင်
ပါလား။ နွေပန်းချီကို အလွမ်းခံစားမှုနဲ့ယှဉ်ပြီး ရေးဖွဲ့ထားတာ
ယ့်စာရေးဆရာမကြီး ကြနေတာပဲ။

ကျွန်မတို့ ပြည်မြို့ကိုရောက်တော့ ရွှေဆံတော်ဘုရားကို ဦး
သွားကြပါတယ်။ ပြည်တက္ကသိုလ်က ငယ်ငယ်ရဲ့သူငယ်ချင်းတွေ
ည်း ကျွန်မတို့ကို ဘုရားမှာလာစောင့်နေကြပြီး တက္ကသိုလ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ တည်းခိုဖို့ စီစဉ်ထားကြောင်း ပြောတဲ့အတွက် ကျွန်မတို့တစ်ရေ ပြည်တက္ကသိုလ်ထဲမှာပဲ တည်းခိုခဲ့ကြပါတယ်။

နောက်တစ်နေ့ မနက်မှာတော့ ကျွန်မတို့ မြန်မာစာဆရာ တွေအားလုံး နဝဒေးကြီးရဲ့ ဘုရားတိုင်ရတုတွေကို ရွတ်ရင်းဆိုရင်း ပြည်မြို့က ဘုရားတွေကို လှည့်လည်ဖူးမြော်ခဲ့ကြတယ်။ Thesis အတွက် ပုံတွေ အထောက်အထားလိုချင်တဲ့ မြင့်ခြိုက သက်ငုံတစ်ယောက်ထ တော့ ဘုရားစေတီတွေရဲ့ပုံတွေကို အနေအထားအမျိုးမျိုးနဲ့ သူ့စိ ကြိုက်ဓာတ်ပုံတွေ ရိုက်ယူနေလေရဲ့။ ပြည်မြို့ပတ်ဝန်းကျင်ကို လျှော လည်ကြရင်း နဝဒေးတံတားကြီးပေါ်ရောက်တော့ . . .

"မြစ်တိုင်းကမ်းနား ၊ စုံတောဖျားဝယ် ၊ နဂါးသစ်ဆင် ၊

မြီးမှင်အနန်း ၊ လောင်းပန်းသဇင် ၊ ဂမုန်းအင်ကို ၊

သဇင်ချိန်သင့် ၊ ပန်သူ့လင့်လို့" ဆိုတဲ့ နဝဒေးကြီးရဲ့ စာသ

လေးနဲ့အတူ နွေဦးခင်ကိုလည်း မြင်ယောင်မိပြန်တာပေါ့။

မန္တလေးတက္ကသိုလ် တစ်ခုတည်းမှာပဲ ကျင်လည်ခဲ့ရတဲ့ ကျွ အတွက်ကတော့ ရှေးဟောင်းနယ်မြေတစ်ခုဖြစ်တဲ့ ပြည်မြို့ရဲ့ ပတ်ဝ ကျင်နဲ့ ပြည်တက္ကသိုလ်ဟာ လေ့လာစရာတွေချည်းပါပဲ။ ဒါတင်ဘယ် ပါ့မလဲ။ စာထဲမှာဖတ်ဖူးတဲ့ ဘောဘောကြီးဘုရား၊ ဘုရားကြီး၊ ဘုရာ စတဲ့ ရှေးဟောင်းစေတီပုထိုးတွေရယ်၊ မှော်ဇာရွာပတ်ဝန်းကျင်တစ်ဝို ရယ်၊ သိရိခေတ္တရာပြတိုက်ရယ်၊ သရေခေတ္တရာမြို့ဟောင်းရယ်၊ ဒွ ပေါင်မင်းကြီးရဲ့ နန်းတော်ရာ၊ မြို့ရိုးရယ်ကို တွေ့ပြန်တော့ ရှေးမြ ကြီးတွေကို ဂုဏ်ယူမိသလိုလို၊ အားကျမိသလို ခံစားရင်း ခုခေတ် တွေ ပါးစပ်ဖျားက ကိုယ့်သမိုင်း ကိုယ်ရေးကြတာပဲဆိုတဲ့စကားကို ပြ ယောင်မိလာတယ်။

စိတ်ကူးသစ်စာပေ



ကျွန်မ ပြည်ကပြန်လာပြီး မအားတာနဲ့ Internet ဆိုင်ကို ားဖြစ်တာ တစ်ပတ်လောက်ကြာသွားတယ်။ မင်းဆွေနဲ့လည်း ဖုန်း ာက်အသွယ်မရသေးပါ။ ဗုဒ္ဓဟူးနေ့ ညနေလေးနာရီကျော်လို့ ကျွန်မ ernet ဆိုင်သွားတော့ သူ On Line ပေါ်မှာရှိနေတယ်။ ကျွန်မ ဆီ ာတွေပို့ထားတာမှ အများကြီး။

"မလွဲရေ . . . ငါမန္တလေးမှာ ကျောင်းတက်တုန်းကတည်းက ိမ်မက်တွေထဲမှာ နွေဦး အမြဲရှိနေတာကို ငါ သတိမထားမိခဲ့ဘူး။ ွေဦးငါ့အပေါ်မှာ တာဝန်ကျေသလောက် ငါ နွေဦးအပေါ် တာဝန် ျခဲ့ဘူး။

တစ်လောကလုံးကို အလင်းရောင်ပေးချင်ပါတယ်ဆိုတဲ့ ငါလို သိုလ်ဆရာတစ်ယောက်က ကိုယ့်ညီမလေးရဲ့ဘဝကိုမှ အမှောင် လို ဖြစ်ခဲ့တယ်။ မြစ်တစ်ရိုးလုံးကို ကြည်လင်စေပြီး ကိုယ့်အိမ်က ာက်ရေအိုးကို အနည်ထစေခဲ့တဲ့ ငါလိုလူရဲ့ဘဝက ဘာအဓိပ္ပာယ် လဲ။ ငါ့ရဲ့အတ္တတွေက ငါ့ကို အမှောင်ဖုံးခဲ့တာ ငါမသိခဲ့ဘူးဟာ။ အပြစ်တွေကို ငါဘယ်လို ဆေးကြောရမှာလဲ . . . မလွဲ။

တကယ်တော့ ညီမလေးနွေဦးခင်နဲ့ ငါနဲ့က လူ့လောကတစ် ှာ ရိုးရိုးရှင်းရှင်းလေးပဲ တွေ့ဆုံခဲ့သလို လျှို့ဝှက်တဲ့ ဂမ္ဘီရဆန် ာ တွေ့ဆုံခြင်းတွေနဲ့ပါ တွေ့ဆုံခဲ့ကြတယ်။ နင်သိတဲ့အတိုင်းပဲလေ။ လေးနွေဦးက ငါ့ရဲ့ ညီမလေးအရင်း မဟုတ်ခဲ့ဘူး။ အဖေရော ပေါ် ဆုံးပါးသွားလို့ မိဘမဲ့သူနွေဦးခင်ကို ငါ့ရဲ့ဖေဖေနဲ့ မေမေတို့က ားခဲ့တယ်ဆိုတာ ငါလည်းသိတယ်၊ နွေဦးလည်းသိတယ်။ အားလုံး ိပါပဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ညီမအရင်းမဟုတ်တဲ့ နွေဦးက ငါ့အပေါ်မှာ မောင်နှ အရင်းလိုပဲ ကြင်နာခဲ့တယ်။ ကြင်နာတာမှ အိပ်မက်ထဲမှာတောင် ငါ့ အပေါ်မှာ အမြဲတမ်း ကြင်နာခဲ့တာ။ ငါ မန္တလေးတက္ကသိုလ်မှာ ကျောင်း တက်တုန်းက အိပ်မက်မက်ရင် နွေဦးက သူစုထားတဲ့ မုန့်ဖိုးလေးတွေ ငါ့ကိုအမြဲပေးခဲ့တယ်။

တစ်ခါတလေလည်း ငါ့ကိုပြန်လာခဲ့ဖို့ ခေါ်နေတတ်ပြန်တယ် အဲ ... တစ်ခါတလေကြပြန်တော့ သတ်သားခြောက်တွေ၊ အမဲနှပ်တွေ ကို အိပ်မက်ထဲမှာရော၊ အပြင်မှာပါ လူကြုံတိုင်း ထည့်ပေးတတ်သေး တာ။

နွေဦးရဲ့မေတ္တာ၊ နွေဦးရဲ့သံယောဇဉ်က အပြင်ကမ္ဘာမှာထက် ဂမ္ဘီရဆန်တဲ့ အိပ်မက်ကမ္ဘာထဲမှာ ပိုပြီး ထင်ထင်ရှားရှား မြင်ရတယ် မလဲ့ရယ်။ အဲဒါတွေကို ငါ သတိမထားမိဘူး။ စာဆိုရှိတယ်မဟုတ် လား သတိမမူ ဂူမမြင်တဲ့။ သတိမူရင် မြူတောင်မြင်ရသတဲ့လေ။

ငါကတော့ နွေဦးရဲ့ အလွမ်းဒိုင်ယာရီကိုဖတ်ပြီးတော့မှ နွေဦး ရဲ့ မေတ္တာနဲ့ သံယောဇဉ်ကို သတိပြုမိတာ။ အချိန်တွေက နှောင်းခဲ့ လေ။ ခုတော့ ငါဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ထဲကလိုပဲ။ အဆွေခင်ပွန်း ကောင်းကို ကံသုံးပါးနဲ့ ပစ်မှားမိရင် ...

"ရေသို့လည်း ခန်း၊ ပန်းသို့လည်း ညှိုး၊ မိုးသို့လည်း ခေါ် မီးသို့ လောင်" တဲ့။ ခုတော့ အဆွေခင်ပွန်းကောင်း ငါ့ညီမလေး နွေဦး ကို ငါမေ့လျော့ခဲ့မိလို့ ငါလည်း ရေလိုခန်းလို့၊ ပန်းလိုညှိုးနေရပြီ ... မလဲ့ရေ။

အင်း ... မင်းဆွေရဲ့ နှောင်းတအလွမ်းတွေကို ကျွန်မဖ





ရင်မောနေရပေမဲ့ ကျွန်မ အရှုံးဖောက်ပြီး ရယ်စရာတွေ ပြန်ရေး ပါတယ်။ အဲဒါတွေကတော့ ...

"မင်းဆွေ ... နင် တစ်ခါက ရေးပို့ခဲ့တဲ့စာသားတွေကို ငါ မှတ်မိနေသေးတယ်။ ဘာတဲ့ ... 'နွေဦးအကြို ဥသြငှက်တို့ရဲ့ လွမ်း သံက ရွက်ကြွေတောကို ဖြတ်သန်းပျံ့လွင့်လာရင်း' ဆိုတဲ့ စာသား လေ။ နင်ပို့ခါစကတော့ ဖတ်ပြီး ငါလည်း လွမ်းသလိုလိုရှိသွားပဲ။ နောက်တော့မှ ငါ စဉ်းစားမိတယ်။ အဲဒါ နင်တကယ်ခံစားပြီးရေးတာ မဟုတ်ဘူးထင်တယ်နော်။

ဒီလောက်ရာသီဥတု သမမျှတတဲ့ ရေဝတီတိုင်းအတွင်းက တက္ကသိုလ်ဝန်းကျင်မှာ ရွက်ကြွေတောရှိလို့လား။ ပြီးတော့ လေပူပူကြောင့် မောရတဲ့အမောတဲ့။ အဲဒါကလည်း မန္တလေး တက္ကသိုလ်မှာပဲ ဖြစ်နိုင်ချေများတာနော်။ နောက်တစ်ခုကတော့ ကံ့ကော် သင်းပျံ့ပျံ့ဆိုတာပဲ။ အဲဒါကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ အမှတ် ဖြစ်ပါလိမ့်မယ်"

အဲဒီလိုလည်း ကျွန်မရေးလိုက်ရော သူ ဒေါ်တွေပွပြီး ...

"မိလဲ့ ... နင် မန္တလေးတက္ကသိုလ်မှာ နေရတယ်ဆိုပြီး အရာ research (သုတေသန) မျက်လုံးနဲ့ မကြည့်နဲ့"

"ငါတို့ဆရာကြီးတွေ မှာထားတာတော့ အရာရာကို သံသယ မျက်လုံးနဲ့ကြည့်ပြီးတော့ အဖြေရှာတဲ့"

"အဲဒါဆို နင် အပျိုကြီးဖြစ်လိမ့်မယ်"

"ဖြစ်ပလေ့စေ ... research (သုတေသန) လုပ်နေရရင် ငါ ကျေနပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် သူနဲ့ကျွန်မ တစ်ယောက်ကိုတစ်ယောက် မခံချင် အောင် စကြရင်း Online ပေါ်က ထွက်ခဲ့ကြပါတယ်။

ကျွန်မ အဆောင်ပြန်ရောက်တော့ ရေမိုးချိုး၊ ညစာစားပြီး ခဏအနားယူနေစဉ်မှာပဲ မင်းဆွေပြောတဲ့ 'ရေသို့လည်းခန်း၊ ပန်းသို့ လည်းညှိုး၊ မိုးသို့လည်းခေါင်၊ မီးသို့လောင်' ဟူသော အဆိုကလေး ကို ကြားယောင်ရင်း မင်းဆွေအတွက် စိတ်မကောင်းဖြစ်နေရတယ်။

ဩော် ... မင်းဆွေ ... မင်းဆွေ ... နင်က အဆွေခင်ပွန်း ကောင်းကို ပစ်မှားခဲ့တာမဟုတ်ပါဘူးဟာ .. အဆွေခင်ပွန်းကောင်း သတိမေ့လျော့မိတာနဲ့များ ဒီလောက်တောင် ညှိုးနွမ်းကြေကွဲနေရသလား ကျွန်မ စဉ်းစားရင်း ... အင်း ... သူပြောတဲ့ ရေလိုခန်း၊ ပန်းလိုညှိုး တဲ့စာသားလေးကို ကျွန်မလည်း ဖတ်ဖူးပါရဲ့။ ဘယ်မှာ ဖတ်ဖူးတာပါ လိမ့်။

ဟော ... စဉ်းစားရင်း အတွေးထဲမှာ ဖျတ်ခနဲပေါ်လာခဲ့ တော့တယ်။ အဲဒါကတော့ နေသာဒ ... နေသာဒမုဆိုးပုဏ္ဏား။ တော် တော်လေး ရက်စက်ယုတ်မာတဲ့ ပုဏ္ဏားပေပဲ။

✿ ✿ ✿

❑

တစ်နေ့သောအခါမှာ နေသာဒပုဏ္ဏားဟာ သမင်ကို လေးနဲ့ ပစ်ခွင်းလိုက်တော့ သမင်ဟာလည်း မြားတန်းလန်းနဲ့ ထွက်ပြေးသွား သတဲ့။ အင်း ... နေသာဒကလည်း မုဆိုးပုဏ္ဏားပေပဲ ဘယ်နေလိမ့် မလဲ။ သမင်ကို မတွေ့မချင်း လိုက်ရှာရင်းက တောထဲမှာ တစ်နေ့ဝင် သွားတာကြောင့် သင့်တော်ရာသစ်ပင်တစ်ပင်မှာ အိပ်တော့တာပေါ့။ ဒါပေမဲ့ နေသာဒဟာ သူတစ်ယောက်တည်းမဟုတ်ဘဲ သူ့သား သောမ ဒတ်လည်း ပါသေးတာ။

ဖြစ်ချင်တော့ သူတို့သားအဖအိပ်တဲ့တောဟာ နဂါးမင်းကြီး ဥပုသ်စောင့်တဲ့တော ဖြစ်ပါလေရော။ နဂါးမင်းကြီးဟာ နဂါးပြည်မှ နဂါး မောင်းမ ခြွေရံသင်းပင်းတွေများလို့ ဥပုသ်ဆောက်တည်မရလို့ လူ့ပြည် တောထဲမှာ ဥပုသ်လာစောင့်နေတာကိုး။ နဂါးမင်းကြီးဟာ နေသာဒ တို့ ပုဏ္ဏားမျိုးနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပလေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ နဂါးမင်းကြီးကလည်း စိုးရိမ်သွားတာပေါ့။ သူ ဥပုသ်စောင့်နေတဲ့နေရာကို အလမ္ပာယ်ဆရာခေါ်လာရင်တော့ အခက်ပဲ လို့။ အင်း ... ဒီတော့ နဂါးမင်းကြီးက အကြံရတယ်။ ဒီပုဏ္ဏားသားအဖ ကို ငါ့ရဲ့နဂါးပြည်မှာ စည်းစိမ်ချမ်းသာတွေပေးပြီး ထားလိုက်ရင် သူတို့ လည်း စည်းစိမ်ခံစားရမယ်၊ ငါလည်းပဲ ဥပုသ်ဆောက်တည် မပျက် ဘူးရယ်လို့တွေးပြီး နဂါးပြည်ကို ပို့ထားသတဲ့။ နဂါးမင်းကြီးကတော့ လူ့ပြည်ကိုလာပြီး ဥပုသ်ဆောက်တည်လိုက်၊ နဂါးပြည်ကို ပြန်လိုက် ပေါ့''

ဟော ... တစ်နေ့တော့ နေသာဒက နဂါးပြည်မှာ အကောင်း မနေချင်၊ ဇွဲကဖောက်လာပြန်ပါပြီ။ ဘာတဲ့ ...

''ကျွန်တော်မျိုး လူ့ပြည်ကိုပြန်ပြီး ရဟန်းဝတ်ချင်ပါတယ်''

လို့ နဂါးမင်းကို လှည့်ကာပတ်ကာပြောရင်း လူ့ပြည်ပြန်ဖို့ အခွင့်အလမ်းရှာပါတော့တယ်။ အမှန်က နေသာဒလို ပုဏ္ဏားမိုက်က လူ့ပြည်မှာ ရဟန်းဝတ်ချင်သည်မဟုတ်။ ဘုန်းကံနည်းပါလေသော နေ သာဒပုဏ္ဏားက ဘုန်းကံကြီးသူတို့ ခံစားထိုက်တဲ့ နေရာဒေသမျိုးမှာ မပျော်နိုင်။

ဒါသည်လည်း လောကသဘာဝတရားတစ်ခု။ သူနေရတဲ့ စည်း စိမ်ပြည့်တဲ့ သိရိဂေဟာကြီးကို သူ့စိတ်ထဲမှာ နှောင်တိုက်ကြီးလို့ ထင် နေပါသတဲ့။ အင်း ... သူ့အနားမှာ ခြံရံနေတဲ့ နဂါးမယ်လေးတွေဆို တော့ ဘီလူးမတွေလို့ ထင်နေလို့ပါပဲ။

အင်း ... လူတွေ ... လူတွေ ... ကိုယ်နဲ့ထိုက်တန်တဲ့နေရာ မှာသာ ကိုယ်ပျော်မွေ့တတ်ကြတာပါလား။ ဝက်က ညွန်နှံ့လူးရတာဆို





ပျော်မွေ့သလို၊ ခွေးလိုကောင်မျိုးကျပြန်တော့လည်း သားရေပေါ်အိပ် ပြီး သားရေနွားကို ကိုက်ရတာ နှစ်ခြိုက်သတဲ့။

ဟော ... ကြည့်ပါဦးတော့ နေသာဒကြပြန်တော့လည်း ...

နေသာဒပုဏ္ဏားသားအဖတို့ နဂါးပြည်က ပြန်လာမယ်လုပ် တော့ နဂါးမင်းကြီးက အမြော်အမြင်ကြီးစွာနဲ့ မနောမယပတ္တမြားကြီး တစ်လုံးကို ပေးလိုက်သတဲ့။ နေသာဒပုဏ္ဏားကြီး လူ့ပြည်ရောက်ရင် လည်း ရဟန်းဘဝမှာ ပျော်မွေ့မှာမဟုတ်ဘူးလို့ နဂါးမင်းကြီးက ကြို တင်သိထားပုံရပါတယ်။ ဒါကြောင့် ရင်းဖို့ ... နှီးဖို့ ပေးလိုက်တာ။ ဟော ... ဒါပေမဲ့ နေသာဒက ...

''ကျွန်တော်မျိုးဟာ လူ့ပြည်မှာ ရဟန်းဝတ်မှာဖြစ်တဲ့အတွက် ဥစ္စာပစ္စည်းကို အလိုမရှိပါ အရှင်''

ဟုဆိုကာ ငြင်းပယ်ခဲ့သတဲ့။ သူ့စိတ်ထဲမှာ ဒီသိရိဂေဟာ နှောင်တိုက်ကြီးထဲက ထွက်ရမှာကိုပဲ ဝမ်းသာလုံးဆို့နေတယ်ထင်ပါရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ဟော . . . သူထားခဲ့တဲ့ ပတ္တမြားကြီးကို အလမ္ပာယ်ပုဏ္ဏား ဆီမှာလည်းတွေ့ရော နေသာဒပုဏ္ဏား အလိုရမ္မက်ကြီးစွာနဲ့ ရယ် ကြောင်း အမျိုးမျိုး လှည့်ပတ်ကြံစည်တော့တာပဲ။ လူမိုက် . . . လူမိုက် လူမိုက်တို့ရဲ့စရိုက်ဟာ ဒါမျိုးပါလား။ ကိုယ် အသာတကြည်ရတ ကတော့ အလိုမရှိ။ သူတစ်ပါးလက်ထဲမှာလည်း မရှုစိမ့်မမြင်ရ အလမ္ပာယ်ပုဏ္ဏားကကော ဒီပတ္တမြားကြီးကို ဘယ်လိုရခဲ့ပါသလဲ။

အလမ္ပာယ်ပုဏ္ဏားဟာ အစကတော့ အလမ္ပာယ်ဆရာမဟုတ် ရသေ့ကြီးတစ်ပါးဆီမှာ ဝတ်ကြီးဝတ်ငယ်ပြုစုပေးနေတဲ့ ကပ္ပိယကြီး ပါတော့။ တစ်နေ့ ရသေ့ကြီးဟာ တပည့်ကပ္ပိယကြီးကို နဂါးနိုင်တဲ့ဂါထာ သင်ပေးသတဲ့။ နဂါးနိုင်တဲ့ဂါထာလည်းရရော ကပ္ပိယကြီး အလမ္ပာယ် ဆရာလုပ်ရင်း အသက်မွေးပါတော့တယ်။





ဟော . . . တစ်နေ့ နေသာဒမှုဆိုးပုဏ္ဏားထားခဲ့တဲ့ ပတ္တမြား ကြီးနဲ့ နဂါးမယ်တွေ ဆော့ကစားနေခိုက် အလမ္ပာယ်ပုဏ္ဏားက နဂါး ဂါထာကိုအရွတ်၊ ဂါထာသံလည်းကြားရော နဂါးမယ်တွေ ထွက်ပြေး ကြတော့ အလမ္ပာယ်ပုဏ္ဏားက ပတ္တမြားကြီးကိုယူအလာ . . . ဟော နေသာဒက မနာလိုမရှုစိမ့်။ ဟော . . . ကြံစည်ပါပြီ၊ ပတ္တမြားကြီးရလို ကြောင်း။

"ဟော့ကောင် . . . အလမ္ပာယ် အဲဒီပတ္တမြားကြီး ငါ့ကိုရောင်း

"မရောင်းဘူးကွ . . . ဘယ်လောက်ပေးပေး မရောင်းဘူး"

"ရောင်းပါ . . . အလမ္ပာယ်ပုဏ္ဏားရယ်။ ဒီပတ္တမြားကြီး မင်း ဘယ်လိုသုံးမလဲ"

"ဘယ်လိုသုံးသုံးကွ . . . မရောင်းဘူး။ အေး . . . တစ်ခုတော့ ရှိတယ်။ နဂါးကိုပြနိုင်ရင်တော့ ဒီပတ္တမြားရမယ်ကွ"

"ဟာ . . . တကယ်လား . . . အလမ္ပာယ်။ နဂါးရှိတဲ့နေရာ အလွယ်လေး"

"ဒါဆို . . . ရော့ . . . ပတ္တမြား"

"ဟော ဟိုမှာ . . . နဂါး"

ဟုဆိုကာ နဂါးမင်း ဥပုသ်စောင့်တဲ့နေရာကို မိုက်မဲစွာညွှန် . . . ရော့ . . . ပတ္တမြား . . . ရော့ . . . နဂါးအဖြစ် လဲလှယ်ခဲ့ကြ တော့တယ်။

အင်း . . . အဲဒီနေရာမှာတင်ပဲ . . . နေသာဒရဲ့သား သော အတော့ အဆွေခင်ပွန်းကိုပစ်မှားရင် . . .

www.burmeseclassic.com



"ရေသို့လည်း ခန်း၊ ပန်းသို့လည်း ညှိုး၊ မိုးသို့လည်း ခေ
မီးသို့လောင်" ဆိုပြီး တောထဲမှာ ရသေ့ဝတ်နဲ့ အသက်ထက်ဆုံး တ
စီးဖြန်းနေလိုက်တာ သေလွန်တော့ ဗြဟ္မာပြည်ရောက်သွားတော့တာ
ပဲ။

နဂါးမင်းကတော့ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ
လို့ ဇာတ်တော်ကြီး (၁၀) ဇာတ်ထဲမှာပါတဲ့ ဘူရိဒတ်နဂါးမင်းဖြစ်
နောက်ဆုံး သဗ္ဗညုတရွှေဉာဏ်တော်ရကာ ဘုရားဖြစ်သွားပေမယ့်
နေသာဒကတော့ဖြင့် ရေသို့လည်းခန်း ....။

✿ ✿ ✿

# [ ၄ ]

နောက်တစ်လလောက်ကြာတော့ မင်းခေွက သူ Vacation
ချိန် အိမ်ကိုပြန်မယ်လို့ ကျွန်မဆီကို အကြောင်းကြားပါတယ်။ သူတို့
ဘော်တတက္ကသိုလ်က Vacation ပေးတဲ့အချိန်မှာတော့ ကျွန်မတို့
ဆွေလေးတက္ကသိုလ်မှာက ဆယ်တန်းအဖြေလွှာတွေ စစ်နေတဲ့အတွက်
ကျွန်မကတော့ အိမ်မပြန်ဖြစ်သေးပါ။

ကျွန်မရှိတဲ့ မန္တလေးကို မင်းခေွဝင်လာပါတယ်။ ကျွန်မလည်း
နောက်နှစ်ပတ်လောက်ကြာရင် စာစစ်လို့ပြီးမှာ ဖြစ်တဲ့အတွက် အဲဒီ
လောက် ပြန်လာခဲ့မယ်လို့ မင်းခေွနဲ့ပဲ ကျွန်မအိမ်ကို လှမ်းကြားစကား
ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မြို့ကိုပြန်ရောက်တဲ့အချိန်မှာတော့ မင်းဆွေရဲ့မေမေ ကျန်းမာရေးလည်း သတင်းမေးရင်း မင်းဆွေတို့အိမ်ကို ရောက်ခဲ့တယ်။ မင်းဆွေကတော့ ကျွန်မရောက်ရောက်ချင်း အိမ်မှာမရှိပါ။ ဒါ ကြောင့် ကြီးမေနဲ့ပဲ စကားလက်ဆုံပြောရင်း . . .

"ကြီးမေ . . . အကော်တောင် ပြန်ကောင်းနေပြီပဲ"

"ကောင်းတော့ ကောင်းနေပါပြီ သမီးရယ်။ ကြီးမေလည်း ကိုယ့်ကိုကိုယ် သေမယ်တောင်ထင်တာ။ နွေဦးဆုံးပြီးနောက်ပိုင်း ကြီး လည်း အားငယ်တတ်လာတယ်"

ပြောရင်း ကြီးမေတစ်ယောက် နွေဦးကိုသတိရပြီး စိတ် မကောင်းဖြစ်ပေါ်သွားဟန်တူပါတယ်။ ဟိုးအဝေးကိုငေးရင်း မျက်လုံး အိမ်မှာ မျက်ရည်စတွေဝေ့ဝဲလာတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်မက စကားလွှဲရင်း . . .

"ကြီးမေ . . . ဘယ်ကနေ ဘယ်လိုစဖြစ်တာလဲ"

"အရွယ်က ရလာပြီမဟုတ်လား။ စိတ်သွားတိုင်း ကိုယ်မ နိုင်တော့တဲ့သဘောပေါ့ သမီးရယ်။ ကိုယ့်ကိုကိုယ် ကျန်းမာတယ်ဆို စိတ်ထင်တိုင်း အလုပ်တွေလုပ်တော့ ခန္ဓာကိုယ်က မလိုက်နိုင်တော့ ကြောင်း သက်သေထူပြလိုက်တာပေါ့ သမီးရယ်။ ကြီးမေဖျားရင်း မြောတာမှ သုံးရက်တောင်ပဲ"

"သမီးလည်းကြားတယ် ကြီးမေ . . . မင်းဆွေနဲ့ အဆ အသွယ်ရှိတယ်လေ"

"ကြီးမေ မေ့မြောပြီး ပြန်သတိရလာတာ ထူးဆန်းတယ်"

"ဟုတ်လား . . ကြီးမေ ပြောပါဦး။ ဘာတွေထူးဆန်းတာ"

"အင်း . . . ကြီးမေ မေ့မြောနေတုန်းမှာ ကြီးမေကို မလု





န်းပန်းပျက် ယောက်ျားကြီးသုံးလေးယောက်က အတင်းလာခေါ်နေ တာ သမီးရဲ့။ ကြီးမေလည်း မလိုက်ဘူးလို့ အတင်းငြင်းတာပေါ့"

"အဲဒီတော့ ကြီးမေကို သူတို့က ဘာလုပ်ကြသလဲ"

"ကြီးမေက ရတနာသုံးပါးကို အာရုံပြုပြီး အတင်းရုန်းကန် တော့ ခေါင်းဆောင်လို့ထင်ရတဲ့တစ်ယောက်က 'ကြာပါတယ် . . . . . ဟိုရွာထိပ်က မသန်းကိုခေါ်သွားမယ်' လို့ဆိုပြီး သူ့အဖွဲ့တွေ ခေါ်ထွက်သွားကြတော့တာပဲ။

မကြာပါဘူး ကြီးမေလည်း သတိရလာတယ်။ မနက်မိုးလင်း တော့ ဘာရောဂါမှမဖြစ်တဲ့ မသန်းဆုံးတယ်ပြောကြတာပဲ။ ကြီးမေက တော့ နေမကောင်းဖြစ်နေတာဆိုတော့ နှစ်ရက်လောက်ကြာမှ ကြီးမေ ကို အသိပေးကြတာပါ"

"ဟုတ်လား . . . ကြီးမေ၊ ထူးဆန်းလိုက်တာနော်။ သမီးကို ဆွေပြောပြတာတော့ ကြီးမေ မေ့မျောနေတုန်းက ကြီးမေဆီကို သူ ရောက်သွားတယ်တဲ့။ ပြီးတော့ သူတစ်ချိန်လုံး ကြီးမေအနားမှာ ရဏပရိတ်ကို ရွတ်ပေးနေတယ်လို့ ပြောတာပါပဲ"

"ဟုတ်တယ် သမီး။ မေ့မြောနေရင်းက ရတနာသုံးပါးကို အာရုံ တဲ့ အကျိုးကျေးဇူးရယ်၊ ဓာရဏပရိတ် အကျိုးကျေးဇူးတွေရယ်ကြောင့် ကြီးမေ ပြန်သတိရလာတာ။ အဲလိုသာမလုပ်ခဲ့ရင် ကြီးမေ လူ့လောက မှာ ရှိမှာမဟုတ်တော့ဘူး"

"ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ မင်းဆွေပြန်ဝင်လာပြီ"

"ဟာ . . . မလဲ့ . . . နင်ရောက်နေတာလား"

"အေး . . . ငါလည်း ကြီးမေကိုသတင်းမေးရင်း ဒီနေ့အား ာနဲ့ ထွက်လာခဲ့တာပဲ"



www.burmeseclassic.com

ဒီလိုနဲ့ ကျွန်မတို့စကားဝိုင်းဟာ နှစ်ယောက်က သုံးယော
ဖြစ်လာတော့ ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း ပိုမိုသက်ဝင်လှုပ်ရှ
လာပါတယ်။ နွေဦးအကြောင်းကိုရောက်သွားတော့ မင်းဆွေ ကြီး
နေမကောင်းဖြစ်နေစဉ်က သူ့ကို အိပ်မက်ထဲမှာ နွေဦးကလာခေါ်ကြော
ပြောပါတယ်။

ကြီးမေကတော့ နွေဦးလေးဟာလည်း မိဘနှစ်ပါးလုံးအ
မှာ အလိုက်သိတတ်စွာနဲ့ အိမ်အလုပ်များကို မနားမနေလုပ်ရင်း အ
များကာ ဆုံးပါးသွားရတာဖြစ်ကြောင်းတွေ ပြောကြပါတယ်။ ခုချိန်
အိပ်မက်ထဲမှာ မင်းဆွေကို အမေဖျားကြောင်း လာပြောပုံကိုထော
ရင် နွေဦးတစ်ယောက် မိသားစုသံယောဇဉ်နဲ့ လွတ်ရာကျွတ်ရာ
ကိုမှ ကူးပြောင်းနိုင်သေးရဲ့လားလို့ အားလုံးက သံသယဝင်ခဲ့ကြပါတ

ဒါကြောင့်မို့ မင်းဆွေလည်း အိမ်မှာရှိနေခိုက် နွေဦးကိုရည်
ပြီး အလှူလုပ်၊ အမျှအတန်းဝေရန် စီစဉ်ခဲ့ကြပါတယ်။ သုံးရက်အ
မှာ မင်းဆွေတို့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်၊ ပရိက္ခရာရှစ်ပါးနဲ့တကွ အ
သော ဝတ္ထုပစ္စည်းများလှူဒါန်းပြီး အမျှဝေပါတယ်။ အဲဒီအခါမှာ
မင်းဆွေက ...

"ညီမလေး နွေဦးရေ ... မိသားစုအပေါ်မှာ ညီမလေး တာ
ကျေပါတယ်။ သွားလိုရာ သွားနိုင်ပါပြီ"

လို့ပြောရင်း သူ့အသံက ခြောက်ကပ်ကပ် ထစ်ငေါ့ငေါ့

❁ ❁ ❁

| ၅ |

❑

နောက်သုံးရက်အကြာမှာတော့ မင်းဆွေ ကျွန်မတို့အိမ်ကို
က်ချလာပါတယ်။ ပြီးတော့ ...

"မလဲ့ ... ငါညက နွေဦးကို အိပ်မက်မက်တယ်"

"ပြောပါဦး ... ဘယ်လိုမက်သလဲ"

"သူ့ခန္ဓာကိုယ်က ရွှေစင်ရုပ်တုအတိုင်းပဲဟာ။ ဝင်းဝါပျော့
င်းပြီး ငါ့ကို အိပ်မက်ထဲမှာ လက်ပြနှုတ်ဆက်သွားတာ ပြုံးလို့ပဲ။
ဒါ ဘယ်လိုအဓိပ္ပာယ် ကောက်ရမှာလဲ"

"နင်ကလည်း မြန်မာစာဆရာလုပ်ပြီး ညံ့လိုက်တာ"

"နင်ကကော အဓိပ္ပာယ်ကောက်တတ်လို့လား"

"ကောက်တတ်တာပေါ့။ နင့်သူငယ်ချင်း ငါက ကျောင်းတုန်း
ည်းက ညံ့ခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုဘ်ပါတယ်ဗျာ ... ငါကသာ ညံ့တာပါ"

"အေး ... အဲဒီလို ဝန်ခံမှပေါ့"

"နင် ငါ့ကိုဆိုရင် ဘယ်တုန်းကမှ အထင်မကြီးဘူးနော်"

"အထင်ကြီးစရာလား ... နင့်မှာ ဘာအထင်ကြီးစရာရှိ လဲ။ တစ်လောကလုံးက နင့်ကို ဘယ်လောက်အထင်ကြီးကြီး ငါဘ တော့မှ အထင်မကြီးဘူး။ အဲဒါ ငါပဲ ... နင်မှတ်ထား"

ကြုံတုန်းကြုံခိုက် ကျွန်မ မင်းဆွေကို နှိပ်ကွက်လေသမျှ ဆွေက ငုံ့ခံရင်း ...

"ငါယုံပါတယ် ... မလှဲ့၊ နင် ငါ့ကို အထင်မကြီးဘူးဆို ဒါနဲ့ ငါ့အိပ်မက်ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဦးလေ"

"နင်ကျောင်းတုန်းက နေမိဘုံခန်းပျို့သင်တာ မှတ်မိတ မဟုတ်လား။ ရှင်အဂ္ဂသမာဓိရေးတာလေ"

"မှတ်မိရုံတင် ဘယ်ကပါ့မလဲ။ ခုတောင် ငါဟာသ်ာတ ကလေးတွေကို သင်နေတာပဲဟာ။ နေမိဘုံခန်းပျို့နဲ့ ငါ့အိပ်မက်နဲ့ ဘ ဆိုင်လို့လဲ"

"ဘုံခန်းပျို့ထဲမှာ ဗိရဏီနတ်သမီးရဲ့ ဘုံခန်းကော ပါတ လေ"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

"ဗိရဏီနတ်သမီးလေး ဘယ်လောက်လှသလဲ"

"သူ့ရဲ့ ပြုံးရွှင်နေတဲ့ မျက်နှာလေးကိုတောင် ရှင်အဂ္ဂသ က ဖွဲ့ဆိုထားသေးတာ။ ဘာတဲ့ ... 'ရွှင်မူပြုံးပြုံး၊ မျက်လုံးမျက်ခွ လရောင်စက်သို့' တဲ့။ ပြီးတော့ရှိသေးတယ်။ 'မျက်တောင်ကော နဖူးပြင်လှ၊ ရင်ဝလည်းမောက်၊ ဖိတ်ဖိတ်တောက်မျှ' တဲ့"





"နှာဘူးကောင် ... ဒါတွေတော့ မှတ်မိသားပဲ"

"နင်မေးလို့လဲ ပြောရသေးတယ်"

"ထားပါတော့ဟာ။ အဲဒီလောက်လှတဲ့ နတ်သမီးလေးကို နေမိ ကြီးတွေ့တော့ အရမ်းခံစားသွားရတာလို့တောင် ရှင်အဂ္ဂသမာဓိက သေးတာ။ ဘာတဲ့ ... ဒီလောက်လှတဲ့ နတ်သမီးလေးနဲ့ သူ ကုသိုလ် တ မပြုခဲ့မိလေသလား။ ဖူးစာရေးနတ်တွေကများ မေ့လျော့နေရော သလား၊ ကုသိုလ်ကြွမ်မှာ မမီလေသလား ... ဘာညာဆိုပြီး လွမ်းတာ ... လွမ်း ... လွမ်း ... လွမ်း ... လွမ်း ... နဲ့"

"မိလှဲ့ ... နင်ဘာတွေ လျှောက်ပြောနေတာလဲ။ ငါ့အိပ်မက် ဘာဆိုင်လို့လဲ"

"နင် ဘာမှမလုံမလဲ ဖြစ်မနေနဲ့နော်။ နင့်ကို ငါ ဘာမှမပြော နေမိမင်းကြီးကိုပဲ ပြောနေတာ။ နောက်တော့ နင်နဲ့ဆိုင်တဲ့အပိုင်း တ်လာလိမ့်မယ်။ ဆက်နားထောင်"

"ကောင်းပါပြီ။ ဆက်နားထောင်ပါ့မယ်"

"အဲဒီလောက်လှပပြီး ခြွေရံသင်းပင်း၊ ဘုံဆောင်ဘုံခန်းတွေ ပြည့်စုံတဲ့ ဗိရဏီနတ်သမီးလေးက လူ့ဘဝမှာတုန်းက ဘာကောင်း သိုလ်တွေ လုပ်ခဲ့သလဲဆိုတာ နင်သိတယ်မဟုတ်လား"

"သိပါတော့။ ဘုံခန်းပျို့ကို သင်နေတာပဲဥစ္စာ။ ဘုံခန်းပျို့ထဲ တောင် နေမိမင်းကြီးကမေးလို့ မာတလိနတ်သားက ပြောသေးတာ။ ဏီနတ်သမီးလေးဟာ လူ့ပြည်မှာတုန်းက ဆင်းရဲတဲ့ အိမ်ကျွန်မ တဲ့။ ဆင်းရဲပေမယ့် စိတ်ထားဖြူစင်တယ်။ သူ့သခင်က ငြူဆူ မောင်းရင်လည်း သခင်အပေါ်မှာ စိတ်ထဲကတောင် မငြိုငြင်ရှာ တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသံဃာတော်တွေကိုလည်း တတ်နိုင်သမျှ လုပ်
လှူဒါန်းတယ်။ လမ်းဘေးမှာ ရေချမ်းစင်လေးထိုးပြီးတော့လည်း အ
ရှစ်မျက်နှာက ခရီးသွားခရီးလာတွေကို ရေကြည်အေးလေးတွေ
ဆက်တာတဲ့လေ။ အဲဒီလို စိတ်ထားဖြူစင်စွာနဲ့လုပ်တဲ့ ကောင်းမှုအ
ဆက်တွေကြောင့် နတ်ပြည်မှာ ဘုံဆောင်ဘုံခန်းတွေ ခြွေရံသင်း
တွေနဲ့ လှလှပပ မငြိုမငြင် နေရတာပေါ့”

“အေး . . . အဲဒါပဲ။ လူ့ပြည်က ဘုန်းကြီးပါတယ်ဆိုတဲ့
မင်းကြီးတောင် ငါလည်းမင်းပျို၊ နတ်မိညိုနဲ့ . . . ဘာညာ . . . ဘာ
ဆိုပြီး . . .”

“မိလှဲ့ . . . နင် အရွှန်းဖောက်လာပြန်ပြီ”

“ရှင်အဂ္ဂသမာဓိ ရေးထားတာကို ပြောတာပါ။ ဒါပေမဲ့
အဓိကပြောချင်တာ နွေဦးပဲလေ”

“ငါ ပေါက်ပြီ . . . မလှဲ့။ နင်ပြောချင်တာ ငါသဘောပေါ
ပြီ”

နွေဦးခင်ဟာလည်း စိတ်ထားဖြူစင်တယ်၊ ဘာသာတရားကို
ရှိုင်းတယ်။ ရတနာသုံးပါးနဲ့ လူကြီးမိဘတွေကို ရိုသေတယ်။ ငါတို့မိသား
အပေါ်မှာလည်း တာဝန်ကျေတယ်။ အနစ်နာခံတယ်”

“အေးပေါ့ . . . အဲဒီအကျိုးဆက်တွေကြောင့် နွေဦးခင်ဟာ
ကောင်းရာမွန်ရာကို ရောက်သွားပြီဆိုတဲ့နိမိတ်က နင့်အိပ်မက်ထဲ
လာထင်နေတာပေါ့။ နင်တွေးကြည့်လေ . . .။ နင်လည်း ဗုဒ္ဓဘာသာ
တစ်ယောက်ပဲ။ လူတွေဟာ ဘယ်လောက်ပဲ ကောင်းမှုကုသိုလ်တွေ
လုပ်၊ သေခါနီး အစွဲမကောင်းရင်လည်း မကျွတ်မလွတ် ဖြစ်တတ်
ပဲ။

စိတ်ကူးသစ်စာပေ



နွေဦးကလည်း မိသားစုအပေါ်မှာသံယောဇဉ်ကြီးတာ အားလုံး
ပဲလေ။ အဲဒီသံယောဇဉ်ကြောင့် တမလွန်ဘဝကနေ နင်တို့ကို စိတ်
နိုင်စွာနဲ့ သတိပေးစောင့်ရှောက်နေတာ။ အိပ်မက်တွေ ပေးပေးနေ
ဖြစ်မယ်။ ခုတော့ နင်တို့လုပ်ပေးတဲ့ ကောင်းမှုတွေကို အမျှရပြီး
နဲ့ ကောင်းမှုအကျိုးဆက်တွေကြောင့် နတ်ပြည်ကိုရောက်သွားတဲ့
သာပဲ။ ဘယ်လိုပဲတွေးကြည့်ကြည့် ဒီလိုပဲဖြစ်ရမယ်။ အဲဒါ ယုတ္တိ
ယ်။ ကြောင်းကျိုးညီညွတ်တယ်။ မဟုတ်ဘူးလား”

“သုတေသနပေါင်းစုံကို လုပ်နေတဲ့ သုတေသီကြီးပြောတာ
စိတ်ချမ်းသာစရာတွေချည်းပါလား”

“နင် တကယ်စိတ်ချမ်းသာပါတော့ . . . မင်းဆွေရယ်။ အဲဒီ
ဖြစ်ကိုဖြစ်ရမယ်။ နောက် Internet ကနေ နတ်ပြည်ကို ကြည့်လို့
နေမိမင်းကြီးလို ကုသိုလ်ကြွမ္ဘာ မမီလေသလားတွေ ဘာတွေ လုပ်
နဲ့၊ ဟား . . . ဟား . . . ဟား . . . ဟား . . .”

“မိလှဲ့ . . . နင် အကောင်းပြောရင်းက ဖောက်လာပြန်ပြီ”

“ဖောက်လာတာ မဟုတ်ဘူးဟဲ့ . . . ကျန်သေးတယ်။ နေမိ
ကြီးက ဗိုလ်ရဏ်ဘုံခန်းက ထွက်ခွာခါနီးမှာ ပြောသေးတာလေ . . .
တဲ့ . . . ‘ချစ်ရိပ်ပွင့်ကို၊ လုလင်ဘာသာ၊ ပျူငှာဆန်းဆို၊ လွမ်းလိုလို
သံချို့မြမြ၊ နှမပြာဝင်း၊ နေရစ်မင်း’ တဲ့။ ခုတော့ မောင်ကြီး
ဝင်း၊ နေရစ်မင်းပေါ့။ ဟား . . . ဟား . . . ဟား . . . ဟား”

“မိလှဲ့ . . . နင်နော် . . . နင် . . . နင် . . .”

နန်းရွှေရည်

www.burmeseclassic.com

www.burmeseclassic.com




❑

မုဆိုးလုပ်ကြသူတို့အဖို့ အမဲပစ်ခရီးစဉ်တွင် ငှက်ငယ်ကလေးတို့နှင့်ပတ်သက်ပြီး ဆက်စပ်ပတ်သက်ယှက်နွယ်နေကြသည်က အမှန်အဖြစ်ပေသည်။ ထိုကဲ့သို့ ရင်းနှီးပတ်သက်နေကြရသည့် ငှက်ငယ်ကလေးတို့အထဲတွင် 'တစ်တီတူးငှက်ငယ်' တို့သည် မုဆိုးလုပ်ကြသူများနှင့် အရင်းနှီးဆုံးသော ငှက်ကလေးများဖြစ်ကြပေသည်။

အထူးသဖြင့် ငှက်ငယ်ကလေးတို့သည် မုဆိုးနှင့်သားကောင်တို့အကြား နှစ်ဦးနှစ်ဝ အမုန်းခံရသော ငှက်ငယ်တို့ဖြစ်သည့်အပြင် သူတို့အသိုက်အဝန်းကို ရှာဖွေဖျက်ဆီးခံကြရလေသည်။ အသိုက်အမြုံသာမက ဥများနှင့်သားသမီးများကိုပါ အညှိုးအတေးခံရသဖြင့် ဖျက်ဆီးခံကြရသော ငှက်ငယ်မျိုးဖြစ်ပေသည်။

သို့သော် ထိုငှက်ကလေးတို့ အော်မြည်ဟစ်ကြွေးသံကို တန်ဘိုးရှိအသုံးချတတ်သော မုဆိုးတို့အတွက်မူ လွန်စွာတန်ဘိုးရှိသော ငှက်အကြောင်းကို အမဲပစ်ခရီးတစ်ခုအတွင်းမှ ကိုယ်တွေ့ဖြစ်ရပ်ကို ရေးသားတင်ပြလိုက်ရခြင်းဖြစ်သည်။

✿ ✿ ✿

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

နံနံစောစောပိုင်းမို့ မြူနှင်းတို့က အုံကျင်းဖွဲ့လျက်နှင့်အ
သစ်ပင်မြင့်ကြီးများတို့ အလက်ရွက်ဖား ဝေဝေကြီးတို့ဆီမှ မြေ
ထက်ဆီသို့ တဖြောက်ဖြောက်ကျဆင်းနေကြသည့် နှင်းစက်များကြော
တဖွဲဖွဲရွာနေသည့်အသွင်။

ထိုအချိန်တွင် လေညင်းက သစ်ရွက်သစ်ခက်များအား 
ဖေ့ဖြတ်သန်းလိုက်သည့်အတွက် သစ်ရွက်များ၏ လှုပ်ရှားတိုးဝှေ့သံ
ကြားနေရပေမဲ့ တကယ်တမ်းတွင် တောကြီးကား ငြိမ်သက်နေသည်
ဟိုအရှေ့မိုးကုတ်စက်ဝိုင်းကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်
စိမ်ညို့ညို့နှင့် နှင်းဖုံးတောင်တန်းကြီးကို နောက်ခံပြုလျက် တော
ကြီးက တပြန့်တပျော။





ဥက္ကံသုံးဆယ်ဘက်ဆီမှ ဖောင်းထူကိုကျော်ပြီး ဘုန်းနိုင်၊ စလူ
ကျောင်း၊ သယ်န်းမြောင်၊ သန္တတ်အိုင်၊ သဖြူနှင့်ကလော့ ကျေးရွာ
များကိုကျော်ဖြတ်ပြီး ပိန်းအိုင်ဆိုသည့်ရွာထိ လျှောက်လှမ်းကြရပေဦး
ည်။

အမှန်တော့ သည်ခရီးကိုထွက်ကြဖို့ စီစဉ်တုန်းက အဖွဲ့သား
အားလုံးနှင့် တစ်စုတစ်ဝေးထွက်ကြဖို့ စီစဉ်ခဲ့ကြခြင်းပင်။ တကယ်တမ်း
ထွက်လာကြသည့်အခါ လူငယ် (၄)ဦးမှာ အကြောင်းအမျိုးမျိုးတို့ကြောင့်
လိုက်ပါမလာနိုင်ကြသည့်အတွက် ကျွန်တော်တို့ လူကြီး (၃)ဦးတည်း
သာ ထွက်လာခဲ့ကြခြင်းပင်။

အမှန်တော့ သည်ခရီးက နီးသည့်ခရီးတော့ဖြင့်မဟုတ်။ တော
တန်းကို ဖြတ်တောက်တိုးဝင်သွားလျှင်ပင် (၂၅)မိုင်အထက်၊ သုံးဦးသား
ကျောပိုးအိတ်ကိုလွယ်၍ သေနတ်ကို အသင့်ကိုင်ဆောင်ကြရင်း လူ
သွားလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေလိုက်ကြပေသည်။

"ညီလေး မနက်စာကို ဘယ်လိုစီစဉ်ကြမလဲကွ"

အစ်ကိုကြီးဦးသိန်းလွင်က မေးလိုက်သည့်အတွက် ကျွန်တော်
စဉ်းစားလိုက်ရင်း ပြန်ပြောလိုက်မိသည်က ...

"ဘုန်းနိုင်ရွာကို ဝင်လိုက်ကြတာပေါ့ အစ်ကိုကြီးရယ်။ အဲဒီ
မှာ စားသောက်ဆိုင်တွေရှိတာပဲ ပူမနေပါနဲ့။ လမ်းမှာတွေ့တဲ့ရွာတွေမှာ
ထိုတာကို အားလုံးဝယ်လို့ရပါတယ်။ ပိုက်ဆံရှိနေကြတာပဲဟာ"

"ဒါဆိုရင် ဆိုင်မှာစားကြသောက်ကြရင်း ကာရာအိုကေလေး
တစ်ပုဒ် ဟဲလိုက်ချင်တယ်ကွာ။ ရပ့်မလားကွ"

"အင်း ... ဒီကိစ္စလည်း ရနိုင်ပါတယ်။ ခုအချိန် တော့ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကဆိုင်တွေဆိုပြီး သိပ်အထင်မသေးနဲ့ အစ်ကိုကြီးရဲ့။ သူတို့နေတော တောဆိုပြီး အထင်သေးလို့မရဘူး။ ခေတ်ကြီးက အစစအရာရာ တ တက်နေတယ်လေ''

''ဟုတ်လားကွ။ တောထဲမှာ ဒီလောက်တိုးတက်နေသလား ကွ''

''ဟုတ်တယ်လေ အစ်ကိုကြီးရဲ့။ အစ်ကိုကြီး အရက်နဲ့ပတ် သက်ရင် ဘာအရက်သောက်ချင်သလဲ။ ရေခဲစိမ်ဘီယာရတယ်။ ဒေ သုပ်ရတယ်။ ဝီစကီ (ဖြူ + နီ + နက်)လည်းရတယ်။ အဲသလောက် ပြောင်းလဲနေတာ အစ်ကိုကြီးရဲ့''

''ဟုတ်လား ညီလေး။ မင်းပြောပုံအရဆိုရင် မာဆတ်တို့အ တို့လည်း ရှိမှာပဲနော်''

''ဟုတ်ကဲ့ ရနိုင်မယ်အစ်ကိုကြီး။ အဓိကလိုအပ်တာ ပိုက်ဆံ ပါပဲ''

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူပြန်ပြောလိုက် သည်က ...

''တကယ်ပါပဲကွာ။ မင်းပြောတာကိုကြားရတော့ ငါအတော် အံ့ဩသွားမိတယ်။ စီးပွားရေးတံခါးကိုဖွင့်လိုက်ပြီး ပါတီစုံစနစ်ကို ပြောင်း လဲလိုက်လို့ ဖြစ်ပေါ်လာတဲ့အကျိုးရလာဒ်ဟာ မြို့ရော တောပါမကျန် အမှန်ပြောင်းလဲသွားတယ်ဆိုတာကို သတင်းစာတွေမှာလည်း ဖတ် တယ်။ ရေဒီယိုကလည်း ကြားနေရပေမဲ့ မယုံဘူးကွ။ ခု မင်းပြောလို့ တော့ ယုံရတော့မလိုပဲ။ ငါပိုပြီးယုံသွားအောင် လမ်းမှာတွေ့ရမယ့်ရွာ တွေကိုရောက်ရင် မင်းလက်တွေ့ပြစမ်းကွာ''

ရှေ့ဆုံးမှ ကျောပိုးအိတ်ကိုလွယ်၊ သေနတ်ကိုလက်မှကိုင်ဆော





သွားနေသည့် အဘကောင်းက လှမ်းလက်စခြေလှမ်းကိုရပ်တန့်လိုက် စောင့်နေသည်။ ကျွန်တော်တို့နှစ်ယောက် သူ့အနီးသို့ရောက်တော့-

''ကိုသိန်းလွင် ဘာတွေထောင်ပေးနေတာလဲ။ ကိုယ့်အလုပ် အမဲပစ်မဲ့အလုပ်လေ။ အမဲသားကောင်အကြောင်းတော့ မပြောဘူး။ တော့ တကတည်း ...''

အဘကောင်းပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့နှစ် ယောက် ရယ်မောနေလိုက်ကြရင်း လျှောက်လှမ်းခဲ့ကြပေသည်။

အချိန်က (၉)နာရီပင် ကျော်ခဲ့ပြီမို့ ဖြူလွင်သောမီးခိုးတို့က နိုင်ရွာဘက်ဆီမှ ဝေ့ဝဲပြန့်လွင့်ကာ ရိုးမတောကြီးဘက်ဆီသို့ တိုး ရှိသည်ကို တွေ့လိုက်ရသည်။ ဝဲဘက်ဆီတွင် မဟူရာချောင်း ကြက်ခွပ်တို့က နေရောင်အောက်တွင် တဖိတ်ဖိတ်တလဲ့လဲ့။

ဘုန်းနိုင်ရွာသည် ညို့ညို့မှိုင်းမှိုင်း သစ်ပင်ကြီးတို့အကြားဆီ ဘိတ်ဆိတ်ငြိမ်သက်စွာနှင့် ကျွန်တော်တို့သုံးဦးကို ဆီးကြိုနေသည်။

''ညီလေးရေ ... အဲဒီရွာမှာ နားလိုက်ကြရအောင်။ မင်းပြော ဆိုင်မှာနားမယ်ကွာ ...။ ဝင်လိုက်''

ကျွန်တော်တို့သုံးယောက် ရွာထိပ်သို့ရောက်တော့ ရွာတွင်ရပ် သည့်ကားတို့က ဆယ့်နှစ်စီးခန့်။ ထိုကားတွေကိုကြည့်လိုက်တော့ လီကားများပင်။ သစ်တိုက်၊ ဝါးတိုက်ကားတို့ပင်။ အချိန်မရောက် လားဖြင့်မသိ။ ကားသမားအချို့က အရက်သောက်နေသည်ကို တွေ့ရသည်။ တီဗီကြည့်နေသူများနှင့် ကာရာအိုကေဆိုနေကြ တို့လည်း တွေ့လိုက်ရသည်။

'ဟိုင်းဝေး ဖီလင်စားတော်ဆက်'ဟုရေးထားသော ဆိုင်းဘုတ် ဆီသို့ ကျွန်တော်တို့သုံးဦးသား သေနတ်များကိုင်ဆောင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်တော့ အရက်သောက်နေသူတို့နှင့် တေးဆိုနေကြသူတို့ တထိတ်တလန့်။ ဆိုင်ရှင်ဟုယူဆရသူ အမျိုးသားက ထွက်ကြိုဆို မေးလိုက်သည်က ...

"ဆရာတို့သုံးဦးက အမဲပစ်သမားတွေနဲ့တူတယ်နော်"

ဆိုင်ရှင်၏အမေးကို အကင်းပါးလှသော အဘကောင်းက ...

"အေးကွာ ... ငါတို့ အမဲပစ်သမားတွေပါ။ ပိန်းအိုင်ရွာ သွားမလို့။ မုဆိုးလှမြင့်ဆီကိုပါ။ လှမြင့်ကို သိတယ်မို့လားကွ"

"ဟာ ... သိတာပေါ့။ သူပစ်လို့ရတာတွေကို ကျွန်တော် ချုပ်ဝယ်နေတဲ့သူပါ။ ဒါနဲ့စကားမစပ် အဲဒီရွာကို ဘာနဲ့သွားကြမှာ ခင်ဗျာ့"

"ဒီအတိုင်း ကုန်းကြောင်းသွားရမှာပေါ့ကွ။ သူတို့ကိုလည်း ကြိုမှာမထားတော့ ဒီအတိုင်း လျှောက်ကြရုံကလွဲလို့ ဘာနဲ့သွား သေးလို့လဲကွ"

အဘကောင်းက လီမွာပါးနပ်စွာ နပ်ကြောင်းပေးရင်း လိုက်တော့ ဆိုင်ရှင်လုပ်သူက ...

"အောင်ဝင်းရေ ... မင်းအဘတွေကို နေရာစီစဉ်ပေး ငါ ဗီဒီယိုရုံဘက်ကို ခဏသွားလိုက်ဦးမယ်"

သူခေါ်လိုက်သည့်အတွက် စားပွဲထိုးကလေးက ကျွန်တော် ဆီပြေးလာသဖြင့် သေနတ်နှင့်ကျောပိုးအိတ်တို့ကို ခုံပေါ်တင်လိုက်

"ကျွန်တော် ဒီကနေ့ ကလော့ဘက်ကိုတက်မဲ့ကား သွား ဦးမယ်နော်။ သူတို့ သစ်တင်ကားနဲ့လိုက်သွားတော့ သက်တောင်း သာအချိန်မီရောက်တာပေါ့။ လမ်းလည်း နည်းနည်းပဲလျှောက်ကြရ





နှုန်းတဲ့သတင်းစုံစမ်းရင်း အမဲပစ်ထွက်ကြတာတဲ့။ သူတို့အဖွဲ့ကို ရတနာ ကျောက်ကျောက်တုံးကြီးနားမှာ တွေ့ရတာ။ သူတို့လည်း ရတနာသိုက် အကြောင်း သိနေတယ်ထင်တယ်ဆရာ"

"အောင်သန်းရေ ... ဒီရတနာသိုက်က လူအတော်များများ နေကြပြီး ဘယ်သူမှလည်း မဖော်နိုင်သေးဘူး။ ငါလည်းစဉ်းစားတာ နောက်တောင်ခြောက်နေပြီ။ ဂျပန်တွေက တကယ့်ကို လျှို့လျှို့ဝှက် လုပ်သွားတာပဲ။ ဒါပေမဲ့ မကြာခင် ငါအဖြေတွေ့မှာပါ"

"လုပ်စမ်းပါ ဆရာရယ်။ ကျွန်တော်တို့လည်း လွတ်ခါနီးပါ ပြီ စည်းစိမ်ကလေးနဲ့ နေရအောင်ပါ"

"အေးပါကွာ ... ငါကြိုးစားပြီး အဖြေရှာပါ့မယ်။ အခက် ခဲဆိုတာတော့ ရှိစမြဲပဲ။ ဒါပေမဲ့ မဝေးတော့ဘူးလို့ ငါအလိုလိုသိနေ တယ်"

အောင်သန်းနှင့်တင်သောင်းတို့ ဟင်းချက်နေကြစဉ် ကျွန်ုပ် အတွေးများ ပွားနေမိသည်။ ဂျပန်များလည်း လူဖြစ်သည်။ လူအချင်း ချင်း လျှို့ဝှက်စွာလုပ်ဆောင်သွားမှုကို လူတစ်ယောက်ဖြစ်သော ကျွန်ုပ် က မဖော်ထုတ်နိုင်လျှင် ညံ့ရာကျပေမည်။ ပြဿနာပုစ္ဆာတွင် အဖြေ အမြဲပါသည် မဟုတ်ပါလား။

ကျောက်တုံးကြီးပေါ်တွင် စကေးအလိုက် မြေပုံထွင်းထုခြင်း၊ ကျောက်ငုတ်များအား မြေပုံညွှန်းအတိုင်း စနစ်တကျစိုက်ထူခြင်း၊ ဂူနာ မြှုပ်များ မြှုပ်နှံခြင်းတို့အတွက် အနည်းဆုံး (၅)ရက်တစ်ပတ် ကြာ မြင့်လိမ့်မည်။ ဂျပန်များစစ်ပြေးရင်း ဤသို့ထွင်းထုရန် အချိန်ပေးနိုင် ကြလေသလား။ သေသပ်ညီညာသဖြင့် ကမန်းကတန်းလုပ်ခြင်းလည်း မဟုတ် ပေ။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ခေတ်မှာ သစ်တောဘက်ကပုဂ္ဂိုလ်များ တောတ ရင်း အမှတ်တရ ထွင်းထုခြင်းလည်း မဖြစ်နိုင်။ သတင်းအနံ့ရထား များကလည်း အတိအကျ ပြောနေကြပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြ ပြီးသည်မှာ နှစ်(၅၀)ကျော်ခန့်ရှိခဲ့ပြီး ဂျပန်စာများလည်း ရေးထွင် ထားတော့ အပြောနှင့်အဟောက ညီနေသည်။

သို့သော် လျှို့ဝှက်သော့ချက်က ဘာလဲ။ စဉ်းစားရခက် သည်။ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင်တော့ လုပ်ရပေမည် အချိန်ကြာလာသည်နှင့်အမျှ လူသိများလာကြမည်ဖြစ်သည်။ မြို့နှင့် နှင့်ဝေးသော တောခေါင်ခေါင်နေရာဖြစ်၍သာ တော်ပါသေးသည်။

ကျွန်ုပ်စဉ်းစားနေစဉ် မုဆိုးအောင်သန်းက ထမင်းပြင်ပြီ ကြောင်း အကြောင်းကြားသဖြင့် ထ၍ စားရတော့သည်။ ဟင်းများ ကြက်သား၊ ချေသား၊ ဆီပြန်ဟင်းများဖြစ်၍ ကောင်းလှပါသည်။ သို့သေ အဆာလွန်၍လား၊ အတွေးနက်နေသဖြင့်လား မသိနိုင်ပါ၊ ထမင်း ဟက်ဟက်ပက်ပက် မစားနိုင်ပါ။ တန်ရုံသာစား၍ အပြီးသတ်လိုက် ပါသည်။

□

နောက်တစ်နေ့မနက်တွင် ပစ္စည်းပစ္စယများကို ကျောပိုးအိတ် ထည့်ခဲ့ပြီး မျောက်တင်သောင်းကထမ်းကာ ကျွန်ုပ်က ရိုင်ဖယ် နတ်ကြီး ထမ်းသည်။ မုဆိုးအောင်သန်းက ရေးဘူးနှင့်လေးခွအိတ် လွယ်ကာ တောရှင်းဓားတစ်ချောင်းကိုလည်း ယူခဲ့သည်။ ယနေ့မနက် ၍လားမသိ၊ ဆရာဝန်ကြီးတို့သားအဖကို မမြင်ရပါ။ စိတ်လျှော့ ၍လား၊ ကျွန်ုပ်ကိုပင် ပုံအပ်လိုက်သလားမသိနိုင်ပါ။

တစ်မိုင်ကျော်ခန့်လျှောက်ပြီး ကျောက်တုံးကြီးအနားရောက် ော့ ကျွန်ုပ်တို့ ခေတ္တနားကြသည်။ ကျွန်ုပ် ကျောက်တုံးကြီးပေါ်က ်တို့မြေပုံများကို အသေးစိတ်ပြန်ကြည့်သည်။ အလွတ်ရနေပြီဖြစ် ်လည်း မကျန်ရစ်စေရန် ဖြစ်သည်။

ပြီးနောက် မျောက်တင်သောင်းလွယ်လာသည့် ကျောပိုးအိတ် မှ မှန်ပြောင်းကိုထုတ်ပြီး လည်ပင်းတွင်လွယ်သည်။ ကွန်ပတ်စ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခါးမှာချိတ်သည်။ ပြီးနောက် အောင်သန်းကို တောင်ကုန်းပေါ်သို့ အ တက်စေပြီး ဝါးကိုင်းများအား ရှင်းလင်းခိုင်းရသည်။

မနေ့ကရောက်ခဲ့သော ကျောက်ဂူတတ်အနီးသို့ရောက်သော် ပင်အရင်း၌နားပြီး တင်သောင်းအိတ်ထဲမှ ALTI METER ကို ထု စေပြီး အမြင့်တိုင်းရသည်။ ကွန်တိုမျဉ်းများ၏ စကေးကိုသိရန်နှင့် က လန့်ဖြတ်မျဉ်းဖြောင့်များ၏ အမြင့်ပေနှင့်ကျောက်ဂူတတ်တို့၏ ဆက်နွ ပတ်သက်မှုကို သိရန်ဖြစ်သည်။

ကျွန်ုပ်တို့ရောက်နေသော တောင်အလယ်အဆင့်မှာ အမြင့် (၁၀၀၀')ဖြစ်သည်။ ဂရပ်မျဉ်းအလယ်ခေါင်အဆင့် ဖြစ်သည်။ ထို့ကြော ကျောက်တုံးကြီးအနီးက အောက်ဆုံးဂရပ်မျဉ်းမှာ ပေ (၅၀၀') ဖြစ် လိမ့်မည်။ သို့ဆိုလျှင် ကွန်တိုမျဉ်း၏စကေးမှာ (၁)လက်မလျှင် (၅၀ ပေနှုန်းဖြစ်မည်။

ရေးဆွဲထားသော အပေါ်ပထမဆုံးမျဉ်းဖြောင့်သည် ကွန် တတိယမျဉ်းကွေးပေါ်၌ ရှိသောကြောင့် အမြင့်ပေ (၁၅၀၀') ရှိကြော ကျွန်ုပ် ခန့်မှန်းမိပေပြီ။ ကွန်တိုမျဉ်းကွေးနှင့် ဂရပ်မျဉ်းကြောင်း *နေရာတွင်ဆုံသဖြင့် ကျောက်ဂူတတ်တစ်ခုနှင့်တစ်ခု အကွာအဝေးမှာ* (၁၅၀၀')ဖြစ်ကြောင်းလည်း သေချာသွားသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ရောက်ရှိနေသည့် ကျောက်ဂူတတ်အမှတ် (၄)မှစ၍ ပေ (၁၅၀ အတွင်းရှိ ကျောက်ဂူတတ်များအား ရှာဖွေရန်သာရှိတော့သည်။

ကျွန်ုပ်လည်းပင်း၌ဆွဲထားသော မှန်ပြောင်းဖြင့် ပေ (၅၀ ဝန်းကျင် Focus ဆုံချက်ကို ရှာသည်။ ဝါးရုံပင်များ၏ကိုင်းများ တိုက်ပြီးလှုပ်ရမ်းနေသဖြင့် မြင်ကွင်းက ဖုံးနေသည်။ အတော်ကြာ





တော့မှ ကျောက်ဂူတတ်တစ်ခုကို အထက်တောင်ကမ်းပါးယံ ကျောက်တုံး ကြားတွင် တွေ့ရသည်။ ကွန်တိုမျဉ်းမှာ ဂရပ်မျဉ်း(၃)ကြောင်းပေါ် င် အထက်မျဉ်း၌ တစ်နေရာထိစပ်နေပြီး အလယ်မျဉ်း၌နှစ်နေရာ အောက်ဆုံးမျဉ်း၌ နှစ်နေရာထိစပ်နေသည်။

ကျွန်ုပ်တို့ရောက်ရှိနေသော ကျောက်ဂူတတ်မှာ အမှတ်(၄)ဖြစ်၍ ကျွန်ုပ်အသစ်ထပ်မံတွေ့ရသော အပေါ်ဆင့်ကျောက်ဂူတတ်မှာ ကျွန်ုပ် လက်ဝဲဘက်တွင်ရှိသဖြင့် အမှတ် (၂)နှင့် အမှတ် (၃) တစ်ခုခုဖြစ်နိုင် သည်။ မှန်ပြောင်းကို မျက်နှာကခွာ၍ အသစ်တွေ့ရသော ကျောက်ဂူတတ် မျက်မှန်းဖြင့်တိုင်းကြည့်ရာ ပေ (၅၀၀')ခန့်သာ ကွာဝေးသဖြင့် တိယကျောက်ဂူတတ် ဖြစ်ပေလိမ့်မည်။

သို့ဆိုလျှင် ဒုတိယ နံပါတ် (၂) ကျောက်ဂူတတ်မှာ ကျွန်ုပ်တို့ တွေ့ရှိသည့် စတုတ္ထနံပါတ် (၄) ကျောက်ဂူတတ်နှင့် တစ်တန်းတည်း င် ရှိပေလိမ့်မည်။ အကွာအဝေးမှာလည်း ပေ(၅၀၀')ဖြစ်သည်။

"ကဲ ... မျောက်တင်သောင်းရေ ဒီတစ်ခါ မင်းအလှည့်ပဲ။ ... လာ ... ငါပြမယ်။ ဟိုအပေါ်ကကျောက်ဂူတတ်ကို တွေ့သလား။ မှန်ပြောင်းနဲ့ကြည့်"

"တွေ့တယ်ဆရာ"

"အေး ... တွေ့ရင် လက်ဝဲဘက်ကို တစ်တန်းတည်းလျှောက် ပေ (၅၀၀') အကွာမှာ အဲဒီကျောက်ဂူတတ်ပုံစံတစ်ခုကို တွေ့ရလိမ့် ။ တွေ့ရင် အော်လိုက်။ ကဲ ... မင်းတက်တော့"

"ဟုတ်ကဲ့ ဆရာ"

မျောက်တင်သောင်းတစ်ယောက် မျောက်တစ်ကောင်ကဲ့သို့ ပေါ်ဆင့်သို့ ကုပ်ကပ်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေ (၅၀၀)အကွာခန့်၌ သူရှာနေသည်။ ကျွန်ုပ်မှန်ပြောင်း
နှင့်လှမ်းကြည့်သည်။ ကျောက်တုံးကျောက်ခဲများသာရှိသည်။

"ဆရာမတွေ့ဘူးဗျို့"

"အေး . . . အေး . . . ငါလောကြီးသွားတာ အောက်ကိုဆ
ရမှာ။ ငါအခုထိုင်နေတဲ့ ကျောက်ငုတ်နဲ့တစ်တန်းတည်းကို တ
တည့်ဆင်းခဲ့။ ပေ (၅၀၀)လောက်အကွာမှာဘဲ"

"မျောက်တင်သောင်း ကျောက်တုံးများနှင့် ဝါးပင်များကို
ကန်နိုဆွဲ၍ တည့်တည့်ဆင်းလာသည်။ ကျွန်ုပ်နှင့်မျဉ်းဖြောင့်တည့် တ
တွင် ရှာနေသည်။

"မတွေ့ဘူးဆရာ"

"အေး . . . အေး . . . ငါများသွားပြန်ပြီ။ ကွန်တိုမျဉ်းအ
ရှာရမှာ။ အဒီအတိုင်း ရှေ့ကိုတည့်တည့်လျှောက် မြေပြင်ကို အသေး
ကြည့်"

မျောက်တင်သောင်း ကျွန်ုပ်ထိုင်နေသည့် စတုတ္ထကျောက်
နှင့် တစ်တန်းတည်းလျှောက်သွားသည်။ မကြာမီ . . .

"တွေ့ပြီ ဆရာ၊ ဒီမှာ ဂျပန်စာတွေရေးထားတယ်"

"အေး . . . အေး . . . အဲဒီနားက ဝါးရုံပင်ရိပ်မှာ န
ငါလာပြီ"

ကျွန်ုပ် ကျောက်တုံးကျောက်ခဲများကို ကျော်ခွပြီး ဝါးကိုင်
အားဆွဲ၍ မျောက်တင်သောင်းထံ အရောက်သွားရသည်။ ( ﹏ )
ဟု ရေးထားပြီး ဘေး၌ လက်မခန့် တွင်းပေါက်ရာကလေး တစ်ခုပါ
တွင်းပေါက်ကလေးမှာ ယခင်တွေ့ခဲ့သည့် တွင်းပေါက်ထက်အနည်
ပိုကြီးသည်။ ( 玉 口 金 閣 寺 ) ဂေါ်ခုချိုက်ကိုးဟု ရေးထိုးပြန်သ





အခြားထူးခြားသော အမှတ်အသားများကို ကျွန်ုပ်ရှာကြည့်
ည်။ ထူးခြားချက် မတွေ့ရပါ။ ကျောက်ငုတ် (၃)ငုတ် တွေ့ရှိရပြီဖြစ်၍
ခန့်ကျောက်ငုတ် (၂)ခုမှာ ကျောက်တုံး ကြီးနှင့် LEVEL တန်းတွင်ရှိ
ည်ဖြစ်၍ အရှာရ လွယ်မည်ဖြစ်သည်။ ကျွန်ုပ်တို့ မြေပြင်သို့ ဆင်း
ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

❑

ကျွန်ုပ်တို့ ကျောက်တုံးကြီးအနီး မြေညီပြန်ရောက်တော့ အမော ဖြေရင်း ရေသောက်ကြသည်။ မုဆိုးအောင်သန်းက မေးလာသည်။

"ဆရာ ...အခြေအနေဘယ်လိုလဲ"

"အေး ...နီးစပ်ပြီလို့ ပြောရမှာပေါ့ကွာ။ ဒီမြေပြင်ညီက ကျောက်ငုတ်နှစ်ငုတ်ဘဲ ကျန်တော့တယ်။ အပေါ်က (၃)ခုတော့ တွေ့ပြီး ပြီ"

"ဆရာ ဆက်ရှာမှာလား"

"အေး ...ခုမှ (၁၁)နာရီဘဲရှိပါသေးတယ်၊ ဆက်ရှာဦးမယ် ကွာ။ မြေပြင်ညီမှာ ရှာရတာလွယ်ပါတယ်။ နေဦး ...ပထမဆုံးတွေ့ တဲ့ကျောက်ငုတ်နဲ့ ပေ (၅၀၀') အောက်ဆုံးဂရပ်မျဉ်းကို ရှာရဦးမယ်"





ကျွန်ုပ်ကွန်ပတ်စ်ကို ထုတ်သည်။ တစ်လက်မလျှင် (၅၀၀') ဖြင့် တွက်ချက်သည်။ ALTI METER ကိုထုတ်၍အမြင့်ပေ (၅၀၀') ရှိနေသည်။ ကျောက်တုံးကြီး၏ အနောက်ဘက်တွင် အမြင့် (၅၀၀') ရှိမိသည်။ ဘယ်ညာ (၅၀၀')ပေ တစ်တန်းတည်းကို အောင်သန်းနှင့် မျောက်တင်သောင်းအား လူခွဲ၍ရှာစေသည်။ မြေညီတောလမ်းဖြစ်၍ ထမင်းဆုပ် အိုးပုတ်သီးချုံနှင့် မြယာချုံ အချို့သာရှိသည်။ နှစ်ယောက်စလုံး ...

"ကျောက်ငုတ်ကို မတွေ့ဘူးဆရာ"

ကျွန်ုပ် အသေးစိတ် ပြန်လည်သုံးသပ်သည်။ ပေ (၅၀၀') အဝေးကို အသေမှတ်ထားသောကျွန်ုပ် မှားပြန်ပေပြီ။ ကွန်တို များ အောက်ခြေကားသွားသည်ကို ကျွန်ုပ်ဂရုမပြုမိပါ။ မေ့လျော့ ခြင်း ဖြစ်သည်။ ကျောက်ငုတ်များအနေအထားမှာ မြန်မာအက္ခရာ (ဂ)ပုံစံနှင့်တူသော်လည်း အောက်ဘက်၌ကျယ်သွားသည်။

ထို့ကြောင့် ပေ(၅၀၀')မဟုတ်တော့ဘဲ ပေ(၁၀၀၀')ဖြစ်နိုင် ကြောင်း ကျွန်ုပ် တွက်ချက်မိသွားသည်။ ထို့ကြောင့် တတိယ အောက်ဆုံး မျဉ်း အမြင့်ပေ (၅၀၀') ကိုယူပြီး ပေ(၁၀၀၀')အတွင်း ရှာခိုင်းရ သည်။ ပထမဆုံး ကျွန်ုပ်၏ လက်ျာဘက်မှ မျောက်တင်သောင်းက ကျောက်ငုတ်ကို အရင်တွေ့သည်။

"ဆရာ ...ဒီမှာ တွေ့ပြီဆရာ၊ ဘီးစပ်ပင်တွေနဲ့ဖုံးနေတာ။ ဆော် ဓားနဲ့ရှင်းလိုက်ရမလား"

"မလုပ်နဲ့ မလုပ်နဲ့၊ ဒီအတိုင်းထားလိုက် ခြေရာလက်ရာ သွားမယ်"

ကျွန်ုပ် အလျင်အမြန်သွားကြည့်ရာ ဘီးစပ်ချုံတောထဲမှာ ကျောက်ငုတ်ကို တွေ့ရသည်။ ဂျပန်စာလုံး ( 五 ) နံပါတ် (၅)



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထွင်းထားပြီး အနီးတွင် လက်ခလယ်ခန့် တွင်းပေါက်ကလေး ကိုတွေ့ရသည်။ အောက်၌ ဂေါ်ခုချီးဂင်ကိုး'ဟု ဂျပန်လို ရေးထိုး ပြန်သည်။

ကျောက်ငုတ်တိုင်တွင် ဂေါ်ခုချီးဂင်ကိုး (ငါးပေါက်တွင်း ရတနာ သိုက်)ဟုရေးထိုးထားရာ ယခုကျောက်ငုတ်မှာ အမှတ် (၅) ဖြစ် ငါးပေါက်တွင်းဟူသော အဓိပ္ပာယ်နှင့် အလွန်နီးစပ်သည်။ သို့သော် သစ်ထုတ်လမ်းဘေးဖြစ်၍ ဤမျှလွယ်ကူသောနေရာ၌ ဉာဏ်ကြီး ကိုရှေ့ဂျပန်များက ရတနာသေတ္တာများကို မြှုပ်နှံထားရန် မဖြစ်နိုင် ပါ။ ထိုစဉ် မုဆိုးအောင်သန်းဘက်မှ ...

"ဆရာရေ ... ဒီမှာတွေ့ပြီဗျို့။ ကျောက်ငုတ်က ကြိမ်နွယ် ဝင်နေတာ"

"အေး ... အေး ... ငါလာပြီ"

ကျွန်ုပ် အပြေးသွား၍ကြည့်ရာ ပထမဆုံးကျောက်ငုတ်ကို တွေ့ တော့သည်။ ကျောက်ငုတ်ပေါ်၌ ( - ) အီချီး (နံပါတ် ၁)ဟု ရေး ထားပြီး အနီးတွင် လက်ညှိုးခန့် တွင်းပေါက်ကလေးတစ်ခုကို ရေး ထားသည်။ အောက်တွင်တော့ 'ဂေါ်ခုချီဂင်ကိုး' ဟုဂျပန်လို ထားပြန်သည်။

ဤကျောက်ငုတ်မှာလည်း လမ်းဘေးဖြစ်၍ ရတနာပစ္စည်း မြှုပ်နှံရန် မဖြစ်နိုင်ပြန်ပါ။

ငါးပေါက်တွင်းရတနာသိုက်၏ ပျောက်ကွယ်နေသော ကျောက် ငုတ်အားလုံးကို ကျွန်ုပ် ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။

သို့သော် ဘယ်ကျောက်ငုတ်ကစ၍တူးရမည်ကို ကျွန် မခန့်မှန်းနိုင်သေးပါ။ ကိုရှေ့ဂျပန်များ လျှို့ဝှက်သွားသောဝှက်ဖဲ(KEY) ကို ရှာဖွေရပေဦးမည်။





"ကဲ ... ပြန်ကြမယ်ဟေ့ ဗိုက်ဆာလာပြီ"

"ဆရာ ... ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှ လုပ်လို့မရသေးဘူး။ အောင်သန်းရေ ... လျှို့ဝှက် ချက်ကိုရှာပြီးမှ တူးလို့ရမှာ။ ဒီအတိုင်းသွားတူးလို့ မမှန်တဲ့နေရာ တူး မိုင်းထောင်ထားရင် အကုန်ကြွကုန်မယ်"

"ဟုတ်တယ် ဆရာ၊ ဒါမျိုးတွေ ကျွန်တော်တို့ သာယာဝတီ ည်းလမ်းကူးရွာဘက်မှာ မကြာခဏ ကြားဘူးတယ်။ ရတနာသိုက် ပြီးတူးကြရင်း မိုင်းထိကြတာမနည်းဘူး။ ပြီးတော့လည်း ရတနာသိုက် ဟုတ်ဘဲ လက်နက်တိုက်ဖြစ်နေတတ်တယ်"

"အေး ... အဲဒါတွေကြောင့် ငါစဉ်းစားနေတာ။ တွင်း (၅) လုံး လိုက်တူးလိုက်ရင်တော့ ရတနာသေတ္တာတွေတွေ့မှာ အမှန်ပဲ။ သေမယ့် ဘယ်သူစွန့်ရဲမလဲ။ အသက်စွန့်ရမှာ အသေအချာပဲ။ ဦးနှောက် ပြီး စဉ်းစားဆုံးဖြတ်ရမှာ။ လျှို့ဝှက်ချက်ကိုဖော်ထုတ်ရမှာ အချိန် တော်ယူရမယ်ထင်တယ်"

"ဆရာ ... အချိန်ယူလို့ သူများဦးသွားဦးမယ်နော်"

"မထင်စမ်းပါနဲ့ကွာ၊ ပစ္စည်းကိရိယာမပါဘဲ ကျောက်ငုတ် ောင်ရှာလို့ လွယ်မှာမဟုတ်ပါဘူး"

ကျွန်ုပ်တို့ စခန်းပြန်ရောက်တော့ မြေနီကွင်းရွာက မုဆိုး ဦးက ကျွန်ုပ်တို့အား စောင့်မျှော်နေသည်။

"ဆရာ ... ကျွန်တော်က မြေနီကွင်းရွာက မုဆိုးကျော်စိန် မနေ့က မုဆိုးကြီးဦးလေးမောင်တို့အဖွဲ့က မှာသွားပါတယ်။ ကျား ောင်းကျန်းကို နှိမ်နင်းဖို့ ဒီဥ မွေးနီရွာကို လာခဲ့ပါတဲ့။ အဲဒီကမှ ုးရှိရာကို သွားရမှာပါ။ ကျားက ကျွဲ၊ နွားတင်မက လူပါ ဆွဲနေလို့



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးနှိမ်နင်းရမယ်လို့ ပြောပါတယ်"

"အေးဗျာ ... ကျေးဇူးပဲ။ ကျွန်တော်လည်း မုဆိုးကြီး ဦးလေးမောင်တို့ကို တွေ့ချင်နေတာပါ။ ဒါနဲ့ မွေးနီရွာက အဘဦးနီမောင်ရော ကျန်းမာပါရဲ့လား"

"ဩော် ... ဆရာမသိသေးဘူးထင်ပါတယ်။ အဘဦးနီမောင် ဆုံးပါးသွားတာ (၆)လလောက်တောင် ရှိပါပြီ"

"ဩော် ... တစ်ပွဲစားကြီး ဆုံးရှာပြီကိုး။ ကျွန်တော် အရေးပေါ်စခန်းဆောက်နေရစဉ်က ထင်ပါရဲ့"

"ဟုတ်မယ်ထင်တယ် ဆရာ။ ကဲ ... ဆရာ ကျွန်တော်ပြ ပါဦးမယ်။ မုဆိုးကြီး ဦးလေးမောင်တို့ဆီကို ဆက်ဆက်သွားလိုက် ဆရာ။ ဆရာ့ကို သူတို့က အတော်အားကိုးပုံရပါတယ်"

"အင်း ... ကျွန်တော်နဲ့က လျှော်တုံးစခန်း၊ မအူပင်ဆိပ် ဖောင်းတူစခန်းတွေကတည်းက ခင်ခဲ့ကြတာ။ ဦးလေးမောင်တို့အဖွဲ့ နဲ့လည်း အတူတွဲပြီး အမဲလည်ဖူးတယ်။ မွေးနီရွာကိုလည်း ရောက်ဖူး လို့ အဘဦးနီမောင်နဲ့သိနေတာပါ။

အဘဦးနီမောင်ကလည်း အလွန်ခင်တတ်တာ။ သူကိုယ်တိုင် ချက်တဲ့ ကောက်ညှင်းအရက်ကို ဂုဏ်ယူပြီး တိုက်တတ်တယ်။ အလွန် ကောင်းဗျာ။ ထူးဆန်းတဲ့ အဘဦးနီမောင်ပါပဲ။ သူညွှန်တဲ့နေရာကိုသာ သွား ကျိန်းသေပေါက် တောကောင်ပစ်ရတာချည်းပဲ။ အဘကို နှမြော လိုက်တာဗျာ"

"ကဲ ... ဒီကဆရာစောင့်နေရတာ အားနာပါတယ်။ ကျွန် တော်တို့နဲ့အတူ ထမင်းလက်ဆုံလေး စားသွားပါဦး။ ဒီနေ့တော့ ဘာ ကောင်မှမရပေမဲ့ မနေ့က တောကြက်ဖနှစ်ကောင်ရထားလို့ ဟင်းကော





ပါတယ်"

"ဟုတ်ကဲ့ ဆရာ"

နေ့လယ်ထမင်းစားချိန် ကျော်နေပြီဖြစ်သော်လည်း ညီသည့် ထမင်းစားလာသေးဟန်မတူသဖြင့် ကျွန်ုပ်က မိတ်ဖြစ်ဆွေဖြစ်တွေ ဖိတ် ကြားခြင်းဖြစ်ပေသည်။ ထမင်းစားရင်း ညီ့သည် မုဆိုးကိုကျော်စိန် ...

"ဆရာ ... ကျွန်တော်တို့ မြေနီကွင်းရွာကို လာလည်ပါဦး။ တော့ ပေါပါတယ်။ ကျွန်ကော့်တဲက တောစပ်မှာတင်ပါ။ အဲဒါ နွား ထဲမှာ ဆတ်ဖားကြီးတစ်ကောင် လာလာအိပ်တတ်တယ်။ ကျွန်တော့် လည်း တူမီးသေနတ်သာရှိတာမို့ နွားတွေမှန်မှာစိုးတာနဲ့ မပစ်ရဲ ဆရာတို့လာအိပ်ပြီး ပစ်ပါလား။ ကျွန်တော်ညွှန်ခံပါမယ့်"

"အေးဗျာ ... အားရင်လာခဲ့ပါ့မယ်။ မြေနီကွင်းရွာနဲ့ ကျွန် တော်တို့စခန်းက နီးပါတယ်။ ဦးလေးမောင်တို့နဲ့တွေ့ပြီး နောက်ထပ် ညနေ သဘက်ခါညနေပေါ့။ ကျွန်တော်တို့ လာခဲ့ပါမယ်။ ဒါနဲ့ ဆတ်ဖားကြီးက ဘယ်အချိန်လာတတ်သလဲ"

"ဘယ်အချိန်ဝင်လာသလဲတော့ မသိဘူးဆရာ။ ကျွန်တော် (၉)နာရီလောက် နွားတဲထဲဝင်ပြီး နွားမီးငြိမ်းနေလို့ သွားထည့်ရင် ရောက်နေတတ်တယ်။ ခြောက်စထောင်ချိုကားကြီးနဲ့ သူကလည်း အတွက် ကျွန်တော်ကလည်း လန့်အပြေးပဲဆရာ။ နွားတွေကတော့ ပြီထင်တယ်။ ဆတ်ဖားကြီးကို မလန့်ကြဘူး။ အချိန် (၁၀၀) လောက် ရှိလိမ့်မယ် ထင်တယ်ဆရာ"

"အေးဗျာ ... သဘက်ခါညနေ (၉)နာရီလောက် အရောက် ခဲ့မယ် ကိုကျော်စိန်ရေ။ ကျေးဇူးပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကိုကျော်စိန် နေ့လယ်စာစားပြီးပြန်သွားတော့ ကျွန် တို့ဆရာတပည့် မွေးနီရွာသို့သွား၍ မုဆိုးကြီး ဦးလေးမောင်တို့ဖြင့် ပြီး ကျားပစ်ရန် ကြိုတင်စီစဉ်ရတော့သည်။ ကျွန်ုပ်တွင် သူတို့အ လက်ဆောင်ပေးရန် ARMY RUM (၃)လုံးသာ ရှိသည်။ တစ်လုံး အရေးပေါ်သုံးရန်ချန်ထားပြီး ၂ လုံးကို မျှောက်တင်သောင်း၏ ကျော အိတ်ထဲတွင် ထည့်သည်။ မြည်းစရာ မုန့်ပဲသရေစာလည်း မရှိပါ၊ ဒသ • ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးအား အကျအန တိုက်ချွတ်ဆေးကြော သည်။ ရွှေရောင်ဝင်းနေသော (က • စ • လ) ကျည်ဆန်အသစ် (၁ တောင့်အား မဂ္ဂဇင်းဘောက်ထဲသို့ ထည့်သည်။ ကျားပစ်ရမည်ဖြစ် စိတ်ချရရန် အလွန်အရေးကြီးပါသည်။

ညမီးလည်ရမည်ဖြစ်၍ EVEREADY HUNTER LIGHT တောင့်ထိုး အမဲလိုက်ဓာတ်မီး၊ ဓားမြှောင်နှင့် ရော့ဘူးတို့ကိုလည်း သည်။ GRIP ကောင်းသော အမဲလိုက်တောစီးဖိနပ်နှင့် တောဆော ဦးထုပ်ကိုလည်း ရွေးရသေးသည်။ ညနေ (၃)နာရီတွင် ကျွန်ုပ်တို့ တပည့် (၃)ဦး စတင်ခရီးထွက်ခဲ့သည်။ မွေးနီရွာမှာ ကျွန်ုပ်တို့ အနောက် တောင်ဘက် (၃) မိုင်ကျော်ခန့်ဝေးသည်။

"အောင်သန်းရေ ... စခန်းအနောက်ဘက်လမ်းက မ ဘူး။ စခန်းတောင်ဘက် နတ်ရေတွင်းရွာဟောင်းဘက်က သွား အဲဒီမှာ ငါလှေလာစရာလေးလည်း ရှိလို့"

"ကောင်းပါတယ် ဆရာ။ အဲဒီဘက်က စခန်းအဝင် ဆိုတော့ လမ်းသာတယ်။ အနောက်လမ်းက မုဆိုးလမ်းပဲရှိတာ၊ တိုးရမယ်။ ကညင်နှစ်ပင်စခန်းအထိ တောကနက်တယ်"



မွေးနီရွာမှာ ဖောင်ကြီးတာဆုံမှလာလျှင် ငါးချောင်းကျေးရွာ၊ ယ်ကုန်းရွာ၊ ရွှေအပ်ကွင်းများကိုဖြတ်ကျော်ပါမှ ရောက်နိုင်ပေသည်။ ော်လည်း ခရီးလှမ်းသည်။ တောလမ်း၊ တောင်လမ်းသာဖြစ်သည်။ ပ်တို့ ယခုတာဝန်ကျသော သုံးတန်ကူးစခန်းမှ ဓားလွယ်ခုတ် မိုင်ကျော်ခန့်သာဝေးသည်။

သို့သော် နတ်ရေတွင်းကျော်သည်နှင့် စခန်းဝင်ကားလမ်းမှ ာကာ အနောက်ဘက်သို့ (၃)မိုင်ခန့် တောတိုးရမည်ဖြစ်သည်။ ကိုဖြတ်ကျော်ပြီး ငါးချောင်းဘက်သို့ သွားရမည်ဖြစ်သည်။ ထို ပဲခူးရိုးမမှာ အလွန်တောနက်သည်။

ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ တောင်သရက်၊ တောင်ပိန္နဲ၊ သရက်၊ ကျွဲတည်းပင်ကြီးများအပြင် အောက်ခြေ၌လည်း စလူ၊ တောင်ထန်း၊ ရေငန်း၊ ကိုင်းတော၊ ကြူတော၊ ကြိမ်ပင်၊ ဝါးပင် လည်း ထူထပ်သည်။ သပွတ်သိမ်၊ နဘူးချုံ၊ ကြွက်နွယ်ချုံ၊ ရှဥ် မြယာချုံ၊ ဆူးရစ်ချုံတို့ကလည်း ပေါ်များသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အရှေ့က မုဆိုးအောင်သန်းက ဓားရှည်ကိုင်၍ မု
လမ်းဟောင်းအတိုင်း ရှင်းလင်းသွားသည်။ အလယ်က ကျွန်ုပ်က
ဖယ်သေနတ်ကြီးကိုကိုင်၍ အသင့်အနေအထား ကျွန်ုပ်၏အနောက်
မျောက်တင်သောင်းက သူ၏ လောက်လေးခွကိုကိုင်၍ ကျောပိုးအိ
လွယ်ကာ လိုက်လာသည်။ တဖြည်းဖြည်းနေကကျလာပြီး ရိုးမတော
တန်းကြီးကို မေးတင်နေသည်။

နေဝင်တော့မည်ဖြစ်၍ တောကြက်၊ တောငှက်များ အိပ်တ
တက်ရန်ပြင်ဆင်နေပြီး ပုရစ်နှင့် ပုဇဉ်းရင်ကွဲသံများက ဆူညံလာသ
တောကလည်း နက်လာပြီး တဖြည်းဖြည်း ပတ်ဝန်းကျင်မှာ မှောင်
သည်။ အချိန်မှာ ညနေ(၄) နာရီခန့်သာ ရှိပါသေးသည်။ ကျွန်ု
မုဆိုးခြေလှမ်းဖြင့် သွက်သွက်လှမ်းကြသည်။ တောလည်းနေကျ လက်
နှင့် ခြေထောက်များလည်းပါသဖြင့် စိုးရိမ်ကြောက်လန့်ခြင်းတော့
မိပါ။

တောရှုပ်ကိုဖြတ်ပြီးနောက် ပြန့်တောသို့ ရောက်လာပါသ
ဟိုးအရှေ့ဘက်၌ မှောင်မည်းနေသော တောစိုကိုမြင်နေရသည်။
တောကိုဖြတ်နေစဉ် တောစိုဘက်မှ ချေ(ဂျီ)ဟောက်သံသဲ့သဲ့ကို ကြ
လိုက်ရသည်။ ပြန့်ကိုဖြတ်အပြီး တောစိုမြောင်အစပ် ဝါးရုံတော
မှ တဝေါ်ဝေါ်ဖြင့် ချေတစ်ကောင် အလန့်တကြားဟောက်
ကြားလိုက်ရသဖြင့် ကျွန်ုပ်သေနတ်ကို အသင့်ပြင်လိုက်မိသည်။

ဝါးရုံကိုင်းများထက်ဆီက တောင်ပံကို တဖြန်းဖြန်းရိုက်
ရင်း တောကြက်ဖတစ်ကောင်၏ သံပြတ်နှင့်တွန်သံကိုလည်း ကြ
ရသည်။

"ဖြန်း ...ဖြန်း ...ဖြန်း ...အောက်အီးအွတ်"





ကျည်သွားနှုန်းလမ်းကြောင်းနှင့် ပစ်မှတ်ကိုပစ်ခတ်ကြရာတွင်
လေပြည် လေညှင်း၊ လေပြင်း' စသည့်အချက်ကို အလေးထားပစ်ခတ်
ကြရာတွင် အဓိကလိုအပ်အသုံးဝင်သည့် လေသေနတ်ကျည်ဆန်မှာ
အရှေ့တောင်အာရှတွင် ပြိုင်ပွဲဝင်သည့် ကျည်ဆန်များဖြစ်သည့် (RWS)
သေနတ်ကျည်ဆန်မျိုးပင် ဖြစ်ပေသည်။

ထိုကျည်ဆန်မျိုးက အလွန်ရှားပါးသလို၊ ပြိုင်ပွဲဝင်လေ့ကျင့်
သမားတို့ကိုပင် လုံလုံလောက်လောက် ထုတ်မပေးနိုင်သော အခြေ
နေမျိုး။ ထိုအခက်အခဲကိုသိသော စီးပွားရေးသမားတစ်ဦး (တောင်
ညာလာ)မှ ပြိုင်ပွဲဝင်ကျည်ဆန်မျိုးကို တီထွင်လိုက်ပြန်သည်။ အမှတ်
တံဆိပ်ကတော့ လေသေနတ်တံဆိပ်နှင့်။

ထိုပညာရှင်၏ ကြံစည်တီထွင်လိုက်မှုကြောင့် သူ့ကျည်ဆန်က
ပြိုင်ပွဲဝင်ကျည်ကို မမီသော်လည်း မူလထုတ်လုပ်သည့် ကျည်ဆန်နှစ်
ထက် သာလွန်သည့်အတွက် လေသေနတ်ပြိုင်ပွဲဝင်ကြမည့် အား
ကစားသမားများ လေ့ကျင့်ရန်အတွက် အလွန်အဆင်ပြေသလို ကျွန်
တော်တို့လိုမုဆိုးကိုင် သေနတ်သမားတို့အတွက်လည်း အလွန်အမင်း
အဆင်ပြေသွားသည်က အမှန်ပင်ဖြစ်ပေသည်။

စာဖတ်သူတို့ကို ကျွန်တော် သေနတ်များနှင့် ကျည်ဆန်တို့
အကြောင်း ရှင်းပြနေရသည်မှာ ကျွန်တော်ကိုင်ဆောင်ပစ်ခတ်သည့် မုဆိုး
သေနတ်သုံးမျိုးထဲတွင် လေသေနတ်အမျိုးအစား ပါနေသည့်အတွက်
ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ယနေ့ လူအတော်များများသည်
မြို့ပြနှင့် လမ်းကြားတို့တွင် ပေါက်နေကြသည့် 'ဒန့်သလွန်'အကိုင်း
တွင်နားရင်း 'တကျီကျီ' အော်မြည်အသံပေးနေသည့် စာကလေး



www.burmeseclassic.com

www.burmeseclassic.com



ငှက်လောက်ကို ပစ်ခတ်နေကြသည့် ကလေးများကိုင်ဆောင်သ... သေနတ်မျိုးတို့လောက်သာ ထင်မြင်ယူဆမှာစိုးသည့်အတွက် 'မုဆိုး... လေးသေနတ်'ဟု အထူးပြုပြောပြနေရခြင်း ဖြစ်ပေသည်။

အထူးတင်ပြလိုသည့်အချက်က တောတွင်ရှိ သားကောင်... ဆိုသည်က ကျေးငှက်သတ္တဝါတို့ကအစ သားစားသတ္တဝါမျိုးထိ... အခွင့်သာလျှင် လူသားမုဆိုးတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်နေကြရခြင်းဆိုသ... ကို ပင်ဖြစ်ပေသည်။

သားကောင်ဆိုသည်ကလည်း အမျိုးမျိုးရှိကြသည်။ ဒဏ်... ရသွားပြီး ထွက်ပြေးရင်း တစ်နေရာရာမှာကျိတ်ပြီး အသေခံသွား... တဲ့ သားကောင်မျိုးတွေရှိကြသလို သူတို့တွင်ရရှိလိုက်ကြသည့် ဒဏ်... ကြောင့် ပစ်ခတ်လိုက်သူမုဆိုးကို တုံ့ပြန်ရန်မူတတ်ကြတဲ့ သားကော... မျိုးတွေလည်း ရှိတတ်ကြတယ်။

ပစ်ခတ်ခြင်းခံလိုက်ရသည့်အတွက် ရရှိတဲ့ဒဏ်ရာကို အ... အထန်ခံစားပြီးကာမှ တွေ့ရာ လူသား၊ ကျွဲနွား၊ အခြား အိမ်... တိရစ္ဆာန်တို့ကို အန္တရာယ်ပြန်ပေးတတ်ကြတဲ့ သားကောင်မျိုးတွေလည်း... ရှိကြတယ်။ မုဆိုးလုပ်သူတစ်ယောက်ဟာ အရာရာတိုင်းကို ချင့်... တိုင်းဆတတ်ကြရမှာမို့ ကျွန်တော် အလေးထားတင်ပြနေရခြင်း ဖြစ်... သည်။

ကျွန်တော်က ရှေ့မှဦးဆောင်သွားလျက် မီးတိုးကာ သားကော... ကို ရှာဖွေနေသလို အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်က သေ... ကို အသင့်ကိုင်ဆောင်ရင်း ကပ်လျက်ပါနေပြီး နောက်ဆုံးတွင် တ... က ကျောပိုးအိတ်ကို ဝါးတစ်လုံးနှင့်သပ်လျှိုကာ ရှေ့နောက်မှထမ်း... လိုက်ပါလာခဲ့သည်။





ကျွန်တော်တို့လေးဦးသား စမ်းကျချောင်းရေကို ဖြတ်အကူး ...ကျွန်တော်ကမီးကို ချောင်းအတိုင်း အလျားလိုက်ထိုးရင်း သားကောင် ...ရှာလိုက်သည်။ ချောင်း၏ဟိုမှာဘက် အကွေ့ဆီမှ ဝေါခနဲ တောတိုးပြေး ...သွားသံနှင့် တဝုန်းဝုန်းပြေးလွှားသွားကြသည့် ခြေသံများကို ကြား ...လိုက်ရသည်။

တောဝက်တစ်အုပ် ချောင်းရေဆင်းသောက်ရင်း လန့်ပြီး တော ...တိုးပြေးလွှားသွားကြသည့် အသံတို့ပင်၊ အသံကို နှစ်မိနစ်ခန့်ကြား ...လိုက်ရပြီး ပြန်ငြိမ်သွားပေသည်။

ချောင်းကိုကျော်ပြီး ကျွန်တော်တို့သွားရမည့်လမ်းသည် ချောင်း ...ကိုမြောင်ပြီး သွားရမည့်လမ်းဖြစ်သည့်အတွက် သုံးဖာလုံခန့်လောက် ...အရောက်တွင် ကျွန်တော်က ရပ်တန့်လိုက်ရင်း ချောင်းဘေးတောစပ် ...တစ်လျှောက် မီးထိုးရှာဖွေနေလိုက်သည်။ ချောင်းဟိုမှာဘက်ကမ်းသစ် ...ပင်အောက် အကြိုအကြားနှင့် သစ်ပင်ထက်များဆီသို့ လှည့်ပတ်မီးထိုး ...ပြီး သားကောင်ကို ရှာဖွေလျက်ရှိသည်။

မီးရောင်သည် အပွင့်လိုက်အခိုင်လိုက်သီးနေသည့် ရေသဖန်း ...ပင်ကြီးဆီသို့အရောက် သဖန်းကိုင်းကြီးတစ်ကိုင်းအထက် ရောင်စုံသဖန်း ...သီးတို့နှင့် အရွက်စိမ်းစိမ်းဖားဖားကြီးတို့အကြား လက်ခနဲရောင်ပြန် ...ဟပ်လိုက်သည့် မျက်လုံးတစ်လုံးအရောင်ကို လှမ်းမြင်တွေ့လိုက်ရသည်။

ကျွန်တော်က မီးကို ထောက်ထိုးထားရာ တွေ့မြင်လိုက်ရသော ...မျက်လုံးရဲရဲသည် တဖြည်းဖြည်းကျဉ်းသွားပြီး ထိုနေရာတွင် ပျောက် ...သွားသည်။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့နှစ်ယောက်က ...လည်း ကျွန်တော့်ဝဲယာတွင်ညှပ်ကာ မတ်တတ်ရပ်ပြီး ကိုင်ဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် သေနတ်တို့နှင့် ချိန်ရွယ်ထားသည့်အချိန် ကျွန်တော်က ... ပိတ်ပစ်လိုက်ပေသည်။

သားကောင်သည် 'သဖန်းသီး'အရောင်များနှင့် ရောထွေး... သူ့ကိုယ်လုံးအရောင်နှင့် ရောထွေးထားသလို၊ ကိုယ်လုံးကိုလည်း ... ထွေးနေသည့် သဖန်းရွက်တို့အကြား ဖုံးကွယ်ဖျောက်ထားသည်... မမြင်တွေ့ရ။

သူတို့နှစ်ဦးကား သေနတ်ကို တန်းထိုးချိန်ရွယ်ထားကြ... သူတို့ကို သတိပေးမနေတော့ပဲ မီးခလုတ်ကို ရှေ့သို့ထိုးကာဖွင့်လို... သည်နှင့် ကြီးမားသည့် ကျားသစ်ကောင်က သဖန်းရွက်တို့အကြ... ထိုးထွက်နေသောမျက်နှာသည် နီရဲနေသော မျက်လုံးအစုံနှင့်အ... မီးရောင်အလင်းတန်းတွင် ရှင်းလင်းပြတ်သားစွာ မြင်တွေ့လိုက်ရသ... နှင့် ...

"ဒိုင်း ... ဒိုင်း ..."

သေနတ်ပစ်လိုက်သံကြီးနှစ်ချက်က ချောင်းရိုးတစ်လျှောက် ... သိမ့်ခါသွားပေသည်။ ပြောင်းအတွင်းမှ ဒေါသတကြီးထိုးထွက်သွား... သော ကျည်ခဲလုံးတို့၏အရှိန်ကြောင့် ကျားသစ်ကောင်သည် ... သို့ ခုန်တက်သွားပြီး ချောင်း၏ အောက်ခြေမြေပြင်ဆီသို့ ကျသွား... အတန်ကြာ လူးလိမ့်နေရင်း ငြိမ်သက်သွားပေသည်။

အရည်ပျော့ သားကောင်ကြီးတစ်ကောင်အတွက် ပစ်... လိုက်သော ကျည်ခဲလုံး (၉နှင့်၆)လုံး ကျည်နှစ်တောင့်က စိတ်ချရ... အဆင့်တိုင် ရောက်သွားသည်ကအမှန်။

ကျွန်တော်တို့လေးဦးသား ချောင်းရိုးနှင့် ကပ်ပါးယံတွင် ... ကပ်ပေါက်နေသော အပင်ငယ်များတို့ကို နောက်ပြန်ကိုင်တွယ်၍ ...





...တွင်းဆင်းကာ သားကောင်သေရှိရာဆီသို့ သွားရှုကြည့်လိုက်တော့ ...သစ်ဆင်ကောင်၏ ကြောက်မက်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်မည့် ...က်လုံးကြီးများနှင့် ချွန်ထက်သောသွားစွယ်တို့ကို အစွမ်းကုန်ဖြဲကာ ...ဆိကြီးအပြင် နားရွက်တိုဝိုင်းဝိုင်း။ အနက်အစက်အပြောက်များနှင့် ...သေနတ်ဒဏ်ရာတို့ကြောင့် သွေးစိမ်းများပန်းထွက်နေသည့် သစ်ဆင် ...ကောင်ကြီးကို အနီးကပ် တွေ့မြင်လိုက်ကြရပေတော့သည်။

"ကဲ ... အဘကောင်း ဘယ်လိုလုပ်ကြမလဲ။ တစ်ခါတည်း ...ယ်သွားမလား"

ကျွန်တော်မေးလိုက်သည့်အတွက် အဘကောင်းက ...

"ရွာနဲ့လည်း နီးနေပြီဆိုတော့ ပစ်လိုက်တဲ့သေနတ်သံကို သူတို့ ...ကြားမှာပါ။ ပြီးတော့မှ လူမြင့်ကို အသယ်ခိုင်းလိုက်တာပေါ့။ သွားလိုက် ...ကြအောင်"

တင်စိုးက သစ်ကိုင်းအချို့ကိုခုတ်ပြီး ကျားသစ် (သစ်ဆင်) ...ကိုယ်ပေါ်တွင် ဖုံးအုပ်ပြီး 'မိန်းအိုင်'ရွာ မုဆိုးလူမြင့်အိမ်ရှိရာဘက် ...သို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

နံနက်အိပ်ရာမှနိုးထစဉ် လတ်လတ်ဆတ်ဆတ်နှင့် ဝန်းကျ
သည် သန့်စင်နေသည်။ နေခြည်ထွေးထွေးများက မရင့်သေးသည့်တိ
နုနုကလေးတွေနှင့် ဖျော့ဖျော့မို့ ခြံအတွင်း မြရွက်ဖားဖားတို့ကား နု
ရည်ကိုသောက်သုံးထားကြသည်မို့ ရွှန်းရွှန်းလဲ့လဲ့။

ကျေးငှက်သံတစာစာ၊ တောကြက်ဖနှင့် မျောက်အော်သံမျ
တို့နှင့်မို့ ကြည်နူးစရာအသွင်။ ပင်ပန်းလာသလို အိပ်ရေးကိုလည်
ဝအောင်အိပ်လိုက်ကြရသဖြင့် ကြည်လင်လန်းဆန်းနေသည်။

ရွာခံမုဆိုးလှမြင့်နှင့် ဇနီးမလှယုန်တို့ စီစဉ်ပေးထားသေ
နံနက်စာကို ရစ်သားဟင်းဆီပြန်၊ ငတန်းတီငါးကြော် အဖန်ရည်





စားသောက်လိုက်ကြပြီး ကိုလှမြင့်နှင့်တင်စိုးတို့ တောပုန်းခြောင်း
ကြသည်ကို စောင့်နေလိုက်ကြသည်။

နေအတော်မြင့်တော့မှ ပြန်ရောက်လာသည်။ ဆတ်ပေါက်တစ်
င်ပစ်ခတ်လာခဲ့ပြီး နှစ်ဦးသား မနိုင်သဖြင့်ထားခဲ့ပြီး လူပြန်ခေါ်
ည်ဟုလည်း ပြောသည်။ ကိုလှမြင့်က အစ်ကိုကြီးဦးသိန်းလွင်အနီး
လျက် ခပ်တိုးတိုးပြောနေသည်ကိုလည်း တွေ့လိုက်ရသည်။

ကျွန်တော်တို့ မသိလိုက်မသိဘာသာ နေလိုက်သော်လည်း စိတ်
ကတော့ ညကပစ်ခဲ့သော သစ်ဆင်အတွက် သူတို့ဖန်တီးလိုက်ကြ
ည်ဟုထင်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ပစ်ခတ်ရရှိခဲ့သော
ဆင်ကို မတွေ့မြင်ရသည့်အကြောင်းကြောင့်ပင်။

သေနတ်များပြန်ရောက်ရှိလာသည့်အတွက် ကျွန်တော်တို့ သုံးဦး
ရွာခံမုဆိုး မြသိန်းကိုခေါ်လျက် ထီးလေးပိုးဘက်ဆီသို့ ပြောင်း
ခံရင်း ထွက်ခဲ့ကြပေသည်။

ကျွန်တော်တို့နှင့်လိုက်ပါလာသော မုဆိုးသည် အဆိပ်မြားတပ်
ကိုင်ဆောင်လျက်လိုက်ခဲ့သည်မို့ ကျွန်တော်ကလည်း ဒသမ
မဂ္ဂနမ်ရိုင်ဖယ်ကို ကိုင်ဆောင်ထားသလို သူတို့နှစ်ယောက်က
သူတို့သေနတ်များကို ကိုင်ဆောင်ထားကြသဖြင့် သားကောင်ကြီး
က် ခြေရာခံရင်းလိုက်ကြဖို့ပင်။

လမ်းကြောင်းမှာ ကျွန်တော်တို့မနေ့က ကျားသစ်ကိုပစ်ခတ်
ည့် ချောင်းရိုးအတိုင်းသွားရသည်မို့ လျှောက်ရင်း ဝန်းကျင်ကို
ိုက်ရာ ချောင်းအတိုင်းသွားရင်း (၇)ဖာလုံခန့်တွင် မြေပြန့်လျှိ
နောက်ကျောတွင် တောင်ကျောတစ်ကျောကို တွေ့ရသည်။

ကြောပေါ်တွင် လွင်သာသလို မြေကလည်း ပြန့်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် မှတ်၊ ခြင်၊ ယင်နှင့်ဖြုတ်တို့ပေါကာ သားကောင်တို့ လှုပ်လှု
ရှားရှားသိပ်မရှိကြဘဲ တစ်နေရာချောင်ကောင်းကောင်းတွင် ခိုနေ
သည်။ အစာစားသည့်အချိန်တွင် လျှိုအတွင်းဆင်းကာ စားကြ
ဖြစ်လေသည်။

“အဘကောင်း ... ရှေ့မြေပြန့်လျှိုမှာ ကျစ်တွင်းရှိတယ်။
ကောင်ကောင်တော့ပစ်ရဖို့ သေချာတယ်နော်။ သတိထား”

ရှာခံမုဆိုးက ပြောလိုက်သဖြင့် အဘကောင်းက ...

“ဘယ်လိုဖြစ်ပြီး ဒီချောင်းဘေးမှာ ကျစ်တွင်းလာရှိနေရ
လဲကွ။ ဘာကောင်တွေစားကြတာလဲ မြသိန်းရဲ့”

“ကျစ်တွင်းက သဘာဝလာဖြစ်နေတဲ့ကျစ်တွင်း အဘရဲ့။
ကြတာကတော့ အကောင်စုံပဲ။ ဒီအထဲမှာ ဆတ်နဲ့ဂျီက များတ
နောက်တစ်ချက်က ဒီမှာရှိတဲ့ဂျီက အဝါရောင်ဖြစ်ပြီး အကောင်ကလ
နှစ်ဆယ်နီးပါးရှိတဲ့အကောင်တွေ ... အဘရဲ့။ အမတောင် ပိဿာ
ဆယ့်ငါးအထက်ရှိတယ်။ ဘယ်လိုဂျီမျိုးလည်းတော့ မသိဘူး”

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့ တအံ့တ
ဖြစ်သွားကြရင်း ကျွန်တော်က ...

“ဟုတ်ပါ့မလား ... ကိုမြသိန်းရဲ့။ ဂျီဝါဆိုတာ ကြားလ
မကြားဘူးသလို တစ်ခါမှလည်း မမြင်ဖူးဘူး။ ပစ်ဖို့ဆိုတာ ဝေလာ
ပဲ။ နောက် ခင်ဗျားပြောတဲ့ အချိန်နှစ်ဆယ်ဆိုတာရော ဖြစ်နိုင်ပါ့မ
ကျွန်တော်တို့ တွေ့ဘူး ပစ်ခတ်လို့ရဘူးတဲ့ အကောင်ကတော့ ကြ
(ဒူးမဲ) လိုအကောင်တောင် ဆယ့်ခုနစ်ပိဿာလောက်ရှိတာ တော
ဒရယ်လိုအကောင်နဲ့ မှားနေသလား။ ဒရယ်လိုအကောင်မျိုးကို
ဝါတဲ့အကောင် မတွေ့ဖူးပါဘူး”





ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူက ...

“ဟုတ်တယ် ဘိုလေးရဲ့။ ဒီဘက်မှာ ဒရယ်ပြာကြီးတွေတော့
တယ်လေ။ အကောင်ရေနည်းပါးတယ်။ အတွေ့များတာက ဆတ်နဲ့
ပဲ။ အဆင်ပြေရင် တွေ့ရပစ်ရမှာပါ”

သူပြောသည့်နေရာက ချောင်း၏ ဟိုမှာဘက်ကမ်းပါးယံတွင်
မြင်နိုဖြစ်နေသော သဘာဝနေရာဖြစ်သည်။ ထိုမြေငန်ကို တောတွင်း
သားကောင်တို့ကလာရောက်ပြီး လျက်တတ်၊ စားသောက်တတ်ကြ
သည်။ သူ့သဘာဝအလျောက်ဖြစ်ပေါ်နေသော ဆားကျင်းဖြစ်သည်။
သော် အခြားနေရာများတွင် ရေနှင့်ဝေးကွာသည့် နေရာတွင်သာ
တွေ့များသော်လည်း သည်နေရာချောင်းဘေးတွင် ထိုမြေငန်ကျင်း
ည့်အတွက် တအံ့တဩပင် ဖြစ်ရပေသည်။

ထိုဆားငန်မာတ်ပါရှိသောမြေကို တောကောင်တို့က မကြာ
ကြာလျက်ကြသလို ဖဲ့ပြီးစားသောက်ကြရာမှ အတွင်းဘက်သို့ တဖြည်း
ဖြည်းဝင်ပြီး လိုဏ်ခေါင်းသဏ္ဍာန်မျိုး ဖြစ်နေတတ်ကြပေသည်။

ထိုနေရာမျိုးရှိရာဆီတို့သည် ဂမ္ဘီရပြဿနာများတို့နှင့် နီးနွယ်
တတ်ကြသဖြင့် တော်ရုံလူတို့ မသွားလာဝံ့ကြ။ လူသူအရောက်
ပါက်နည်းသည့်နေရာမျိုးမို့ သားကောင်တို့က အချိန်အခါမရွေး သွား
သုံးတတ်ကြသည့် နေရာမျိုးပင်။

ကျွန်တော်တို့ လျှောက်လှမ်းနေကြရင်း ချောင်းကွေ့အနီးသို့
တ်လာကြသည်။ အရှေ့မှဦးဆောင်သွားနေသော မြသိန်းက လှမ်း
ခြေလှမ်းကို ရပ်လိုက်ရင်း ကျစ်တွင်းရှိရာဆီသို့ ရောက်နေပြီမို့
လုံအောင်နင်းကြရန် အချက်ပြလိုက်သဖြင့် တဖြည်းဖြည်းချင်း
သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချောင်းကွေ့ကျစ်တွင်းရှိရာဆီသို့ လှမ်းကြည့်လိုက်မိကြသည်။ ကမ်းပါးယံကျစ်တွင်းအဝတွင် သားကောင်တစ်ကောင်၏ အသွင်သဏ္ဌာန်မျိုးဖြင့် မသဲမကွဲ လှမ်းမြင်လိုက်ရသည်။ ဆားငန်မြေကို ငူအတွင်း ဝင်ရောက်ဖွဲ့စားနေသည့်အသွင်။ အရောင်က နံ့နွမ်းရောင်ဖြစ်ပြီး အမြီးတိုဖြူနံ့နံ့ကလေးက တဆတ်ဆတ်လှုပ်ခါလျက်။

မြင်ကွင်းက သားကောင်၏နောက်ပိုင်း (ဖင်ပိုင်း) ဘက်ဆီသို့ အဘကောင်းက အစ်ကိုကြီးဦးသိန်းလွင်ကို မေးဆတ်ပြလိုက်တော့ တဖြည်းဖြည်း အနီးသို့တိုးကပ်ကာ ပေသုံးဆယ်အကွာယ်ခန့်မှ မှန်းထိုင်ထိုင်လိုက်သည့်တိုင် သားကောင်က အစားမပျက်သည်မို့ ဖင်ပိုင်းကိုပင် (၁၂)လုံးကျည်နှင့် ပစ်ခတ်လိုက်ပေတော့သည်။

"ဒိုင်း ..."

သေနတ်ပြောင်းဝမှ မြည်ဟိန်းပေါက်ကွဲ ထွက်ပေါ်လာသော သေနတ်သံကြီးသည် ရှေ့တူရှုသို့လုံး၍ ရွေ့လျားတိုးတိမ်သွားလင့်ကား ဝန်းကျင်တွင် ကုန်ခါသွားသည်ကအမှန်။ ကျည်ခဲလုံးတို့သည် သားကောင်၏ ဖင်ပိုင်းအတွင်းဆီသို့ တိုးဝင်သွားခြင်းကို ခံလိုက်ရသဖြင့် မြေပြင်သို့ ဖင်ထိုင်လျက်ကျသွားပြီး တစ်ပတ်လည်ကာ ဘယ်ဘက်ဆီသို့ သားကောင်ဝါဝါက လှစ်ခနဲပြေးထွက်၍ ပြေလျှောလျှောအောင်ဖက်ဆီသို့ ပြေးလွှားသွားပေသည်။

ထိုစဉ် ကိုမြသိန်းက သူကိုင်ဒူးလေး၏ လေးညှို့ကိုဆွဲတင်ပြီး မြားတံတစ်ချောင်းကိုတပ်၍ သားကောင်နောက်ဆီသို့ ပြေးလိုက်သွားပေသည်။ သားကောင်သည် ချောင်းဘေးတွင်ပေါက်နေသည့် ဓနိမြုတ်စည်လုံးကြီးတွင်မှေးကပ်ကာ တဆတ်ဆတ်တုန်လျက် ရှေ့ဆက်မပြေးနိုင်သည့်အသွင်မျိုးမို့ မြားတံက လက်ပတ်အတွင်းစိုက်ဝင်ပြီး ဘေးထိုက်လဲကျ အသက်ပျောက်သွားသည်ကို တွေ့လိုက်ကြရပေသည်။





သားကောင်သေကိုကြည့်လိုက်တော့ သူပြောသည့် ချေဝါတစ်ကောင်ဖြစ်နေသည်ကို အားလုံး တအံ့တသြ တွေ့မြင်လိုက်ကြရပေသည်။ အလေးချိန်ကလည်း ချေဖိုတစ်ကောင်ဖြစ်သည့်အတွက် ၂၀ခန့်ပင်ဖြစ်ပေသည်။

ကျွန်တော်တို့လေးဦးသား ရှေ့ခရီးကို မနက်ဖြန်မှ ပြောင်ခြေဆောက်လိုက်ကြရန် တိုင်ပင်လိုက်ကြပြီး ချေကောင်၏ခြေလက်တို့ကို နွယ်ကြိုးနှင့်တုပ်နှောင်ကာ ဝါးနှင့်သပ်လျှိုထမ်း၍ ပြန်ခဲ့ကြပေတော့သည်။

ကိုလှမြင့်ကောင်းမှုကြောင့် ကျွန်တော်တို့ ဘုန်းနိုင်ရွာစားတော်ဆက်ပိုင်ရှင်တို့ကို အခန့်သား တွေ့လိုက်ရပေသည်။ သူတို့စီးလာသော ကားပေါ်တွင် ပစ်ခတ်လို့ရရှိလာသည့် သားကောင်များကိုတင်ဆောင်လျက်။

ကျွန်တော်တို့အတွက် ရေခဲစိမ်ဘီယာတို့အပြင် စားစရာတို့ကိုပါ ယူဆောင်လာသည့်အတွက် ယခုပစ်ခတ်လာသည့်ချေကိုပါ ကားပေါ်တင်ပေးလိုက်ရင်း အဘကောင်းက ...

"ခင်ဗျားတို့ နောက်သုံးရက်ကြာရင် ကားနဲ့လာခဲ့ကြဗျာ။ ၁၂ နာရီအရောက်လာခဲ့ကြ။ မနက်ဖြန်ကစပြီး သားကောင်ကြီးတွေနောက် လိုက်မယ်ဆိုတော့ ဘာကောင်ရမယ်ဆိုတာတော့ မသိဘူးဗျာ။ ကျွန်တော်တို့အဖွဲ့လည်း ခင်ဗျားတို့ဆီမှာ တစ်နေ့တစ်ညလောက်နားမယ်"

သူတို့အဖွဲ့ကား ကျွန်တော်တို့နှင့် ဆက်လက်နေထိုင်ချင်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သားကောင်တို့ကိစ္စက လုပ်စရာကျန်သေးသဖြင့် နှုတ်ဆက်ကာ ထွက်သွားကြပေတော့သည်။

အစ်ကိုကြီးဦးသိန်းလွင်နှင့် ကိုလှမြင့်တို့ ဘယ်လိုစီစဉ်လိုက် ကြသည်တော့ဖြင့်မသိ ထွက်ခဲ့ပေါင်းများသည့် အမဲပစ်ခရီးတို့တွင် ယာ ခရီးကား အဆင်ပြေလွန်းပေစွ။

ဩော် ... ခေတ်ရယ်၊ စနစ်ရယ်၊ စီးပွားရေးတံခါးဖွင့် ... ရယ်ကြောင့်လားတော့ဖြင့်မသိ။

✿ ✿ ✿

| ၇ |

❑

ယခင်အမဲပစ်ခရီး ထွက်ခဲ့ကြစဉ်အခါများက တောကြီးအတွင်း ...လို ဘီယာချမ်းချမ်းကလေးကို သောက်ဖို့မပြောနှင့် ကောက်ညှင်း ...တ်၊ ထန်းလျက်အရက်၊ ဆန်အရက်တို့ကိုပင် ပိုက်ဆံရှိပါသော်လည်း ...ယ်သုံးစွဲလို့မရသည့် နေရာမျိုး။

ယခု ပိုက်ဆံရှိလျှင် ဘာမဆိုရသည်။ ကြိုက်သည့်အရက်ကို ...ယ်သုံးစွဲလို့ အချိန်မရွေးရနေသည်က အမှန်။ ယခု ကျွန်တော်တို့ ...း ရွာခံမုဆိုးတို့ နားနေစားသောက်နေလိုက်ကြကာ ရောက်တတ် ...စကားတို့ကို ပြောဆိုနေကြရင်း ...

"ဒါနဲ့တင်စိုး မင်းကိုင်တဲ့ဒူးလေးက အခြားဒူးလေးတွေနဲ့ ...ပါလားကွ။ ဘယ်လိုကွာဟတယ်ဆိုတာ ပြောပါဦး။ မင်းဒူးလေးရဲ့ ...ံက ရှည်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မေးလိုက်သည့်အတွက် တင်စိုးက ဘီယာခွက် မော့သောက်လိုက်ပြီး ဆတ်သားခြောက်ဖုတ်ကို ဝါးစားလိုက်ရင်းက …

"ဒီလို ဘိုလေးရဲ့၊ ခု ကျွန်တော်ကိုင်တဲ့ဒူးလေးက ကျွန် ဟာမဟုတ်ဘူး။ အဖေ့ရဲ့အမွေဆိုရမှာပေါ့။ ခုနောက်ပိုင်း ကျွန်တော် လေးကိုင်းမှာ သားရည်ကြိုးတပ်ဒူးလေးတွေကို အတွေ့များကြတ လေ။ ဒါပေမဲ့ အဝေးပစ်တော့ သိပ်ခရီးမရောက်ဘူး။ ဒါကြောင့် အ ဒူးလေးကို ကိုင်နေတာပါ။

သူကိုင်တဲ့ဒူးလေးကိုကြည့်ရင်း ထူးခြားတာကိုတွေ့ရမယ်။ အ သဖြင့် ဒူးလေးကြိုးပဲ။ အဲဒီကြိုးကို မုဆိုးတိုင်းမကျစ်တတ်ကြဘူး။ မယ်ဆိုရင်လည်း လေးကိုင်းနဲ့ အဆင်မပြေကြဘူးလေ။ ခုကြည့်ပါလ လျှော်ဖြူအတွင်းသားနဲ့ စနစ်တကျကျစ်ထားတာ။ ကိုယ်ထည်က အတူတူပါပဲ။ ကိုင်းတံအရှည်ကလေးတောင် (ခြောက်ပေ) လော ပြီး ဆင်သမားကိုင်ဒူးလေးလို့ခေါ်တယ်လေ။

"ဟုတ်လား။ ဟိုဒူးလေးနဲ့ ဘယ်လိုများကွာမလဲကွ … ပါဦး"

"ဟိုဒူးလေးက လင့်ထိုင်တဲ့အခါမျိုး၊ ပုန်းအုံအတွင်း ပစ်တဲ့အခါမျိုးဆိုရင် ကိုင်းတံသေးတော့ လွတ်လွတ်လပ်လပ် လှု လို့ရတာပေါ့"

"မင်းမြားတံကို ဘာဝါးနဲ့လုပ်သလဲကွ"

"ကျွန်တော်ကတော့ အခြားဝါးတွေနဲ့မလုပ်ဘူး။ တော ထွန်ဆိုတဲ့ဝါးကိုရှာရတယ်။ ဝါးကိုတွေ့တိုင်းလည်း ခုတ်လို့မရဘူး ဝါးပင်အခြေကိုကပ်ပြီး အပေါ်ကိုမော့ကြည့် ဝါးကရင့်ရင့်ဖြောင့်ဖြေ





အဖြောင့်ပါဝါးဖြစ်ပြီး အကာင်းကလည်း ထူရမယ်။ အဲဒီဝါးပင်ကိုခုတ် ပြီး ဖြတ်တောက်ခွဲစိတ်လိုက်။

အရင်းကိုညီအောင် ခုတ်။ မြားတံအလုံး အနေတော်အချော သပ်။ အဖျားသုံးမြှောင့်ချွန်။ အမြီးပိုင်းမှာမှ ဒစ်လုပ်ပြီး ကြိမ်ရွက် သပ်တယ်။ ပြီးတော့ ကြပ်ခိုးစင်တင်ထားပြီး စိတ်ချရတဲ့ မြားတံကို အဆိပ်သုတ်ပစ်တယ်။ နည်းနည်းညံ့မယ်ထင်တဲ့ မြားတံကိုတော့ အဆိပ် သုတ်ပဲပစ်တယ်လေ"

ထိုအချိန် ဝါးသုံးရိုက်သာသာ ညောင်ချပ်ပင်ကြီးထက်ဆီမှ–

"တစ် … တစ် … ခါး …"

ခါငှက်တစ်ကောင် စူးစူးဝါးဝါးအော်လိုက်သံ ကြားရသဖြင့် ကြည့်လိုက်ရင်း …

"မင်းဒူးလေးနဲ့ပစ်ရင် ရနိုင်ပါ့မလားတင်စိုး"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် တင်စိုးက သူ့ဒူးလေး ပြီး လေးညို့ကိုတင်၍ မြားလမ်းကြောင်းတွင် အဆိပ်မလူးထား ရိုးရိုးမြားတံကို ပျားဖယောင်းနှင့်ကပ်ကာတပ်လိုက်ပြီး မုဆိုးဒူး ကိုင်ကာ ချိန်ရွယ်ပစ်လွှတ်လိုက်ပေသည်။

"ဒေါင် …"

လေးညို့လွှတ်လိုက်သည့်အသံနှင့်အတူ မြားတံက ခါငှက်ကို ဝင်ပြီး မြားတန်းလန်းနှင့် မြေပြင်သို့ ထွေးခနဲပြုတ်ကျသွားသည် တွေ့လိုက်ရသဖြင့် ကျွန်တော်တို့ လက်ခုပ်တီးကာ ကောင်းချီးသြဘာ ကြပေသည်။

"ဒါနဲ့တင်စိုး မြားဆိပ်ကို မင်းထုတ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မထုတ်တတ်ဘူးဗျ။ အဖေကျန်ခဲ့အဆိပ်ကို ...
နေတာ"

"ဘာအဆိပ်လဲ"

"တစ်ဆွေ့ခုန်အဆိပ်ပဲ"

"မင်းစမ်းပစ်ခဲ့ဘူးပြီလား"

"ပစ်ခဲ့ဘူးပြီ။ သိပ်ကောင်းတယ်။ မြားစိုက်ပြီးခဏပဲ ငြိမ် ...
သွားတာပဲ"

"အဆိပ်ကိုထုတ်ဖို့အတွက် မင်းဘယ်လိုသိထားသလဲ"

"အဖေပြောတာက မြားဆိပ်ပင်ကထွက်တဲ့ အစေးနဲ့ အ...
ဆေးဖက်ဝင်အပင်အချို့ အစေးကိုစပ်ပြီး အဆိပ်အပြင်းစားဖြစ်အော...
စပ်ယူရတယ်လို့ ပြောခဲ့တာပဲလေ"

"မြားဆိပ်ပင်ဆိုတာကို မင်းသိသလား"

"ကညင်ပင်နဲ့တူတယ် ပြောသံကြားတယ်။ ကျွန်တော်...
ရှာနေတုန်းပဲ"

ကျွန်တော်တို့အဖွဲ့ သောက်လိုက်ကြ၊ ပြောလိုက်ကြနှင့်မို့ ...
များကုန်သွားသည့်တိုင် နောက်ထပ်ဝီစကီတစ်လုံး ဖွင့်လိုက်ကြရ...
သည်။ မည်သူမျှ ထမင်းပင်မစားနိုင်ကြပဲ နောက်နေ့မိုးလင်းသော...
ပင် အိပ်ရာမှ နိုးထကြရတော့သည့်အဖြစ်။

❁ ❁ ❁

| ၄ |

❑

နံနက်ခင်းမှို အုပ်အုပ်ဆိုင်းဆိုင်းတောရိပ်က စိမ့်အေးနေသည်။
...ပြူစနေမင်းက နှင်းတို့ကိုထိုးခွဲဖို့ ကြိုးစားနေသော်လည်း အနိုင်
...သေး။ ဝန်းကျင်တွင် နံနက်ခင်းထွက်ပြူစ အရုဏ်ရောင်ခြည်တို့
...ရာရာ သပြူနှင့်ကလော့ရှာ ဟိုမှာဘက်တောင်တန်းကြီးအထက်
...နီနီကြီး၏အရောင်က နှင်းပွင့်နှင်းစက်တို့ကို သူ၏အပူရှိန်နှင့် တိုက်
...နေတုန်းပင်။

"အော် အီး အီး ... အွတ်"

အိပ်တန်းဆင်းတောကြက်ဖငယ်တို့ တွန်သံများက ဟိုနား
...နားဆီမှ ညံညံစီစီ။ ရစ်ဖကြီးတို့၏ တအီးအီးအတောင်ခါသံများကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြားနေရသည်။ နံနက်ခင်း နှင်းတို့စိုစွတ်နေသော သစ်ရွက် ခြောက်တို့အပေါ် နင်းခြေသွားသည့် ကျွန်တော်တို့အဖွဲ့ခြေသံက/သူတို့ အသံလောက်မကျယ်လောင်။

ခြေသံကို နှင်းတို့စိုစွတ်နေသည့် ရွက်ခြောက်တို့အပေါ်နင်းကာ လျှောက်လှမ်းနေကြရသည်ဆိုသော်လည်း ခြေသံကို နိုင်သမျှ လုံအောင် ဂရုစိုက်ကာ နင်းနေရသည့်အတွက် စိတ်ကို အာရုံစိုက်ထားကြရသည် မို့ လူမောသည်ထက် ပင်ပန်းနွမ်းနယ်သည်မို့ နံနက်ခင်းအေးနေပါ သော်လည်း ချွေးများတို့ပင်စို့လာသည်။

သပြုနှင့်ကလော့ဆိုသည့် ရှာသိမ်ရှာငယ်ကလေးများဘက် သို့ တောလမ်းအတိုင်း ဖြတ်လမ်းမှလာခဲ့ကြသည်ဆိုသော်လည်း အချို့ တောင်များနှင့် ကုန်းကမူလျှိုတို့ကို ဖြတ်ကျော်လာခဲ့ကြသည်မို့ သက် သာလှသည်တော့ဖြင့်မဟုတ်။

လျှောက်လှမ်းခဲ့သည့်အချိန် နှစ်နာရီကျော်သည့်အခါမှ တော ခါးပန်း ခင်ကြောတစ်ခုရှိရာဆီသို့ ရောက်လာသည်။ ခေတ္တနားလိုက် ကြသော်လည်း မနေ့ကသောက်ထားကြသည့်အရှိန်ကြောင့် စိတ်တက် တို့မှာ ပင်ပန်းလွန်းသဖြင့် ထိုခရီးကိုထွက်ခဲ့ကြသည်မှာ မှားပြီဟု ထင်လိုက်မိသည်။

ထိုခင်ကြောရှိရာဆီတွင် ခေတ္တအပန်းဖြေနားနေလိုက်တော့ နှင်းရိုက်ထားသည့် ခပ်ထိုင်းထိုင်းမြေပြင်ထက်တွင် ပြောင်ခြေရာ တွေ့လိုက်ရပေသည်။ အဘကောင်းက ခြေရာကို လိုက်လံတိုင်းထွာ ခြေရာတူမို့ တစ်ကောင်တည်းသောပြောင်ကြီး၏ ခြေရာဖြစ်သည်ကို သိ လိုက်ကြရပေသည်။

စိတ်ကူးသစ်စာပေ



"ထီးကောင်ကြီးခြေရာကွ။ တစ်ကောင်တည်း လျှောက်သွား နေတာ။ သတိထားကြနော်"

နံနက်ခင်းနှင်းများတို့ကြောင့် ခပ်ထိုင်းထိုင်းဖြစ်နေသည့် မြေ ပြင်ထက်ခြေရာပေါ်တွင် သူကိုင်ဆောင်ထားသည့် ဒသမ ၃၇၅ မဂ္ဂနမ် သေနတ်ငယ်ကို မောင်းတင်လိုက်ရင်း ပြောင်ကြီးဦးတည်သွားရာ ခြေရာနောက် ဆီသို့ လိုက်သွားပေသည်။

ကျွန်တော်၊ အစ်ကိုကြီးဦးသိန်းသွင်နှင့် ရွာခံမုဆိုးတို့က သူ့ နောက်ခပ်လှမ်းလှမ်းဆီမှခွာပြီး ရင်ဘောင်တန်းကာ ပတ်ဝန်းကျင်ကို နောက်လုံးကစားရင်း ဖြည်းညှင်းစွာ လျှောက်လှမ်းလိုက်နေကြပေသည်။

ပြောင်ဆိုသည့် ကောင်ကြီးမျိုးတို့၏နောက်သို့ ခြေရာခံလိုက် ကြသည်ဆိုသည်က လွယ်သည့်ကိစ္စမျိုးတော့မဟုတ်။ တစ်ခါတစ်ရံ လိုက်နေရင်း တစ်နေကုန်သွားတတ်သဖြင့် ရောက်သည့်နေရာတွင် စခန်း ချသော်လည်းကောင်း၊ သစ်ပင်ထက်ဆီသို့တက်ရောက်ကာ အိပ်စက် ထတ်ကြရသည် မဟုတ်ပါလား။

သူတို့အဖို့ကလည်း ရန်သူ၏အနံ့ကိုခံကာ နားကိုစွင့်ရင်း သွား လာကျက်စားနေကြရသည့် သတ္တဝါကြီးမျိုးပေကိုး။ အထူးသဖြင့် မိသားစု နှင့်အတူ သွားလာနေပါက နောက်ကခြေရာခံလိုက်ကြရသည့် မုဆိုးတို့ အတွက် အထိုက်အလျောက် တွက်ဆလို့ရသလို မျှော်လင့်ချက်ထား နိုင်သော်လည်း ယခု ကျွန်တော်တို့အဖွဲ့လိုက်နေသည့် အကောင်ကြီးက တစ်ကောင်တည်းဖြစ်သည့်အတွက် အန္တရာယ်လည်းအလွန်ကြီးသလို ကိုယ်ကသူ့ကို ဦးစွာမြင်တွေ့ပါမှ ပစ်ခတ်ခွင့်ရမည့် အနေအထား။ သို့ မဟုတ်ပါပဲ သူကဦးစွာ မြင်တွေ့သွားခဲ့ပါလျှင် ပစ်ခတ်ဖို့ဆိုသည်က ဝေးလာဝေးပင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှဦးဆောင်သွားနေသော အဘကောင်းက မြေပြင်ထ သားကောင်ခြေရာကိုကောက်ရင်း တစ်လှမ်းချင်းသွားလျက်ရှိနေသ ကျွန်တော်တို့အုပ်စုကလည်း လက်နက်များကို အသင့်ကိုင်ဆောင် ဖြည်းညှင်းစွာ လျှောက်လှမ်းနေကြသည်မို့ တောက ဆိတ်ငြိမ်နေသ ပင်။ အတန်ငယ် လျှောက်လှမ်းနေလိုက်ကြစဉ် ခင်ကြေအထ တောင်ကုန်းနောက် အရှုပ်တောအတွင်းဆီမှ . . .

"ဟု . . . ကိ ကိ . . . ဟု . . . ကိ ကိ"

ရစ်ဖကြီးတစ်ကောင်က တထိတ်တလန့်အသွင်မျိုးနှင့် အော်ကာ တောတိုးပြေးလွှားသံကြီးကို ကြားလိုက်ကြရသော်လည် အခြားဘာသံမှထွက်မလာ။

ထိုစဉ် 'ကိခနဲ . . . ကိခနဲ' အော်ဟစ်ပျံသန်း ပြေးထွ သွားကြသော ကြက်တူရွေးအုပ်ကြီး၏ အော်သံတို့က နားကွဲလုမတ ကြားလိုက်ကြရသည်နှင့်အတူ တောင်မကြီးဘက်ဆီသို့ ဦးတည်ပျံ သွားကြသည်ကို သတိပြုလိုက်မိသည်။ အကောင်ရေက မနည်းလှ။

သူတို့အုပ် အတန်အလှမ်းဝေးရာဆီသို့ ရောက်သွားတော တောက ပြန်ငြိမ်သွားပြန်သည်။ ငြိမ်ပြန်တော့လည်း လေပြည်ကြေ သစ်ရွက်လှုပ်ခတ်သံကိုပင် မကြားရလောက်အောင်။

ယခုလို သားကောင်ကြီးတစ်ကောင်နောက်ဆီသို့ ခြေရာခံလို နေသည့်အချိန်မျိုးတွင် ထူးထူးခြားခြား တောကငြိမ်လေ ကျွန်တော် မုဆိုးတစ်သိုက်အတွက် ပိုသဘောတွေ့သည်ကအမှန်။ အဘယ်ကြော ဆိုသော် ကျွန်တော်တို့ ခြေရာကောက်ပြီးလိုက်နေသည့် သားကော ကြီး၏လှုပ်ရှားသံကို သတိပြုနိုင်မည်ဖြစ်သည့်အတွက်ပင်။





ရိပ်ခနဲမြင်လိုက်ရပါလျှင် သို့မဟုတ် ဝေါခနဲအသံကြားလိုက် လျှင် အသင့်ပစ်ခတ်နိုင်ရန် ကိုယ့်ဘက်မှ အသင့်အနေအထားရှိရန် သာ အဓိကဖြစ်သည်။ ကိုယ့်ဘက်က အသင့်အနေအထားမျိုးပြင်ဆင် ာ လျှောက်လှမ်းရင်း အဘကောင်းက သေနတ်ကို ဒင်အသေးပိုင်း ိုင်ကာ ညာဘက်ပခုံးပေါ်တင်လျက် ရပ်တန့်ကာ ဟိုသည် လိုက်လံ ည်နေသည့်အနီးသို့ရောက်တော့ လေသံနှင့်မေးလိုက်မိသည်က . . .

"အဘကောင်း . . . အခြေအနေက ဘယ်လိုလဲ"

"ရှေ့မြောင်းနခမ်းစပ်လောက်ထိ လိုက်ကြရအောင်"

သူကလည်း လေသံနှင့်ပင်ပြန်ပြောရင်း ရှေ့ကိုဆက်သွားသည် ျွန်တော်တို့အဖွဲ့ကလည်း နောက်ကျောဆီမှ ခြေသံလုံအောင်နင်း လိုက်သွားကြရင်း အတန်ကြာတော့ ဝါးသုန်းတောအစပ် ခင်ကြေ ို့ ရောက်လာသည်။

သားကောင်ခြေရာကလည်း ဝါးသုန်းတောအတိုင်း ဝင်ရောက် သည်ကို တွေ့မြင်နေရသဖြင့် အဘကောင်းက ရပ်တန့်လျက် ဝန်း င့် လေ၏အခြေအနေကို တွက်ဆနေဟန်အသွင်။

ဝါးသုန်းတောသို့ တိုးဝင်ရန်မှာ ဝါးရုံပင်ကြီးတို့၏ကိုင်းဖျား ွက်ခြောက်တို့က လေအတိုးတွင် တရှဲရှဲတေးဆိုနေကြသလို ကြေ သည့် ဝါးရွက်ခြောက်တို့ကလည်း အများအပြားဖြစ်ကာ နေရာ ်နေသည်မို့ ထိုအပေါ်မှဖြတ်လျှောက်လျှင် အသံကြားမည်ကို ည့်အတွက် မည်သည့်လမ်းမှဝင်ရောက်လျှင် အသံလုံမည်ကို နေသည်။

ထိုအချိန် ဝါးရုံကိုင်းဖျားတို့က လေအတိုးတွင် ဘယ်ညာယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေကြသလို ချိုးမောင်နှံတို့ကလည်း ဟီးလေးခိုစီးနေကြရင်း တွန်သံ ပေးနေသည်ကို ကြားနေရသည်။

ထိုအချိန်တွင် ...

"တစ်တီတူး ... တစ်တီတူး ... တစ်တီတူး ..."

မျှော်လင့်မထားကြပါပဲနှင့် အမှတ်မထင် ဝါးသုန်းတော အတွင်း တောချုံပုတ်အတွင်းဆီမှ တစ်တီတူးမောင်နှံက ကျွန်တော် အဖွဲ့ရှိရာဆီသို့ ဦးတည်ပျံသန်းလာကြကာ အဘကောင်းမျက်နှာကို သန်းနေရင်း ဝေ့ဝဲလျက် အတောင်နှင့်ရိုက်ခတ်လိုက်ပြီး ဝန်းကျင် ဝိုက်ဝေ့ဝဲကာ ရူးရူးကျယ်လောင်စွာ အော်ဟစ်လိုက်ကြသံများနှင့်အတူ

"ဝေါ ... ဗျော ... ဗျော ... ဗျော ..."

ဝါးသုန်းတောကြီးအတွင်း ကိုက်နှစ်ရာလောက်ဆီမှ တော ပြေးလွှားသံကြီးကို ကြားလိုက်ရသည့် ငါးစက္ကန့်လောက်အကြာ တောတိုးပြေးလွှားသံကြီး ပျောက်ကွယ်သွားပြီဖြစ်သော်လည်း တ တူးနှစ်ကောင်က ကျွန်တော်တို့အဖွဲ့ရပ်နေရာ ဝန်းကျင်တစ်ဝိုက် လှည့်ပတ်ပျံသန်းရင်း ရူးရူးရှရှ အော်မြည်ဟစ်ကြွေးနေသည့်အသံ အမျှင်မပြတ်။

"တောက် ... အရေးထဲကျမှကွာ တစ်တီတူးကောင် လာတိုးရတယ်လို့။ တင်စိုး ... လောက်လေးခွ မပါလာခဲ့ဘူးလား

အစ်ကိုကြီးဦးသိန်းလွင်က ဒေါသသံနှင့် လှမ်းမေးလိုက် မို့ ...

"ဟုတ်ပါရဲ့ ... ပါမလာခဲ့ဘူး အစ်ကိုကြီးရဲ့"

တင်စိုးဖြေလိုက်သည့်စကားကြောင့် အစ်ကိုကြီးဦးသိန်း





ပျံသန်းအော်ဟစ်နေသည့် တစ်တီတူးငှက်နှစ်ကောင်ကို သူကိုင် ဆောင်ထားသည့် နှစ်လုံးပြူးသေနတ်နှင့် လှမ်းချိန်လိုက်ရင်း ...

"တောက် ..."

သေနတ်သံကတော့ ထွက်မလာ။ သေနတ်အစား ပြင်းထန် သော တောက်ခေါက်သံကြီးကသာ ဝန်းကျင်ကို ဖုံးလွှမ်းသွားတော့သည် အမှန်ပင်။

ကျွန်တော်ကလည်း စိတ်ဓာတ်ကျနေသည့်အကြားမှ သူ့ဖြစ် ကိုကြည့်ရင်း ပြုံးနေလိုက်မိသည်ကအမှန်။ မချိပြုံးပင်ဖြစ်ပေသည်။ ဘယ်ကြောင့်ဆိုသော် မုဆိုးများ သားကောင်ကြီးတို့နောက်ဆီ ခြေရာ ကြမည့်သူတို့အဖို့ ယခုလို သဘာဝအနှောင့်အယှက်မျိုးကို အထူး ထားကြရမည်ကို သိရှိထားကြသူများဖြစ်သော်လည်း ယခုအဖြစ် လမ်းတစ်လျှောက်လုံး မည်သည့်အဟန့်အတား အနှောင့်အယှက် သားကောင်ကြီး၏ခြေရာနောက်ကို လိုက်လာခဲ့ကြရင်း မိုလုမိုခင် တ်ကြရတော့မည့်အချိန်။

ဝါးသုန်တောကြီးအတွင်း ပြောင်ကြီးကပ်နေမည်ဆိုသည်ကို လုံးက သိရှိထားကြပြီး အပိုင်ဂင်ရောက်ပစ်ခတ်ကြရန်အတွက် ခြေ ကြားအောင် တိုးဝင်ပစ်ခတ်ကြဖို့ကို အာရုံစိုက်နေကြစဉ် မည်သို့ မျှော်လင့်မထားသော အန္တရာယ်တစ်ခုက ဝင်ရောက်အနှောင့်အယှက် ခြင်းကို ခံလိုက်ရသည့်အတွက် ကျွန်တော်တို့အဖွဲ့ ခြေရာကောက် ခြင်းခံနေသည့် သားကောင်ကြီးမှာ သူ့နောက်သို့ လူသားမုဆိုး တ်နေမှန်း သိရှိသွားပြီး လွတ်ကင်းရာဆီသို့ ပြေးလွှားရှောင်ပုန်း သည့်အတွက် လက်လွတ်ဆုံးရှုံးခံလိုက်ရပြီး ပင်ပန်းမောဟိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သာ အဖတ်တင်ခဲ့ရသည်။ ကျွန်တော်တို့အဖြစ်က ပြောပြလျှင် ယုံကြည်နိုင်စရာပင် မရှိသည်ကအမှန်။

မုဆိုးလုပ်သူတို့ဆိုသည်က သားကောင်တို့သေလောက်သည့် လက်နက်ကို ကိုင်ဆောင်ပစ်ခတ်နေကြသူများဆိုသော်လည်း ထိုကဲ့သို့ သဘာဝအနေနှင့်အယုက်ကိုလည်း ထည့်သွင်းစဉ်းစား တွက်ချက်ထားရမည်ဆိုသည်က အမှန်ပင်ဖြစ်ပေသည်။

သို့အတွက် အခြားသော သဘာရင့်မုဆိုးကြီးတို့ဆိုလျှင် ယခုကဲ့သို့ သားကောင်ကြီးတို့နောက်သို့ ခြေရာခံလိုက်ကြသည့်အခါ လောက်လေးခွနှင့် လေးသီးတို့ကိုပါ ယူဆောင်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုတစ်တီတူးငှက်ဆိုသည့် အကောင်တို့မှာ မုဆိုးနှင့်သားကောင်တို့အကြားတွင် အန္တရာယ်ပေးကြသည့်အဖြစ်ကို သိရှိထားကြပြီး အဝေးသို့ ပစ်ခတ်မောင်းနှင် ခြောက်လှန့်ရန်အတွက်ဖြစ်ပေသည်။

ယခုလည်း ကျွန်တော်တို့အဖွဲ့သားတို့မှာ သားကောင်ကြီးနောက်ဆီသို့ လိုက်ခဲ့ကြရာတွင် ထိုအချက်ကိုသိထားကြပါလျက် သတိမထားကာ ယူမလာခဲ့ကြသဖြင့် ယခုလိုဖြစ်ခဲ့ကြရခြင်းပင်ဖြစ်ပေသည်။

တစ်တီတူးငှက်ဆိုသည့် အကောင်များတို့၏သဘာဝကလည်း ဆန်းတော့အဆန်းသား။ အခြားငှက်တို့နှင့် မတူညီသည့်အချက်က သစ်ပင်ထက်တို့တွင် အသိုက်ဆောက်ပြီး အိပ်စက်၊ နားနေ၊ ဥချ၊ အကောင်ပေါက်ကြသည့် ငှက်မျိုးမဟုတ်။

သူတို့အသိုက်ဆောက်သည့်နေရာက တောချုံပုတ်အတွင်းရှိ မြေပြင်ထက်တွင်။ ထိုအသိုက်အတွင်းပင် အိပ်စက်နားနေသည်၊ ဥချသည်။ ဝပ်သည်။ အကောင်ပေါက်သည့်ငှက်မျိုးပင်။





သို့အတွက် သူတို့အသိုက်အနီးဆီသို့ ချဉ်းကပ်ရောက်ရှိလာကြသော သားကောင်တို့နှင့် လူသားမုဆိုးတို့ကို သူတို့နေထိုင်ရာအသိုက်ဆီ လာရောက်ဖျက်ဆီးကြမည်အထင်နှင့် လေတွင်ပျံဝဲပြီး အတောင်နှင့်ရိုက်ခတ်ကာ အသံကုန်အော်ဟစ် အဝေးဆီသို့မောင်းနှင်ထုတ်တတ်ကြသည့် ငှက်မျိုးပင်။

ထိုငှက်တို့၏ သဘောသဘာဝကို မုဆိုးလုပ်သူတိုင်းကလည်း သိထားသလို၊ သားကောင်တိုင်းကလည်း သိရှိသဘောပေါက်ထားကြသည်မို့ ထိုငှက်အော်သံကို အဝေးတစ်နေရာမှ ကြားလိုက်ရသော မုဆိုးက ထိုငှက်အော်သံကြားသည့်နေရာတွင် သားကောင်ရှိနေပြီကို သိရှိနေသလို၊ အဝေးမှကြားလိုက်ရသော သားကောင်ကလည်း ထိုငှက်အော်သံကြားရာဆီတွင် လူသားမုဆိုး ရောက်နေပြီဟူသောအသိကြောင့် ဝေးရာဆီသို့ ပြေးလွှားရှောင်ကွင်းကြပေသည်။

ထိုငှက်အော်သံကြောင့် သားကောင်ကလည်း သူတို့ရှိနေသည်ကို လူသားမုဆိုးသိရှိအောင် ဖော်ကောင်လုပ်သည့်ငှက်မို့ မုန်းတီးသလို၊ လူသားမုဆိုးကလည်း ယခုဖြစ်ရပ်မျိုးလို သားကောင်က သူ့နောက်ကို လိုက်နေမှန်းသိရှိသွားပြီး လွတ်ရာသို့ ပြေးလွှားရှောင်ပုန်းသွားသည့်အတွက် အမုန်းခံရသည့်ငှက်မျိုး ဖြစ်နေခြင်းကြောင့်ပင်။

ယခုလည်း ကျွန်တော်တို့အုပ်စုအဖြစ်က ပြောင်ကြီးထိပ်ကောင်နောက်ဆီသို့ အပင်ပန်းခံကာ ခြေရာကောက်ပြီးလိုက်ခဲ့ကြရာမှ ချုံသုန်းတောကြီးအတွင်း နိုကပ်နေသောသားကောင်ကြီးကို ကြွေကျနေသော ဝါးရွက်ခြောက်တို့အပေါ် ကျော်နင်းဖြတ်သန်းသွားမိပါက အသံကြားမည်စိုးသဖြင့် စဉ်းစားကာ မည်ကဲ့သို့သွားရလျှင်ကောင်းမည်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်တို့လူစု တွေးတောနေစဉ် ထင်မှတ်မထားဘဲ ထိုငှက်မောင်နှံက သူတို့၏အသိုက်ကို ဖျက်ဆီးမည့်အထင်နှင့် ကောင်းကင်ထက်လှည့်ပတ်ပျံသန်းရင်း ကျွန်တော်တို့အုပ်စုကို အဝေးသို့သွားကြရန် အော်ဟစ်မောင်းထုတ်နေသည့်အသံကို ကြားသွားသော ပြောင်ကြီးသည် သူ့ကို အသက်အန္တရာယ်ပြုမည့် လူသားမုဆိုးတွေ ရောက်နေပြီဟုသော အသိနှင့် လွတ်ကင်းရာဆီသို့ တောတိုးကာ ပြေးလွှားသွားခြင်းဖြစ်သည့်အတွက် စခန်းချရာဆီသို့ ပြန်ကြရုံမှတစ်ပါး ရှေ့ကို ဘာမှဆက်လုပ်လို့ မရတော့သည့်အတွက် ပြန်ခဲ့ကြပေတော့သည်။

✿ ✿ ✿

## [ ၅ ]

❑

ပိန်းအိုင်ရွာတွင်အထိုင်ချကာ သားကောင်ကြီးတို့၏ ခြေရာခြေကြောင်းတို့ကိုကောက်ကာ လိုက်လံပစ်ခတ်နေသော်လည်း ပထမနေ့အားကောင်ပြောင်ကြီးတစ်ကောင်နောက် လိုက်ခဲ့ကြစဉ်က ပစ်ခတ်ကြတော့မည့်အချိန် မျှော်လင့်မထားကြပဲ တစ်တီးတူးငှက်မောင်နှံက သူ့အသိုက်ကိုဖျက်မည့်အထင်နှင့် အော်ဟစ်မောင်းထုတ်လိုက်သည့်အသံကြောင့် လွတ်ရာဆီသို့ပြေးထွက်သွားကာ မပစ်ခတ်လိုက်ရသည့် လာဘ်ဦးတိုးသွား၍လားတော့ဖြင့်မသိ ဒုတိယနေ့တွင်လည်း အကောင်ကြီးတို့ကို မရခဲ့။ ထိုရွာတွင် ကျွန်တော်တို့ နောက်တစ်ရက်နေပြီး ပြန်ကြရတော့မည့် ထိုနေ့နံနက်ပိုင်းတွင် ...

"ကိုလှမြင့် ... ကျွန်တော်တော့ တောအခြေအနေကိုကြည့်ပြီး သိပ်မကျေနပ်ဘူးဗျာ။ ဟုအဘိုးကြီးနှစ်ယောက်ကို နားခိုင်းလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ခင်ဗျား တင်စိုးကိုခေါ်ပြီး ဘယ်ကိုသွားရင်ကောင်းမလဲ စဉ်းစားစမ်းပါဦး''

"ကဘူးဘက်မှာ မီးသွေးဖုတ်သမား ညီမောင်ပြန်လာလို့ မြောင်အုပ်ကိုတွေ့တယ်လို့ပြောတယ်ဗျ''

သူပြောသည့် ကဘူးဆိုသည်က ကဘူးရေလျောင်တမံပင်။ ဉက္ကံသုံးဆယ်ဘက်မှဆိုလျှင် ကဘူး၊ ရေသို၊ ယင်းတိုက်ကလေး၊ ဂုံညင်းတန်းကြိုးကြာ၊ အိုင်ကြီး၊ သပြေကုန်း၊ ဝေါ၊ ဉက္ကံရှမ်းစုဆိုသည့် ရွာသိမ်ရွာငယ်ကလေးတို့ရှိသည့်နေရာပင်။

တောကနက်ပြီး ရိုးမကြီးအတွင်းပိုင်းကျသည့်ရွာများမှ သင်ခုတ်၊ ဝါးခုတ်၊ လံထင်း၊ စလူ၊ ခနုံး၊ တောင်ထန်း၊ ကိုင်းတော၊ ကြိမ်ခုတ်သူတို့ ခေတ္တနားခဏ စတည်းချရာစခန်းများတို့ပင်။ ယခုအခါ ရွာအမည်များသာ ကျန်ရှိနေသော်လည်း လူနေသည့်ကျေးရွာတို့ မဟုတ်တော့ပေ။

ထိုရွာအမည်တို့အကြားတွင် ကာဂရီသစ်တောကြိုးဝိုင်း၊ မိုးယွန်းကြီးဘေးမဲ့တော၊ မိုးယွန်းကြီးအင်းတို့ကလည်း ရှိနေကြပြန်သေးသည့်နေရာ။ ဉက္ကံသုံးဆယ်ဘက်မှဆိုလျှင် အလှမ်းဝေးသည်။

ယခု ကျွန်တော်တို့အထိုင်ချထားသည့်နေရာ ပိန်းအိုင်ရွာနှင့်ဆိုလျှင် တံပိုးထမ်းမို့ တောလမ်းအတိုင်းလျှောက်လှမ်းလျှင် အလွန်ဆုံးတစ်နာရီခန့်ပင်။

"တစ်နေ့လုံး လှုပ်ရှားလို့ရသေးတယ်ဆိုတော့ သွားလိုက်ကြရအောင်ကွာ။ တင်စိုး မင်းလည်းလိုက်ခဲ့။ တို့လူငယ်တွေချည်း။ အဘိုးကြီးနှစ်ယောက်ကိုထားခဲ့''

သည်ခရီးကို အသက်ကြီးသူသုံးယောက်အနက် အငယ်ဆုံး





ဖြစ်သူ ကျွန်တော်က ပြောလိုက်သည့်အတွက် ဘာသံမှထွက်မလာသဖြင့် သေနတ်ကိုဆွဲလိုက်ရင်း ကျွန်တော်ထွက်ခဲ့သည့် ခရီးစဉ်တစ်ခုပင်။ သေနတ်များအပြင် မုဆိုးအသုံးအဆောင်ယူပြီး ထွက်မည်ပြုစဉ် ကိုလှမြင့်က ...

"ဘိုလေး ... မြောင်လောက်မှာတင် အလုပ်ဖြစ်နိုင်တယ်ဗျ''

"ဘယ်မြောင်ကိုပြောတာလဲ''

"ဟို ... ပိန်းအိုင်မြောင်ကိုပြောတာလေ''

"အေးဗျာ ... အလုပ်ဖြစ်ဖို့ အဓိကပဲ။ ဒီနေ့အဖို့က ရေကုန်ဆွန်းပေါ့''

"တင်စိုး ထမင်းထုပ်တွေကော ပါရဲ့လားကွ''

"ထည့်ပြီးပြီ။ အားလုံးအဆင်သင့်ပဲ။ ထွက်ကြစို့''

ကိုင်ဆောင်ထားသည့် သေနတ်မဂ္ဂဇင်းဘောက်ထဲမှ ကျည်တစ်တောင့်ကို ပြောင်းရင်းဆီသို့ ရိုက်သွင်းလိုက်ပြီး လုံခြုံရေးမောင်းခလုတ်ကို နောက်သို့ဆွဲကာ သူတို့နှစ်ဦးကလည်း ကျည်တို့ကိုဖြည့်ကာ ထွက်ခွာလာခဲ့ကြသည်။

နွေကာလ၏နံနက်ခင်းဆိုသော်လည်း အချိန်က ရှစ်မောင်းနီးပြီ အထိုက်အလျောက်ပူနေသော်လည်း သစ်ရိပ်ဝါးရိပ်တို့ကြောင့် အပူနှင့် မောပန်းမှုတို့ သက်သာနေသည်။ ရွှေမြင်ကွင်းတောင်ခြေတစ်ဆီတွင် လွင်၊ ပြန့်တို့ကို တွေ့မြင်နေရသလို သစ်ရိုင်းတောအုပ်ကြီးများ ဝါးရုံတောကြီးများ၊ ချုံနွယ်တောတန်းကြီးတို့ကသာ မင်းမူနေသည်။

"ဂဲ ... ဂဲ ... ဂဲ ...''

အောက်ချင်းငှက်တစ်အုပ်က ဝါးရုံတောကြီးအတွင်းဆီမှာ ဝိုင်းအော်ဟစ်လိုက်သံတို့ကို ကြားလိုက်ရသလို၊ ငှက်ဝါးရောင်း(ခ)ဝါရောင်း



www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်အုပ်ကလည်း အားကျမခံ ဆူညံစွာပြန်အော်လိုက်ချိန် ပုဇွန်ရင်ကွဲတစ်အုပ်ကလည်း အဆက်မပြတ်အော်မြည်သံတို့ကို နားစွင့်ရင်း လူသွားလမ်းကျဉ်းကလေးအတိုင်း လျှောက်လှမ်းနေလိုက်ကြပေသည်။

အတန်ကြာကြာ လျှောက်လှမ်းနေလိုက်ကြစဉ် လျှောက်လှမ်းနေကြသော မြေပြင်သည် ကျောက်သားဆန်သော လမ်းအသွင်မျိုး လာပြီး ကျောက်တုံးငယ်တို့ပြန့်ကျဲစွာနှင့် ဖြစ်လာသည်ကို သတိပြုသည်။ သစ်ရိုင်းပင်ကြီးတို့လည်း ထိုဝန်းကျင်တွင် ကျဲပါးစပြုလာသည်။

အရှေ့မြင်ကွင်းခပ်လှမ်းလှမ်းဆီသို့ မျှော်ကြည့်လိုက်တော့ တောကြီးတို့၏အောက်ပိုင်းတွင် တောငှက်ပျောပင်တို့နှင့် ရောထွေး အောက်ခြေတွင် ပိန်းရိုင်းပင်များကိုလည်း တွေ့လိုက်ရပေသည်။ သား ကောင်တို့၏ စိတ်ကြိုက်စားကွင်းစားကွက် နေရာများဖြစ်သည်က အ ပင်။

ဝါးရုံတောကြီးများသည် ဝါးပိုးဝါးရုံတို့ကများသည်။ ကျွန်တော် တို့ လျှောက်လှမ်းကြရမည့်လမ်းက ထိုဝါးပိုးရုံတို့နှင့် ငှက်ပျောပင် အကြားကို ဖြတ်ကျော်လိုက်ပါမှ ပိန်းအိုင်တောင်ကျချောင်းဆီသို့ ရောက် မည်။ ကိုင်ဆောင်ထားသည့် သေနတ်၏မောင်းခလုတ်ကို ရှေ့သို့တွန်း ပို့လိုက်ရင်း သားကောင်တွေ့ပါက ပစ်ခတ်နိုင်ရန် အသင့်အနေအထား မျိုးနှင့် ဖြည်းညင်းစွာ လျှောက်လှမ်းလိုက်ပေသည်။

သစ်ရိုင်းပင်ကြီးများတို့နှင့် ချုံနွယ်တောတို့အတွင်းရှိ သစ်ရွက် ဖားဖားတို့မှာ တောငှက်ပျောရွက်၊ ပိန်းရွက်ကြီးများကဲ့သို့ စိမ်းစို ဆန်းနေသည်မို့ တောင်ကျချောင်းနှင့်ကပ်နေပြီကို တွေးတောလိုက် သေနတ်ဒင်အသေးပိုင်းကို ညာလက်ဖြင့်ဆုပ်ကိုင်ကာ ဝန်းကျင်ကို အ ခတ်နေလိုက်မိသည်။ အတန်ကြာတော့ ဆင်ခြေလျှောလမ်းက





အတိုင်းဖြတ်လျှောက်ကြကာ ချောင်းဘက်ဆီသို့ချိုးသွားသော ကမ်းပါး ဘက်ဆီသို့ ဆင်းလိုက်ကြပေသည်။

ယခုထိတိုင် သားကောင်တို့၏ အရိပ်အခြည်ကို မတွေ့ရသေး။ လျှောက်လှမ်းနေသည့် မြေအနေအထားသည် ယခင်ကလို မြေပြဖြစ် တော့။ လွင်ဆန်သောမြေသားထက်တွင် ဝါးပင်ပေါက်တို့အပြင် အင်ပင် ပေါက်တို့နှင့်ရောထွေးလျက် ချုံငယ်ပင်တို့က တပြန့်တပျော။

သပွတ်သိမ်ချုံနွယ်ပင်ကြီးများကလည်း သစ်ပင်ကြီးတို့ကို တွယ် ပ်နွယ်တက်ပြီး ဟိုတစ်ကွက်၊ သည်တစ်ကွက်။ သပွတ်သိန်သီးမှည့် တို့ကို စားသောက်နေကြသော ငှက်ငန္စွားငှက်တို့၏ နွားသိုးကြီးကဲ့သို့ သံထရိန်း . . . ဝပ်ထရိန်း' နှင့် တွန်ကျူးသံတို့ကလည်း အတွေ့အကြုံ ည်းကြသူများအဖို့ တုန်လှုပ်စရာ။

မြေသားဆန်သောနေရာတို့တွင် မြက်ပင်တို့ ပေါက်ရောက်နေ ကြသည်ကိုလည်း တွေ့ရသည်။ မြက်ပင်အဖျားပိုင်းများ ပြတ်တောက် ကြသဖြင့် သားကောင်တို့ ကိုက်ဖြတ်စားထားသည့်အသွင်မျိုးမို့ အသေ ကြည့်လိုက်တော့ ယုန်ချေးတို့ကို ဟိုတစ်ပုံသည်တစ်ပုံ တွေ့မြင် သည်။ အချို့သောချေးတို့က အဖြူရောင်သန်းပြီး အချို့သောယုန်ချေး တို့က အစိမ်းရောင်သန်း ပြောင်လက်နေကြသည်။

ယုန်ချေးဆိုသည်က ဆိတ်ချေးတို့ကဲ့သို့ လုံးလုံးနှင့်ခပ်သေး ဖြူနေသည့်ချေးတို့က ယခင်လေးငါးရက်ကပါသွားပြီး စိမ်းသော တို့က ညဦးပိုင်းဝင်စားရင်း ပါသွားသောချေးတို့ပင်ဖြစ်ပေသည်။

လမ်းကြောင်းအတိုင်း သတိကြီးစွာထားကာ သုံးဦးသား ဖြည်း ဖြည်း လျှောက်လှမ်းနေလိုက်ကြရင်း ဝန်းကျင်မှ သားကောင်အခြေအနေ လိုက်လံရှာဖွေနေလိုက်ကြပေသည်။ ဝါးရွက်တို့နှင့် သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ခက်တို့က ငြိမ်နေသည်။

ချောင်းကမ်းပါးယံထိပ် ကျူပင်ကိုင်းတို့အတွင်း တိုးဝင် ချောင်းကမ်းပါးယံထိပ် ထမသိုင်းချုံအောက်မှ သုံးဦးသား မြေပြင်ပေါ် ဗိုက်ကပ်ဝမ်းလျှားထိုးကာ တိုးဝင်လိုက်ကြပြီး ချောင်းအတွင်းဆီသို့ လှမ်း ကြည့်လိုက်မိကြသည်။

ချောင်းကား တောင်ကျရေတို့စီးဆင်းရာ ချောင်းဖြစ်သည် အတွက် စီးဆင်းရန်ရေတို့က သိပ်မရှိသော်လည်း လက်လေးလုံး ကျန်ရှိနေသော ကြည်လဲ့လဲ့ချောင်းရေကို (ဝက်ဖျန်း) တစ်ကောင်က လျက် အေးဆေးစွာ သောက်သုံးနေသည်ကို တွေ့မြင်လိုက်ကြရသည် တောဝက်ပေါက်မှာ အချိန် (၁၀)ထက်မပို။

ကိုင်ဆောင်ထားသည့်သေနတ်ကို တောဝက်ဖျန်းထံသို့ ပြော တန်းချိန်ရွယ်လိုက်ရင်းနောက် ချိန်ခွက်၊ ရှေ့ချိန်သီးနှင့် ပစ်မှတ် ရာ တောဝက်ငယ်တို့ တစ်တန်းထဲအရောက် မောင်းခလုတ်ကို ဆွဲဖြုတ် သင့်၊ မသင့်ကို စဉ်းစားနေလိုက်သည်။

အကြောင်းမှာ ကျွန်တော်တို့ကိုင်ဆောင်ထားသည့် သေနတ် က ဒသမ ၃၇၅ အမဲကြီးပစ် ရိုင်ဖယ်ဖြစ်နေသည့်အတွက်ပင်။ အတွက် နှစ်လုံးပြူးသေနတ်ကို ကိုင်ဆောင်ထားကြသည့် သူတို့နှစ် ကို ပစ်ခိုင်းရန်အတွက် စောင်းငဲ့အကြည့်လိုက်တွင် ...

"တစ်တီတူး ... တစ်တီတူး ... တစ်တီတူး ..."

တထိတ်တလန့်အသွင်မျိုးနှင့် တစ်တီတူးငှက်မောင်နှံ၏ အော် ဟစ်သံကြီးတို့က ပိန်းအိုင်မြောင်၏ ဟိုမှာဘက်၊ ဝါးပင်နှင့် အင်ပင် ရောထွေးပေါက်ရောက်နေသည့် အတွင်းပိုင်းဆီမှ လှည့်ပတ်ပျံသန်း စူးစူးဝါးဝါး အော်ဟစ်လိုက်ကြသည့် အသံကြီးတို့ကြောင့် ချောင်း





သောက်နေသောဝက်ဖျန်းမှာ ခေါင်းကို ရုတ်ခြည်းထောင်ထကာ အသံ ကြားလိုက်ရာဆီသို့ မော့ကြည့်ရင်း သူ၏နားရွက်နှစ်ဖက်ကို ကားထုတ် လိုက်၊ ပြန်စုလိုက်၊ ရှေ့တိုးနောက်ငင်လုပ်လိုက်ရင်း ပါးစပ်မှလည်း...

"အွတ် ... အွတ် ... အွတ် ... အု"

အော်မြည်သံပြုပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်နှင့် အတူ ချောင်းကမ်းပါးယံထိပ်ဆီသို့ မြားတစ်စင်းကို ပစ်လွှတ်လိုက်သည့် မာ တစ်ရှိန်ထိုးပြေးတက်သွားပြီး နောက်ကျောတောကြီးအတွင်း တိုး ဝင်ပျောက်ကွယ်သွားသည်ကို သုံးဦးသား တွေ့မြင်လိုက်ကြရပေသည်။

တစ်တီတူးနှစ်ကောင်၏ အော်ဟစ်သံတို့ကို သုံးဦးသား တစ် ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြရင်း ကိုလှမြင့်က လေသံ နှင့်ပြောလိုက်သည်က ...

"ငြိမ်နေကြ။ ငြိမ်ငြိမ်ကလေးနေကြနော်။ အသံက ဒီဘက် ကို တဖြည်းဖြည်းနီးလာတယ်"

သူပြောလိုက်စကားကြောင့် ကျွန်တော်တို့ တစ်တီတူးငှက်အော် ဟစ်သံတို့ကို သတိပြုလိုက်သည်။ ငှက်နှစ်ကောင်၏အသံက တဖြည်း ဖြည်း ကျွန်တော်တို့ရှိရာဘက်ဆီနှင့် နီးကပ်လာသည်ကို သတိပြုလိုက် မိသည်။

သူတို့အသိုက်အနီးဆီသို့ သားကောင်တစ်ကောင်ကောင် ရောက် ရှိလာသည့်အတွက် သူတို့အသိုက်ကို နှင်းချေဖျက်ဆီးမည်အထင်နှင့် အတွင်းပျံဝဲကာ အဝေးသို့ထွက်သွားကြရန် အော်ဟစ်မောင်းထုတ်နေ သူတို့မောင်းထုတ်သည့်သားကောင်က ချောင်းရှိရာဘက်၊ စော စောက တောဝက်ငယ်ပြေးတက်သွားရာဆီသို့ ဦးတည်လာနေသည့် အတွက် နောက်က အော်ဟစ်လိုက်လံမောင်းထုတ်နေသည့် ငှက်အော်



www.burmeseclassic.com

www.burmeseclassic.com



သံတို့က ကျွန်တော်တို့နှင့် တဖြည်းဖြည်း နီးကပ်လာသည့်အသွင်မျိုး တောချုံပုတ်ကြီးအောက်ဆီမှ ကျွန်တော်တို့သုံးဦးသား သေနတ်ကို အသ ကိုင်ဆောင်ကာ ငြိမ်သက်စွာ စောင့်စားနေလိုက်ကြပေသည်။

ဝန်းကျင်တစ်ဝိုက် ငြိမ်သက်နေသည်ဆိုသော်လည်း ကျေးငှ အော်သံတို့ကိုတော့ ကြားနေရသည်။ တစ်ချက်တစ်ချက် မျောက်အ တို့၏ တယိတ်တလန့်အော်သံတို့ကိုလည်း ကြားနေရသည်။ တော ပုတ်ကြီးအတွင်းမှ အတန်ကြာကြာ စောင့်စားကြည့်ရှုနေသော်လည်း ဘာ ခြားမလာ။

ထိုအချိန်ကျမှပင် ဆေးလိပ်သောက်ချင်စိတ်က လှိမ်းမိုးလာ ပြန်သည်မို့ အိတ်ကပ်အတွင်းမှ ရှမ်းဖက်လိပ်တိုကို ထုတ်ယူပြီး မီးညှိ ဖွာရှိုက်လို့ကလည်းမဖြစ်။ ဝန်းကျင်ကို ထပ်မံအကဲခတ်လိုက်ပြန်သော် လည်း ထူးခြားမှုက လုံးဝမရှိသဖြင့် လွယ်အိတ်အတွင်းမှယူဆောင်လာ သော ပုလင်းပြားကလေးကို အဖုံးဖွင့်ကာ မော့လိုက်ရင်း စိတ်ကိုဖြေ သိမ့်လိုက်ရသည်။

အရက်ကို အနည်းငယ်မော့၍ စိတ်ကိုဖြေလိုက်ရင်း ချောင်း အတွင်းသဲသောင်ပြင်ထက်ကို လှမ်းကြည့်နေလိုက်သည်။ သဲသောင်ကမ်း စပ်တွင် သားကောင်ငယ်များဖြစ်ကြသော ချေ၊ ဒရယ်၊ ဆတ်၊ တောဝက် ခြေရာတို့က ရှုပ်ထွေးနေသလို ထိုအထဲတွင် ပန်းကန်ပြားတစ်ချပ် သဲပြင် ထက်ဆီတွင် မှောက်ချထားသည့်အလား ကြီးမားပိုင်းစက် ခပ်ခွက်ခွက် နှင့် သားကောင်ကြီးခြေရာလမ်းကြောင်းကို တွေ့မြင်လိုက်ရသဖြင့် ကျွန် မြင့်နှင့်တင်စိုးတို့နှစ်ယောက်အား လက်တို့ကာပြလိုက်တော့ သူတို့ တွေ့ထားပြီး ငြိမ်နေရန်အချက်ပြနေသည်မို့ ငြိမ်နေလိုက်ရပြန်ပေသည်။

ခြေရာခွက်ကြီးကို လိုက်လံကြည့်ရခြင်းအားဖြင့် တစ်ကောင်





ဘည်းသော သားကောင်ကြီး၏ခြေရာဖြစ်ကြောင်း ကြည့်ရင်းသိလိုက် ရသည်။ ပြောင်ကြီးတစ်ကောင်၏ ခြေရာဖြစ်သလို နွားကျူးကြီးလား၊ သင်းကွဲလား ဆိုသည်ကိုတော့ဖြင့်မသိ။

“ဖျောင်း ... ဖျော ... ရှူး ... ရှူး ... ဖူး ...”

တောဝက်ငယ်ပြေးတက်သွားသည့် ဟိုမှာဘက် ချောင်းကမ်း ပါးယံထက်ဆီမှ ကျယ်လောင်သော ခွာခတ်သံကြီးနှင့်အတူ နှာမှုတ်သံ၊ တစ်တီတူးအော်ဟစ်သံတို့ကို ကြားလိုက်ရသဖြင့် အသံကြားလိုက်ရာ ဆီသို့ သုံးဦးသား လှမ်းကြည့်လိုက်တော့ မဲမဲပြောင်ပြောင်ကြီးနှင့် ကြီး မားတုတ်ခိုင်သန်စွမ်းသည့် ကျွဲကြီးတစ်ကောင်ကို လှမ်းမြင်တွေ့လိုက် ကြရသည်။

သူ့အသွင်က ချောင်းအတွင်း ရေသောက်ဆင်းမည့်ပုံစံမျိုး။ သို့သော် သူ့နောက်ကျောဆီမှ အသံတစာစာနှင့် လိုက်လံအော်ဟစ်နေ သည့် တစ်တီးတူးငှက်တို့ကို အလွန်အမင်း ဒေါသထွက်နေသဖြင့် တ ဖြောင်းဖြောင်း ခွာခတ်၊ နှာကို တဖူးဖူးမှုတ်ရင်း ရန်လိုနေသည့်အသွင်။

ကျွန်တော်တို့ရှိရာ တောချုံကြီးကိုဦးတည်ရင်း နောက်ပိုင်းဆီ သို့ သမင်လည်ပြန်လှည့်ကြည့်နေစဉ် နောက်ထပ်မြင်ကွင်းဆီသို့ ထို အကောင်လောက် ကြီးမားတုတ်ခိုင်သန်စွမ်းသည့် မဲမဲအကောင်ကြီး တစ်ကောင် တိုးထွက်လာပြန်သည်ကို အံ့သြဖွယ် သုံးဦးသား ထပ်မံ တွေ့မြင်လိုက်ကြရပြန်ပေသည်။

မူလတွေ့မြင်လိုက်ရသည့် အကောင်ကြီးက ချောင်းအတွင်း ဆီသို့မဆင်းသေးဘဲ နောက်မှလိုက်လာသည့် ဒုတိယအကောင်ဆီသို့ ပြန်လှည့်သွားကာ အနီးသို့ရောက်တော့ လက်ပြင်ကို လျှာနှင့်လျက် ကာ ပွတ်သပ်ချော့မြှူနေသည်ကိုလည်း တွေ့လိုက်ရပြန်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ကြီးနှစ်ကောင်လုံးကို ကြည့်လိုက်ရာ ဦးကင်းထော ဆီတွင် ကားလျက် (ပ) ပစောက်ပုံသဏ္ဌာန်ကြီးမားပြီး အဖျားပိုင်းဘ ဆီသို့ရောက်တော့ ချွန်မြနေသည့်ဦးချိုတို့အပြင် အရင်းပိုင်းတွင် ပေါင်းတက်နေသည့်အလား အထပ်ထပ်ဖြစ်ကာ ဖြူညစ်ညစ်ကြာကွ တို့အပြင် တောက်ပြောင်ဝိုင်းစက်သော မျက်လုံးအစုံတို့နှင့် နဖားကြ များမရှိသည်ကို သတိပြုမိသည်မို့ သူတို့နှစ်ဦးအား လေသံနှင့် …

"ပြောင်တွေကွ …ပြောင်တွေ"

ပြောပြောဆိုဆိုနှင့် ဘေးတိုက်အနေအထားမျိုးနှင့် တွေ့နေ သည့် ပထမဆုံးပြောင်ကြီး၏ ရှေ့လက်ပြင်နောက်ဖက် နှလုံးသားမှ ဆီသို့ ပစ်သွင်းလိုက်ပေသည်။

"ဒိုင်း …"

"ဒိုင်း …ဒိုင်း …ဒိုင်း …ဒိုင်း"

ကျွန်တော်ပစ်ခတ်လိုက်သည့် သေနတ်က ဒသမ ၃၇၅ သားကောင်ကြီးကို ဟိုဘက်ကမ်းပါးယံသို့ သည်ဘက်ကမ်းပါးယံက ပစ်လိုက်ရသည့်အတွက် ကျည်ထိပ်ဖူးက သားကောင်ကြီး၏သေ ကို ဖောက်သွားခြင်းခံလိုက်ရသော အကောင်ကြီးမှာ ရှေ့လက်နှစ် ကိုမြှောက်၊ ပတာပ်ရပ်လိုက်သည့်ပုံစံမျိုးအသွင်နှင့် မြေပြင်သို့ တိုက်လဲကျသွားရင်း လူးလိမ့်နေသည်ကို တွေ့မြင်လိုက်ရစဉ် ကျန် ကောင်က သူ့မျက်စိအောက်တွင် ပြင်းထန်သောပေါက်ကွဲသံကြီးကို ကြ လိုက်ရပြီး ရုတ်ခြည်းဆိုသလို သူ့မျက်စိရှေ့တွင် ဆိုးဝါးသည့်အဖြ နှင့် ရင်ဆိုင်လိုက်ရသည့် သူ့အဖော်အတွက် ဘယ်လိုအဖြစ်မျိ တိုးလိုက်ရပြီကို သဘောပေါက်သိရှိသွားဟန်ထင့် ရှေ့သို့ပြေးတက် ကမ်းပါးယံထက်ဆီမှ ရပ်တန့်လိုက်ပြီး အနီးကပ်ရန်သူကိုရှာနေစဉ် ေ





ပ်ကြားလိုက်ရသော သေနတ်သံများနှင့်အတူ ဘေးတိုက်လဲကျကာ းလိမ့်နေရင်း ချောင်းအတွင်းသို့ ထိုးကျသွားသည်ကို တွေ့မြင်လိုက် ပတော့သည်။

ကျွန်တော်တို့လို မုဆိုးတို့အတွက်က ထိုဖြစ်ရပ်မျိုးက ရှားရှား ပါးမို့ ချောင်းအတွင်းထိုးကျသွားသော သားကောင်ကြီးကိုကြည့်လိုက် ာ စမ်းရေကြည်ကြည်တို့အတွင်းမှ ကြုံးထကာ တဖူးဖူးနှာမှုတ်ရင်း သူကိုရှာနေသည်ကို တွေ့မြင်လိုက်ရသည့်အတွက် …

"ဒိုင်း …ဒိုင်း …"

ချောင်းအတွင်း စမ်းရေကြည်တို့အလယ်တွင် သွေးများတို့ ဟောစီးဆင်းနေသော ငူငူငိုင်ငိုင်ကြီးအသွင်နှင့်ရပ်လျက် သေနတ် လာရာဆီသို့ မော့ကြည့်နေသည့်ပြောင်ကြီးကို နှစ်ချက်ပစ်သွင်းကာ န်းသိမ်းပစ်လိုက်ပေတော့သည်။

မူလပစ်ခတ်လိုက်သည့်ကျည်ဆန်၏ ဒဏ်ရာတို့ကြောင့် အထိ သွားပုံရသော ပြောင်ကြီးမှာ ကျွန်တော်ပစ်ခတ်လိုက်သည့် ကျည် တောင့်ကြောင့် ထပ်မံအထိနာက လူးလိမ့်နေရင်း ချောင်းအတွင်း ့ အထိမ်းအကွပ်မဲ့ ထိုးကျသွားပြီး အသက်ပျောက်သွားဖို့ကောင်းသော ည်း စမ်းရေအလယ်တွင် ကြုံးထကာ အခဲမကြေသည့်ပုံစံမျိုးနှင့် တဖူးဖူးမှုတ်နေရင်း မျက်လုံးအစုံက ကျွန်တော်တို့ရှိရာဆီကို လိုက် ကြည့်နေပြန်သည်။ သူ၏ သေနတ်ဒဏ်ရာများရရှိထားသည့် နေရာ တို့မှ သွေးတို့က ပန်းထွက်နေသည့်အတွက် စမ်းချောင်းရေကြည် ည်တို့မှာ ရဲရဲတောက်နေသည်။

မကျေမနပ်အသွင်မျိုးနှင့် တဖူးဖူး နှာမှုတ်နေသည့်အတွက် ကြောင့် နှာခေါင်းအတွင်းဆီမှ သွေးခဲဖတ်တို့ပင် ထွက်ကျနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခတ်လျက်အနေအထားမှ မြေပြင်သို့ လဲကျမသွားသေးဘဲ တောင့်ထားသည်မို့ မတ်တပ်အနေအထား။

"ဒိုင်း ...ဒိုင်း ..."

အခဲမကျေသော မျက်လုံးတို့နှင့်အတူ ကျွန်တော်တို့ပစ်ခတ်လိုက်သည့် သေနတ်သံလာရာ တောချုံကြီးအတွင်းဆီသို့ မော့ကြည့်နေသည့် သားကောင်ကြီးအား နောက်ထပ်စခန်းသိမ်း နှစ်ချက်ပစ်လွှတ်လိုက်ပြန်သည်။ ပစ်ချက်က လက်ပြင်ဆီသို့ပင်။ သို့သော်ငြားလည်း လှည့်ပတ်ခံနေသည့်အတွက် စခန်းသိမ်းပစ်ခတ်လိုက်ပေသည်။

"ဒိုင်း ..."

မျက်လုံးနှစ်လုံးအကြား ကျည်လမ်းကြောင်းက ဦးနှောက်ကို ဖြတ်ဖောက်သွားသည်မို့ စိတ်အေးလက်အေးနှင့် ပစ်သွင်းလိုက်ပြန်သော်လည်း ပစ်မှတ်ထားရာဆီသို့ ကျည်ခဲဖူးက ဖြတ်သန်းသွားသော်လည်း လဲပြိုမသွားပဲ တင်းခံနေသည်ကို တွေ့မြင်လိုက်ရသော ကျွန်တော်တစ်ယောက် စိတ်တို့က မယုံမရဲဖြစ်လာသည်။

ကျွန်တော် ပြောင်ကြီးကို ဆက်တိုက်ဆိုသလို ပစ်ခတ်နေလိုက်မိသဖြင့် မဂ္ဂဇင်းဘောက်အတွင်းထည့်ထားသော ကျည်ဆန်တို့ကုန်သွားသဖြင့် ဖြုတ်လိုက်ပြီး နောက်ထပ်ကျည်အပြည့်ပါသော မဂ္ဂဇင်းဘောက်အသစ်တစ်ခုကို ပြောင်းလဲတပ်ဆင်လိုက်ပြီး ကျည်သစ်တောင့်ကို ပြောင်းရင်းဆီသို့ရိုက်သွင်းကာ ထပ်မံကြည့်လိုက်ရာ ပြောင်ကြီးမှာ သွေးများထွက်နေရင်း တဖြည်းဖြည်း ဒူးညွှတ်ကျသွားသည်ကို တွေ့လိုက်ရသော်လည်း ခေါင်းပိုင်းက မြေပြင်သို့ စိုက်ကျမသွားသေး။ တရမ်းရမ်းအသွင်။

ကျွန်တော်က သားကောင်ကြီးအဖြစ်ကိုကြည့်နေရင်း အတန်သင့် ထိတ်လန့်လာသလို ကြောက်ဒူးတုန်လာကာ ကြက်သီးတို့ထလာသလို ခေါင်းမှဆံပင်မွေးတို့ပင် ထိုးထိုးထောင်ထောင်ဖြစ်လာသည်။

"ဒိုင်း ...ဒိုင်း ..."

ကိုလှမြင့်နှင့် တင်စိုးတို့က စခန်းသိမ်းပစ်လိုက်သည့်အတွက် သေနတ်ဒဏ်ရာ ဗရပွနှင့်အတူ ပြောင်ကြီးကိုယ်မှထွက်ကျလာသော သွေးတို့ကြောင့် ချောင်းရေတို့က နီရဲသွားသလို သွေးညှီနံ့တို့နှင့်အတူ ယမ်းနံ့တို့ကြောင့် ကျွန်တော်တို့က ဆက်လက်ပစ်ခတ်ဖို့အတွက် အတော်စိတ်ပျက်သွားမိသည်။

ခေါင်းတရမ်းရမ်းဖြစ်နေသော ပြောင်ကြီးမှာ သူတို့သုံးဦးပစ်ခတ်လိုက်သည့် ကျည်ဆန်ဒဏ်ရာတို့ကြောင့် စိတ်ကိုလျှော့ချလိုက်သည်လားတော့ဖြင့်မသိ ရုပ်ရှင်ကားများတွင်ကြည့်ရသည့် စလိုးမိုးရှင်း အနေးနှိပ်ပြကွက်ပုံစံမျိုးဖြင့် တဖြည်းဖြည်းချင်း မြေပြင်သို့စိုက်ကျသွားသည့်မြင်ကွင်းကိုကြည့်လိုက်ရင်း အံ့ဩတုန်လှုပ်သွားမိသူက ကျွန်တော်ရယ်သာပင်။

သို့အတွက် ဆက်ပစ်မနေတော့သော ကျွန်တော်က မြေပြင်ထွင် ကျောခင်းလိုက်ရင်း ပင့်သက်မောတို့ကို ရှိုက်ထုတ်ပစ်နေလိုက်မိတော့သည်။ သူတို့နှစ်ယောက်ကား မျှော်လင့်မထားပါဘဲ တစ်နေ့ရာတည်းတွင် ပြောင်ကြီးနှစ်ကောင်ကို ရလိုက်သည့်အတွက် ပျော်ရွှင်နေကြသည်က အမှန်ပင်။

ရှာခံမုဆိုးများဖြစ်ကြသည့် ကိုလှမြင့်နှင့်တင်စိုးတို့နှစ်ယောက်မှာ ယခုလို တစ်နေ့ရာတည်းတွင် ပြောင်ကြီးနှစ်ကောင်ကို လှဲနိုင်ခဲ့သဖြင့် အလွန်အမင်း ဝမ်းသာနေကြရှာသော်လည်း ကျွန်တော့်အတွက်တော့ဖြင့် ထိုကဲ့သို့ ဝမ်းမသာနိုင်သလို စိတ်မကောင်းခြင်းကြီးစွာ ဖြစ်







www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကအမှန်ပင်။

လူသုံးယောက်ထဲနှင့် အလေးချိန် (၄၀၀)ကျော် ပြောင်ကြီးနှစ်ကောင်လုံးကို တစ်နေရာရာတည်းတွင် ရရှိလိုက်သည်မို့ မည်သို့မျှ မတတ်နိုင်ကြသဖြင့် ထိုနေရာတွင် သည်အတိုင်းထားခဲ့ကာ စခန်းသို့ အကူအညီတောင်းခံရန် ပြန်ခဲ့ကြပေသည်။

စခန်းချရာဆီသို့အရောက်တွင် ကဘူးရွာစားသောက်ဆိုင်ပိုင်ရှင်နှင့်အဖွဲ့သားတို့ ရောက်ရှိနေကြသဖြင့် သူတို့အုပ်စုက တပျော်တပါးနှင့် ပြောင်နှစ်ကောင်ကိုသယ်ဆောင်ကာ စခန်းချရာ ကျွန်တော်တို့ဆီသို့ပြန်ရောက်တော့ မှောင်နေပြီမို့ အထိုင်ချရာ ကိုလှမြင့်ခြံဝင်းအတွင်းပင် အရည်ချ၊ အတွင်းကလီစာများကိုထုတ်၊ ခုတ်ထစ်ပိုင်းဖြတ်ကာ ယမ်းစိမ်းပက်၊ ဆားနယ်၍ ကျပ်စင်တင်လိုက်ကြသည်။

မနက်ဖြန်ပြန်တော့မှ ခြင်းတောင်းများကိုယက်လုပ်ပြီး သယ်ဆောင်ကာပြန်ကြဖို့အရေး ပြင်ဆင်နေကြသော်လည်း ကျွန်တော်ကအရက်ကိုသာဖိသောက်လိုက်ရင်း သူတို့ကို စကားမပြောမိသည်က အမှန်ပင်။ ထိုညမှ ထူးထူးခြားခြား စကားများကိုပြောလာသူက အစ်ကိုကြီး ဦးသိန်းလွင်တစ်ယောက်ပင်။

“ညီလေး ...ငါ ဟိုအကောင်ပေါက်တွေပါမလာလို့ စိတ်မကောင်းဖြစ်နေမိတာ အမှန်ပဲကွ”

“ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုကြီးရယ် အားလုံးကို ဒီခရီးကို ထွက်ဖို့ ချိန်းဆိုထားပေမဲ့ အချိန်ရောက်တော့ အကြောင်းအမျိုးမျိုးကြောင့် သူတို့မလိုက်နိုင်ကြတာကို အပြစ်တင်လို့မရဘူးလေ။ လူငယ်တွေဆိုပေမဲ့ သူတို့မိသားစုဘဝရပ်တည်ရေး၊ သားတွေသမီးတွေကျန်းမာရေး၊ ပညာရေးတွေက ရှိနေကြတယ်လေ အစ်ကိုကြီးရဲ့”





ကျွန်တော်က ပြေရာပြေကြောင်းပြောလိုက်သည့် စကားအပေါ် ရက်ခွက်ကိုမော့သောက်လိုက်ပြီး အမြည်းကိုခပ်ကာ ဝါးစားနေလိုက်ရင်း သူပြောလိုက်သည်က ...

“အေးကွာ ... ဒီအကောင်တွေအကြောင်း ထားလိုက်ပါတော့။ နေ့ မင်းတို့သုံးယောက်ထွက်သွားတော့ ငါနဲ့အဘကောင်းတို့နှစ်ယောက် ကျန်နေတဲ့ ပွိုင့်တူးတူးသေနတ်ကလေးနဲ့ တစ်နေ့လုံး ဝေါင်နေကြတာ ပေါ့ကွ။

မင်းလည်းသိတဲ့အတိုင်း မုဆိုးဆိုတာက တောထဲကိုရောက် ရင် သားကောင်တွေရဲ့အနေအထားကို ဘယ်လိုပစ်ရရင်ကောင်းမလဲ စဉ်းစားနေကြတာလေကွာ။ မင်းက သေနတ်တွေယူပြီး ထွက်သွားတော့ ငါတို့နှစ်ယောက် ဟက်ကော့ကြီးဖြစ်ပြီး ကျန်ခဲ့ကြတာပေါ့ကွာ”

“ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ကျွန်တော်ကလည်း ဟိုနေ့က သားကောင်ကြီးကို ပစ်ခတ်ရတော့မယ့်အချိန်ရောက်မှ ဘာမဟုတ်တဲ့အနှောင့်အယှက်ပေးလိုက်တဲ့အတွက် ပြန်လာခဲ့ကြရတော့ စိတ်က ဘဝင်မကျ ဖြစ်လေ။

ဒီနေ့ ရေကုန်ရေဖျား လိုက်ပြန်တော့လည်း မထင်မှတ်ဘဲ ချောင်းဖျားမှာတင် ပြောင်နှစ်ကောင်ရလိုက်တယ်လေ။ ဒါပေမဲ့ ဒီနှစ်ကောင်ကိုရလိုက်လို့ ကျွန်တော် မပျော်ပါဘူးလေ။ စိတ်တွေတောင် မွန်းကျပ်ပါတယ်။ အမှန်ပါ အစ်ကိုကြီးရယ်”

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူက ပြုံးနေလိုက် သည်။ အဘကောင်းက ...

“ငါတို့လည်း မင်းတို့သုံးယောက်ထွက်သွားပြီး သိပ်မကြာခင် ငါကပွိုင့်တူးတူးနဲ့ ကိုသိန်းလွင်က တင်စိုးဒူးလေးကိုကိုင်ပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတာ ကံကောင်းလို့ပေါ့ ... အသက်ကို တောခွေးတွေကို ပေး လိုက်ရတော့မလို့။ သစ်ပင်ပေါ်အတက်မြန်လို့ကွ။

ပိုပြီး ကံကောင်းသွားတာက မပစ်လိုက်ရဘဲ ကျားသစ်ကံ ကောင်ကိုရလိုက်သလို တောခွေးငါးကောင်ကိုလည်း ရလိုက်တယ်ကွ။ တောခွေးတွေ အမဲလိုက်ကြတဲ့မြင်ကွင်းကို မျက်ဝါးထင်ထင် မြင်လိုက် ရတော့ မင်းကို သတိရလိုက်တာကွာ။ မြင်စေချင်တယ်ပေါ့။ တကယ့် ပွဲကြီးပွဲကောင်းကွ"

အဘကောင်းကိုယ်တိုင်က အားပါပါပြောပြနေသဖြင့် ကျွန် တော်က ...

"ဟုတ်လား ... အဘ။ ဘယ်လိုပွဲကောင်းမျိုးလဲ။ ပြောပြပါ လားဗျာ"

"ကဲ ... ကိုသိန်းလွင် ဖြစ်ကြောင်းကုန်စဉ်လေးကို ဖောက် သယ်ချလိုက်ပါဦး"

အဘကောင်း အပြောခိုင်းလိုက်သည့်အတွက် အစ်ကိုကြီး ဦးသိန်းလွင်က ...

"ဒီလိုကွ ... ညီလေးရဲ့။ မင်းတို့သုံးယောက် သေနတ်တွေ ယူပြီး ထွက်သွားကြတော့ ငါတို့အဘိုးကြီးနှစ်ယောက်ပဲ ကျန်ခဲ့တာပေါ့ ကွာ။ သေနတ်ကလည်း အားကိုးလောက်တဲ့သေနတ်က မရှိဆိုတော့ ငါက တင်စိုးရဲ့ ဒူးလေးကိုင်၊ အဘကောင်းက ပွိုင့်တူးတူးကလေးကို ကိုင်ကြရင်း ဝန်းကျင်လောက်ဆီလျှောက်ကြရင်း ဟင်းစားရှာဖို့ ဥက္ကံ ရှမ်းစုဘက်ကို ဦးတည်ထွက်ခဲ့ကြတာပေါ့"

✿ ✿ ✿

| ၆ |

❑

ဥက္ကံရှမ်းစုဆိုသည်က ပဲခူးရိုးမကြီးအတွင်းပိုင်းကျသော နေရာ လေးတစ်ခု။ ဆောင်းအကုန် နွေအကူးမို့ တောအုပ်တောတန်းချို့ ရွက်ပိတ်ပေါင်းတို့ထက် သစ်ရွက်တို့က ကြွေကျမြေခနေကြခဲ့ပေပြီ။

သစ်ရိုင်းပင်အတော်များများသည် အရိုးခြောက်ကိုင်းတံများ ဖြင့် နွေသရုပ်ကို ဖော်ထုတ်နေပြီဖြစ်သည်။ လျှောက်လှမ်းရာတောလမ်း တို့တွင် သစ်ရွက်ခြောက်တွေနှင့် ဖုံးချင်တိုင်းဖုံးနေကြပြီဖြစ်သဖြင့် နစ် ဦးသားလမ်းလျှောက်သည့်အခါတိုင်း ခြေနင်းသံတွေက ထိန်းမရသဖြင့် ညံကပ်ပါနေသည်။

လမ်းခရီးတွင် မြေပြန့်ပိုင်း၊ မြေညီပိုင်းအချို့တွင် တောမီး ဆောင်ထားကြသဖြင့် မီးခိုးတလူလူတို့နှင့် အချို့ တောမီးလောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည့်နေရာ ပြာပုံတို့အတွင်း မြေပြင်သို့ထိုးထွက်၍ စွင့်ကားဖူးပွင့်နေကြသည့် မြေကပ်ပန်းဖြူဖြူ။ ပတ်စာပန်းကလေးတို့ကလည်း ထိုးထိုးထောင်ထောင်နှင့် နေရာအနှံ့။

ထိုပတ်စာပန်းကလေးတို့ကလည်း ပတ်ကောင်ငယ်ကလေးတို့က ကိုက်ဖြတ်စားသောက်နေကြသည်ကို တွေ့လိုက်ရသလို ဖရုံနှံထွားထွားကြီးတို့ကလည်း မြေပြင်သို့ အလုအယက်ထိုးထွက်နေသည့်မြင်ကွင်းကြောင့် . . .

"အဘကောင်း . . . အပြန်ကျရင် ပတ်စာနဲ့ဖရုံရိုးတွေ နှင်သွားလိုက်ကြရအောင်လား"

ဥက္ကံရှမ်းစုဆိုသည့် နေရာကလေးသည် လူနေအိမ်ခြေဆိုသဖြင့်မရှိသလောက်ပင်။ သို့အတွက် သည်ဝန်းကျင်တစ်ဝိုက်တွင် ယုန်၊ တောကြောင်၊ တောဝက်၊ ချေ၊ ဒရယ်နှင့်ဆတ်တို့အပြင် သားကောင်ကြီးများဖြစ်ကြသည့် စိုင်နှင့် ပြောင်လိုအကောင်ကြီးတို့ကိုလည်း တွေ့ရတတ်သည့်နေရာဖြစ်သလို ကျားနှင့်ကျားသစ်တို့လို အကောင်မျိုးတို့ကိုလည်း တွေ့မြင်တတ်ကြရသည့် နေရာပင်ဖြစ်ပေသည်။

သားကောင်ကြီးတို့ကို အချိန်မရွေးတွေ့မြင်နိုင်သည့် နေရာဖြစ်သလို၊ သူတို့ကိုင်ဆောင်ထားသည့် သေနတ်ကိုလည်း အားကိုးလို့ကသိပ်မရ။ တော်နေသေးသည်က အဆိပ်မြားနှင့် ပစ်ခတ်လို့ရသည့်ဒူးလေးတစ်လက်ပါရှိနေသည်မို့ နှစ်ဦးသား တိုးဝင်လာခဲ့ကြခြင်းပင်။

အတွင်းပိုင်းဆီသို့ တိုးဝင်ကြမည်ဆိုလျှင် လျှိုကြီးလျှိုငယ်အသွယ်သွယ်တို့ကရှိနေသည်။ ထိုလျှိုများအတွင်းတွင် သားကောင်ကြီးငယ်များကို ခိုအောင်းနိုင်သည်ကို နှစ်ဦးသားသိရှိကြသော်လည်း ကိုင်





ဆောင်ထားကြသည့်လက်နက်က အောက်ခြေရှုပ်သော တောမျိုးဖြစ်သည့်အတွက် အရဲမကိုးဝံ့။

သို့အတွက် သူတို့နှစ်ဦးသား အတွင်းပိုင်းကို တိုးမဝင်ကြဘဲသည့်ဝန်းကျင်အတွင်းသာ လှည့်ပတ်ရှာဖွေပစ်ခတ်ကြရန် အချက်ပြပြီးလှည့်လည်ကာ သားကောင်ကို ရှာဖွေနေလိုက်ကြပေသည်။

တောင်ကုန်းဆင်ခြေလျှောမှ သူတို့နှစ်ဦး တက်လာခဲ့ကြသော်လည်း လမ်းကြောရှိ သစ်ရိပ်တန်းကို အကာအကွယ်ယူတက်လာခဲ့ကြရာ ဝါးရုံပင်များနောက်ကျောတွင် မြီးဆံဖွားဖွားတို့နှင့် တောကြက်နီနီခဲရဲတစ်အုပ်က ဝါးရွက်ခြောက်များကို ယက်ဖယ်ကာ ခြကောင်ငယ်တို့ကို ရှာဖွေစားသောက်နေကြဟန်ထင့်။ အမကောင်များနှင့်ရောထွေးလျက် အကောင်သုံးဆယ်ထက်မနည်း။

"နှစ်လုံးပြူးပါလာရင် တစ်ထွေးကြီးရမှာကွာ"

တစ်ချက်ပစ်လျှင် တစ်ကောင်သာရသည့် လက်ထဲတွင်ကိုင်ဆောင်ထားသော သေနတ်ကလေးကိုကြည့်ရင်း အဘကောင်းပြောနေသည်။ သို့တိုင်အောင် သူကိုင်ဆောင်ထားသည့် ဒူးလေးကလည်း မြားတစ်စင်းလွှတ်လိုက်လျှင် တစ်ကောင်သာရမည့်လက်နက်မို့ ဘာတစ်ခွန်းမှ ပြန်မပြောလိုက်မိတော့။ တောကြက်အုပ်ကိုရှောင်ကာ ကိုယ့်လမ်းကြောင်းအတိုင်း ကိုယ်လျှောက်နေလိုက်ကြပေသည်။

တောင်ကုန်းထိပ်ကိုတက်ပြီး ဟိုဘက်ဆီသို့အရောက် မြေတွင်ညှာနှင့်ထိုးစိုက်ထားသည့် အသွင်မျိုးနှင့်ခြေရာကို စတင်တွေ့ရပေသည်။

ထိုခြေရာပုံစံကိုကြည့်ပြီး အဘကောင်းခန့်မှန်းနေသည်က ချေ၊ ဒရယ်၊ ဆတ်၊ ဝက်ဆိုသည့် အကောင်တွေထဲက မည်သည့်အကောင်



www.burmeseclassic.com

www.burmeseclassic.com



ခြေရာဖြစ်သည်ကိုပင်။ အဘယ်ကြောင့်ဆိုသော် ထိုသားကောင်တို့ခြေ
က ပုံစံတူမို့ပင်။

ယခုလို နွေကာလမျိုးတွင် မြေပြင်ကိုစိုက်ဝင်နေသည့် သား
ကောင်၏ခြေရာက နက်နက်ရှိုင်းရှိုင်းဖြစ်နေသည်မို့ ခြေရာရှင်မှာ ဆင်
နွား(သို့)ဆတ်ကျွဲကြီးတစ်ကောင်ဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။ အဘယ်
ကြောင့်ဆိုသော် ကိုယ်အလေးချိန်ကြီးသည့် အကောင်ဖြစ်သည်ကို ခြေ
စိုက်ခြေရာတို့က သက်သေခံနေသည်မဟုတ်ပါလား။

သူတို့နှစ်ဦးစလုံးကလည်း မုဆိုးတွေဖြစ်ကြပြီး အတွေ့အကြုံ
တွေကလည်း အတော်အတန်ရင့်ကျက်ကြသူတို့မို့ ခြေရာတစ်ခုကိုမြင်
လိုက်လျှင် မည်သည့်သားကောင်၏ ခြေရာမျိုးဆိုသည်ကို သိရှိထားကြ
သလို ခြေရာ၏အချိန်ကာလကိုလည်း မှန်းဆတတ်ကြသူတို့ပင်။

"ကိုသိန်းလွင် နားနဲ့မျက်စိကို ဖွင့်ထားနော်"

အဘကောင်းက လှမ်းသတိပေးလိုက်သည်။ ထိုအချိန် ဝန်း
ကျင်ကို သူလှမ်းအကဲခတ်ကြည့်လိုက်တော့ ဝန်းကျင်တွင် ပင်စော်
ကံ့ကော်၊ သစ်အယ်၊ မဏိသြဂ၊ တောင်ဆီးဖြူ၊ တောင်သရက်ပင်ကြီး
တို့က ကျိုးတိုးကျဲတဲ၊ ရိုးတံတို့က ကျဲတဲတဲ။

ရှေ့တွင် တောင်ကြားလျှိုကြီးတစ်ခုကို လှမ်းမြင်နေရပြီး တော
စောင်းတွင် သစ်ပင်ကြီးတို့ ခပ်စောင်းစောင်းပေါက်နေသည်ကိုလည်း
သတိပြုလိုက်သည်။ ညာဘက်တွင် ခပ်မြင့်မြင့်တောင်ကတုန်းတစ်ခု
လည်း မြင်တွေ့လိုက်ရသည်။ မြက်ပင်များတို့နှင့်အတူ။

သစ်ပင်များ ခပ်ကျဲကျဲပေါက်နေပြီး ဆင်ခြေလျှောအဆုံး
သို့အရောက် ခပ်ပြေပြေခပ်နိမ့်နိမ့် တောင်ကုန်းကလေးဆီသို့ နှစ်ဦးသား
ရောက်လာကြသည်။





ထိုနေရာဆီတွင် ကျောက်တုံးကျောက်ခဲအချို့၊ ချုံပုတ်ငယ်
များနှင့် မြက်ပင်တို့ဖုံးအုပ်နေပြီး ကုန်းထိပ်တွင် သစ်အယ်ပင်ကြီးတစ်
ပင်က ထီးထီးမားမား။

အင်တိုင်းတောနှင့် ရွက်ဖြတ်တောတို့ ရောနှောတောမို့ ဟိုမှာ
ဘက်ဆီကို တမှေးတမော တမျှော်တခေါ် လှမ်းမြင်တွေ့နေရသည်။ လျှို
ဝန်းကျင်တွင် ချုံနွယ်ပိတ်ပေါင်းတို့နှင့် ပိန်းခံနေသည်။ စမ်းရှိရာဘက်
ကို နှစ်ဦးသား တိုးဝင်မည်အပြု လျှိုအောက်ပိုင်းဆီမှ တောတိုးသံကြီး
တစ်ခုကို ကြားလိုက်ကြရသည်။

တောတိုးသံကြီးကြားလိုက်ရာဆီသို့ နှစ်ဦးသားလှမ်းကြည့်လိုက်
တော့ ကိုက်တစ်ရာခန့်အကွာ တောချုံကြီးအတွင်းမှ ထိုးထွက်လာသည့်
ဆတ်ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ဆတ်ကြီးမှာ စမ်းချောင်း
ကလေးဘေး ကုန်းစွယ်ပေါ်ပြေးတက်ရန် ဟန်ပြင်လိုက်စဉ် ထိုကုန်း
ကျောထက်ဆီမှ ဆတ်ကြီးရှိရာဆီသို့ ပြေးလာနေသည့် တောခွေးတို့ကို
မြင်လိုက်ကြရပေသည်။

ဆတ်ကြီးမှာ ကုန်းကျောပေါ်သို့မတက်တော့ပဲ ပြန်ဆင်းကာ
စမ်းချောင်းအတိုင်းဆက်ပြေးသလို တောခွေးသုံးကောင်ကလည်း ဆတ်
ကြီးနှင့် ရင်ဘောင်တန်းပြေးလိုက်ရင်း တစ်ကောင်က ဆတ်ကြီးရှေ့ကို
ဖြတ်လိုက်ပြီး ရုတ်ခြည်းနောက်ကိုပြန်လှည့်ကာ ပြေးလမ်းကိုပိတ်
လိုက်သည့်အတွက် ဆတ်ကြီးကဦးချိုနှင့် ဝှေ့လိုက်ရာ လျင်မြန်ပါးနပ်
စွာ ရှောင်ထွက်လိုက်ချိန် နောက်ပိုင်းတွန်ကျန်နေသည့် တောခွေးနှစ်
ကောင်က ဆတ်ကြီး၏ဒူးဆစ်ကျောကို ကိုက်ခဲဆွဲဖြတ်လိုက်သည့်အတွက်
မြေပြင်သို့ ဘေးတိုက်ပစ်လဲသွားသော ဆတ်ကြီးမှာ နေရာမှပြန်မထနိုင်
တော့သည့်အချိန် အဘကောင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်းလွင် … ဟိုအပင်ပေါ်ကို အမြန်တက်လိုက်"

စာစာက တစ်ပင်တည်းသာ ထီးထီးကြီးပေါက်နေသည့် သစ်[...] အယ်ပင်ကြီးအကိုင်းထက်ဆီသို့ နှစ်ဦးသား လျှင်မြန်စွာတက်ရောက် နေရာယူအပြီး ဆတ်ကြီးနှင့်တောခွေးတို့ရှိရာဆီ လှမ်းကြည့်လိုက်ရာ ခွေးတစ်ကောင်က ဆတ်ကြီး၏မျက်နှာ၊ ကျန်တစ်ကောင်က လယ်တိုင် ရင်း၊ နောက်တစ်ကောင်က ဝမ်းဗိုက်ကိုဖောက်ကာ အတွင်းမှ အူ[...] တို့ကို ဆွဲထုတ်နေသည်ကြောင့် သေငယ်ဇောနှင့် နာနာကြည်းကြည်း အော်ဟစ်ရုန်းကန်နေရင်း အတန်ကြာတော့ ငြိမ်သက်သွားသည်ကို နှ[...] ဦးသား တွေ့လိုက်ကြရပေသည်။

"ဝေါင်း … ဟဲ …"

သွေးသံရဲရဲနှင့် ဆတ်ကြီး၏အသားတုံးကြီးကို ကိုက်ဖဲ့[...] အောင်သေအောင်သားကို စားသောက်နေကြစဉ် စာစာက တော[...] တို့ပြေးလိုက်လာခဲ့ကြသည့် ကုန်းစွယ်ဆီမှ ကြောက်ခမန်းလိလိ ဟိန်း[...] ကြီးနှင့်အတူ ဟဲခနဲ မာန်သွင်းသံကြီးကို ကြားလိုက်ရသဖြင့် အစ[...] လွှတ်ကာ အသံလာရာဆီသို့ တောခွေးသုံးကောင် လှမ်းကြည့်လိုက်[...] သလို သူတို့နှစ်ဦးအကြည့်ကလည်း ရောက်သွားကြပေသည်။ မြင်[...] လိုက်ရသည်က တစ်လှမ်းချင်း သူတို့ဆီသို့တိုးဝင်လာနေသည့် [...] ဆင်ကြီးတစ်ကောင်ပင်ဖြစ်ပေသည်။

သစ်ဆင်ကြီးအသွင်က တောခွေးသုံးကောင်လောက်ကို အ[...] ဂရုမပြုသည့်အသွင်မျိုးနှင့် ဘေးတိုက်လဲကျသေဆုံးနေသော ဆတ်[...] အနီးသို့တိုးကပ်လျက် အစာကိုလွှတ်ကာ နောက်ကိုဆုတ်ရင်း ရင်ဆေ[...] တန်းကာ သူ့ကိုစိုက်ကြည့်နေသည့် တောခွေးသုံးကောင်ကို [...]





[...]ကြည့်လိုက်ရင်း ဟဲခနဲ သွားစွယ်ကြီးတို့ကိုထုတ်ကာ မာန်သွင်းဟိန်း [...]ဟောက်လိုက်သံကြီးကြောင့် နောက်ကျောဆီသို့လှည့်ကာ ပြေးထွက်မည် [...]လုပ် …

"အိန် … အိန် … အိန် … အိန်"

သစ်ဆင်ကောင်လာသည့် လမ်းဘက်ဆီမှ တအိန်အိန်အသံ [...]ကို ထပ်မံကြားလိုက်ရသည့်အတွက် အဝေးသို့ထွက်ပြေးမည့် ခွေး [...]ကောင်မှ အသံကြားလိုက်ရာဆီသို့ လှည့်ကြည့်လိုက်ပြီး စစ်ကူလိုက် [...]သည့်တောခွေးအုပ်ကို မြင်လိုက်ရသဖြင့် ဆက်မပြေးတော့ပဲ သစ် [...]င်ကောင်ကြီးရှိရာသို့ ရုတ်ခြည်းပြန်လှည့်ကာ သွားစွယ်ကြီးတို့ကိုထုတ် [...] ရင်ဆိုင်လိုက်ချိန်၊ နောက်ထပ်စစ်ကူလိုက်လာသည့် တောခွေး ၇ [...]င်နှင့် သစ်ဆင်ကြီးကို ဝိုင်းထားလိုက်ကြသည်ကို တွေ့လိုက်ရပေ [...]ည်။

တောခွေးတို့ကို သူတို့နှစ်ဦးကြည့်လိုက်ရာ ခေါင်းနှင့်ကိုယ် [...]ည် နှစ်တောင့်ထွာခန့်ရှိသလို အမြီးအရှည်က တစ်တောင့်ထွာခန့် [...]သည်။ ဗိသာချိန်နှင့်ပြောရလျှင် တစ်ကောင်လျှင် အချိန် ၂၀ နီးပါး [...]န်းကြသည်။

အားလုံးသော အကောင်တို့၏အရောင်မှာ နီညိုရောင်ဖြစ်ပြီး [...]မှာ အမွေးဖွား၍ ညိုနက်ရောင်ဖြစ်သည်။ သူတို့အားလုံးထံမှ ထွက် [...]သည့်အသံတို့က တအိန်အိန်နှင့် အသံထွက်ရင်း ချွန်ထက်သော [...]စွယ်ကြီးတို့ကို ပါးစပ်ကြီးတွေကိုဖြဲကာ သန်မာထွားကျိုင်းပြီး အလွန် [...]တ်မည့် အသွင်မျိုးတို့နှင့်အတိ။

သူတို့နှစ်ဦး တောခွေးတို့ကိုကြည့်လိုက်ရင်း ထူးခြားချက်ကို [...]ပြုလိုက်မိသည်က အိမ်မွေးခွေးများနှင့် အရွယ်တူသော်လည်း အမြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုမထောင်ကြခြင်းပင်။ အားလုံးလိုလို အောက်ကို တွဲလောင်းချ
သည့်အသွင်ပင်။

သစ်ဆင်နှင့် ဘေးတိုက်လဲကျ အသက်ပျောက်နေသော ဆ
ကြီးကို အလယ်တွင်ထားကာ တောခွေး ၁၁ ကောင်က ဝိုင်းပ
တိုက်စစ်ကို ဖွင့်လိုက်သည့်အချိန် သစ်ဆင်ကောင်ကလည်း တ
နှင့် လှည့်ပတ်မာန်သွင်းကာ လစ်သည့်အကောင်ကို ခုန်အုပ်ရန်အ
သူ၏ နားရွက်တိုဝိုင်းဝိုင်းနှစ်ခုကို ဦးခေါင်းနောက် ပြားနေအောင်
ပါးစပ်ကြီးကိုဖြဲ၊ သွားစွယ်ကြီးတို့ကအဖွေးသားနှင့် အလစ်အငိုက်
ကွက်ကိုရှာနေသော်လည်း တောခွေးတို့က သူ့အထာကို နောကြေ
၍လားတော့မသိ အလစ်မပေးသလို သူတို့ဝင်ရောက်ဖို့ကလည်း
မသာ။ တအိန်အိန် တဟဲဟဲဖြစ်နေချိန် ...

"ကိုသိန်းလွင် ... အဆိပ်မြား တပ်ထားတယ်မို့လား"

လေသံနှင့် ကပ်ပြောလိုက်သဖြင့် ခေါင်းညိမ့်ပြလိုက်တော့

"သစ်ဆင်ကိုပစ်နော်။ အရင်ဆုံးပစ်လိုက်"

သစ်ဆင်ကောင်က ပါးစပ်ကြီးကိုဖြဲ မာန်စွယ်အဖွေးသား
ဟဲခနဲ ရှေ့အတိုး ...

"ဒေါင် ..."

ဦးသိန်းလွင်ပစ်လွှတ်လိုက်သော မြားတံက လယ်တိုင်
သို့ တစ်ဆုံးတိုင် စိုက်ဝင်သွားခြင်းကိုခံလိုက်ရသည့် သစ်ဆင်
မှာ အပေါ်ဘက်ဆီသို့ လူတစ်ရပ်နီးပါးခုန်မြောက်တက်ကာ မြေပြင်
ပြန်အကျ ...

"ဖန်း ... ဖန်း ... ဖန်း ... ဖန်း"





အဘကောင်းပစ်လွှတ်လိုက်သည့် သေနတ်ကလေး ပေါက်
ကွဲသံတို့နှင့်အတူ တောခွေးလေးကောင်မှာ မြေပြင်ထက်သို့ ဒိုက်ကျ
သွားကာ သွေးသံရဲရဲနှင့် လူးလိမ့်နေသည့်ဖြစ်အင်ကို ကျန်တောခွေး
တို့က တအံ့တသြနှင့် အသံကြားရာဆီသို့ လိုက်လံကြည့်နေစဉ် ...

"ဖန်း ... ဖန်း ... ဖန်း ..."

နောက်ထပ်အပစ်ခံလိုက်ရသော တောခွေးသုံးကောင်မှာ နေ
ရာတွင် မူလအကောင်တို့ကဲ့သို့ လူးလိမ့်နေသည်ကို မြင်လိုက်ရသော
ကျန်တောခွေးသုံးကောင်မှာ တထိတ်တလန့်အသွင်နှင့် နောက်ကြောင်း
ဆီသို့ လှည့်ပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

အဘကောင်းက မလှုပ်မယှက်ဖြစ်နေသော သစ်ဆင်ကောင်
ကြီးအား မျက်လုံးနှစ်လုံးအကြား ဦးနောက်ကိုဖြတ်ဖောက်ကာ ပစ်
သွင်းလိုက်ပြီးသည့်နောက် မသေမရှင်ဖြစ်နေသည့် တောခွေးသုံးကောင်
ကို စခန်းသိမ်းပစ်ခတ် လက်စဖြတ်လိုက်ပြီး နှစ်ဦးသား စခန်းချရာဆီ
သို့ လှမ်းခဲ့ပေတော့သည်။

စခန်းချရာဆီသို့ရောက်တော့ ဘုန်းနိုင်ရှာစားသောက်ဆိုင်အဖွဲ့
ရောက်လာကြသည့်အတွက် သစ်ဆင်ကောင်၊ ဆတ်ကြီးနှင့် တောခွေး
တို့ကို ကားနှင့်သွားရောက်သယ်ဆောင်ကာ အသားချအပြီး ကျွန်တော်
တို့သုံးယောက် ပြန်လည်ရောက်ရှိလာခဲ့ကြခြင်းပင်ဖြစ်ပေသည်။

သူတို့အဖွဲ့ကား အခြားသောသားကောင်များထက် တောခွေး
တို့ကိုပစ်ခတ်ရရှိလိုက်ခြင်းအပေါ် အတော်ပျော်ရွှင်ဝမ်းသာနေကြသည်
ကို တွေ့လိုက်ရပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

"နို ... အဘကောင်းနဲ့ အစ်ကိုကြီးဦးသိန်းလွင်တို့ ဟိုအဖွဲ့ ကိုချိန်းထားတာ မနက်ဖြန်မှလေး ဘယ်လိုဖြစ်လို့ ဒီနေ့ကြိုရောက်နေ ကြရတာလဲဟင်"

ကျွန်တော်က သူတို့အဖွဲ့ ကြိုရောက်နေသည့်အပေါ် သိသ သဖြင့် မေးလိုက်တော့ အဘကောင်းက ပြုံးစိစိလုပ်နေရင်းက ...

"ကဲ ... ကိုသိန်းလွင် ပြောလက်စနဲ့ ဆက်ပြောလိုက်ပါဦး ကွာ"

အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်ကို ပြုံးဖြဲဖြဲနှင့်ကြည့် လိုက်ရင်း ဘီယာခွက်ကိုမော့သောက်လိုက်ကာ ပြောလိုက်သည်က ...





"အမှန်တော့ မနက်ဖြန်မှလာကြဖို့ပဲကွ။ ဒါပေမဲ့ သဘက်ခါ ... သူ့သားမင်္ဂလာဆောင်ပေးရမှာမို့ပဲ။ အဲဒီမင်္ဂလာဆောင်မှာ ငါတို့ ...ယောက်လည်း ရှိနေစေချင်တဲ့အတွက် တစ်ရက်ကြိုပြီး လာခေါ် ...တာလေကွာ"

"အိုဗျာ ... သူ့သားမင်္ဂလာဆောင်တာ ကျွန်တော်တို့နဲ့ ဘာ ...ိုင်လို့လဲ။ အရင်က သိရှိခင်မင်ထားကြရင်လည်း ဟုတ်သေး။ ခုမှ ...တွေ့ကြတဲ့လူတွေပဲဟာ"

"ဒါကတော့ ငါတို့ဘက်ကအတွေးပေါ့။ သူတို့ဘက်ကတော့ ...့သားကိစ္စမှာ ငါတို့ရှိနေတော့ မျက်နှာပန်းပွင့်မယ်အထင်နဲ့လေ"

"ဘယ်ကမိန်းကလေးလဲ အစ်ကိုကြီး"

"ရန်ကုန်မြို့ကလို့ ပြောတာပဲကွ"

"ဟုတ်လား ... ဒီတောထဲကကောင်လေးနဲ့ ရန်ကုန်သူတစ် ...ယောက် ဘယ်လိုတွေ့ကြတာလဲ။ တက္ကသိုလ်တက်ကြရင်း တွေ့ကြတာ ...လား။ စိတ်ဝင်စားစရာပဲ"

"တက္ကသိုလ်တက်ရင်းတွေ့တာတို့၊ ရန်ကုန်မှာ အလုပ်သွား ...ယ်ကြရင်းဆုံကြပြီး ချစ်ကြိုက်တယ်ဆိုရင်ထားပါတော့။ ခုဟာက စိတ် ...ဝင်စားစရာကွ။ သူတို့အဖြစ်က ..."

"ဟုတ်လား ... ဘယ်လိုတွေ့ပြီ ညားကြရတာလဲ အစ်ကို ...ကြီး"

"မင်းနဲ့ငါ လမ်းမှာ သူတို့ဆိုင်ဝင်မထိုင်မီ ပြောကြတဲ့စကား ...တွေကို ပြန်သတိရသေးလား။ ဘာတဲ့ ... စီးပွားရေးတံခါးဖွင့်တို့၊ ပါတီ ...စနစ်တို့ကိစ္စလေ"

"ဟုတ်လား။ ဘယ်လိုပတ်သက်တယ်ဆိုတာကို ရှင်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တယ်လေကွာ။ သိပ်ပြီးတိုးတက်လာတဲ့ ခေတ်ဆိုတော့ မင်းသိတဲ့အတိုင်း တောရောမြို့ပါ တိုးတက်နေလိုက်ကြတာ ဘာမဆို အကုန်ရဟယ်လေကွာ။ အဲဒါပဲပေါ့ကွ"

"ဟာ . . . အစ်ကိုကြီးကလည်း ကျွန်တော်နားလည်အောင် ရှင်းပြပါဦးဆို"

"အေးလေကွာ . . . အဲဒီလိုတိုးတက်နေတဲ့ စနစ်နဲ့ခေတ်ကြီး ကပဲ တောသားနဲ့မြို့သူ ညားကြအောင် တွန်းပို့လိုက်တာပဲ။ မြို့က ကောင်မလေးက သူ့ဓာတ်ပုံ၊ ကိုယ်ရေးအကျဉ်းနဲ့ အင်တာနက်ကနေ အွန်လိုင်းတင်ပြီး လင်ရှာလိုက်တယ်ကွာ။ အဲဒီပုံကို ဒီတောထဲမှာနေတဲ့ သူ့သားက ဖမ်းကြည့်ရင်း ကောင်မလေးပုံကိုမြင်ပြီး သဘောကျသွားခဲ့တာကွ။

ဒါနဲ့ သူတို့နှစ်ယောက် အင်တာနက်ကတစ်ဆင့် အဆက်အသွယ်လုပ်ကြရင်း ခုလို မင်္ဂလာဆောင်ကြတဲ့အဆင့်ထိ ရောက်ကြတာပေါ့ကွာ။ ဒါကြောင့် ကောင်လေးမိဘတွေက တမ်းတမ်းစွဲဖြစ်နေတဲ့ သားကို စီစဉ်ပေးလိုက်ရတာပေါ့"

"ဟုတ်လား အစ်ကိုကြီး၊ ခုလို ကမန်းကတန်း ဘာလို့စီစဉ် လိုက်ရတာလဲဟင်"

ကျွန်တော့်အမေးကြောင့် သူနောက်ထပ်ပြောလိုက်သည့်စကားက နှစ်ကိုယ်ကြား တိုးတိုးကလေးပြောချင်သည့်မို့ ကျွန်တော့်နားအနီး တိုးကပ်လျက် . . .

"ကောင်မလေးက အပျိုမဟုတ်ဘူးကွ၊ ကလေးနှစ်ယောက် အမေ။ သူ့ခင်ပွန်းက တယ်လီဖုန်းရုံးကလေ။ အများပိုင်ပစ္စည်းကို အလွဲ သုံးစားမှုနဲ့ ထောင်အနှစ် (၂၀)—ကျသွားတယ်လေ။

---

စိတ်ကူးသစ်စာပေ



ကောင်မလေးက ရုပ်ကလည်းချောတယ်၊ ငယ်လည်းငယ်တယ်၊ ထွက်နေရေးအတွက် ပိုက်ဆံရှိသူ တော်တော်များများနဲ့ ခရေစီလည်း ခဲ့တယ်။ ခုတော့ သူ့ရုပ်ကိုပြပြီး အင်တာနက်ကနေ အွန်လိုင်းတင်ပြီး ကျွဲဘောစိအမှန်အကန်ကို ရွေးချယ်ဖို့လေကွာ"

"နေပါဦး . . .။ အစ်ကိုကြီးက ဒီမိန်းကလေးကိုရော သိလို့ လား"

"ဟ . . . မသိပဲနေပါ့မလားကွ။ မင်းလည်း မြင်ဘူးတာဘဲ။ အိမ်ကိုလာရင်း ငါ့ခြေရင်းတစ်အိမ်ကျော်မှာငှားနေတဲ့ လိုင်းမင်းမောင် ရဲ့မိန်းမ မသက်ထားမော်ပဲကွ"

ကျွန်တော် ဆက်မမေးတော့။ သောက်လက်စ ဘီယာခွက်ကို ကောက်ယူမော့လိုက်ရင်း စဉ်းစားနေလိုက်မိသည်က မနက်ဖြန် သူတို့ ဆီကို ကျွန်တော်တို့ရောက်ကြလျှင် 'သက်ထားမော်' ဆိုသည့် ဆိုရှယ် လိုသည့် သတို့သမီးသည် ကျွန်တော်တို့အဖွဲ့သားတွေ၏ မျက်နှာများ ကို ကြည့်ရဲပါ့မလားဆိုသည့်အတွေးကို တွေးရင်း သက်ပြင်းမောကို ချထုတ်လိုက်ကာ ပစ်ခတ်ရရှိထားသည့် သားကောင်တို့၏အသားများ ကို ခုတ်ထစ်ပိုင်းဖြတ်နေကြသည့် သူတို့မျက်နှာများကို လှမ်းကြည့်နေ မိသည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ကုန်းတန်းရွာသို့ဝင်သော အဝင်လမ်းမှာ သချိုင်းကုန်းကို ဖြတ်သွားရသည်။ သုသာန်ဘေးကဖြတ်သွားမှ ရွာထဲကိုရောက်သည်။ ရွာသချိုင်းဖြစ်၍ စည်းရိုးအရံအတားမရှိ။ မြေပုံများ၊ အုတ်ဂူများကို ပကတိအတိုင်း မြင်နေရသည်။ အများအားဖြင့် မြေပုံမို့မို့များသာဖြစ်သည်။ အုတ်ဂူက အနည်းအကျဉ်းသာရှိသည်။

ရွာအဝင်လမ်းနှင့်ကပ်လျက်တွင် အုတ်ဂူတစ်လုံးရှိနေ၏။ ထိုအုတ်ဂူမှာ ခိုင်ခိုင်မာမာပင် ရှိနေပါသေးသည်။ အုတ်ဂူ၏သက်တမ်းမှာ ကြာမြင့်ပြီ။ မြန်မာသက္ကရာဇ် ၁၃၄၄ ဟု စာတမ်းရေးထိုးထားသည်။ မှာ ၁၃၄၄ ခုနှစ်မှာ ခရစ်နှစ် ၁၉၈၂ ခုနှစ်ဖြစ်လေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူထိပ်၌ ကွယ်လွန်သူအမည်ကို ကမ္ပည်းထိုးထားသည်၊ ကိုအောင်မြစ်။

ကွယ်လွန်သူ၏အမည်အောက်တွင် အခြား မည်သည့်အချက်အလက်ကိုမျှ ရေးထိုးမထား။ ကွယ်လွန်သူအသက်အရွယ်၊ ကွယ်လွန်သည့်နေ့ရက်များ ရေးထိုးမထားပေ။ ကွယ်လွန်သူအမည်မှအပ ကျောက်ပြားအောက်ဖက်တစ်ပြင်လုံး ကွက်လပ်ဖြစ်နေသည်။

စင်စစ် ထိုအုတ်ဂူသည် လူ့သေအလောင်းမြှုပ်နှံရာ အုတ်ဂူပင်ဖြစ်ပါသည်။ သို့သော် . . . ထိုအုတ်ဂူထဲ၌ ကိုအောင်မြစ်ဆိုသူ၏အလောင်း ရှိမနေပါ။

✿ ✿ ✿

[ ၂ ]

❑

ကိုအောင်မြစ်ဆိုသူ၏ဖြစ်စဉ်ကို တစ်ရွာလုံးကပင် သိကြသည်။ ကိုအောင်မြစ်ကို မသိမမိုလိုက်သူများပင် ကြားဖူးနားဝဖြင့် သိကြသည်။ ကိုအောင်မြစ်ဖြစ်စဉ်က ဆန်းလည်းဆန်းသည်။ သံဝေဂရစရာလည်း ကောင်းပါသည်။

ကိုအောင်မြစ်တို့မျိုးရိုးမှာ ကျေးလက်တောရွာ အနေအထား ...ဆိုလျှင် ချမ်းသာသူများဟုဆိုနိုင်သည်။ ကိုအောင်မြစ်၏အဘိုးမှာ ...ကြီးခေတ်က သူကြီးတစ်ယောက်ဖြစ်သည်။ လယ်ပိုင်ယာပိုင်များလည်း ...သည်။

ကိုအောင်မြစ်ကိုတော့ လူကောင်းသူကောင်းလို့ ပြောမရသလို၊ ...ဆိုးသူဆိုးလို့လည်း စွပ်စွဲလို့မဖြစ်နိုင်ပြန်ချေ။ အဘယ်ကြောင့်ဆိုသော် ...အောင်မြစ်သည် ငယ်စဉ်ကပင် မိဘကကျောင်းထားနိုင်လို့ ကျောင်း ...သော်လည်း စာမသင်။ စာကို ရွာဘုန်းကြီးကျောင်း၌ သင်ပုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ရုံသာသင်ပြီး အတန်းကျောင်းထားတော့ မနေတော့ချေ။ ဘယ်လိုရိုက်နှက်ခြိမ်းခြောက်ပြီး ကျောင်းကိုပို့ပို့ သူကတော့ ကျောင်းကပြန်ပြေးလာမြဲ။ အိမ်ကရိုက်လျှင် တောထဲဝင်ကာ ငှက်ပစ်၊ ပုစွန်လုံးနှိုက်နှင့် တစ်နေကုန် လျှောက်ဆော့နေတတ်သည်။

မိဘများမှာ မတတ်နိုင်တော့လည်း ခွင့်လွှတ်လိုက်ရသည်၊ သူ စာကိုစိတ်မဝင်စားလို့ဘဲ စာမတတ်တော့လည်း မိဘလက်ငုတ်လုပ်ငန်းတွေ ရှိနေတာပဲ။ အချိန်တန်တော့ လုပ်ကိုင်စားလိမ့်မပေါ့ဆိုပြီး လွှတ်ထားလိုက်ရတော့သည်။

ကာလသားအရွယ်ရောက်လာတော့ အရက်သေစာသောက်စားတတ်လာသည်။ ကြက်တိုက်ခြင်းကို ဝါသနာပါသည်။ တိုက်ကြက်တွေမွေးပြီး ရွာစဉ်လှည့်ကြက်တိုက်သည်။ စီးပွားရေးကို စိတ်မဝင်စား။ ကိုအောင်မြစ်တို့မှာ တောနေလူတန်းစားများဖြစ်သော်လည်း၊ ကိုယ်ပိုင်လယ်ယာများရှိသော်လည်း လယ်ထဲကိုင်းထဲကို ကိုယ်တိုင်ဆင်းသူများမဟုတ်ကြ။ လူငှားဖြင့် လုပ်သူများဖြစ်သည်။ ပြီးတော့ အိမ်မှာ ဆိုင်ကြီးရှိသေးသည်။

ကိုအောင်မြစ်အနေဖြင့် အလုပ်လုပ်ချင်လျှင် ဈေးဆိုင်အလုပ်ကို လုပ်လို့လည်းရသည်။ လယ်ယာလုပ်ငန်းကို ဦးစီးလို့လည်းရသည်။ ထိုသို့ သက်သက်သာသာ လုပ်ကိုင်ဦးစီးနိုင်ပါလျှက်လည်း အလုပ်ကိုမလုပ်ချင်။ သောက်ကာစားကာ ကြက်တိုက်ကာဖြင့်သာ အချိန်ကုန်ခဲ့လေသည်။

သို့ရာတွင် ကိုအောင်မြစ်သည် သူ့ဘာသာ လွတ်လွတ်လပ်လပ် လုပ်ချင်ရာသာလုပ်သည်။ ဘယ်သူ့ကိုမျှတော့ ဒုက္ခမပေးပေ။ ရပ်ရွာကိုလည်း ဒုက္ခမပေး။ မိဘများကိုလည်း ဒုက္ခမပေး။ သောက်စား





နူးယစ်လို့လည်း မရမ်းကားခဲ့ပေ။

ထို့ကြောင် ငယ်စဉ်ကာစာမသင်။ ကြီးလာတော့ အိမ်၏စီးပွားရေးကိုမလုပ်လို့သာ ဆိုးတယ်တေတယ်လို့ ပြောရသည်။ ဘယ်သူ့ကိုမျှတော့ ဒုက္ခပေးခဲ့ဖူးခြင်းမရှိပေ။ ထို့ကြောင့်လည်း သူ့ကို လူဆိုးလို့သည်းပြောရခက်၊ လူကောင်းလို့လည်း ပြောမရ ဖြစ်နေရခြင်းဖြစ်၏။ ည်သို့ပင်ဆိုစေ မိဘများက ကြွယ်ဝသူများမို့ ကိုအောင်မြစ်သည် ထင်သလို လွတ်လွတ်လပ်လပ် နေခွင့်ရခဲ့ပါသည်။

အသက်နှစ်ဆယ်ကျော်တွင် ရွာထဲက မအေးမြဆိုသူမိန်းကလေးနှင့် အိမ်ထောင်ကျသည်။ ကလေးနှစ်ယောက်ရသည်။ ကလေးအဖေဖြစ်သည်ထိလည်း ကြက်တိုက်ဆဲ၊ ထင်သလိုနေဆဲပင်။ မိဘများကလည်း လုပ်နိုင်ကိုင်နိုင်တုန်းအရွယ်တွေမို့ ကိုအောင်မြစ်တို့မိသားစုကို အိမ်ပေါ်မှာပဲ တင်ကျွေးထားခဲ့ပါသည်။ သူ့မိန်းမ မအေးမြက လိမ္မာရေးခြားရှိပြီး ယောက္ခမများရဲ့ဈေးဆိုင်မှာ ကူလုပ်ပေးတဲ့အတွက် တော်သေးတယ်လို့ ဆိုရပါမည်။

ကိုအောင်မြစ်အောက်မှာ ညီမနှစ်ယောက်ရှိသေးသည်။ မအေးမြက ကိုအောင်မြစ်ညီမများကိုလည်း တည့်အောင်ပေါင်းသည့်အတွက် အိမ်ထောင်ရေးလည်း အဆင်ပြေပါသည်။

ထိုကဲ့သို့ တစ်သက်လုံး လွတ်လပ်အေးဆေးစွာ နေလာခဲ့တဲ့ ကိုအောင်မြစ်။ အသက်သုံးဆယ်နီးမှ ဘာစိတ်ကူးပေါက်သည်မသိ။ အလုပ်လုပ်ပါတော့မယ်လို့ ဆိုလာသည်။ သူလုပ်မယ့်အလုပ်က ရွှေတောတက်ပြီး ရွှေတူးဖို့တဲ့။

အရှေ့ဖက်ရွာကို ကြက်တိုက်သွားရင်း ထိုရွာက လူတချို့ ရွှေတောတက်ကြတာကို ကြားသိပြီး အားကျလာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးရော၊ ဇနီးသည်ကပါ ဒီလိုရပ်ဝေးသွားပြီးအလုပ်လုပ်မှာမျိုးကို မလွှတ်ချင်ပေ။ မသွားစေချင်ပေ။ အဲဒီလို ဝေးဝေးလံလံသွားပြီး ပင်ပင်ပန်းပန်းရှာဖွေဖို့လည်း မလိုအပ်ချေ။

သို့သော် ကိုအောင်မြစ်က လုပ်ချင်ပြီဆိုရင် တားမရ။ အတွေ့အကြုံလိုချင်လို့ပါ။ အဝေးဒေသလည်း မရောက်ဖူးလို့ပါ။ ခြောက်လလောက်ပဲခွင့်ပြုပါဆိုပြီး အရှေ့ရွာကလူတွေနှင့် ရွှေတောကို ဖွတ်လိုက်သွားသည်။

သူပြောသလိုပင် ရွှေတောမှာ ခြောက်လပဲကြာအောင် နေခဲ့ပါသည်။ ခြောက်လပြည့်ချိန်တွင် ရွာပြန်ရောက်လာသည်။ ရွှေတောမှာ ရွှေလည်း မရခဲ့။ ငွေလည်း မစုမိခဲ့။ ငှက်ဖျားဖြစ်ပြီး ပြန်လာခြင်းဖြစ်သည်။

ငှက်ဖျားဒဏ်ကို တော်တော်ခံခဲ့ရသည်။ လူမှာ ပိန်ချုံးပြီး တဆတ်ဆတ်တုန်နေသည်။ အရိုးပေါ်အရေတင်ပဲရှိတော့သည်။

မိဘများနှင့် ဇနီးဖြစ်သူက ယူကြုံးမရဖြစ်ကြသည်။ ကိုအောင်မြစ်ကိုကြည့်ပြီး ညီမများကလည်း ငိုသည်။ သားနှစ်ယောက်ကလည်း ငိုသည်။ တစ်သက်လုံး ငွေမရှာပဲနေလာခဲ့ပါလျက် အဝေးရပ်သွားပြီး ငွေရှာမှပဲ ဒီလိုဖြစ်ရတယ်ဆိုကာ သနားကြသည်။

ကိုအောင်မြစ်သည် ပြန်လာကတည်းက အိပ်ရာပေါ်လဲလိုက်သည်မှာ ပြန်မထတော့ပေ။ မိဘများက မြို့ကဆရာဝန်ကို ရွာအထိ ပင့်ကာ ကုသပေးကြပါသည်။ ရောဂါက သက်သာမလာ။

ရွာကိုပြန်ရောက်ပြီး ၂၃ ရက်အကြာတွင် ကိုအောင်မြစ်ကွယ်လွန်သွားလေသည်။

✿ ✿ ✿

[ ၃ ]

❑

သားဖြစ်သူကွယ်လွန်ပြီဆိုတော့ မိဘများက ကောင်းကောင်းနှစ်မွှန် ခမ်းခမ်းနားနား သင်္ဂြိုဟ်ဖို့စီစဉ်ကြသည်။ ရပ်ဝေးကဆွေမျိုးတွေကို အကြောင်းကြား၊ ဆွေမျိုးတွေစုံမှသင်္ဂြိုဟ်ရန် အလောင်းကို ရက်ထားဖို့ စီစဉ်ကြသည်။

ကိုအောင်မြစ်အဖေက သူ့သားအတွက် အုတ်ဂူလုပ်ရန် မြို့ကပန်းရန်အဖွဲ့ကို ငှားသည်။ ပန်းရန်အဖွဲ့က ချက်ချင်းရောက်လာပြီး အုတ်ဂူတည်ကြသည်။ တစ်ရက်နှင့်မပြတ်၍ နောက်တစ်နေ့ ဆက်လုပ်ရန်ရွာမှာပဲ ညအိပ်တည်းခိုနေကြသည်။

သေပြီးပြီးချင်းညတွင် အလောင်းစောင့်ရင်း ရွာထဲကကာလသားတွေ ဖဲဝိုင်းဖြစ်ကြသည်။ တစ်ညကုန်လွန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ပန်းရန်အဖွဲ့က အုတ်ဂူကို လက်စသတ်သည်။ အုတ်ဂူက ထည်ထည်ဝါဝါ ခန့်ခန့်ညားညား။ ကမ္ပည်းထိုးဖို့ကျန်တော့သည်။ ဒုတိယနေ့တွင် အုတ်ဂူကိုလက်စသတ်ပြီး အုတ်ဂူထိပ်၌ ကျောက်ပြားကပ်ကာ ကျောက်ပြားပေါ်တွင် ကွယ်လွန်သူအမည်ကို ကမ္ပည်းထိုးကြသည်။

ကိုအောင်မြစ်ဆိုသည့်အမည်ကိုသာ ရေးထိုးပြီးသေးသည်၊ လက်စမသတ်နိုင်သေး။ အသက်နှင့် ကွယ်လွန်သည့် နေ့စွဲ ရက်စွဲများ ဆက်ပြီးရေးထိုးဖို့ နောက်တစ်နေ့မှပဲ ဆက်လုပ်ရန် ပန်းရန်အဖွဲ့ မြို့မပြန်သေးဘဲ တစ်ညထပ်အိပ်နေရသည်။

အုတ်ဂူ၏ခြေရင်းဖက်ကို အုတ်မစီသေးဘဲ လှပ်ထားရသည်။ အသုဘချပြီးမှ အခေါင်းကို ခြေရင်းဖက်မှထိုးထည့်ပြီး အုတ်ဖြင့် အသေစီပိတ်ရမည်ဖြစ်သည်။

အခေါင်းကိုလည်း သစ်ပေါ်သောအရပ်မို့ ကျွန်းသားဖြင့် ရိုက်နေပြီဖြစ်သည်။ ရွာကလက်သမားကပင် ကျွန်းသားကို ရွေးဘော်ထိုးပြီး ကိုအောင်မြစ်အိမ်ရှေ့မှာပင် အခေါင်းရိုက်လျက်ရှိသည်။

ကိုအောင်မြစ်တို့အိမ်မှာ အိမ်ရှေ့၌ ခုတင်တစ်လုံးဖြင့် ကိုအောင်မြစ်၏အလောင်းကို ပြင်ထားသည်။ ဆိုင်ကိုလည်း ပိတ်ထားသည်။ ဖဲဝိုင်းက အလောင်းစင်ဘေးနားမှာပင် မပြတ်ရှိနေသည်။ ငိုသံ၊ အခေါင်းရိုက်သံများဖြင့် ဆူညံနေသည်။

သည်လိုဖြင့် ဒုတိယညကိုရောက်လာ၏။

❀ ❀ ❀

[ ၄ ]

❏

အလောင်းကို ငါးရက်ထားမှာမို့ အနံ့မထွက်အောင်စီစဉ်ထား[illegible] လိုလာသည်။ ဗိုက်ဖောက်၊ အူအသည်းနှုတ်ကာ မီးသွေးမှုန့်များ[illegible]ထည့်ပြီး ပြန်ချုပ်ရမည်ဖြစ်၏။ ထိုကိစ္စများကိုလုပ်ဖို့ လုပ်နေကျ[illegible]များအဖွဲ့လည်း ညနေပိုင်း နေဝင်ရီတရောအချိန်မှာ ရောက်လာ[illegible]သည်။ ထုံးစံအတိုင်း ထိုလူများက အလောင်းကို ခွဲစိတ်စီစဉ်ရမည်[illegible] ခဲဆေးတင်ကာ အရက်တွေ မူးအောင်သောက်လာကြသည်။

ဆောင်းတွင်းမို့ ညခုနစ်နာရီလောက်အချိန်သည် အတော်မိုး[illegible]နေပေပြီ။

အလောင်းကို ခွဲစိတ်ဖို့ စီစဉ်ကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖဲဝိုင်းက အိမ်ရှေ့က မန်ကျည်းပင်ကြီးအောက်မှာ ထိုးထား သည့် မဏ္ဍပ်ထဲသို့ ရွှေ့သွားကြသည်။

အလောင်းအနီးတွင် မည်သူမျှရှိမနေ။ အလောင်းကို အ မထွက်အောင် ပြုပြင်စီရင်ပေးမည့် လူသုံးယောက်သာ ရှိနေကြသည်။ ထိုလူသုံးယောက်ကလည်း လုပ်နေကျအလုပ်မို့ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ကြဖို့ ပြင်ဆင်နေကြပြီ။

တစ်ယောက်က အလောင်းမှာလွှမ်းထားသော အဝတ်များကို ဖယ်ရှားလိုက်သည်။ အလောင်း၏ဗိုက်ကို နှိပ်ကြည့်သည်။ အလောင်း ပါးစပ်မှ 'ဂေ့ . . .'ခနဲ အသံကြီးထွက်လာသည်။ ဒါ အဆန်းမဟုတ် သေးပါ။ ထိုသို့ပင် ဝမ်းဗိုက်ထဲမှာအောင်းနေသော လေများထွက်လာ မြည်နေကျအသံမျိုးဖြစ်သည်။

တစ်ယောက်က အလောင်း၏ဗိုက်ကိုခွဲရန်အတွက် အ တစ်မျိုးကို ဗိုက်တွင် သုတ်လိမ်းလိုက်သည်။

ထိုအချိန်မှာ အလောင်းပါးစပ်မှ ညည်းညူသံကြီး ထွက်လာ သည်။

"ဟင်း . . . ဟင်း . . . ဟင်း . . ."

သံရှည်ဆွဲ၍ ညည်းညူလိုက်သည့်အသံကြီးကြောင့် အလောင်း ခွဲစိတ်မည့်သူများ အံ့အားသင့်သွားကြသည်။ အလောင်း၏မျက်နှာ ကြည့်လိုက်ကြသည်။ ထိုအခါ ကိုအောင်မြစ်၏အလောင်းကြီးသည် မျက် ပေကလပ်ပေကလပ်ဖြစ်လာကာ နောက်တစ်ကြိမ် 'ဟီးခနဲ' ညည်းလိုက် သည်ကို ကြားလိုက်ရပြန်လေသည်။

"အောင်မယ်လေးဗျာ . . ."

"ဖုတ် . . . ဖုတ် . . . ဖုတ်ဝင် . . ."

စိတ်ကူးသစ်စာပေ



အလောင်းပြင်သူများ စကားပင်မဆုံးသေး။ အလောင်းကြီးက ဆတ် ခနဲ ငုတ်တုတ်ထထိုင်လိုက်လေသည်။

"အောင်မယ်လေးဗျ . . . အလောင်းကြီး ဖုတ်ဝင်လာပြီ"

ကိုအောင်မြစ်အလောင်းကြီး ငုတ်တုတ်ထထိုင်လိုက်သည်ကို ဖဲဝိုင်းမှလူများလည်း မြင်လိုက်ကြသည်။ အလောင်းပြင်သူများထံမှ ကြောက်လန့်တကြားအသံများ ထွက်လာကတည်းက လူအားလုံးက အလောင်းဆီကို လှမ်းကြည့်လိုက်ကြရာ အလောင်းကြီး ရုတ်တရက် ထထိုင်လိုက်သည်ကို မြင်လိုက်ကြရခြင်းဖြစ်လေသည်။

အသုဘအိမ်တစ်အိမ်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေ သည်။

အလောင်းပြင်သူသုံးယောက်က ခုတင်ပေါ်မှခုန်ချကာ ထွက် ပြေးသည်။ ဖဲဝိုင်းမှလူများလည်း ဖဲချပ်များရော၊ ငွေများပါချထားကာ အိမ်ပြင်ဖက် ထွက်ပြေးကြလေသည်။ ကိုအောင်မြစ်၏ဆွေမျိုးများလည်း ထွက်ပြေးကြ၏။

ထိုအချိန်၌ ငုတ်တုတ်ကြီးထထိုင်လိုက်သော အလောင်းကြီး က ခေါင်းကို ဘယ်ညာယိမ်းနွဲ့ရင်းကြည့်လိုက်ရာ မိန်းမများက စူးစူး ဝါးဝါး အော်ဟစ်လိုက်ကြလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

အိမ်ထဲကို ဘယ်သူမှ ပြန်မဝင်ရဲကြတော့။

ဘုန်းကြီးကိုပြေးလျှောက်ကြ၍ ရွာဦးကျောင်းက ဘုန်းကြီး ရောက်လာသည်။

ဘုန်းကြီးက အလောင်းစင်ရှိရာကို တန်းတန်းမတ်မတ် သွားေ၏။

ထိုအချိန်တွင် ကိုအောင်မြစ်သည် ခုတင်ပေါ်တွင်ပြန်လှဲ သေးတစောင်း မှိန်းနေလေသည်။

"ဒကာကြီး ... ကိုအောင်မြစ်"

ဘုန်းကြီးက လှမ်းခေါ်လိုက်သည်။





ကိုအောင်မြစ်သည် ခေါင်းကို အနိုင်နိုင်ထူရဟန်ဖြင့် ဘုန်းကြီးကို မော်ကြည့်သည်။

ဘုန်းကြီးကိုမြင်သည့်အခါ ကြမ်းပြင်ကိုလက်ထောက်ပြီး ထိုင်ရန်ပြင်သည်။ အားမရှိလို့ မထနိုင်ဟန်ဖြင့် ပြန်လဲကျသွားသည်။

"နေနေ ... ဒကာကြီး။ မထနဲ့။ ဒကာကြီး ... ဘယ်လိုနေ သေးလဲ"

"တပည့်တော် ... တပည့်တော် ... ဘာဖြစ်သလဲဘုရား"

ကိုအောင်မြစ်၏ သာမန်အတိုင်း အပြောအဆိုများကြောင့် လည်းကောင်း၊ ဘုန်းကြီးကိုယ်တိုင် ကိုအောင်မြစ်နှင့် ပြောဆိုမေးမြန်း နေသောကြောင့်လည်းကောင်း လူများ မရဲတရဲဖြင့် အိမ်ဝင်းထဲပြန် ဝင်လာကြကာ အကဲခတ်ကြည့်ကြသည်။

"ဒကာကြီး ... အပြင်းဖျားပြီး သတိလစ်သွားတယ်။ သေပြီ ထင်ပြီး အသုဘကိစ္စ စီစဉ်နေကြတာပဲ"

"တပည့်တော် ... သေ ... သေပြီလားဘုရား။ မသေ .. မသေ ..."

"မသေပါဘူးကွယ် ...။ မသေလို့သာ စကားပြောနိုင်တာ ပေါ့ ... ကဲ ... လာကြပေါ့၊ လာကြ။ ကိုအောင်မြစ် မသေဘူးလကွယ့်။ သူပျောနေတာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

သည်လိုနှင့် ကိုအောင်မြစ်သည် သေတွင်းမှလွတ်ကာ သေရွာပြန်ဖြစ်လာခဲ့လေသည်။

နောက်တစ်ပတ်လောက်အကြာတွင် ထူထူထောင်ထောင် ပြန်ဖြစ်လာသည်။ တစ်လလောက်အကြာတွင် ရောဂါရှင်းရှင်း ပျောက်သွားလေသည်။ လူကောင်းပကတိကျန်းမာစွာဖြင့် သွားလာလှုပ်ရှားနိုင်လာသည်။

ကိုအောင်မြစ်အဖြစ်သည် ကုန်းတန်းရွာတွင် ပြောစမှတ်ဖြစ်ခဲ့ကြသည်။

သေတွင်းထွက် ကိုအောင်မြစ်ကို ဘုန်းကြီးနှင့်တကွ လူများက ဝိုင်းမေးကြသည်။





သေသလို သတိလစ်မျောနေစဉ်အတွင်း ဘယ်နေရာကိုရောက်သွားသလဲ၊ ဘာတွေတွေ့ကြုံခဲ့ရသလဲဟု ...။

အားလုံးက သေရွာပြန်လူများ၏ အတွေ့အကြုံအတိုင်း ငရဲ နှင့်မဟုတ် အသူရကာယ်ဘုံများတွင် ကိုအောင်မြစ်ဝိညာဉ် ကျင်လည်ကျက်စားခဲ့ရမည်ဟု ထင်ကြသည်။ ထိုအတွေ့အကြုံကို ပြန်ပြောပြနိုင်မည်ဟုထင်ကြသည်။

သို့သော် ကိုအောင်မြစ်က ဘာမျှပြန်မပြောပြနိုင်ခဲ့ပေ။

သူသတိပြန်ရလာသည့်အချိန်တွင် အိပ်ပျော်ရာမှ နိုးလာသလိုသာဖြစ်ကြောင်း၊ သတိလစ်နေတုန်းမှာ ဘာခံစားမှုမှမရှိကြောင်း ပြန်ပြောပြသည်။

"သေချိန်မတန် သေနေ့မစေ့သေးလို့ပေါ့ကွယ်။ ကဲ ... ဒကာကြီး၊ ကံကောင်းလို့ သေတွင်းထဲကထွက်လာခဲ့ပြီ။ မသေပဲ နေရတဲ့အချိန်မှာ ကုသိုလ်ကောင်းမှုလုပ်ပြီး အသက်ကို ရှည်အောင်ဆက်နေတော့ကွယ်"

ဘုန်းကြီးက မိန့်ကြားလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

ကိုအောင်မြစ်မသေဘဲ သေတွင်းထဲက ထွက်လာသည့်အခါ သူသေပြီအမှတ်နှင့်လုပ်ထားသော အုတ်ဂူနှင့် အခေါင်းများမှာ သည် အတိုင်း ကျန်ခဲ့လေသည်။

သတိရရချင်း ကိုအောင်မြစ်မိန်းမ မအေးမြက အသုဘအိမ် အဖြစ် ပြင်ဆင်ထားသည်များကို အမြန်ဖျက်သိမ်းစေလိုက်သည်။ ထို့ပြင် လက်စအခေါင်းကြီးကိုလည်း နောက်ဖေးချောင်ထဲသို့ ပို့လိုက်လေသည်။ အုတ်ဂူလုပ်သည့် ပန်းရန်အဖွဲ့ကိုလည်း အဖိုးအခရှင်းပေးလိုက်ကာ ညတွင်းချင်းပင် မြို့ကို ပြန်နိုင်းလိုက်လေသည်။ ဒါတွေမြင်လျှင် ကိုအောင် မြစ် စိတ်မကောင်းဖြစ်နေမှာ စိုးလို့ပဲဖြစ်သည်။





သို့သော် ကိုအောင်မြစ်နေကောင်းလာချိန်တွင် နောက်ဖေး ခန်းကျည်းပင်အောက်မှာ ကောက်ရိုးများဖြင့်ဖုံးထားသော အခေါင်းကြီး ကို တွေ့သွားလေသည်။

"ကိုအောင်မြစ် ... အဲဒါ ရှင်သေပြီထင်ပြီး လုပ်ထားမိတဲ့ အခေါင်းရှင့်။ စိတ်မကောင်းမဖြစ်ပါနဲ့ရှင်ရယ်။ ကျွန်မ မီးရှို့နိုင်းလိုက် ပါ့မယ်"

"မီးရှို့မယ် ... ဟုတ်လား။ အေးမြနယ် ... ဒီလောက် အဖိုးကြီးတဲ့ ကျွန်းသားအခေါင်းကြီး မီးရှို့ရမှာလားဟ။ ငါ့အတွက်လုပ် ထားတဲ့အခေါင်း။ ငါသေတော့ ထပ်လုပ်စရာမလိုတော့ဘူးပေါ့။ ဒီအတိုင်း ထားမှာပေါ့။ ဘာလို့မီးရှို့မလဲ"

"အို ... ကိုအောင်မြစ်၊ နိမိတ်မရှိ။ ဘာတွေလျှောက်ပြော နေတာလဲ။ ဒီကျက်သရေမရှိတဲ့ မသာအခေါင်းကြီးကို အိမ်မှာထားရ မှာလားတော်။ ရှင်လည်း မသေနိုင်သေးပါဘူး။ ရှင် အသက်ရှည်ဦး မှာပါ"

"ငါ အသက်ရှည်ရှည် မရှည်ရှည် သေရမှာ သေရမှာပဲ။ ခု ဆောင် အစမ်းသေပြီးပြီပဲဟာ။ ငါ့အတွက်ရည်ရွယ်ပြီး လုပ်ထားတဲ့ အခေါင်းကို မီးမရှို့နဲ့။ ဒီအတိုင်းပဲထား"

ကိုအောင်မြစ်က ဖွတ်တားသောကြောင့် အခေါင်းကြီးကို မီး မရှို့ဖြစ်တော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

အခေါင်းသာမကပါ။ သူ့အတွက်လုပ်ထားသော အုတ်ဂူကိုလည်း ကိုအောင်မြစ်က သချိုင်းအရောက် သွားကြည့်သေးသည်။ အုတ်ဂူက ရှာလမ်းဘေး သချိုင်းအစပ်မှာပင်လုပ်ထားသည်မို့ ထင်ထင်ရှားရှားကြီး မြင်နေရသည်။

အင်္ဂတေများပင် မခြောက်သေ့သေးသည့် အုတ်ဂူအသစ်စက်စက်ကြီး။ ခေါင်းရင်းကျောက်ပြားပေါ်မှာ ကိုအောင်မြစ်ဆိုသည့် အမည်ကိုသာ ရေးထိုးထားရသေးသည်။ အုတ်ဂူခြေရင်းဘက်နံရံကလည်း ပွင့်လျက်သားအတိုင်း။

ကိုအောင်မြစ်က သူ့အုတ်ဂူသူကြည့်ကာ သဘောတွေကျနေသည်။

စိတ်ကူးသစ်စာပေ



"တယ်ကောင်းတဲ့ ဂူကြီးပဲဟေ့။ ချက်ချင်းတောင် သေချင်စိတ်ပေါက်လာတယ်။ ဒီဂူထဲမှာနေချင်လို့။ ဟား . . . ဟား . . . ဒို့မိဘများက ငါ့ကိုတော်တော်ချစ်ကြတာပဲ"

ကိုအောင်မြစ်က အုတ်ဂူကြီးကိုကြည့်ရင်း မေးလေးကိုပွတ်ကာ ဆိုလေသည်။

ထုံးမသုတ်ရသေးသောအုတ်ဂူကို ထုံးသုတ်သည်။

"ကျုပ်အတွက်တော့ သေရင် အားလုံး အဆင်သင့်ဖြစ်ပြီးသား။ ဘာမှပူပန်စရာမလိုတော့ဘူး။ အခေါင်းရော အုတ်ဂူရော သေချာထိန်းသိမ်းထားရမယ်ဗျို့"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# | ၉ |

❑

သည်လိုနှင့် ကိုအောင်မြစ်အတွက်ပြုလုပ်ထားသော အုတ်ဂူမှာလည်း ကုန်းတန်းရွာသင်္ချိုင်းတွင် ဗလာဟင်းလင်းဖြင့် သည်အတိုင်း ရှိနေခဲ့သည်။ ကျွန်းသားအခေါင်းကြီးကိုလည်း နွားတင်းကုပ်ထဲတွင် ထုတ်တန်းပေါ် ဆင့်ထိုးပြီးတင်ကာ သိမ်းထားလိုက်သည်။

ကိုအောင်မြစ်ကား သေတွင်းကထွက်လာပြီးနောက် ဆေး တော်နှင့်မသေတော့ချေ။

လူမှာလည်း ပြောင်းလဲသွားလေသည်။

ယခင်ကလို ကြက်တိုက်၊ ထန်းရည်သောက်ခြင်း မလုပ်တော့ အိမ်ဆိုင်အလုပ်ကို ဖိဖိစီးစီးလုပ်လာသည်။





သေရွာကပြန်လာမှ လိမ္မာသိမ်မွေ့သွားတယ်ဆိုပြီး မိဘများ တလည်း ဝမ်းသာအားရဖြစ်ကြသည်။

မြို့ကို ကုန်ဝယ်သွားလို့ သင်္ချိုင်းဘေးက ဖြတ်သွားရတိုင်း သမ်းမနှင့်မနီးမဝေးက သူ့အုတ်ဂူကြီးသူကြည့်ကာ ကိုအောင်မြစ်က သဘောတကျကျဖြစ်နေသည်။ အုတ်ဂူကိုလည်း တစ်နှစ်တစ်ခါ ထုံး သုတ်ကာ ဂူပတ်ဝန်းကျင်မှ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းကာ ဖြင့် သ,ထားလေသည်။

သုံးနှစ်ပြည့်သည့်အချိန်တွင် ခွေးအ,အမတစ်ကောင် သူ့ အုတ်ဂူထဲဝင်ကာ ခွေးလေးတွေမွေးပြီး နေနေတာကို ကိုအောင်မြစ် တွေ့ရသည်။ ခွေးအ,များမှာ ညအခါ အလောင်းတွေကို လာဖော်စား နေကျ တောခွေးများဖြစ်ပါသည်။ အခေါင်းထည့်ရန် လုပ်ချန်ထားသော အုတ်ဂူခြေရင်းဖက် အပေါက်မှဝင်ပြီး နေနေခြင်းဖြစ်သည်။

ကိုအောင်မြစ်က ခွေးသားအုပ်မကိုမောင်းထုတ်ကာ အုတ်ဂူ ခြေရင်းအပေါက်ကို သစ်သားပြားများဖြင့် ပိတ်ပစ်လိုက်သည်။ သစ် အချောသားကို ညီညီညာညာစီကာ အုတ်ရိုက်သံဖြင့် ကိုယ်တိုင်ပိတ် နှိပ်လိုက်ခြင်းဖြစ်သည်။

သည်လိုဖြင့် ကိုအောင်မြစ်၏အုတ်ဂူမှာ ကုန်းတန်းရွာသင်္ချိုင်း ဒီးထီးကြီးမြင်သာအောင် သစ်သစ်လွင်လွင်ဖြင့် နှစ်များစွာကြာမြင့် သည်အထိ ရှိနေခဲ့လေ၏။

ရွာကိုလာလျှင် သင်္ချိုင်းဘေးမှဖြတ်လာရရာ ကိုအောင်မြစ် ဂူ မြူဖြူဖွေးဖွေးကြီးကို ထင်ထင်ရှားရှား လှမ်းမြင်သာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလာညှေ့သည်များကို အုတ်ဂူအားလက်ညှိုးထိုးပြကာ ထူးဆန်းသော သေတွင်းထွက် ကိုအောင်မြစ်အကြောင်း ပြောပြရသည်မှာလည်း ကုန်တန်းရွာအတွက် ညှေ့ခံစရာတစ်မျိုး ဖြစ်နေရလေတော့သည်။

ကိုအောင်မြစ်သည် သေတွင်းမှထွက်လာပြီး နောက်ထပ် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာသည်အထိ မသေနိုင်သေးပါ။ ကျန်းကျန်းမာမာပင် ရှိနေခဲ့ပါသည်။

✿ ✿ ✿

[ ၁၀ ]

❑

ကိုအောင်မြစ် အသက်ငါးဆယ်အရွယ်တွင် ကိုအောင်မြစ်မိဘများလည်း ကွယ်လွန်သွားကြပြီ။ ညီမနှစ်ယောက်လည်း အိမ်ထောင်ကိုယ်စီကျကာ အိမ်ခွဲသွားကြပြီ။ မိဘများမသေခင်ကတည်းက အမွေခွဲပေးလိုက်ရာ ကိုအောင်မြစ်က အိမ်နှင့်ဆိုင်လုပ်ငန်းကို ရလိုက်သည်။ ညီမနှစ်ယောက်အား လယ်ယာများကို ဝေခြမ်းပေးပြီး သူတို့အိမ်ထောင်နှင့်သူတို့ လုပ်ကိုင်စားနေကြပေပြီ။

ကိုအောင်မြစ်၏သားနှစ်ယောက်လည်း အရွယ်ရောက်ကြပြီ။ သားအကြီးက အိမ်ထောင်ကျကာ ရွာမှာပဲနေသည်။ သားအငယ်ကတော့ တပ်မတော်ထဲဝင်သွားကာ အောက်ပြည်အောက်ရွာတွင် တာဝန်ကျနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြစ်၏အုတ်ဂူကြီးကား နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာမြင့်သည့်အထိ သစ်သစ်လွင်လွင်ရှိနေဆဲ။ သူက နှစ်တိုင်း ထုံးသုတ်ရုံမက ဂူပတ်ဝန်းကျင်က မြက်ပင်ကိုင်းပင်များကိုပါ ရှင်းလင်းထား၍ အုတ်ဂူမှာ သန့်ပြန့်သစ်လွင်နေဆဲပဲရှိသေး၏။

ကိုအောင်မြစ်ဖခင်ကွယ်လွန်တော့ ထိုအုတ်ဂူထဲမှာ သင်္ဂြိုဟ်ဖို့ အကြံပေးကြသေးသည်။ ကိုအောင်မြစ်က လက်မခံ။

''ကျုပ်လည်း ဒီထဲဝင်ရဖို့ သိပ်ကြာကြာ မစောင့်ရတော့ပါဘူး။ ကျုပ်နာမည် ကမ္ပည်းထိုးထားပြီးသားပဲဗျာ။ ကျုပ်အုတ်ဂူကို ကျုပ်အတွက်ပဲထားလိုက်ပါ''

အုတ်ဂူသာမက ကျွန်းသားအခေါင်းကြီးမှာလည်း နွားတင်းကုပ်ထဲတွင် အကောင်းအတိုင်း ရှိနေပါသေးသည်။

✿ ✿ ✿

| ၁၁ |

❏

ထိုသို့သော ကိုအောင်မြစ်။ သေမယ့်သေတော့ အသက် ၅၄ နှစ်အရွယ်၊ ၂၀၀၈ ခုနှစ်မှာ ကွယ်လွန်အနိစ္စ ရောက်သွားပါ၏။

သို့သော် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၂ |

❑

ဦးအောင်မြစ်၏သားအငယ် တပ်မတော်သားက သူလက်ထ[illegible] တော့မှာမို့ အဖေနဲ့အမေလိုက်လာပါလို့ စာရေးခေါ်သည်။

ဆိုင်အလုပ်၊ အိမ်အလုပ်များကို လင်မယားနှစ်ယောက်[illegible] မျက်နှာလွှဲပြီး ပစ်သွားလို့မရသည်မို့ ဦးအောင်မြစ်တစ်ယောက်သာလိုက်[illegible] သွားသည်။ သား တာဝန်ထမ်းဆောင်ရာတပ်ရှိသည့် အောက်မြ[illegible] အောက်ရွာ မြစ်ဝကျွန်းပေါ်အရပ်သို့ လိုက်သွားခြင်းဖြစ်သည်။

ဦးအောင်မြစ် ခရီးထွက်သွားသည့်ရက်မှာ ၂၀၀၈ ခုနှစ်၊ မေ[illegible] (၁)ရက်နေ့ဖြစ်လေသည်။

✿ ✿ ✿

## | ၁၃ |

❑

နောက်နှစ်ရက်အကြာ မေလ ၃ ရက်နေ့၌ တစ်နိုင်ငံလုံး [illegible]လှုပ်ချောက်ခြားသွားစေသော သမိုင်းဝင် နာဂစ်မုန်တိုင်းကြမ်းကြီး [illegible]ပြည်အောက်ပိုင်း၌ တိုက်ခတ်ခဲ့လေသည်။

ကိုအောင်မြစ် ခရီးထွက်သွားသောမြို့မှာ နာဂစ်မုန်တိုင်း[illegible]ကို အပြင်းထန်ဆုံးခံစားရသည့် အပိုင်းထဲ၌ ရှိနေသည်။

ရွာမှကျန်ခဲ့သည့် ဇနီး သားသမီး မြေးများနှင့် ဆွေမျိုးသား[illegible]များမှာ ဦးအောင်မြစ်အတွက် ပူပန်ကြရလေသည်။ ခရီးစဉ်အတိုင်း [illegible]င် ဦးအောင်မြစ်သည် သူ့သားရှိရာမြို့သို့ မရောက်နိုင်သေး။ လမ်း[illegible]သာ ရှိပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းတန်းရွာကလေးသည် အောက်ပြည်အောက်ရွာနှင့် အဆက်ပြတ်ကာ ဘာသတင်းကိုမှ စုံစမ်းမရဘဲရှိနေခဲ့သည်။

တစ်ပတ်ကျော်ကြာမှ သားဖြစ်သူထံမှ ဖုန်းဆက်မေးမြန်းသော ကြောင့် ဦးအောင်မြစ်၏ကံကြမ္မာကို ခန့်မှန်းကြည့်နိုင်တော့သည်။

ဦးအောင်မြစ် သူ့သားရှိရာသို့ ရောက်မလာခဲ့ပါ။ သားက ရွာကလူတွေလာဖြစ်သလားလို့ ဖုန်းဆက်စုံစမ်းခြင်းဖြစ်သည်။

မုန်တိုင်းကျသည့်ရက်သည် ဦးအောင်မြစ် လမ်းခရီးတွင် ရှိနေ ရမည့်ရက်ဖြစ်နေသည်။

ဦးအောင်မြစ်သတင်းကို စုံစမ်းလို့မရတော့။

ပေါ်လာနိုးလာနိုးဖြင့် စောင့်မျှော်ခဲ့ရသည်မှာ တစ်လကျော် နှစ်လကြာသွားသည်တွင်တော့ လမ်းခရီးတစ်နေရာတွင် မုန်တိုင်းအသင့် ဖြင့် ကွယ်လွန်အနိစ္စရောက်ပြီဟု သတ်မှတ်လိုက်ကြရပေတော့၏။

✿ ✿ ✿

[ ၁၄ ]

❏

အထက်အညာအရပ်တွင် ၁၉၈၂ ခုနှစ်၊ အသက် ၂၈ နှစ် အရွယ်က တကယ်မသေခဲ့သည့် ကိုအောင်မြစ်သည် ...

နောက် ၂၆ နှစ်အကြာ ...

အသက် ၅၄ နှစ်အရွယ် ...

၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်နေ့ကျမှပင် ...

မြန်မာပြည်အောက်ပိုင်း၌ နာဂစ်မုန်တိုင်းထဲပါဝင်ကာ တကယ် သေဆုံးခဲ့လေ၏။

✿ ✿ ✿

www.burmeseclassic.com

| ၁၅ |

□

ကုန်းတန်းရွာအဝင်လမ်းမှာ သချိုင်းကုန်းကို ဖြတ်သွားရသည်။ ရွာအဝင်လမ်းနှင့်ကပ်လျက်တွင် အုတ်ဂူတစ်လုံးရှိနေ၏။

အုတ်ဂူထိပ်၌ ကွယ်လွန်သူအမည်ကို ကမ္ပည်းထိုးထားသည်။

ကိုအောင်မြစ်။

ကွယ်လွန်သူ၏အမည်အောက်တွင် အခြား မည်သည့်အချက်အလက်ကိုမျှ ရေးထိုးမထား။ ကွယ်လွန်သူအသက်အရွယ်၊ ကွယ်လွန်သည့်နေ့ရက်များ ရေးထိုးမထားပေ။ ကွယ်လွန်သူအမည်မှအပ ကျောက်ပြားအောက်ဖက်တစ်ပြင်လုံး ကွက်လပ်ဖြစ်နေသည်။ အုတ်ဂူခြေရင်း နံရံကို သစ်သားပြားများဖြင့် ရိုက်ပိတ်ထားသည်။





စင်စစ် ထိုအုတ်ဂူသည် လူသေအလောင်းမြှုပ်နှံရာ အုတ်ဂူ ဝင်ဖြစ်ပါသည်။ သို့သော် ထိုအုတ်ဂူထဲ၌ ကိုအောင်မြစ်ဆိုသူ၏အလောင်း ရှိမနေပါ။

သက်တော် ၇၅ နှစ်အရွယ်ရှိ ရွာဦးဘုန်းတော်ကြီးကျောင်း ဘုန်းကြီးက မိန့်တော်မူသည်။

“အိန်း . . . သူ့ရဲ့သချိုင်းက ဒီရွာမှာမဟုတ်ဘူးကိုး။ ဘယ်သူဆို သေမယ့်နေ့ သေမယ့်သချိုင်းနေရာက မွေးကတည်းက ပါလာပြီးသားပဲ။ ကံကြမ္မာကို ဘယ်သူမှ ပြုပြင်လို့မရဘူး ဒကာတို့”

နေ့တမာန်